မောင်မိုးသူ

# သေနေ့

# SALLY

E.V.CUNNINGHAM



စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၉၁၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၂၉၀၆၁၀

| | | |
|---|---|---|
| ပုံနှိပ်မှတ်တမ်း | ■ | (ပထမအကြိမ်) ၁၉၇၈ ခု၊ ဖေဖော်ဝါရီလ<br>လှိုင်းရှေ့တိမ်တောင်စာပေ |
| | ■ | ဒုတိယအကြိမ်<br>၂၀၀၆ ခု၊ ဒီဇင်ဘာလ<br>သီဟရတနာစာပေ |
| အုပ်ရေ | ■ | ၁၀၀၀ |
| ထုတ်ဝေသူ | ■ | ဦးသိမ်းစိုး (မြဲ- ၀၃၉၈၂)<br>(သီဟရတနာစာပေ)<br>၁၀၀ ဒီ၊ အင်းလျားလမ်း၊ ကမာရွတ်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ■ | ဒေါ်ခင်အေးမြင့်<br>(ရာပြည့်အော့ဖ်ဆက်)<br>၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။ |
| ကွန်ပျူတာစာစီ | ■ | Dream City |
| မျက်နှာဖုံးဒီဇိုင်း | ■ | THIHA GROUP |
| တန်ဖိုး | ■ | ၁၀၀၀ ကျပ် |


# မောင်မိုးသူ (၁၉၃၇ - )

အဖ သခင်ဗတုတ်၊ အမိ ဒေါ်မြမေတို့က ၁၉၃၇ ခုနှစ်တွင် မန္တလေးမြို့မှာ မွေးဖွားသည်။ အမည်ရင်း ဦးစိန်မြင့် ဖြစ်၏။

မန္တလေးမြို့ စိန့်တောင် မြန်မာဘုန်းတော်ကြီးကျောင်း၊ စိန့်ပီတာ အင်္ဂလိပ်ခရစ်ယာန်ကျောင်းတွင် ပညာသင်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်သည်။ မန္တလေးတက္ကသိုလ်တွင် ၁၉၅၆–၅၈ ခုနှစ်များမှာ ပညာသင်ခဲ့သည်။ သို့သော် မည်သည့်ဘွဲ့မှ မရရှိခဲ့ပေ။

တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း မြန်မာစာ စာတည်း၊ မန်းတက္ကသိုလ် ကလောင်ရှင်အသင်း အမှုဆောင်၊ 'မန်းဓေတ်' သတင်းစာနှင့် 'ခေတ်' ဂျာနယ်တို့တွင် အယ်ဒီတာ၊ 'မိုးဦးပန်း' စာပေတိုက်တည်ထောင်သူ၊ 'ရေမြှုပ်ပမာ' နှင့် 'ရန်ကုန်သားနှင့်မန္တလေးသူ' ဇာတ်ညွှန်းများ ရေးခဲ့သူ၊ 'မှုန်နံ့သာ ခြယ်ကာသပါလို့'၊ 'ကျွန်တော်နှာမည်ကျော်ကျော်' အပါအဝင် ရုပ်ရှင်ဇာတ်ကား ၁၀ ကားကျော် ရိုက်ကူးခဲ့သည်။ ဒါရိုက်တာ၊ ဗီဒီယိုခေတ်ဦးတွင် 'ရှက်လည်း ရှက်တယ်၊ ချစ်လည်း ချစ်တယ်'နှင့် 'ချစ်မိခဲ့ပြီ' ကားများ ရိုက်ခဲ့သည့် ဗွီဒီယို ဒါရိုက်တာနှင့် မြန်မာနိုင်ငံရုပ်ရှင်ကောင်စီ ဗဟိုကော်မတီဝင်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၅၃ ခုနှစ်ခန့်တွင် မန္တလေး 'ဗဟိုစည်'၊ 'မြန်မာ့လမ်းစဉ်'တို့မှာ ကဗျာများစတင်ရေးသားခဲ့သည်။ **ည** (၁၉၆၁)၊ **မမေကြည်** (၁၉၆၂)၊ **ရန်ကုန်သားနှင့်မန္တလေးသူ** (၁၉၆၆)၊ **မိုးပီတောက်တို့ ပန်တော်မမီ** (၁၉၆၇)၊ ပင်ကိုယ်ရေးဝတ္ထုများကိုလည်းကောင်း၊ **စိတ္တဇ** (၁၉၆၅)၊ **အိပ်မက်ကုန်သည်** (၁၉၆၇)၊ **သေနေ့** (၁၉၇၇)၊ **ကြေးစား** (၁၉၈၁)၊ **အိပ်စိုးခပ်** (၁၉၈၁)၊ **ကျားကုတ်ကျားခဲ** (၁၉၈၁)၊ **သဲကြီးမဲကြီး** (၁၉၈၂)၊ **သူနိုင်ငါနိုင်** (၁၉၈၂)၊ **အချစ်ပုံပြင်** (၁၉၈၂)၊ **သက်ရှင်နှဲဆဲများ** (၁၉၈၃)၊ **မာဒီးယားနှင့် ပေါ်ပီပန်း** (၁၉၈၃)၊ **ဂျိမ်းဘွန်း၏ အထူးတာဝန်** (၁၉၈၃)၊ **လူစွန့်စား** (၁၉၈၃)၊ **အိပ်စိုးဆေး** (၁၉၈၄)၊ **အတိတ်တရွေ** (၁၉၈၄)၊ **မြိုးသူရန်ဘက်** (၁၉၈၅)၊ **ပစ်မသွားနဲ့ အချစ်ရယ်** (၁၉၈၆)၊ **ခေတ်မီမီကမ္ဘာကြည့်ကြည့်မြင်** (၂၀၀၄) စသည်တို့ကို ရေးသားခဲ့ပါသည်။ ယခုအခါ နေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**သီဟရတနာစာပေမှ ထုတ်ဝေပြီး စာအုပ်များ**


၁၀၀။ ၂၀ ရာစု မြန်မာဝတ္ထုတို (၁၀၀) စာရေးဆရာ (၁၀၀)
၁၀၁။ သုမောင်၏ ပီကင်းမှပေးစာ **Letter From Beijing**
၁၀၂။ မောင်မိုးသူ၏ ကျားကုတ်ကျားခဲ **Eye of the needle**
၁၀၃။ ဂျာနယ်ကျော် မမလေး၏ လက်ရွေးစင် ဝတ္ထုတိုများ
၁၀၄။ မင်းလူ၏ အသပြာလုလင်
၁၀၅။ ချစ်ဦးညို၏ မှူးမတ်များနှင့်တွေ့ဆုံခြင်း
၁၀၆။ ခင်မျိုးချစ်၏ စွန့်ခဲ့ရ ကျွန်မဘဝပါရှင်
၁၀၇။ မောင်မိုးသူ၏ ကြေးစား
၁၀၈။ မောင်ဝဏ္ဏ၏ ရင်တွေခုန်နေသည်
၁၀၉။ မြသန်းတင့်၏ ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း
၁၁၀။ မောင့်ဝံသ၏ ဖူကဲ့ယာမ သိုးမလေးဒေါလီ
၁၁၁။ မောင်မိုးသူ၏ မာဖီးယားနှင့် ပေါ်ဗီပန်း
၁၁၂။ ချစ်ဦးညို၏ လောကစံနှင့် လမ်းလျှောက်အတူထွက်ခြင်း
၁၁၃။ ဂျာနယ်ကျော်မမလေး၏ ဘဝပုံရိပ်များ
၁၁၄။ မောင်ပေါ်ထွန်း၏ ပင်တခွန်
၁၁၅။ မောင်မိုးသူ၏ သက်စွန့်ဆံဖျား
၁၁၆။ နိုးသိဏ်း၏ အလှည့်အပြောင်း
၁၁၇။ မင်းသုဝဏ်၏ မောင်ခွေးဖို့ ကဗျာပေါင်းချုပ်


**မောင်မိုးသူ၏သေနေ့**

**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**


၁၁၉။ မောင်သိန်းဆိုင်၏ ရေနံ့သာ ခင်ခင်ကြီး
၁၂၀။ ဇော်ဂျီ၏ ဂျူရတ်နှင့် မာဂရက်ဝတ္ထု
၁၂၁။ မင်းသုဝဏ်၏ ဖိုးသူတော်ဦးမင်းနှင့် သူ၏စာများ
၁၂၂။ ကျော်အောင်၏ သုရဲကောင်းတံဆိပ်နီ
၁၂၃။ ချစ်ဦးညို၏ ရတနာဂီရိအကျဉ်းသား
၁၂၄။ နိုးသိဏ်း၏ သွေးချင်းသားချင်း
၁၂၅။ ဂျာနယ်ကျော်မမလေး၏ ယဉ်ကျေးမှုခရီးသည်


## မြန်မာပြန်သူ၏ အမှာ

ဤစာအုပ်၏ မူရင်းအင်္ဂလိပ်ဘာသာနှင့် စာအုပ်မှာ စာရေးဆရာ **E.V. cunningham** ၏ **Sally** ဝတ္ထု ဖြစ်ပါသည်။ ၎င်းစာရေးဆရာ ကန်နင်ဂန်သည် မိန်းကလေး နာမည်များကို ဝတ္ထုနာမည်အဖြစ် အမြဲလိုလို ရေးသားလေ့ ရှိပါသည်။ သူ၏ ဝတ္ထုများမှာ "လိုင်ဒီ ယား" "ဟယ်လင်" "ဆီလ်ဗီးယား" အစ ရှိသည်ဖြင့် ဖြစ်ပါသည်။ စာရေးဆရာ ကန်နင်ဂန်၏ အတ္ထုပ္ပတ္တိ အပြည့်အစုံကို ကျွန်တော် မသိပါ။ မဖတ်ဘူးပါ။ ကန်နင်ဂန် ရေးသော ဝတ္ထုများကိုမူ ၄-၅အုပ် ဖတ်ဖူးပါသည်။ ဆီလ်ဗီးယား ဆိုသည့်စာအုပ်ကို နှစ်ခြိုက်မှု၍ ကျန်စာအုပ်များကို မနှစ်ခြိုက်ခဲ့ပါ။

ယခု မြန်မာပြန်သောစာအုပ် ဆယ်လီကို မိသားစုလိုက် သူငယ်ချင်း ကိုဇော်မြင့်တို့အိမ်သို့ သွားလည်ပတ်စဉ်က သူ့စာအုပ်စင်မှ တွေ့ရှိ ဖတ်မိခြင်း ဖြစ်ပါသည်။ သူတို့အိမ်တွင် ဖတ်ရှု၍မပြီးသဖြင့် အိမ်သို့ယူခဲ့၍ အပြန်လမ်းမှာပင် ပြီးဆုံး အောင် ဖတ်မိသောစာအုပ် ဖြစ်ပါသည်။

ဤစာအုပ်မှာ စပိုင်အေးဂျင့် စာအုပ်မဟုတ်သဖြင့် မြန်မာအေဂျင့်စိုးအောင်ကို ဖန်တီးသူ ဇော်ဇော်အောင်

(ကိုဇော်မြင့်) ထံသို့ အတော်နှင့်ပြန်ပေးရန် မလိုသောစာအုပ် ဖြစ်နေပါသည်။

အိမ်သို့ ရောက်သောအခါ ဇနီးနှင့် ကလေးများကို ဇာတ်လမ်း ကောင်းကြောင်း အားပါးတရ ပြောပြမိ ပါသည်။ သူတို့တတွေ နှစ်ခြိုက်သွားကြသည့်အပြင် လမ်းကြုံသည့် တံခွန်ဂျာနယ် အယ်ဒီတာ ကိုညွန့်ဝေသည်လည်း နားထောင် မိပြီး နှစ်ခြိုက်သွားပုံရပါသည်။ ကိုညွန့်ဝေ၏ ဖောက်သည် ချုံမှကြောင့် လှိုင်းရွှေတိမ်တောင် စာပေထုတ်ဝေရေးမှ မောင်ယဉ်ကျေး သတင်းကြားကာ ရောက်လာပြီး ၎င်းစာအုပ်ကို မြန်မာပြန်နိုင်းပါသည်။ စာရေးရန် ရောဂါသည်းလှသူ ကျွန်တော်သည် နှစ်ခါမတိုက်တွန်းရဘဲနှင့် အမြန်ဆုံး ပြန်ဆို ပေးလိုက်ပါသည်။

တကယ့်တကယ် ပြန်ဆိုသော အခါ၌ကား...

ဆယ်လီ ဆိုသည့် စာအုပ်ရေးသူ ကန်နင်ဂန်သည် သိုင်းလွန်း ပိုင်းလွန်းသော စာရေးဆရာတစ်ဦး ဖြစ်နေသည်ကို တွေ့ရပါသည်။

ထို့ပြင် အဖွင့်အခန်း(၁)၏ ၄/၅မျက်နှာ စိတ်ဝင်စား စရာ မကောင်းဘဲ ဖြစ်နေပါသည်။

သို့သော်...

ကျွန်တော်လည်း ဖတ်စဉ်က စွဲ၊ ကျွန်တော်၏ မိသားစု လည်းနားထောင်စဉ်က စွဲ၊ နံဘေးမှ နားထောင်သူ ကိုညွန့်ဝေ လည်း စွဲ၊ တစ်ဆင့်ကြားရသူ မောင်ယဉ်ကျေးလည်း စွဲသွား ရသည့်အကြောင်းမှာ ဇာတ်၏ ထူးဆန်းသော စိတ်ကူးကြောင့် ဖြစ်ပါသည်။

ဇာတ်လမ်းမှာ ကန်နင်ဂန်၏ ထုံးစံအတိုင်း ဆယ်လီ ဆိုသော မိန်းကလေးတစ်ယောက် အကြောင်း ဖြစ်ပါသည်။

ဆယ်လီသည် အမေရိကန်မြို့တော်ကလေးမှ ကျောင်း ဆရာမ ချောချောကလေး ဖြစ်ပါသည်။

ဆယ်လီကို သူတို့ တောမြို့ကလေးမှ ဆရာဝန်က သွေးပျက်စီးသော ရောဂါနှင့် ခြောက်လအတွင်း ကု၍ မရ တော့ဘဲ သေမည်ဟု သေနေ့ သတ်မှတ်ပေးလိုက်ပါသည်။

သတ္တဝါတိုင်း သေမျိုး ဖြစ်ကြသည်။

လူသည်လည်း သေမျိုး ဖြစ်သည်။

တစ်နေ့မဟုတ် တစ်နေ့ လူသည် သေရမည်မလွဲ။

သေခြင်းတရားကား မရှောင်လွှဲနိုင်သော ပရမတ်တရား ဖြစ်သည်။

ဤသို့ မလွှဲရှောင်နိုင်သော သေခြင်းတရားကို တိုက် ရိုက် တွေ့ဆုံရသောအခါ လူတို့သည် တုန်လှုပ်စမြဲ၊ ဆယ်လီ ဆိုသော မိန်းကလေးသည် သေနေ့ အတိအကျကို သိရသော အခါ တုန်လှုပ်နေတော့သည်။

သူ့စိတ်ကူး သူ့အတွေးများသည် နာကျည်း ဆွတ်မြေ့ ဖွယ်ရာများ ဖြစ်သည်။ သူ့အတွေ့အကြုံများမှာ လှုပ်ရှားဖွယ်ရာ ဖြစ်သည်။ နောက် သူ၏ လုပ်ရပ်များမှာ မကြံကောင်းမစည်ရာ များ ဖြစ်လေတော့သည်။

ဆယ်လီသည် အလွန်ထူးဆန်းသော စိတ်ကူးကို အကောင်အထည်ဖော်၏။ ထိုမကြံကောင်းမစည်ရာ စိတ်ကူး

ကား လူသတ်သမားတစ်ဦးကို တစ်ဆင့်ငှားရမ်း၏။ လူသတ်သမား သတ်ရမည့်သူကား ဆယ်လီကိုပင်တည်း။ ဤသို့ဖြင့် ဆယ်လီသည် သူ့ကိုသတ်ရန် အမျိုးအမည်မသိသော လူသတ်သမားတစ်ဦးငှားပြီး သေရမည့်နေ့ကို သူ့ဘာသာသူ ရွေးချယ်လိုက်၏။

ဤသို့ဖြင့် ရောဂါဖြင့်သေရမည့် မရေရာသောနေ့မှသည် အသတ်ခံပြီး သေရမည့် ရေရာသော သေနေ့ကို ရွေးလိုက်၏။

ထိုသေနေ့တွင် ဘာတွေဖြစ်ကြသည်မှာ ဤဝတ္ထု၏ အကြောင်းပေတည်း။

ဆယ်လီ စာအုပ်ကို မြန်မာပြန်ဆိုရာ၌ ၁၅ ရက်ခန့်သာ ကြာမြင့်ပါသည်။

စက်တင်ပြီး စာဖောင်တချို့ ကျွန်တော့်ထံ ရောက်လာရာ စာအမှားများ အနည်းငယ်တွေ့ရပါသည်။ ကျွန်တော်၏ ဆိုးဝါးသော လက်ရေးကြောင့် ဖြစ်စရာအကြောင်း ရှိပါသည်။

စုံထောက်အရာရှိ ဖရင့်ဂွန်ဇာလက်၏ အမည်ကို ဂွန် ဖြစ်လိုက် ဖွန်ဖြစ်လိုက် ဖြစ်နေသည်မျိုး၊ ဂျိုဝီကွန်ပါရာကို ဂျိုဝီကွန်ပါရာ ဖြစ်နေသည်မျိုး၊ ပြူအာတိုရီကန် လူမျိုးကို ပြူတာတိုရီကန်လူမျိုး စသည်ဖြင့်တို့ ဖြစ်ပါသည်။ ကျွန်တော် မတတ်နိုင်တော့ပါ။

ကန်နင်ဂန်၏ သိုင်းဝိုင်းသော ဟန်မျိုးကို မြန်မာစာဖတ် ပရိသတ်သည် စိတ်ရှည် မရှည်ကိုလည်း မခန့်မှန်းနိုင်ပါ။

သို့သော် မူရင်း အနှစ်သာရဖြစ်သော ထူးဆန်းမှု၊ ရင်တထိတ်ထိတ် ခံစားရမှု၊ မကြဲကောင်း မစည်ရာသော အတွေးအခေါ်မှုတို့ကို ထိုက်တန်သရွေ့ရသည်ဆိုပါက တော်လေစွဟု ကျွန်တော် အောက်မေ့ ယုံကြည်ထားရပါတော့သတည်း။

လေးစားစွာဖြင့်
မောင်မိုးသူ

၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ။

## [၁]

အသက် ၆၀ ကျော် ဝဝဖိုင့်ဖိုင့် ဆေးစပ်မှူးကြီးသည် လှေကားတစ်ဝက်တွင် ခဏရပ်လိုက်ပြီး အမောဖြေနေလိုက်၏။ ပူပြင်းသောနေ့တစ်နေ့ ဖြစ်ပါသည်။ ဒေါက်တာကဲလ်ဒစ်ရှ်၏ ရုံးခန်းမှာ ပထမထပ်တွင်ရှိသဖြင့် တက်နေရခြင်းဖြစ်ပါသည်။ ဆေးစပ်မှူးကြီးအမည်မှာ ဂျရာမိုင်းပေါဖြစ်သော်လည်း အားလုံးက သူ့ကို ဦးလေးဂျယ်ရီဟု ခေါ်ကြပါသည်။ အကြောင်းမှာ ဦးလေးဂျယ်ရီသည် ဤမြို့ကလေးတွင်ရှိသော ဆေးမှူးနှစ်ဦးအနက် တစ်ဦးဖြစ်သောကြောင့်ပင်။ သူ့နည်းတူပင် ဒေါက်တာကဲလ်ဒစ်ရှ်သည်လည်း ဤမြို့ရှိ ဆရာဝန် နှစ်ဦးအနက် တစ်ဦးဖြစ်ပေသည်။

ဦးလေးဂျယ်ရီသည် ဒေါက်တာ၏ အခန်းဝတွင် အဘိုးအိုတို့ထုံးနှလုံးမှု၍ မြည်တွန်တောက်တီးနေမိပြန်သည်။ ဒေါက်တာရှစ်၏ ပိန်ကပ်ကပ်သူနာပြုဆရာမသည် ဦးလေးဂျယ်ရီ၏ မြည်တွန် တောက်တီးမှုကို မသိဟန်ပြုနေ၍ ဦးလေးဂျယ်ရီက...

"အမှန်တော့ ဒီကို ကျုပ်လာဖို့ မလိုပါဘူးဗျာ၊ ဓာတ်ခွဲတဲ့ကိစ္စလည်း ကျုပ်လုပ်ဖို့ မကောင်းတော့ပါဘူး၊ ဒီမြို့မလည်း ဆေးရုံဖြစ်ဖြစ်

မှတ်ချွဲခန်းတစ်ခုဖြစ်ဖြစ် ရှိဖို့ကောင်းပါပြီ၊ ဒါမှ ဒီလောက်နေပူတဲ့နေ့မှာ ကျုပ် လှေကားတွေဘာတွေ တက်စရာမလိုတော့မှာပေါ့၊ ကျုပ် ပန်းနာ ကကော ဘယ့်နှယ့်လဲ"

သူနာပြုဆရာမက သံယောင်လိုက်ပြီး…

"ဟုတ်သားပဲ… ပန်းနာက ဘယ်လိုလဲ ဦးလေးရဲ့"

ထိုစဉ် ဒေါက်တာကဲလ်ဒစ်ရှ် အခန်းထဲမှ ထွက်လာရင်း…

"ဟော့လူ… ပူမနေနဲ့၊ အဲဒီပန်းနာနဲ့ ခင်ဗျားအသက် ၉၀ အထိ နေရမှာ"

ဒေါက်တာ ကဲလ်ဒစ်ရှ်သည် အသက် ၇၀ အရွယ် ပိန်ပိန်ပါးပါး ဖြစ်၊ သူကပင် ဆက်၍…

"ခင်ဗျား အဆီနည်းနည်း ထပ်လျှော့လိုက်ဦးမယ်ဆိုရင် အဲဒီထက် ပိုနေရဦးမယ်၊ ကဲ… လာဗျာ… ဒီအထဲက ပိုအေးပါတယ်"

ဒေါက်တာသည် ဦးလေးဂျယ်ရီအား အခန်းထဲခေါ်သွားလိုက်၏။ ဦးလေးဂျယ်ရီက ဒေါက်တာ ပြောထားသော မိန်းကလေးကို ကောင်းကောင်း မမှတ်မိကြောင်း ညည်းတွားရင်း လိုက်လာ၏။

"တကယ်ပြောတာ… ကောင်မလေးနာမည်ကိုတောင် ကျုပ် မမှတ်မိဘူးဗျ"

ဒေါက်တာ၏အခန်းမှာ အမှန်လည်း အပြင်အခန်းထက် အေးမြ ပါသည်။ ညို့ညို့မှိုင်း ရှေးဆန်ဆန် အခန်းတစ်ခု ဖြစ်ပါ၏။

ဒေါက်တာက…

"ဆယ်လီ ဒီလ်မန်လေဗျာ"

"ဒီလ်မန်… သြော်… သြော်… ဟုတ်ပြီ၊ ဒီလ်မန်တွေက ကျုပ်နဲ့





သိပ်အဆက်အဆံမရှိလှပါဘူး"

ပြောမည့်သာ ပြောလိုက်ရသည်။ ဦးလေးဂျယ်ရီ သိပ်မသေချာလှ၊ သူ့အသက်ကလည်းကြီးပြီ၊ မှတ်ဉာဏ်က သိပ်မကောင်းလှတော့။ သူသည် အိတ်ထဲ နှာဘူးကလေးထုတ်လိုက်ပြီး နှာရှူလိုက်၏။

ဒေါက်တာက…

"ဟာ… တကယ်မနိပ်တဲ့ အကျင့်ပဲဗျ၊ ဒီခေတ်ကြီးထဲမှာ နှာရှူတဲ့ အကျင့် ခင်ဗျားတစ်ယောက်ပဲ ရှိတော့တယ်ထင်တယ်၊ သြော်… အကျင့် ဆိုလို့ ဆယ်လီလည်း အရွယ်နဲ့မလိုက်ဘူး၊ ဒီကောင်မလေး သိပ်ဆေးလိပ် သောက်တာပဲ၊ ကောင်မလေး အသက်က အခုမှ ၂၃–နှစ်ပဲရှိဦးမယ်၊ သူ့အဖေက မီးရထား အင်ဂျင်နီယာဗျ၊ အမေကတော့ ယူနီဘေရီယန် အဖွဲ့ထဲက ထင်ပါရဲ့၊ အခု နှစ်ယောက်လုံး မရှိကြတော့ပါဘူး"

"သြော်… သြော်"

"ဒါတွေ ထားပါလေ… အရေးကြီးတာက ခင်ဗျားပဲ မှတ်ချွဲပေး တာ မဟုတ်လား၊ အဲဒါ ကျုပ် ကောင်မလေးကို ဖွင့်ပြောရတော့မယ်"

"အကုန်လုံး ပြောစရာမရှိပါဘူးလေ"

"ဒါ… ခင်ဗျား အယူအဆကိုး၊ ကျုပ် အယူအဆကတော့ ဒီကောင်မလေး သေတော့မယ်ဆိုတဲ့ အကြောင်း ဖွင့်ပြောမလို့"

"အဲဒါ ကျုပ်က ဘယ်လိုပါရတာလဲ"

"ဟာ… ဒီကိစ္စက သေရေးရှင်ရေးကိစ္စပဲ၊ ခင်ဗျားပဲ မှတ်ချွဲပေးခဲ့ တာပဲဟာ၊ ကျုပ်ပြောနေတုန်း နံဘေးက အသိသက်သေအဖြစ် ရှိနေရ မှာပေါ့"

"အသိသက်သေပေါ့၊ အင်းလေ… အသိသက်သေရှိလည်း အသိ

သက်သေပေါ့"

ထိုစဉ် သူနာပြုဆရာမလေး ဝင်လာပြီး...

"မိန်းကလေး ရောက်လာပါပြီရှင်"

ဒေါက်တာသည် သူ့ခုံတွင် အသေအချာ ကျွကျွနေ့ဆယ်၍ ထိုင်လိုက်၏။ ထိုအချိန်တွင် ဆယ်လီ ဒီလ်မန် ရုံးခန်းထဲသို့ဝင်လာ၏။ ဆယ်လီ ဒီလ်မန်သည် မျက်လုံးညို၊ ဆံပင်ညိုနှင့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ သူမသည် စိတ်လှုပ်ရှားနေပုံရ၏။ ဆယ်လီသည် အထက်တန်းကျောင်းသူဘဝက အချောဆုံး ၁၀ ယောက်ထဲတွင် စာရင်းဝင်ဖြစ်သည်။ အဘိုးကြီးနှစ်ဦးကမူ ဆယ်လီ၏အလှထက် ဆယ်လီဘဝကိုသာ စိတ်မချမ်းမြေ့စွာ ကြည့်နေရ၏။

ဦးလေးဂျယ်ရီသည် စကားမရှိ စကားရှာပြီး...

"မင်းတို့ နှစ်ယောက်က အမျိုးလား"

ဒေါက်တာသည် ဆယ်လီအနား သွားလိုက်၏။

"အမျိုးမတော်ပါဘူး၊ ဒါပေမယ့် ဆယ်လီကို ကျုပ်ကိုယ်တိုင် မေးခဲ့တာ၊ သြော်... ဒါကတော့ ဆယ်လီမန်ရောဂါကို ဓာတ်ခွဲပေးတဲ့ ဆေးမှူး ဦးလေးဂျယ်ရီပဲ၊ နေပါဦး... မင်းကို ဘယ်လကများ မွေးပေးခဲ့ပါလိမ့်"

ဆယ်လီသည် နှုတ်ခမ်းကို ကိုက်ရင်း...

"ဧပြီလမှာပါ"

"အေး... ဟုတ်သားပဲ၊ ကဲ...ကဲ... ထိုင်"

ဆယ်လီသည် အဖေ့စကားကို နားထောင်သည့် ကလေးတစ်ယောက် အလား ထိုင်လိုက်၏။





ဒေါက်တာသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"ဒီမယ်... ဆယ်လီ"

ဒေါက်တာသည် ရှေ့ဘာဆက်ပြောရမှန်း မသိသလို စကားရပ်လိုက်ရာ ဆယ်လီက မနေနိုင်တော့ဘဲ...

"ကျွန်မကို မှန်တဲ့အတိုင်းပြောပါရှင်၊ မြန်မြန်ကလေး ပြောလိုက်ပါတော့"

"ပြော... ပြောပါ့မယ်ကွယ်၊ ဟောဒီက ဦးလေးဂျယ်ရီကိုလည်း နိုင်နိုင်မာမာဖြစ်ဖို့ ခေါ်ထားတာပါ၊ မင်းဟာ အတော် နေမကောင်းဖြစ်နေပြီ ဆယ်လီ၊ မင်းရဲ့အသည်းဟာ ကြီးနေတယ်၊ သားငံရည် အကျိတ်ကလည်း ရောင်နေတယ်၊ ဒါတွေကို ဦးလေးဂျယ်ရီ အသေအချာ ဓာတ်ခွဲကြည့်တာပဲ၊ တစ်ချိန်တည်းမှာ ကျုပ်ကိုယ်တိုင်လည်း စမ်းသပ်ကြည့်ပါတယ်၊ ကျုပ်က အသက်ကြီးလို့ မျက်စေ့မှုံပေမယ့် မိုက်ကရိုစကုတ်ထဲက မြင်ရတာကိုတော့ ခွဲခြားပြီးသိပါတယ်၊ အဲဒါကိုဆိုရင် ဦးလေးဂျယ်ရီကိုတောင် မလွှဲဘူး၊ ကိုယ်တိုင် ကြည့်တာ"

"ဟုတ်ပါပြီရှင်... ကျွန်မ ဘာဖြစ်နေတာလဲဆိုတာသာ ပြောပါတော့၊ ကျွန်မမှာ ၊ ငွေပိုငွေလျှံ အထိုက်အလျောက်ရှိပါတယ်၊ ကျွန်မ ကျောင်းဆရာမလုပ်ဘဲ ဆေးရုံတက်ရမှာလား... ပြောလေ"

"ဆေးရုံတက်လည်း မထူးဘူးထင်တယ်ကွယ်"

"ရှင်... ဒါဖြင့် ကျွန်မရောဂါက..."

"သွေးပျက်စီးတဲ့ရောဂါ"

"ရှင်..."

ဟုတ်တယ် မိန်းကလေး၊ မင်းရဲ့သွေးဟာ တဖြည်းဖြည်းပျက်စီး

နေလိုက်တာ”

“တဖြည်းဖြည်း ပျက်စီးနေလိုက်တာ”

ဒေါက်တာသည် အားနာသဖြင့် ဆယ်လီကို ကြည့်ရာမှ ဦးလေးဂျယ်ရီဘက်သို့ လှည့်ကြည့်လိုက်၏။ ဦးလေး ဂျယ်ရီကလည်း မျက်နှာပူနေသဖြင့် နှာရှုနေပြန်၏။ ပြီးမှ စိတ်မချမ်းသာစွာဖြင့်…

“ကျုပ်လည်း ဆိုင်ပြန်မှထင်တယ်”

“နေကြပါဦးရှင့်… နေကြပါဦး၊ ကျွန်မမှာ အဲဒီရောဂါ ဖြစ်တာကတော့ ဟုတ်ပါပြီ၊ ကျွန်မ ဘယ်လိုကုရမှာလဲ၊ ဘယ်တော့ သက်သာမှာလဲ”

“အဲဒါကို ပြောမလို့ပဲကွယ်”

“ပြော… ပြောပါရှင်”

ဒေါက်တာသည် ဆယ်လီ မျက်နှာကို မကြည့်ဘဲ…

“ဆေးကုလို့ မပျောက်နိုင်ဘူးကွယ်”

“ရှင်…”

ဦးလေးဂျယ်ရီသည် သက်ပြင်းချလိုက်ပြီး…

“ကျုပ်… ကျုပ်… ပြန်မှထင်တယ်၊ ဆိုင်မှာ ဘယ်သူမှမရှိဘူး”

ပြောပြောဆိုဆိုပင် ဦးလေးဂျယ်ရီသည် ထိုင်ရာမှထ,လိုက်ပြီး အခန်းထဲမှ ထွက်သွား၏။ ဒေါက်တာကလည်း မတားတော့ပေ။

ဆယ်လီသည် ဝမ်းနည်းစွာဖြင့်…

“ဒါဆို ကျွန်မဟာ နာတာရှည်ရောဂါသည်ကြီးဖြစ်ပြီး ကျွန်မလိုတစ်ကောင်ကြွက်ကို ဘယ်သူက ပြုစုမလဲဟင်”

“ဒီရောဂါက အဲဒီလိုမျိုး မဟုတ်ဘူးကွယ့်၊ အခုမှတော့ ထိမ်ချန်





ပြောနေလို့လည်း မထူးပါဘူး၊ ဒါကြောင့် ဦးလေးဂျယ်ရီ လစ်ပြေးသွားတာ”

ဆယ်လီသည် အတတ်နိုင်ဆုံး ဣန္ဒြေဆယ်လိုက်ပြီး…

“ဒါဖြင့် ကျွန်မ သေမယ်ပေါ့”

“ဟုတ်တယ် ဆယ်လီ”

“မျှော်လင့်ချက် မရှိတော့ဘူးလား…”

“မရှိတော့ဘူးကွယ်”

“ခွဲစိတ် ကုသလို့ရော…”

“မရဘူးကွယ်”

“ဆေးစားဖို့ကော”

“မရှိဘူး”

ဆယ်လီသည် အားတင်းလိုက်၏။ သူ၏ ငိုချင်စိတ်ကို အတင်းချုပ်တီးပြီး…

“ဒါဖြင့် ဘယ်တော့လောက် သေမှာလဲ”

“ဒါကတော့ သေသေချာချာ ပြောလို့မရနိုင်ဘူး၊ နှစ်လ သုံးလအတွင်း ဖြစ်ချင်ဖြစ်မယ်၊ ငါးလ ခြောက်လ နေချင်လည်း နေရမယ်”

“ဒါဆို ခြောက်လထက် ကြာကြာနေရစရာ မရှိတော့ဘူးပေါ့”

“ပြောရတာတော့ ခက်တယ် ဆယ်လီ၊ ကျုပ်တွေ့တဲ့ ဖတ်မှုတဲ့ဆေးကျမ်းတွေအတိုင်းကတော့ အဲဒီလို ဆိုတာပဲ၊ ရိုချက်စတာဆေးရုံက မိတ်ဆွေ ဆရာဝန်တစ်ယောက်ကို စုံစမ်းတော့လည်း ဒီအဖြေပဲထွက်တယ်”

“တစ်ခုခု မှားနေတာတော့ မဖြစ်နိုင်ဘူးလား ဆရာ”

“ဖြေရတာတော့ ခပ်ခက်ခက်ပဲ ဆယ်လီ၊ တွေ့သမျှကတော့ ဒီအဖြေပဲ ထွက်တာပဲ၊ ဒီတော့ မင်းလုပ်စရာရှိတာတွေ ကြိုလုပ်နိုင်တာပေါ့”

"ရှင်..."

"ဟုတ်တယ်လေ... မင်းရဲ့ အနာဂတ်ကို ဘာတွေ လုပ်မယ် ဆိုတာ..."

"ရှင်... ကျွန်မရဲ့အနာဂတ်..."

"အင်း... မင်းအနေနဲ့ကတော့ စိတ် သိပ်ထိခိုက်သွားမယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် စိတ်လိုက်မာန်ပါ မဆုံးဖြတ်ဘဲ နှိုင်းနှိုင်းချိန်ချိန်ပေါ့၊ တရားဟောဆရာနဲ့ တွေ့ပြီး ပြောဆိုတာဖြစ်ဖြစ်ပေါ့"

"ရှင်... ဘယ်သူ"

"ကွယ်... မင်းလည်း ဘုရားရှိခိုးကျောင်း သွားတယ်မဟုတ်လား"

"ဖေဖေနဲ့ မေမေတို့ဟာ ဘာသာမတူပါဘူး၊ ဖေဖေဟာ မေမေနဲ့ ရန်ဖြစ်ခဲ့ပြီး ကျွန်မကို ဘုရားကျောင်း သွားစေခဲ့ပါတယ်၊' ဒါပေမယ့် ဖေဖေ ဆုံးပြီးကတည်းက ကျွန်မလည်း ဘုရားကျောင်း မသွားတော့ဘူး"

"ဒါဆိုလည်း အခု ပြန်စ သွားပေါ့ကွယ်"

"ရှင်..."

ဆယ်လီသည် အသက်ကို မဝတဝ မျှင်းမျှင်းကလေး ရှူသွင်းနေရ၏။ သူ့တစ်ကိုယ်လုံးမှာ အိုးထိန်းစက်ကဲ့သို့ လည်နေ၏။ ရုတ်တရက် ထ,လိုက်ပြီး...

"ကျွန်မ သွားတော့မယ်"

"ဟဲ့... အို... ကလေးမ"

ဆယ်လီသည် ဆတ်ခနဲ တံခါးပေါက်ဆီသို့ ထွက်လိုက်ပြီး သူနာပြုဆရာမကိုပင် မမြင်တော့ဘဲ အပြင်ဘက်သို့ အပြေးအလွှား ထွက်ပြေးသွားလေတော့၏။

# [ ၂ ]

ရာသီဥတု သာယာသောအခါများတွင် စုံထောက် အရာရှိ ဖရင့် ဗွန်ဓာလက်သည် အလုပ်ခွင်သို့ ခြေလျင်လာလေ့ရှိ၏။ သူနေသော နယူးယောက်မြို့ ဆင်ခြေဖုံးရပ်ကွက်မှ (၅)ရပ်ကွက်ထဲမှ ဖြတ်လာလေ့ရှိသည်။ ၈၆ လမ်းကို ဖြတ်လိုက်သည်နှင့် သူ့တာဝန်ရှိရာ ၁၉ ဌာနအပိုင်သို့ ရောက်ပြီးဖြစ်၏။

၁၉ ဌာနအပိုင်မှာ ၈၆ လမ်းမှ၊ ၅၉ လမ်းအထိ ဖြစ်သည်။ မြို့လယ် ဥယျာဉ် အရှေ့ဘက် မြစ်ကမ်းနဖူးအထိ ဖြစ်သည်။

စုံထောက် ဗွန်ဓာလက်သည် အမြဲသတိရှိသူ ဖြစ်သည့်အတိုင်း သူ့အပိုင်ထဲ ရောက်သည်နှင့် "ငါသည် ရဲအမှုထမ်းတစ်ဦးဖြစ်ပြီ" ဟု အသိအမှတ်ပြုမြဲ။

သူသည် ရဲအမှုထမ်းဖြစ်ရခြင်းအတွက် အမြဲအတွေးမရှင်းလှ။ တစ်ခါတစ်ရံတော့ ဟုတ်လှပြီ။ တစ်ခါတစ်ရံတော့ မသေမချာ သည်လို နှစ်ခွအတွေးနှင့် ၈၆ လမ်းကို ကျော်သည်နှင့် ရဲဖြစ်သွားလေ၏။ သူ့ဘာသာ

မပြောင်းလဲဘဲ မျက်လုံးများက သတိဆောင်လာ၏။ ဝန်းကျင်ကို အကဲခတ်ဖြစ်သွားသည်။ ဖြတ်သန်းဖြတ်လာ မြင်မြင်သမျှ လူများကို တာဝန်သတိနှင့် ကြည့်နေရင်းသွား၏။ လမ်းလျှောက်ပုံကပင် မတူတော့၊ ရဲလမ်းလျှောက်နည်း။

ပေါ့ပါး ဖျတ်လတ်သော ရဲတစ်ဦး လမ်းလျှောက်ပုံမျိုး။

စုံထောက် ဝွန်ဇာလက်သည် အသက် ၃၃ နှစ်။

ကိုယ်အလေးချိန် ၁၈၂ ပေါင်။

အလေးချိန်နှင့် လိုက်လျော ပြည့်တင်းသော ကိုယ်လုံး ကိုယ်ပေါက်၊ မျက်လုံးကအညို၊ မိန်းကလေးများ သဘောကျတတ်သည့် မျက်လုံးမျိုး။

သူသည် နေ့လယ်အိပ်မက်များ မက်တတ်သူ၊ ချမ်းသာ ကြွယ်ဝသွားခြင်း ဆိုသည့်အိပ်မက်မျိုး၊ စိတ်သဘောကျ မိန်းကလေးနှင့် တွေ့ဆုံလက်ထပ်ရသည့် အိပ်မက်မျိုး။

သူ့မိတ်ဆွေလည်းဖြစ် စံထားရာလည်း ဖြစ်သူ အလန် ပီရက်သည် ၆၀ အရွယ်ရှိ ရှေ့နေတစ်ဦးဖြစ်သည်။ အလန်က ပြူဘာတိုရီကန်လူမျိုးတစ်ယောက်အနေနှင့် ယခုလို ရဲအရာရှိ ဖြစ်လာခြင်းမှာ အရေးကြီးကြောင်းပြောဖူးသည်။ ဝွန်ဇာလက်သည် နောက်ဖေးလမ်းကြား ဆင်းရဲသားကွက်သစ်မှာ မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်သည်။ ဒုစရိုက်တောမှာ ကြီးခဲ့ရသည်။ သည်အကြားမှာ ဆယ်တန်းအောင်ခဲ့ခြင်းသည်ပင် ပထမ ထူးခြားမှု၊ သည်ထက် ထူးခြားသည်က တက္ကသိုလ်မှ ဘွဲ့ရခဲ့ခြင်းပင်။ သူသည် ရဲအရာရှိအဖြစ် အမှုထမ်းရင်း ဥပဒေဘွဲ့ရအောင် ကြိုးစားမည်ဟူသော ရည်ရွယ်ချက်နှင့် တကယ်တမ်းကျတော့ ဥပဒေ စာအုပ်များကို သိပ်မဖတ်ဖြစ်။





ယခုတော့ နေသာလှသော ဧပြီလ၏ မနက်ခင်းတွင် စုံထောက်ဝွန်ဇာလက်သည် ၇၉ လမ်းကို ဖြတ်ရင်း သူ့အတွေးများ ဟိုဟိုသည်သည်ရောက်ယက်ခတ်လျက်။

ပြူဘာတိုရီကန် ပင်လယ်ကမ်းစပ် ဟိုက်တန်ဟိုတယ်၏ ကမ်းခြေတစ်ဝိုက်တွင် ငွေတတ်နိုင်သူ အမေရိကန် သူဌေးသူကြွယ်များ ဥဒဟိုသွားလျက်၊ သည်မှာ မိန်းကလေးကို မြင်လိုက်ရခြင်းဖြစ်သည်။

ချက်ချင်း ဝွန်ဇာလက်သည် စုံထောက်အရာရှိ ဖြစ်သွား၏။ အကယ်၍ သူသာ စုံထောက်မဟုတ်ခဲ့လျှင် ဤမိန်းကလေးကို နှစ်ခါပြန်ကြည့်ဖြစ်မည်မဟုတ်။ မိန်းကလေးမှာ ပြည့်ပြည့်ဖြိုးဖြိုးနှင့်မို့ ဖြူဖြူရှင်ရှင်နှင့် မျက်နှာထားရှိခဲ့လျှင် မိန်းမလှကလေးတစ်ဦး ဖြစ်မည့်ပုံ။ ယခုတော့ မိန်းကလေးမျက်နှာမှာ စိုးရိမ်မှု ပူပန်မှုက ဖုံးနေသည်။ သို့ကြောင့်လည်း စုံထောက် ဝွန်ဇာလက်က ထိုမိန်းကလေးကို ကျော်တက်ပြီး နောက်တစ်ခါ ထပ်ကြည့်မိခြင်း ဖြစ်သည်။ ဝွန်ဇာလက်သည် ရပ်စောင့်ကာ ထိုမိန်းကလေး၏ စိုးရိမ်ပူပန်သော မျက်နှာကို ထပ်ကြည့်မိနေပြန်၏။ မိန်းကလေးသည် သူ၏အကြည့်ကို ကောင်းကောင်းသတိမမူမိသည်မှာ သေချာ၏။ မိန်းကလေးသည် ကိုက် ၃၀ ခန့် ဆက်လျှောက်ပြီး ထိုင်ခုံရှည်တစ်ခုမှ ထိုင်လိုက်၏။ မိန်းကလေးမှာ တိရစ္ဆာန်တစ်ကောင် ကြောက်နေသလို ကြောက်နေပုံရ၏။ ထိုကြောက်စိတ်ကြောင့်ပင် စုံထောက် ဝွန်ဇာလက်က အကဲခတ်နေမိခြင်းဖြစ်၏။

ဝွန်ဇာလက်နှင့် မျက်လုံးချင်း ဆိုင်သွားသည်တွင် မိန်းကလေးက မျက်နှာလွှဲလိုက်၏။ နံဘေးနံဘီကို ကြည့်ပြီးမှ ဘာမှမတွေ့သည်နှင့် သူ့ကိုပြန်ကြည့်ပြန်၏။ နောက် ပို၍ကြောက်လာပုံရကာ ထိုင်ရာမှထပြီး

ထွက်သွားလေတော့၏။

စုံထောက် ဝွန်ဇာလက်သည် သူ၏ ခြေလှမ်းကျဲကြီးဖြင့် နောက်မှ အမီအပြေးလိုက်လေရာ တစ်လမ်းကျော်လောက်တွင် မီသွား၏။ မိန်းကလေးသည် နံရံကို အတင်းကပ်လိုက်ပြီး သူ့ကိုကြည့်ကာ ငယ်သံပါအောင် အော်လိုက်မည့်ပုံပြု၏။ တကယ်တမ်းကား အကြောက်လွန်ကာ အော်သံက ထွက်မလာ။ မိန်းကလေး ကြောက်နေပုံမျိုးမှာ သေမင်းနှင့် မျက်နှာချင်းဆိုင်နေရသည့်အလား။

ဝွန်ဇာလက်သည် ဘာမှမလုပ်သည့်အတွက် မိန်းကလေးက အသံကြီးစားထွက်ရင်း...

"ရှင်... ရှင်... ကျွန်မကို ဘာလုပ်မလို့လဲဟင်"

"မင်း ဒုက္ခရောက်နေသလား မိန်းကလေး၊ မကြောက်ပါနဲ့ကွယ်၊ ကျုပ်က ရဲအရာရှိတစ်ယောက်ပါ၊ ကဲ... ဆိုစမ်း... ဘာဒုက္ခ ရောက်နေသလဲ"

"မိန်းကလေးကား ကြောက်စိတ်ပြေပုံမရ။ သူ ရှေ့တိုးသည်နှင့် နံရံကို ကျောနှင့်တိုးရနိုးနိုး ပိုကပ်သွား၏။ ဝွန်ဇာလက်က အိတ်ထဲမှ ရဲမှတ်ပုံတင်ကို ထုတ်ပြကာ...

"ကြည့်ပါ... ကျုပ်က စုံထောက်အရာရှိ တစ်ယောက်ပါ၊ ဘာဒုက္ခများ ရောက်နေပါသလဲ၊ ကူညီပါရစေ"

မိန်းကလေးသည် ရဲမှတ်ပုံတင်ကိုကြည့်ပြီး ဝွန်ဇာလက် အသံကို နားထောင်ရင်း စိတ်သက်သာသွားဟန်နှင့်...

"ကျွန်မ ဒုက္ခရောက်နေပါတယ်ရှင်၊ ကြောက်လည်း သိပ်ကြောက်တာပဲ"





"ခင်ဗျား ကြောက်နေတာကိုတော့ မြင်နေရုံနဲ့ သိပါတယ်ဗျာ၊ မကြောက်ပါနဲ့တော့ ကျွန်တော်က ၁၉၅၁နက ရဲစုံထောက် ဖရင့်ဝွန်ဇာလက်ပါ၊ စခန်းက ရှေ့နား ၆၇ လမ်းထိပ်မှာ ရှိပါတယ်၊ ခင်ဗျား ကျွန်တော် ပြောတာ နားလည်ပါတယ်နော်"

"ဟုတ်... ဟုတ်ကဲ့"

သည်တော့မှ စုံထောက် ဝွန်ဇာလက်သည် မိန်းကလေးကို အသေအချာကြည့်မိ၏။ မိန်းကလေးမှာ ကြောက်မနေပါက စောစောက သူထင်ခဲ့သည့်အတိုင်း အတော်လှမည့် မိန်းကလေး။ စုံထောက်တစ်ယောက် အနေနှင့် သည်မိန်းကလေးမှာ နယူးယောက်မြို့မှ မဟုတ်ကြောင်း မြင်ရုံနှင့် သိပြီးသား။ မိန်းကလေး အဝတ်အစားများမှာ အဖိုးတန်ကြီး မဟုတ်ပေမယ့် အပေါစားတော့လည်းမဟုတ်။ ခေတ်မဆန်လွန်းသော်လည်း ရိုးအအကြီးမဟုတ်။ ဖိနပ်ကလည်း သပ်သပ်ရပ်ရပ်။ မျက်လုံးအစုံကမူ သူငယ်အိမ်များက စုလွန်းသည်။ အနီးကြည့် မျက်မှန်တပ်ရသည့် မျက်လုံးမျိုး။ ယခုလို ကြောက်လန့်တကြား ဖြစ်နေသည့် အထဲမှာပင် မင်နှင့်မောင်းနှင့် နေနိုင်သည့် မိန်းကလေးမျိုး။

မိန်းကလေးက...

"ရှင်... ရှင်... တကယ် စုံထောက်တစ်ယောက်ပဲနော်၊ ကျွန်မကို ညာနေတာတော့ မဟုတ်ပါဘူးထင်ပါရဲ့"

ဝွန်ဇာလက်က ပြုံးပြလိုက်၏။ သူ့အပြုံးမှာ တကယ်ခင်မင်သန့်ရှင်းသော အပြုံး။

"မညာပါဘူးဗျာ... ကျွန်တော်က တကယ် ရဲစုံထောက် တစ်ယောက်ပါ"

သည်တော့မှ မိန်းကလေးသည် စိတ်ခုံးခုံးချလိုက်ပုံရ၏။

"ဘုရား... ဘုရား... ဘုရား ကယ်လို့ပေါ့"

ဝွန်ဇာလက်သည် မိန်းကလေး၏လက်မောင်းကို အသာကိုင်ပြီး ထိုင်ခုံပေါ်သို့ ထိုင်ခိုင်းလိုက်၏။

အချိန်မှာ နံနက် ၉ နာရီခွဲခန့်ရှိပြီး ဝန်းကျင်၌ လူသွားလူလာ ရှင်းနေ၏။ ဝွန်ဇာလက်သည် မိန်းကလေးကို ဘာမှမပြောဘဲ အချိန်ပေးထား၏။ ဤသို့ စောင့်စားခြင်းမှာ ရဲတို့၏လုပ်ထုံးတစ်ခု ဖြစ်ပါ၏။ ဝွန်ဇာလက်သည် မိန်းကလေးကို နံဘေးမှထိုင်ပြီး စောင့်ကြည့်နေ၏။

မိန်းကလေးသည် အသက်ပြင်းပြင်း ၅၀,ရှူလိုက်ရင်း သူမကိုယ်သူမ ထိန်းနေ၏။ မိန်းကလေးသည် ကြောက်ရွံ့နေသော သတ္တဝါကောင်အဖြစ်မှ တဖြည်းဖြည်း မိန်းမတစ်ဦးအဖြစ် ပြောင်းလဲလာ၏။ သူမသည် စိတ်အတော်အတန် တည်ငြိမ်မှုရမှ လက်ပွေ့အိတ်ကို ဖွင့်ကာ အထဲမှ မှန်ကိုထုတ်ကြည့်ပြီး မျက်နှာကို ပေါင်ဒါဖိုး နှုတ်ခမ်းနီ တစ်ချက် တို့လိုက်၏။

သည်တော့မှ ဝွန်ဇာလက်က–

"ခင်ဗျားနာမည် ဘယ်သူပါလဲ"

"ဆယ်လီဒီလ်မန်ပါ"

"ကျွန်တော်ကတော့ ၁၉ ဌာနအပိုင်က ရဲစုံထောက် ဖရင့်ဝွန်ဇာလက်လို့ ပြောပြီးပြီးနော်၊ အခု ရုံးတက်ဖို့ ရုံးကိုလာတာ ခင်ဗျားမှာ အလွန်ကြောက်စရာ တစ်ခုခုရှိနေပုံရပါတယ်၊ ဘာကို ဘာကြောင့် ကြောက်နေရတာလဲဆိုတာ ကျွန်တော့်ကို ပြောပြပါလား"

မိန်းကလေးသည် ဝွန်ဇာလက်၏မျက်နှာကို အသေအချာ ကြည့်





လိုက်၏။ မိန်းကလေး၏ မျက်လုံးများတွင် ထိတ်လန့်ခြင်း အရိပ်အယောင်များ မရှိတော့။ ထိုနေရာ၌ စဉ်းစားချင့်ချိန်နိုင်ခြင်းများက ဝင်လာ၏။ သူမသည် သူ့ကို အသေအချာ ကြည့်၏။ နောက် သေချာလောက်မှ–

"ကျွန်မကို လူတစ်ယောက်က လိုက်သတ်မှာ၊ အဲ...အဲဒါ ရှင့်ကို လူသတ်သမားထင်လို့"

စုံထောက် ဝွန်ဇာလက်ကလည်း မိန်းကလေးကို အသေအချာ အကဲခတ်နေပါ၏။ သူ့မျက်လုံး အညိုရောင်ကို မိန်းကလေးက အခုမှ သတိပြုမိထားမိ၏။ သူ့အသံမှာ နည်းနည်းရှတတနှင့် အမေရိကန်အစစ်မှ ဟုတ်ပါလေစ။ သူသည် နယူးယောက် မြို့သားတစ်ဦး ဖြစ်သည်ကမူ သေချာ၏။ သူမကို အကဲခတ်နေသည့် ဝွန်ဇာလက်အား–

"ရှင်... ကျွန်မပြောတာ မယုံဘူး မဟုတ်လား"

"မဟုတ်ပါဘူး ယုံပါတယ်၊ မင်းကို တစ်ယောက်ယောက်က သတ်လိမ့်မယ်လို့ မင်း ထင်နေတယ်ပေါ့လေ"

မိန်းကလေးက ခေါင်းငုံ့လိုက်၏။

"သည်လို ထင်နေတာနဲ့ ကျွန်မကို ရူးတယ် အောက်မေ့မှာပဲနော်"

ဝွန်ဇာလက်က ပခုံးတွန့်ရင်း ပြုံးလိုက်၏။

"ဗျာ ပုထုစနော ဥမ္မတကောဆို မဟုတ်လား၊ ကျွန်တော်တို့ လူတွေအားလုံးဟာ တစ်ယောက်တစ်မျိုး ရူးနေကြတာပဲဟာ"

မိန်းကလေးသည် ဝွန်ဇာလက်ကို ကျေနပ်သွား၏။ ဝွန်ဇာလက်၏ ဆက်ဆံရေးကြောင့် သူတို့နှစ်ဦးအကြား နားလည်မှုတစ်ခု ရသွားသလို ဖြစ်သွား၏။

ဟုတ်သည်။ စုံထောက် ဝွန်ဇာလက်သည် အမှုထမ်းနေစဉ်အတွင်း

လူတစ်ယောက်၏ ယုံကြည်မှုကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းပင် ရယူရန် ကြိုးစားရမည်ဟု ယုံကြည်၏။ သို့နှင့်–

"ခင်ဗျားကို ဘယ်သူက လိုက်ပြီး သတ်ဖို့ကြိုးစားနေတာတုန်း"

မိန်းကလေးက ခေါင်းရမ်းပြ၏။

"ဘယ်တော့ သတ်ဖို့ကြိုးစားမှာလဲ၊ ကနေ့လား၊ ကနေ့ပဲ ခင်ဗျားကို တစ်ယောက်ယောက်က လိုက်သတ်နေလို့လား"

မိန်းကလေးသည် ခေါင်းဆတ်ခနဲ ညိတ်လိုက်ရင်း ကြောက်စိတ်ဝင်လာပြန်၏။ ဝန်းကျင်ကိုလည်း ကျိုးလန့်စာစား ကြည့်နေမိပြန်၏။ ဂွန်ဇာလက်က အလျင်အမြန်ပင်–

"မကြောက်နဲ့လေ၊ ဒါထက် ခင်ဗျားနာမည်က ဒီလွှန် ဟုတ်လား"

"မဟုတ်ပါဘူးရှင်၊ ဒီလ်မန့်ဆယ် ဆယ်လီဒီလ်မန်ပါ"

"ဟုတ်ပြီလေ၊ ခင်ဗျား ကျွန်တော်တို့စခန်း လိုက်ခဲ့ပေါ့ဗျာ၊ ဖိဂု လမ်းထိပ်တွင် ရှိတာပါ၊ လမ်းလျှောက်သွားကြတာပေါ့"

မိန်းကလေးက သူ့ကို ကြောက်ရွံ့စွာ ကြည့်နေ၏။

"ဒီလိုဗျာ ရဲစခန်းဆိုတော့ လုံခြုံမှုရှိတာပေါ့၊ ဘာမှ ကြောက်စရာမလိုတော့ဘူးပေါ့၊ ခင်ဗျား ကျွန်တော့်ကို ယုံတယ် မဟုတ်လား၊ ခင်ဗျား ကျွန်တော့်ကို နယူးယောက်မြို့က ရဲအရာရှိတစ်ယောက်လို့ ယုံတယ် မဟုတ်လား"

"ဟုတ်–ဟုတ်ကဲ့ ယုံပါတယ်"

"ဒါဖြင့် စခန်းကိုသွားကြရအောင်၊ သိပ်မဝေးတော့ပါဘူး၊ လမ်းလျှောက်သွားရအောင်ပါ၊ ဒြော် ခင်ဗျား လမ်းမလျှောက်ချင်ဘူးဆိုရင် တက္ကစီခေါ်လိုက်မယ်လေ"





မိန်းကလေးသည် ထိုင်ရာမှထ,လိုက်၏။

"မခေါ်ပါနဲ့ရှင်၊ ကျွန်မတို့ လမ်းလျှောက်သွားကြတာပေါ့"

"ခင်ဗျား နေသာပြီနော်"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

"ကဲ ဒါဖြင့် လမ်းလျှောက်သွားကြစို့၊ ဒီမယ် ခင်ဗျားက ခင်ဗျားကိုယ် ခင်ဗျား အန္တရာယ်ရှိနေတယ် ထင်တာမဟုတ်လား၊ ကျွန်တော်က မထင်ဘူး၊ ဒါပေမယ့် အရေးအကြီးဆုံးက ခင်ဗျားစိတ်ထဲမယ် အန္တရာယ်တစ်ခုခု ဘယ်လိုအန္တရာယ်မျိုးဖြစ်ဖြစ် သတိထားမိတယ်ဆိုရင် ကျွန်တော့်ကိုပြော၊ ဘာမှ အားမနာနဲ့ မရှက်နဲ့၊ အဲဒီလို ခင်ဗျားကပြောလို့ ခင်ဗျားကို ကျွန်တော်က စိတ်မနှံ့ဘူးလို့ မထင်ဘူး"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

သူတို့နှစ်ဦးသာ လမ်းလျှောက်လာကြ၏။ တစ်ချိန်လုံး စုံထောက်ဂွန်ဇာလက်သည် နံဘေးဝန်းကျင်ကို အကဲခတ်လာခဲ့၏။ တစ်ချိန်တည်းတွင် လောကကြီးတစ်ခုလုံးဟာ ဒီလိုပဲ မကျေနပ်သူတွေ၊ ငတ်နေသူတွေ၊ သေနတ်နဲ့လူတွေ၊ အန္တရာယ်နဲ့လူတွေ ရှိနေတာပဲလေဟု တွေးနေမိ၏။

စုံထောက် ဂွန်ဇာလက်သည် ခေါင်းခါလိုက်၏။ သူ့ကိုယ်သူ အဘိဓမ္မာ ဆရာတစ်ယောက်မဟုတ်ဘဲ ရဲအရာရှိတစ်ယောက် ဖြစ်နေကြောင်း ပြန်သတိပေးလိုက်၏။

တစ်နေရာရောက်သည်နှင့် မိန်းကလေးသည် တုန်သွား၏။ အကြောင်းမှာ ခပ်လှမ်းလှမ်းမှ လူတစ်ယောက်က မိန်းကလေးကို ကြည့်နေသောကြောင့် ဖြစ်သည်။ မိန်းကလေးသည် ဂွန်ဇာလက်၏ လက်မောင်းကို ကိုင်လိုက်၏။ ဂွန်ဇာလက်သည်လည်း ထိုသူ၏အကြည့်ကို သတိ

ထားမိသည်။

"စိတ်အေးအေးထားဗျာ၊ မှန်မှန်ပဲ ကျွန်တော့်ဘေးက လျှောက်လိုက်ခဲ့၊ တကယ်လို့ အဲဒီလူဟာ ခင်ဗျားကို အန္တရာယ်ပြုမယ့်လူ ဆိုရင်လည်း သူနဲ့ခင်ဗျားရဲ့အကြားမှာ ကျွန်တော် ရှိနေမယ် မဟုတ်ဘူးလား"

"ဟုတ်–ဟုတ်ကဲ့"

"ဒါဖြင့်လာ အေးအေးဆေးဆေးလေး လမ်းလျှောက်"

ထိုသူသည် ဘာမှမလုပ်ပေ။ သူသည် လမ်းတစ်ဖက်မှာ ရပ်မြဲရပ်နေ၏။ ဝွန်ဇာလက် ပြန်ကြည့်လိုက်သောအခါ ထိုသူသည် သူတို့ကို ကြည့်မနေတော့။

သူတို့သည် စခန်းထဲသို့ ရောက်လာ၏။

စားပွဲကြီးတစ်ခုတွင် ရဲဆာဂျင်တစ်ဦး ထိုင်နေ၏။

ဝွန်ဇာလက်က ခေါင်းညိတ်ပြရင်း–

"ဆရာ ရှိလားဗျာ"

ဆာဂျင်က ခေါင်းညိတ်ပြသည်။

"အပေါ်ထပ်မှာ ရှိပါတယ်"

ရဲပတ္တရောင်နှစ်ဦးသည် သူတို့နံဘေးမှ ဖြတ်သွား၏။ မိန်းကလေးမှာ စိတ်ငြိမ်သွားပုံရ၏။ ထို့ကြောင့် ပတ်ဝန်းကျင် အဆောက်အဦးတွင်းသို့ အကဲခတ်နေ၏။ စခန်းမှာ ၁၈၈၇–ခုနှစ်ကတည်းက တည်ထားခဲ့သော အဆောက်အဦးဟောင်း။ မိန်းကလေး ပတ်ဝန်းကျင်အား ကြည့်နေပုံကို အကဲခတ်ရင်း ဝွန်ဇာလက်က မိန်းကလေးသည် ကျောင်းဆရာမ ဖြစ်ရမည်ဟု တွေးမိသွား၏။

"ခင်ဗျား ကျောင်းဆရာမ မဟုတ်လား"





"ရှင်... ရှင် ဘယ်လို သိသွားတာလဲဟင်"

"စုံထောက်ပဲဗျာ တွေးကြည့်တာပေါ့၊ ကဲလာ ကျွန်တော်တို့ လက်ဖတင်နင် ရိုချိုင်းနဲ့တွေ့ရအောင်၊ သူက လူတော်တစ်ယောက်ပါ၊ သူက ဘယ်တော့မှ အလောသုံးဆယ် မဆုံးဖြတ်တတ်ပါဘူး၊ ခင်ဗျား စိတ်ထဲရှိသမျှကို အားလုံးသာပြော ရှုးတယ်လို့မထင်ဘူး စိတ်ချ"

မိန်းကလေးက ပြုံးလိုက်၏။

ဝွန်ဇာလက်သည် မိန်းကလေး၏အပြုံးကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွား၏။ သူသည် မိန်းကလေးကို ရုံးခန်းထဲသို့ ခေါ်သွား၏။

လက်ဖတင်နင် ရိုချိုင်းသည် စားပွဲခုံတွင် အသေအချာ ထိုင်နေ၏။ သူသည် လူလတ်ပိုင်းရောက်နေပြီဖြစ်၏။ သူ့ဆံပင်များသည် ပါး၊စ၊ပြုနေပြီး သူသည် စားပွဲမှာထိုင်ရင်း ဝင်လာသူနှစ်ဦးကို အကဲခတ်နေ၏။

ဝွန်ဇာလက်က စတင်၍–

"အချိန်နည်းနည်းလောက် ရမလား အာစရိ"

လက်ဖတင်နင်က ခေါင်းညိတ်ပြ၏။

"ဟောဒီ မိန်းကလေးက မစ္စဆယ်လီဒီလ်မန်ပါ၊ သူကတော့ ကျွန်တော်တို့ ရဲအရာရှိ လက်ဖတင်နင် ရိုချိုင်းပါပဲ၊ ဆရာ ဒီမိန်းကလေးကို ကျွန်တော် ပန်းခြံထိပ်မှာ တွေ့ခဲ့ပါတယ်၊ သူ ဒုက္ခရောက်နေတယ် ဆိုလို့ စခန်း ခေါ်ခဲ့တာပါ"

ဝွန်ဇာလက်သည် မိန်းကလေးကို ကုလားထိုင်တစ်လုံးမှာ ထိုင်စေပြီး သူလည်း တခြားခုံမှာ ထိုင်လိုက်၏။

လက်ဖတင်နင်က မိန်းကလေးကို အကဲခတ်ရင်း–

"ဘယ်လို ဒုက္ခမျိုးပါလဲ ခင်ဗျာ"

မိန်းကလေးက မဖြေဘဲ ဝွန်ဇာလက်ကို ကြည့်လိုက်၏။ သည်တော့ ဝွန်ဇာလက်က–

"ဒီမယ် မစ္စဒီလ်မန်၊ ခင်ဗျား ကျွန်တော့်ကို ပြောခဲ့တဲ့အတိုင်း ဆရာကို ပြောပြပါ၊ ဘာမှ မစိုးရိမ်ပါနဲ့"

မိန်းကလေးက ခေါင်းရမ်းပြ၏။

ဝွန်ဇာလက်က မနေသာဘဲ–

"ဟုတ်ပြီလေ... ခင်ဗျား ပြောရခက်နေတာဆိုတာ ကျွန်တော် သိပါတယ်၊ ဒီမယ်ဆရာ ဒီမိန်းကလေးက သူ့ကို တစ်ယောက်ယောက်က လိုက်သတ်လိမ့်မယ်လို့ ယုံနေတယ် ဆရာ"

မိန်းကလေးသည် ထိုစကားကြားသည်နှင့် ဆတ်ခနဲ တုန်သွား၏။ တစ်ချိန်တည်း ဝွန်ဇာလက်နှင့် ရှီချိုင်းတို့ နှစ်ဦးကို အပြန်အလှန် အမြန်ကြည့်လိုက်၏။ သူမ၏နှုတ်ခမ်းမှာ တင်းတင်းစေ့သွား၏။ ထိုလှုပ်ရှားမှုအားလုံးကို လက်ဖတင်နင်ကလည်း မြင်လိုက်သည်ပင်။ သို့နှင့်–

"ဒီမယ် မစ္စဒီလ်မန်၊ လောကကြီးက အကျယ်ကြီး၊ လူပေါင်းစုံနေကြတာ၊ ခင်ဗျားကို တစ်ယောက်ယောက်က လိုက်မသတ်ဘူးလို့လည်း မပြောနိုင်ဘူး၊ အဲဒီလို ပြောလို့လည်း ခင်ဗျားကို အရူးလို့ ဘယ်သူမှ ထင်ဘူး၊ ခင်ဗျား ပြောစရာရှိတာသာ ပြော"

ဝွန်ဇာလက်ကလည်း ဝင်၍–

"ခင်ဗျား ဒီအကြောင်း ပြောမယ် မဟုတ်လားဗျာ၊ ကျွန်တော်ဆိုလိုတာက ခင်ဗျား ဒီကို လိုက်လာတာကိုက ခင်ဗျားဒုက္ခကို ပြောပြဖို့ မဟုတ်လား၊ ကဲဗျာ ခင်ဗျားကို တစ်ယောက်ယောက်က လိုက်သတ်လိမ့်မယ်လို့ ဘာကြောင့် ထင်နေတာတုန်း"





မိန်းကလေးသည် သူတို့နှစ်ဦးကို အပြန်အလှန် ကြည့်ပြီးမှ ခေါင်းဆတ်လိုက်၏။

"ကျွန်မ ဒီကိစ္စကို တိုတိုတုတ်တုတ် ပြောလို့တော့ ဘာမှအဓိပ္ပာယ်ရှိမှာမဟုတ်ဘူး၊ အစအဆုံးပြောမှ ဇာတ်ရည်လည်မှာ–

ရှီချိုင်းသည် ကုလားထိုင်နောက်မှီကို မှီလိုက်၏။

"ကျုပ်မှာ အချိန်အများကြီး ရှိပါတယ်၊ ခင်ဗျားရဲ့ ဇာတ်လမ်းကို ခင်ဗျား ရေလည်သလို ပြောပေတော့၊ ကျုပ်တို့ အစအဆုံး နားထောင်ပါမယ်"

"ကောင်းပြီလေ... ကျွန်မ ပြောမယ်၊ တစ်ခုတော့ ရှိတယ်နော်၊ ရှင်တို့က ပြောစေချင်တယ် ဆိုလို့နော်"

"ဟုတ်ပါပြီဗျာ ပြောပါ"

"ဇာတ်လမ်းက ဒီလိုရှင့်..."

# [ ၃ ]

ဆယ်လီဒီလ်မန် ပြောပြနေစဉ်အတွင်း စုံထောက် ဂွန်ဇာလက်သည် ဇာတ်လမ်းအတိုင်း သရုပ်များကို မြင်ကြည့်နေ၏။ တစ်ချိန်တည်းတွင် လက်ဖတင်နင်ကိုလည်း သူလို တွေးမြင် ကြည့်နေ၏။ မနေသာလို့ လှမ်းအကဲခတ်၏။ သို့သော် လက်ဖတင်နင်၏ ဝါရင့်ရဲအရာရှိ မျက်နှာတွင် ဘာမှ သိပ်ရှာ၍မတွေ့၊ ဇာတ်လမ်းက သည်လို–

ဆယ်လီဒီလ်မန်တစ်ယောက် သူတို့မြို့ကလေးမှ ဆရာဝန်ဆေးမှူးတို့က စစ်ဆေးစမ်းသပ်ပြီး ခြောက်လအတွင်း သေဆုံးမည်ဟု ဖွင့်ပြောလိုက်ကြ၏။

ဆယ်လ်မီက–

"ရှင်တို့ သဘောပေါက်ပါတယ်နော်၊ ဒီနောက် ကျွန်မလုပ်ခဲ့တဲ့အလုပ်တွေက အဓိပ္ပာယ်မရှိ ဖြစ်တော့မှာမို့ပါ၊ ကျွန်မလေ အဲဒီလိုသေမိန့်ကျလိုက်တာနဲ့ ကျွန်မ ဘယ်လို ခံစားရတယ်ဆိုတာ ရှင်တို့စာနာမိကြမှာပါ၊ အဲဒီတုန်းက စက်တင်ဘာလပေါ့ရှင်၊ ကျွန်မဘဝကို

မှောင်ချလိုက်သလိုပါပဲ၊ ကျွန်မ ဘာမှ လုပ်ကိုင်ချင်စိတ်လည်း မရှိတော့ပါဘူး၊ ကျွန်မ စာသင်နေတဲ့ ကျောင်းဆရာမအလုပ်က ထွက်လိုက်တယ်၊ ပြီးတော့ တစ်ပတ်လုံး အိမ်ထဲမှာထိုင်ပြီး နံရံတွေကို ကြည့်နေမိတယ်၊ တစ်ခါတလေ စိတ်ရပြီး တယ်လီဗီးရှင်း ဖွင့်ကြည့်တယ်၊ ဘာတွေပြသလဲဆိုတာ စိတ်ဝင်စားလို့ မရတော့ဘူး၊ ရုပ်ရှင်လည်း သွားမကြည့်ချင်တော့ဘူး၊ ကျွန်မကို အပြင်ထွက်လည်ဖို့ လာခေါ်တဲ့ ယောကျ်ားလေးတွေနဲ့လည်း မလည်ချင်တော့ဘူး၊ ဘာမှလည်း မစားချင်တော့ဘူး၊ ကျွန်မ ခေါင်းထဲမယ် ငါသေတော့မယ်ဆိုတဲ့ အတွေးကို ကြာတော့ ရိုးသွားမလားဆိုပြီး ဆက်ဆက်တွေးပစ်လိုက်တယ်၊ ဒါပေမယ့် သေတော့မယ် ဆိုတဲ့အတွေးက ဘယ်လောက်ပဲ ထပ်ခါထပ်ခါတွေးတွေး ရိုးမသွားဘဲကိုး။ လက်မှ မခံနိုင်ဘဲကိုး။ နောက်ပြီး စက်တင်ဘာလ ကုန်ခါနီးတော့ ကျွန်မနေတဲ့အိမ်ကို ကျွန်မ ရောင်းပစ်လိုက်တယ်။

"ကျွန်မတို့နေတဲ့ ကင်မာဗယ်လီမြို့သိမ်ကလေးမှာတော့ ကျွန်မအကြောင်းကို အားလုံးသိနေကြပြီးသား ဖြစ်မှာပဲ။ မြို့ကလေးက ဂျင်ကလယ်လေးဆိုတော့ ဘယ်ကိစ္စမှ ဖုံးထားလို့မရဘဲကိုး၊ တစ်နေ့တော့ ကျွန်မဟာ ကျွန်မတို့မြို့ရဲ့ တိတ်တိတ်ပုန်းကစားဝိုင်း ထောင်ထားတဲ့ ပင့်ကူမက်ဆတန်ဆီ သွားတယ်လေ၊ သူ့ကို အရင်က ကျွန်မ စကားတစ်ခါမှ မပြောဖူးပါဘူး၊ သူကတော့ ပိန်ပိန်ရှည်ရှည် အေးစက်စက်မျက်လုံးတွေနဲ့လူပေါ့"

ဗွန်ဇာလက်သည် ဆယ်လီ၏စကားများကို နားထောင်ရင်း ဆယ်လီ၏ အပြုအမူများကို မြင်ယောင်နေ၏။ ဆယ်လီ တစ်ယောက် ယောင်ချာချာနှင့် ပင့်ကူမက်ဆတန်ရှေ့တွင် သူ့ကိုယ်သူ ကျွန်မ ကျောင်းဆရာမ





ပါဟု မိတ်ဆက်ပေးပုံကို မြင်ယောင်နေ၏။

မိန်းကလေးအနေနှင့် ပင့်ကူကြီးရှေ့တွင် မတ်ဖတ်ရပ်ကာ အံ့သြနေသည်ကား အမှန်။ သူမအနေနှင့် ရက်စက်ကြမ်းကြုတ်သော လူဆိုးကြီး တစ်ယောက်ကို တွေ့ရမည်ဟု မျှော်လင့်ထားခဲ့မည်သာ ဖြစ်သည်။ တွေ့ရသောအခါ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ထားပြီး စီးပွားရေးသမား တစ်ယောက်၊ စီးပွားရေးလုပ်သည့် ပုံမျိုးနှင့် တွေ့ရပေလိမ့်မည်။ ထိုသူက ဆယ်လီကို အသေအချာကြည့်ပြီး "ကဲ မစ္စဒီလ်မန်၊ ကျုပ်ဆီကို ဘာကိစ္စ လာတာလဲ၊ ပြော" ဟု ဆိုရပေလိမ့်မည်။

ဗွန်ဇာလက်သည် သူ့ဘာသာတွေးရင်း ဆယ်လီကို အသေအချာကြည့်နေ၏။

ဆယ်လီကမူ ဆက်၍-

"ကျွန်မ ဘယ်လိုပြောရမလဲဆိုတာ ခက်ခက်ပဲရှင့်၊ ကျွန်မ ဆိုလိုချင်တာက ဒီလိုလေ၊ ကျွန်မဇာတိဖြစ်တဲ့ ကင်မာဗယ်လီမှာ နေဖို့ဆိုတာကတော့ မဖြစ်နိုင်တော့ဘူး မဟုတ်လား၊ ကျွန်မအိမ်ကိုလည်း ရောင်းလိုက်ပြီးပြီ၊ ပရိဘောဂတွေကိုတော့ ဘာ့ကြောင့်လဲမသိဘူး၊ ကျွန်မ မရောင်းဖြစ်ဘဲ ဂိုဒေါင်တစ်ခုကို ခြောက်လ ငှားပြီးထားလိုက်တယ်၊ ဂိုဒေါင်ရှင်ကို ခြောက်လအတွက် ကြိုပြီးပေးလိုက်တယ်၊ အဲဒီလူက ခြောက်လကျော်သွားရင်ကော ကလေးမရယ်လို့ မေးမလိုဟန်ပြင်ပြီးမှ မမေးတော့ဘူး၊ အဲဒီအချိန်မှာ ကျွန်မရဲ့ကိုယ်ခန္ဓာကသာ ဒီမြို့ကလေးက မခွာသေးတာပါ၊ စိတ်ကတော့ ခွာပြီးတာကြာပါပြီ။

"ကျွန်မနေရဖို့ လပိုင်းပဲရှိတော့တယ် မဟုတ်လား၊ ဒီတော့ နေရတဲ့အခိုက်ကလေးမှာ နယူးယောက်မြို့ကြီးကို သွားမယ်၊ အကောင်းဆုံး

ဟိုတယ်ကြီးတစ်ခုမှာ တက်ပြီးတည်းမယ်၊ ဟော်လီဝုဒ် ရုပ်ရှင်ကားတွေထဲကလို မသေမီ အကောင်းဆုံးနေလိုက် စားလိုက်၊ လောကီစည်းစိမ်ကို ခံစားလိုက်မယ်ပေါ့ရှင်၊ ရှင်တို့လည်း သိတဲ့အတိုင်း ရုပ်ရှင်ထဲ တယ်လီဗီးရှင်းတွေထဲမှာ ကင်ဆာတို့ ဘာတို့ ကုမရတော့တဲ့ သေတော့မယ့်လူတွေ လုပ်ကြတဲ့ လုပ်ပုံမျိုးတွေလေ။ တကယ်တမ်းကျတော့ ဒါတွေဟာ လုပ်ကြံမှုတွေပါရှင်။ ဘယ်သူမှ သေမယ့်အချိန်မတိုင်မီမှာ စည်းစိမ်နဲ့ နေနိုင်မှာတဲ့တုန်း။ ဒါကြောင့်လည်း ကျွန်မ ပင့်ကူမက်ဆတန်ဆီကို သွားပြီး အကူအညီတောင်းခဲ့တာပေါ့"

ဆယ်လီသည် သူမစကားကို ခဏရပ်ပြီး ဖြတ်လိုက်၏။ မအောင့်အီးနိုင်သော လက်ဖတင်နင်ရိုချိုင်းက ဝင်၍-

"ဘယ်လို အကူအညီ တောင်းတာလဲ"

"ကျွန်မကို နယူးယောက်မြို့မှာ လူတစ်ယောက်ကို သတ်ဖို့ အငှားလူသတ်သမားတစ်ယောက်နဲ့ ဆက်သွယ်ပေးဖို့ပါပဲ"

ရိုချိုင်းသည် မကြားလိုက်ရသည့်အလား-

"ဘာ ဘာပြောတယ်၊ ပြန်ပြောပါဦး"

ဆယ်လီသည် သူတို့နှစ်ဦးကို တစ်မျိုးတစ်ဖုံ ကြောက်ရွံ့စွာဖြင့် ကြည့်လိုက်သည်။ ဆယ်လီအား ခေါင်းညိတ်ပြပြီး ပြုံးလိုက်၏။ ဗွန်ဇာလက်သည် ဆယ်လီပြောသမျှ အတွေးစဉ်အတိုင်း လိုက်မျှောခဲ့သူဖြစ်သဖြင့် နားလည်နေ၏။

"ဟုတ်ပါတယ် မစ္စဒီလ်မန်၊ လက်ဖတင်နင်ကို ပြောစရာရှိတာကိုသာ ပြောပြလိုက်ပါ"

ရိုချိုင်းက ဗွန်ဇာလက်ဘက် လှည့်ပြီး ဒေါသနှင့်-





"ဟော့ မင်းက သူပြောတာတွေ အားလုံး သဘောပေါက်တယ်ပေါ့ ဟင်...."

ဗွန်ဇာလက်ကမူ အေးဆေးစွာဖြင့်-

"မိန်းကလေး ပြောပါလိမ့်မယ် ဆရာ၊ ပြောလိုက်လေ မိန်းကလေး ခင်ဗျား ပင့်ကူမက်ဆတန်ဆီသွားတယ်၊ ပြီးတော့ မင်းက လူသတ်သမားတစ်ယောက်ကို သူ့ငှားနိုင်းတယ် ဟုတ်လား"

ဆယ်လီက-

"အဲဒီလိုတော့ မဟုတ်ဘူးရှင့်၊ ကျွန်မက သူ့ကို နယူးယောက်မြို့မှာ လူသတ်သမားတစ်ယောက် ရှာပေးနိုင်တဲ့ အဆက်အသွယ်ကောင်း တောင်းတာပါ"

ရိုချိုင်းသည် ဘဝင်မကျ ဒေါမွပြီး...

"အေး... မင်းက အဲဒီလိုပြောတော့ ပင့်ကူမက်ဆတန်က အိုကေ၊ ကောင်းပြီ... မိန်းကလေး၊ မင်း နယူးယောက်က လူသတ်သမားတစ်ယောက်နဲ့ ဆက်သွယ်ချင်တယ်ဆိုရင် ငါရဲ့ နယူးယောက်ရုံးခွဲကို ဆက်ပေးမယ်လို့ ပြောလိုက်ရောလား"

ဆယ်လီသည် ကြောက်သွားပြန်၏။

"အဲဒီလောက်ကြီး လွယ်လွယ်မဟုတ်ပါဘူးရှင်၊ ရှင်တို့လည်း နားလည်မှာပါ၊ ဟိုလေ... ကျွန်မတို့ ကင်မာဗယ်လီ မြို့ကလေးက အသေးလေးမဟုတ်လား၊ ကျွန်မ ဇာတ်လမ်းစုံကို ပင့်ကူမက်ဆတန်က ကြားဖူး သိဖူးပြီးသားပါ၊ ပြီးတော့ သူ့ရဲ့ကျန်းမာရေး သိပ်မကောင်းလှတဲ့ သမီးကလေးက ကျွန်မအတန်းကလေ၊ ကျွန်မက သူ့သမီးကလေးကို ဂရုစိုက်တယ်ဆိုတာ သိတဲ့သူမို့ ကျွန်မက အခွင့်အရေး တောင်းရတာပါ"

ရှိချိုင်းကမူ မကျေနပ်။

"လူသတ်ဖို့ အကူအညီလား"

"မ… မဟုတ်ပါဘူးရှင်"

"မင်းကွာ… လောကကြီးကို ရင်မဆိုင်ဖူးရင်လည်း ဘာထူးသလဲ ကိုယ့်ဘာသာ သတ်သေလိုက်ပေါ့၊ ဘယ့်နဲ့ ကြံကြံဖန်ဖန် ဒုက္ခရှာပြီး လူသတ်သမား ဖြစ်ရတယ်လို့"

ရှိချိုင်းက ဒေါပွပြီး အော်လိုက်ရာ ဖွန်ဇာလက် ဝင်၍…

"ဟာ… ဒီလိုမပြောနဲ့လေ၊ ရောဂါတစ်ခုနဲ့ သေမယ်လို့ တစ်ထစ်ချ သိပြီးသား လူတစ်ယောက်အနေနဲ့ ဘယ်လို ခံစားရမလဲဆိုတာ ထည့်စဉ်းစားမှပေါ့"

ရှိချိုင်းသည် ဖွန်ဇာလက်ကို ကြည့်လိုက်၏။

"နေပါဦး… မင်းကတော့ သိတယ်ပေါ့လေ"

"အင်း… အတိအကျ မဟုတ်ပေမယ့် တွေးကြည့်နိုင်ရင် ရတယ်၊ ကျွန်တော့်မှာလည်းပဲ ဒီလိုဖြစ်ဖူးတဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်ကို ပြုစုရင်းနဲ့…"

ရှိချိုင်းသည် ဖွန်ဇာလက်ကို လက်ပြထားလိုက်၏။

"ထားပါတော့ကွာ… ထားပါတော့၊ ကဲ… ဆက်ပါဦး မိန်းကလေး"

ဆယ်လီသည် ခဏရပ်နေရာမှ…

"ကျွန်မလေ ကိုယ့်ကိုယ်ကို သတ်သေဖို့ စဉ်းစားမိတာကတော့ အမှန်ပါပဲရှင်၊ ဒါပေမယ့် လက်တွေ့ အကောင်အထည်ဖော်ဖို့ အရေးကျတော့ ဘယ်တုန်းကမှ အရေးမကြီးတဲ့ ဘာသာရေး ကြောက်သလိုလို၊





အဖန်ငါးရာငါးကမ္ဘာဆိုတဲ့ ငရဲကိုပဲကြောက်သလိုလိုနဲ့ တော့တော့ဆိုင်ဆိုင် ကျွန်မ သတ်မသေရဲဘူး၊ ဒါကြောင့် ကျွန်မ ထွက်ပြေးတာပေါ့၊ ပြီးတော့ ဒီ တိတိကျကျကြီး သေမယ်ဆိုတဲ့ ရောဂါဘေးကလည်း လွဲသွားအောင် တခြား သေနည်းသေလမ်းတစ်ခုခုနဲ့ သေချင်စိတ် ပေါ်လာတာကိုရှင့်"

ရဲအရာရှိနှစ်ဦးမှာ ဘာမှ ဝင်မပြောကြ။ ဆယ်လီက…

"ဒီမှာတင်… ကျွန်မ ဘဏ်မှာစုထားတဲ့ ငွေတွေ အဖေ၊ အမေ တို့ရဲ့ အသက်အာမခံကြေးတွေ၊ အိမ်ရောင်းလို့ရတာတွေ အားလုံး စုလိုက်တော့ ငွေကမနည်းဘူးရှင့်၊ ဒေါ်လာနှစ်သောင်းငါးထောင်လောက် ရှိတယ်။ အဲဒီငွေတွေအားလုံးကို နယူးယောက်မှာရှိတဲ့ ချေစမဟတ်တန် ဘဏ်ကို လွှဲလိုက်ပြီး ကျွန်မလည်း ကင်မာဇယ်လီ က ခွာခဲ့တော့တာပါပဲရှင်"

"ကျွန်မလေ ဒေါက်တာကဲလ်ဒစ်ရှ်ကိုတောင် နှုတ်မဆက်ခဲ့ဘူး၊ ကျွန်မ ဘယ်သွားမယ်၊ ဘာလုပ်မယ် မပြောခဲ့ဘူး၊ ရှင်တို့တော့ တွေးမိမယ်ထင်ပါရဲ့၊ သေလူတစ်ယောက်မှာ ရိုးရိုးလူတွေမရတဲ့ ကြောက်စရာ၊ ရှုံ့စရာကောင်းတဲ့ လွတ်လပ်မှုတစ်မျိုးက ရနေတာကိုး၊ ကျွန်မ သေတ္တာနှစ်လုံးနဲ့ အဝတ်နည်းနည်းပါးပါးထည့်ပြီး တက္ကစီတစ်စီးကိုခေါ်ပြီး ရှိချက်စတာမြို့က လေဆိပ်ကိုပို့ပေးဖို့ ပြောလိုက်တာပါပဲ၊ တက္ကစီသမား က ရှိချက်စတာလေဆိပ်က အဝေးကြီးမို့ ကားခ အများကြီးကျမယ်လို့ ပြောတယ်လေ၊ ကျွန်မက ဘယ်လောက်ကျကျ အရေးမကြီးပါဘူးလို့ ပြောလိုက်တယ်၊ ဟုတ်တယ်လေ… ကျွန်မအတွက် ဘယ်ဟာ ဘယ်လောက် ကျတယ်ဆိုတာ အရေးမှမကြီးတော့ဘဲကိုး၊ ကျွန်မသိတာက ကျွန်မ ဒီမြို့ကထွက်ပြီး အဝေးကိုပြေးပြီး ဘယ်တော့မှ ပြန်မလာတော့ဘူး ဆိုတာပဲ"

ဆယ်လီက စကားပြောရင်း မောဍ် ခဏရပ်လိုက်ရာ ရိုချိုင်းက ဝင်ပြီး...

"ပင့်ကူမက်ဆတန်က မင်းကို ဘာပြောတယ်ဆိုတာ ပြောဦးလေ"

"ဟုတ်... ဟုတ်ကဲ့၊ ကျွန်မ သူ့နေရာနဲ့ သူကျတော့ ပြောပါမယ်၊ ကျွန်မစိတ်ထဲရှိတဲ့ အစီအစဉ်အတိုင်း ပြောပါရစေ"

"အေး... ပြောဖို့မမေ့ဘူးဆိုရင် ပြီးတာပါပဲ"

ဝွန်ဓာလက်က ဝင်၍...

"မမေ့ပါဘူးဆရာ... ပြောမှာပါ၊ ဆရာ ခုလို ဝင်ဝင်ထောက် မနေစမ်းပါနဲ့၊ သူပြောတတ်သလို ပြောပါစေ"

ရိုချိုင်းသည် ဝွန်ဓာလက်ကို မကျေမနပ် ကြည့်လိုက်သော်လည်း ထပ်မပြောတော့။ ဆယ်လီက ဆက်၍...

"ပင့်ကူမက်ဆတန်က ကျွန်မကို နာမည်တစ်ခု ပြောပါတယ်၊ အဲဒါက အရေးအကြီးဆုံးပါပဲ၊ အဲဒါကြောင့် ကျွန်မ ဒီစခန်းကို ရောက်လာရတာမဟုတ်လား၊ ကျွန်မအစီအစဉ်နဲ့ ကျွန်မ ပြောပါရစေ၊ မဟုတ်ရင် ကျွန်မအဖြစ်က အရှုပ်ဖြစ်သွားမှာမို့ပါ၊ အမှန်က ကျွန်မအတွက်တော့ ဒီအဖြစ်ဟာ ရှုပ်တဲ့ကိစ္စ မဟုတ်ပါဘူးရှင်။

"အဲ... အဲဒါနဲ့ ကျွန်မ လေယာဉ်နဲ့ နယူးယောက်မြို့ကို လာခဲ့ပါတယ်၊ လေဆိပ်ရောက်တာနဲ့ တက္ကဆီတစ်စီးငှားပြီး ကျွန်မ ကြားဖူးတဲ့ နာမည်ကြီး စိန့်ရီဂျစ်ဟိုတယ်ကို တန်းပို့ခိုင်းပါတယ်။

"ကျွန်မ အခုတည်းနေတဲ့အခန်းကို တစ်နေ့ ၇၆ ဒေါ်လာနဲ့ ငှာပြီး တည်းပါတယ်၊ ဒီလောက် တည်းခိုခယူတယ်ဆိုတာ လက်တွေ့မှ သိရပါတယ်၊ သိပ်များတာပေါ့... အဲ လနဲ့ အခန်းယူမယ်ဆိုရင် တစ်လ





ဒေါ်လာ ၂၀၀၀ နဲ့ ရမယ်တဲ့၊ ဘယ်လောက်များတဲ့ ငွေတွေလဲ။ ဒါပေမယ့် ကျွန်မအနေနဲ့ကတော့ ဘာမှဂရုမစိုက်ဘူးလေ၊ ငွေက ပြဿနာမှမဟုတ်တော့တာ၊ စိန့်ရီဂျစ်ဟိုတယ်မှာ တစ်နေ့နဲ့တစ်ည နေပါတယ်၊ အဲဒီတစ်ညကလည်း လုံးလုံးအိပ်လို့မရတဲ့ ညပါပဲ၊ တစ်ညလုံးလုံး စဉ်းစားနေမိတယ်လေ၊ နောက်ဆုံးတော့ မထူးပါဘူးဆိုတဲ့ အဖြေကိုရတယ်၊ ကျွန်မအနေနဲ့ ပင့်ကူမက်ဆတန် ပြောတဲ့လူကို သွားတွေ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်"

ဆယ်လီသည် သူပြောသောစကားများကို ရဲအရာရှိနှစ်ဦး အာရုံစိုက်မစိုက် အကဲခတ်လိုက်သည်။ ရဲအရာရှိနှစ်ဦးက ဘာမှ ဝင်မပြော၊ ဆယ်လီက ဆက်၍...

"အဲဒီလူ နာမည်ကတော့ ဂျိုဝီကွန်ပါရာတဲ့၊ အမှတ်–၈ အဲဗင်နယူးနဲ့ ၅၃ လမ်းမှာရှိတဲ့ အားကစားရုံရဲ့ ပိုင်ရှင်ပါပဲ၊ ဂျိုဝီ အားကစားရုံ နာမည် မှည့်ထားတယ်လေ၊ လက်ဝှေ့သမားတွေ လေ့ကျင့်ပေးတယ်"

ဆယ်လီသည် ခဏနားပြန်၏။ ပြီးမှ...

"ကျွန်မ မနက် ၁၀ နာရီလောက်မှ ဟိုတယ်က ထွက်လာခဲ့ပြီး အမှတ်–၈ အဲဗင်နယူးဘက် လမ်းလျှောက်လာခဲ့တယ်၊ အလွယ်တကူပဲ အားကစားရုံကို တွေ့ပါတယ်၊ ရုံထဲမှာ အားကစားဝတ်စုံ ဝတ်ထားတဲ့လူတွေ ဘောင်းဘီတို ဝတ်ထားတဲ့လူတွေ တွေ့ရပါတယ်၊ သူတို့ဟာ လက်ဝှေ့ထိုးနည်း အမျိုးမျိုးကို လေ့ကျင့်နေကြပါတယ်၊ ရှင်တို့ ရောက်ဖူးလား မပြောတတ်ဘူး၊ အားကစားရုံရဲ့ အလယ်မှာ လက်ဝှေ့ထိုးတဲ့ ကြိုးဝိုင်းတစ်ခုတော့ရှိတယ်၊ အဲဒီမှာ ဆေးပြင်းလိပ်ခဲထားတဲ့ လူပုပုဝဝ တစ်ယောက်နဲ့တွေ့တယ်၊ သူ့ကို ကျွန်မက ဂျိုဝီကွန်ပါရာ ဆိုတဲ့လူနဲ့ တွေ့ချင်လို့ပါဆိုတော့ အဲဒီလူက သူပါပဲတဲ့၊ သူက ဘာကိစ္စနဲ့တွေ့ချင်

တာလဲလို့ မေးပါတယ်၊ ကျွန်မက ကင်မာဗယ်လီက ပင့်ကူမက်ဆတန်က အလုပ်ကိစ္စတစ်ခုအတွက် တွေ့ဖို့ လွှတ်လိုက်တာပါလို့ ပြောလိုက်တယ်လေ၊ ဒီမှာတင် သူက ရုံးခန်းထဲကြွပါဆိုပြီး ရုံးခန်းထဲ ခေါ်သွားတယ်၊ ကျွန်မတို့နှစ်ယောက်စလုံး ရုံးခန်းထဲရောက်ရော ဂျိုဝီက အခန်းတံခါးပိတ်လိုက်ပါတယ်၊ ကျွန်မကို အကျိုးအကြောင်း အပြည့်အစုံမေးပါတယ်၊ ကျွန်မလည်း ပင့်ကူမက်ဆတန်က လွှတ်လိုက်ကြောင်း၊ ကျွန်မ သူတောင်းဆိုတဲ့ဈေး ပေးနိုင်ကြောင်း၊ ကျွန်မကို လူသတ်သမားတစ်ယောက် ငှားပေးဖို့ ပြောလိုက်ပါတယ်"

ရှီချိုင်းသည် မဲ့ရွဲ့သွား၏။

"ဟင်... အဲဒီလိုပဲလား၊ ဟင်းရွက်ကန်စွန်းရွက် ဝယ်သလို ဂျိုဝီကို ဒီမယ်ရှင် ကျွန်မ... ကျွန်မ လူသတ်သမားတစ်ယောက် ငှားချင်ပါတယ်၊ လူတစ်ယောက်ယောက်ကို သတ်ချင်လို့ပါ ဆိုပြီး ပြောလိုက်တာပဲလား"

"ဟုတ်... ဟုတ်ကဲ့"

"ကောင်းပြီ... မစ္စဒီလ်မန် ခင်ဗျား လူသတ်သမားငှားတာတော့ ဟုတ်ပါပြီ၊ ဘယ်သူ့ကို သတ်ခိုင်းဖို့လဲ"

"ကျွန်မကို သတ်ဖို့လေ"

"ဗျာ"

"ဟုတ်ပါတယ်... လူသတ်သမားက ကျွန်မကို သတ်ဖို့ပါပဲ၊ ကျွန်မအနေနဲ့ ဂျိုဝီကို အသေးစိတ်ပြောပြပြီး သဘောတူအောင် အတော်ပြောယူရပါတယ်၊ နောက်ဆုံး သူကလည်း သဘောတူလိုက်တာနဲ့ အချက်အလက်တွေအားလုံး အပြည့်အစုံ မေးပြီး ကျွန်မ ကိုယ်ရေးကိုယ်တာ





အပြင် ကျွန်မဓာတ်ပုံ ‌သုံးပုံ ပေးခဲ့ရပါတယ်"

ရှီချိုင်းက မကျေနပ်ပေ။

"ထပ်ပြောပါဦးဗျာ... ဒီထက်ရှင်းအောင်"

ဝွန်ဇာလက်က ဝင်၍...

"ဟာ... ဆရာကလည်း ရှင်းနေတာပဲဟာ၊ ဒီအမျိုးသမီးဟာ သူ့ကိုသတ်ဖို့ လူသတ်သမား ငှားတာပေါ့ဗျ၊ ရှင်းနေတာပဲ"

"ဘုရား... ဘာကြောင့်များ"

ရှီချိုင်းသည် အလန့်တကြား အော်လိုက်ပြီးနောက် ရုတ်တရက်ပင် ရပ်လိုက်ကာ ဆယ်လီအား ကြည့်လိုက်၏။ ဝွန်ဇာလက်ကမူ ဆယ်လီကို ကြည့်နေပြီးသား။

ဆယ်လီက ခေါင်းဆတ်လိုက်ပြီးမှ...

"ဟုတ်ပါတယ်ရှင်... ကျွန်မအနေနဲ့က သေမယ့်နေ့ကို စောင့်မနေချင်တော့ဘူး၊ ဆရာဝန်အဆိုအတိုင်းဆိုရင် ကျွန်မနေဖို့ လေးလပဲ ကျန်ပါတော့တယ်၊ ပြီလထဲ တစ်ရက်ရက်မှာ ကျွန်မ သေရမှာပဲ၊ အင်း... တခြားနည်းတစ်ခုခုနဲ့ ဒီကြားထဲ မသေရင်ပေါ့လေ၊ ဒီကြားထဲမှာတော့ ကျွန်မကိုယ်ကျွန်မ သေမယ် မထင်ဘူးလေ၊ ဒါနဲ့ပဲ ကျွန်မလည်း ကိုယ့်သေနေ့ကို ကိုယ့်ဘာသာရွေးလိုက်တယ်၊ အဲဒီနေ့ကတော့ ပြီလ ၆ ရက်နေ့ပဲပေါ့၊ ကျွန်မကိုယ် ကျွန်မလည်း ပြောတယ်လေ၊ 'ဒီ ပြီလ ၆ ရက်နေ့မှာ ငါသေမယ်၊ ဒီလိုမရွေးရင် တခြားရက်တစ်ရက်မှာ သေရမှာပဲ မဟုတ်လား၊ ဒီတော့ သိပ်မထူးတော့တဲ့ ကိုယ့်ဘာသာကိုယ် ရွေးတဲ့ရက် သေရတာ ကောင်းတာပေါ့၊ အခု ကျွန်မပြောတာတွေဟာ ယုတ္တိယုတ္တာမရှိတဲ့ အရူးစကားတွေ ဖြစ်နေမှာပဲနော်"

ဝွန်ဇာလက်က ကပြာကယာဝင်၍...

"မဖြစ်ပါဘူးဗျာ... ယုတ္တိရှိပါတယ်၊ ခင်ဗျား တွေးတာတွေအားလုံးကို ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်လည်း ခင်ဗျားနေရာမှာရှိရင် ဒီလိုတွေး ဒီလိုလုပ်မိမှာပါပဲ၊ တခြားလူတွေလည်း ဒီလိုနေမှာပါပဲ"

ရှီချိုင်းကမူ ဘာမှ ထင်မြင်ချက်ဝင်မပေး။

သို့နှင့် ဆယ်လီက...

"ဒါနဲ့ပဲ ကျွန်မ ဆုံးဖြတ်ချက်အတိုင်း မစ္စတာ ကွန်ပါရာကို ငွေဒေါ်လာ သုံးထောင် လက်ငင်းပေးချေလိုက်ပါတယ်၊ မစ္စတာကွန်ပါရာက သူ လူသတ်သမား တစ်ယောက်ယောက်နဲ့ စီစဉ်ပေးပါမယ်လို့ ကတိပေးပါတယ်၊ ပြီးတော့ သူကလည်း လူသတ်သမား ဘယ်သူဘယ်ဝါဆိုတာ ကျွန်မ မသိရင် ပိုကောင်းပါတယ်တဲ့၊ ဒါမှ ကျွန်မဘာသာ ပျော်ပျော်ရွှင်ရွှင် မသိဘာသာ နေနိုင်မယ်တဲ့၊ အဲဒါ ဒီနေ့ ဧပြီလ ၆ ရက်နေ့ တစ်ချိန်ချိန်မှာ ကျွန်မဟာ ဘယ်ပုံဘယ်နည်း လုပ်ကြံခံရမယ်ဆိုတာ မသိဘဲ အလိုအလျောက် ကိစ္စပြီးသွားမယ်တဲ့၊ ကျွန်မလည်း သူပြောတာကို သဘောတူပြီး ပြန်ခဲ့တာပါပဲ"

ရှီချိုင်းသည် မျက်ခုံးတွန့်လိုက်၏။

"မယုံနိုင်စရာပါပဲဗျာ... ကျုပ်တော့ နားရှုပ်လို့သာ ကြားရတယ်၊ မယုံဘူး"

ဝွန်ဇာလက်က ဝင်၍...

"ယုံလိုက်ပါ လက်ဖတင်နင်"

"မယုံဘူးကွာ"

"ဘာလို့ မယုံရတာလဲဗျ၊ ဒီမိန်းကလေးက ကျွန်တော်တို့ကို





လိမ်ပြောနေတယ် ထင်လို့လား"

"ဟော့... သူလိမ်မပြောဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် မယုံဘူးကွာ၊ ဒါထက်... မိန်းကလေးမစ္စဒီလ်မန် မင်းကို မေးစရာ ကျန်နေသေးတယ်၊ ဟော့... အဲဒီလိုငွေချေခဲ့တာ ဘယ်တုန်းကလဲ"

ဆယ်လီက...

"နိုဝင်ဘာလကုန်လောက်ကပါရှင်"

"ဟုတ်ပြီ... အဲဒီနိုဝင်ဘာလကုန်က တစ်နေ့အတွင်း ဘာတွေ ဖြစ်ခဲ့သတုန်းဆိုတာ ပြောဦးမှပေါ့ကွာ"

"ဟုတ်... ဟုတ်ကဲ့၊ ကျွန်မလည်း အဲဒါပြောမလို့ပါပဲရှင်၊ ကျွန်မ နယူးယောက်ကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား နေထိုင်ပစ်လိုက်မယ်ဆိုပြီး လာခဲ့တာမဟုတ်လား၊ တော့တော့ဆိုင်ဆိုင်ကျတော့ ဘာမှလည်း မကြီးကျယ်မခမ်းနားပါဘူးရှင်၊ အဲဒီလိုနေလို့လည်း မရဘူး ဖြစ်နေပါတယ်။ လူက ဟိုတယ်ကြီးပေါ် နေပေမယ့် စိတ်ကတော့ ပျော်မှ မပျော်ဘဲကိုးရှင်၊ အရသာလည်း မရှိလှပါဘူး၊ ကျွန်မ အခန်းထဲက မထွက်ဘဲ နံရံတွေပဲ ကြည့်နေခဲ့တဲ့ ရက်တွေဆိုရင်လည်း အများကြီးပဲ၊ တစ်ခါတလေလည်း ရည်ရွယ်ချက်မရှိဘဲ လမ်းတွေ လျှောက်နေမိပြန်ရော၊ ဟိုနေရာ ဒီနေရာသွားမယ် စီစဉ်ကြည့်ပါရဲ့၊ နောက်ဆုံး သွားချင်စိတ်မရှိတာနဲ့ပဲ ဟိုတယ်အခန်းထဲ ပြန်ရောက်ပြီး ထိုင်ငိုင်နေမိတော့တာပါပဲ"

ဆယ်လီသည် သူတစ်ယောက်တည်း ပြောနေသည့်အလား ဆက်၍...

"အစရက်တွေတုန်းက ကျွန်မလေ နေ့တိုင်း အပူရှိန်သိရအောင် ဖျား,မဖျားသိရအောင် ပြဒါးတိုင်နဲ့ တိုင်းပါတယ်၊ အဖျားသွေးနည်းနည်း

ရှိပြီး လည်ပင်းကလည်း နာတာတာပဲ၊ ကျွန်မကို ဒေါက်တာပြောလိုက်တဲ့ ရောဂါလက္ခဏာ အခြေအနေအတိုင်းပါပဲ၊ ဒါပေမယ့် ရက်နည်းနည်း ကြာလာတော့ ပြဒါးတိုင်တိုင်းတဲ့အလုပ်ဟာ အပိုပဲဆိုပြီး ပြဒါးတိုင်ကို လည်း ကျွန်မ လွှင့်ပစ်လိုက်ပါတယ်၊ ကျွန်မ ဘာမှမလုပ်တော့ဘဲ ဒီအတိုင်းပဲ နေပစ်လိုက်တယ်လေ၊ ဘယ်နှစ်ရက် ဘယ်အချိန် ကုန်သွားပြီ ဆိုတာလည်း ကျွန်မ မှတ်မထားတော့ဘူး"

ဆယ်လီသည် အဝေးကို မျှော်ကြည့်ရင်း ဆက်၍...

"အဲဒီ ပထမ ဒုက္ခရက်တွေ ကျော်လာပြီးတဲ့နောက် ကိုယ့်ကိုယ်ကို အတင်းဆုံးဖြတ်ပြီး ရုပ်ရှင်တွေ သွားကြည့်ပါတယ်၊ ခက်တာက ရုပ်ရှင်ရုံ ထဲ လူကရောက်နေတယ်၊ ပိတ်ကားပေါ်က အရုပ်တွေကို ဆက်စပ်ပြီး မှတ်လို့အရသာခံလို့ မရဘူးဖြစ်နေပါတယ်၊ နောက်တစ်ခါ တစ်မျိုးစဉ်းစား ပြီး ပြဇာတ်တွေ၊ ဇာတ်ရုံတွေကို ညတိုင်း ကျွန်မသွားပြန်ပါတယ်၊ ဒါလည်း မအောင်မြင်ပါဘူး၊ ဘာမှ အရသာခံလို့မှ မရဘဲကိုး။ အဲဒီရုံထဲ က ထိုင်ခုံတွေမှာထိုင်ပြီး ကျွန်မကိုယ်ကျွန်မ သေနေပြီးသား လူတစ်ယောက် အနေနဲ့ မသေ သေချင်ယောင် ဘာလို့ ဆောင်နေသေးတာလဲ ဆိုတဲ့ မေးခွန်းကိုပဲ မေးနေမိပါတယ်လေ"

ဗွန်ဇာလက်သည် ဆယ်လီပြောသမျှကို နားထောင်ရင်း စိတ်ထဲက လှုပ်ရှားနေ၏။ လက်ဖတင်နင်ကို ကြည့်လိုက်ပြန်ရာ လက်ဖတင်နင် ကလည်း စူးစိုက်စွာ နားထောင်နေလျက်သား။ ဆယ်လီကမူ သူတို့နှစ်ဦး လုံးကို ဂရုမထားတော့။ သူပြောစရာရှိတာကို ဆက်ပြီး ပြောနေ၏။

"ဒီလိုနဲ့ ခရစ်စမတ်ပွဲတော်ရက် ရောက်လာပါတယ်၊ အဲဒီပွဲတော် ရက်ကတော့ အဆိုးဆုံးပေါ့ရှင်၊ လူတွေက ပိုပြီးပျော်ကြ ပါးကြမဟုတ်





လား၊ ကျွန်မမှာတော့ တစ်ယောက်တည်း ခရစ်စမတ်ပြီးတာနဲ့ နှစ်သစ် ဇန်နဝါရီ ရောက်လာပါတယ်၊ ဇန်နဝါရီကုန်လောက် ရောက်လာတော့ ကျွန်မအတွေးတွေ နည်းနည်းလျော့လာပါတော့တယ်၊ ကျွန်မလေ သေခြင်း မသေခြင်းကိုလည်း မတွေးချင်တော့ဘူး၊ ဂရုလည်း မစိုက်တော့ဘူး၊ ပြဒါးတိုင်လည်း တိုင်းမကြည့်ချင်တော့ဘူး၊ အဖျား ရှိမရှိလည်း မသိချင် တော့ဘူး၊ အဲဒီအချိန်မှာ ကျွန်မလည်ချောင်းက နာတာတာဖြစ်တာလည်း ပျောက်သွားပါတယ်၊ အဲဒါလည်း ကျွန်မ မစဉ်းစားတော့ဘူး၊ ကျွန်မ ဘာဆို ဘာမှ မစဉ်းစားတော့ဘူးလေ၊ အဲဒီလိုနေရာက လွန်ခဲ့တဲ့ရက် သုံးလေးပတ်လောက်မှာ ထူးထူးဆန်းဆန်းတစ်ခု ဖြစ်လာတယ်၊ နေရောင် တောက်ပ ဆန်းသစ်လှတဲ့ မတ်လရဲ့ ရက်တစ်ရက်မှာပေါ့၊ လေနုအေး အကျန်လည်း တိုက်နေတုန်း၊ မိုးကောင်းကင်တစ်ခုလုံးက ပြာလဲ့ ကြည်လင် နေတုန်း ကျွန်မ မနက်စောစော အိပ်ရာကနိုးပြီး ပြတင်းပေါက် အပြင် ဘက်ကို ကြည့်လိုက်မိပါတယ်၊ လောကကြီးတစ်ခုလုံးဟာ လှပသာယာ လို့ပါပဲကလား၊ ကျွန်မရောဂါကို သိရပြီးတဲ့နေ့ကစပြီး ကျွန်မ ပျော်မဆုံး လန်းဆန်းလာပါတယ်၊ ကျွန်မကိုယ် ကျွန်မလည်း နောက် ၁၀ ရက် မဟုတ်ဘူး၊ ၁၀ နာရီအတွင်းမှာ ငါသေသွားလည်း ဘာဖြစ်လဲ၊ လောကကြီး က လှနေတယ်၊ ငါ အခု အသက်ရှင်နေတယ် တော်ပြီပေါ့... ဒီလို စိတ်လက်ပေါ့ပါးပြီး အဝတ်လဲ အပြင်ထွက်ခဲ့ပါတယ်၊ အပြင်မှာ နည်းနည်း တော့ အေးတုန်းပဲ၊ အဲဒီခပ်အေးအေးထဲမှာပဲ ကျွန်မက လမ်းသွက်သွက် လျှောက်ပစ်လိုက်တယ်၊ သည်မှာတင် ကျွန်မ ချွေးတွေ ဘာတွေရပြီး နွေးလာပါတော့တယ်၊ အဲဒီအချိန်ကလေးမှာ ကျွန်မဟာ နေမကောင်း ဘာမှမဖြစ်ဘူး၊ ပကတိ နေထိုင်ကောင်းနေသားပဲ၊ ကျွန်မလို ရောဂါ

ဝေဒနာရှင်တစ်ယောက်ဟာ ဒီလိုအရသာမျိုး မရနိုင်ဘူး၊ ပြီးတော့ ဒီလို နေထိုင်ကောင်းတဲ့ အရသာရနေတဲ့ လူဟာလည်း ဘယ်နည်းနဲ့မှ မသေနိုင်ဘူးလို့ ကျွန်မ တွေးလိုက်တယ်"

ဝွန်ဇာလက်၏ မျက်လုံးများမှာ စိတ်ဝင်စားမှုဖြင့် တောက်ပြောင်လာ၏။ ဆယ်လီကမှ ဆက်၍...

"ဒါနဲ့ ကျွန်မ တစ်နေ့တုန်းက သတင်းစာထဲမှာဖတ်ဖူးတဲ့ မောင့်ဆိုင်းနိုင် ဆေးရုံကို လာခဲ့ပါတယ်၊ အဲဒီမှာတွေ့တဲ့ သူနာပြုဆရာမက ရောက်လို့ သက်ဆိုင်ရာ ဆရာဝန်တစ်ယောက်နဲ့ တွေ့ပါရစေလို့ ပြောတယ်၊ ဆရာမက ကြိုတင်ချိန်းမထားရင် မရနိုင်ဘူးလို့ ပြောပါတယ်၊ ကျွန်မက ကျွန်မကိစ္စဟာ သိပ်အရေးကြီးလွန်းလို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ တွေ့ပါရစေဆိုပြီး ကြိုးစားပြောဆိုတော့မှ ဆရာဝန်နဲ့ တွေ့ခဲ့ရပါတယ်၊ အဲဒီဆရာဝန် နာမည်ကတော့ ဒေါက်တာကတ်ပလင်ပါပဲ၊ ဒေါက်တာကတ်ပလင်နဲ့ တွေ့တွေ့ရခြင်း ကျွန်မ အဖြစ်အပျက်အားလုံး ဟိုလူသတ်သမား ဗုဒ်တာကလွဲရင်ပေါ့လေ၊ အားလုံးကို သွန်ထုတ်ပြောပြလိုက်မိပါတယ်"

နားထောင်နေကြသော ဆရာတပည့်မှာ စိတ်ဝင်စားလွန်းသဖြင့် ဘာမှဝင်မပြောကြ။ ဆက်လီက ဆက်၍...

"ဒေါက်တာကတ်ပလင်က ကျွန်မကို သေသေချာချာ အမျိုးမျိုး စမ်းသပ်ကြည့်ပါတယ်၊ ပြီးတော့ မေးခွန်းတွေ အမျိုးမျိုးလည်း မေးပါတယ်၊ ဟို ဒေါက်တာကဲလ်ဒန်ရှိ စမ်းသပ်ခဲ့ပုံတွေကိုလည်း မေးပါတယ်၊ ပြီးတော့ ကျွန်မအမေနဲ့ အဖေ သေရပုံ၊ သူတို့ရဲ့ ကျန်းမာရေး အခြေအနေတွေအကြောင်းထိ မေးပါတယ်၊ ပြီးတော့မှ သူက ကျွန်မကို





သေသေချာချာကြည့်ပြီး ဒီမယ် မစ္စဒီလ်မန်၊ ခင်ဗျားကိုယ် ခင်ဗျား စိတ်နိုင်နိုင်ထိန်းထားပြီး ကျုပ်စကားကို နားထောင်ပေတော့၊ ကျုပ်အနေနဲ့ ခင်ဗျားကို စစ်ဆေးပေးခဲ့တဲ့ ဆရာဝန်ကိုလည်း အပြစ်မပြောပါဘူး၊ ခင်ဗျားဖြစ်နေတဲ့ ရောဂါရဲ့ စမ်းသပ်တွေ့ရှိချက်များနဲ့ သွေးပျက်စီးတဲ့ ရောဂါစမ်းသပ်ချက် နှစ်ခုဟာ အင်မတန် ဆင်တူရိုးမှား ဖြစ်နေတာကိုး၊ ခင်ဗျားမှာ ဘာသွေးပျက်စီးတဲ့ရောဂါမှ မရှိဘူး၊ ရှိနေတာက သွေးမသန့်တဲ့ ရောဂါပဲ၊ အဲဒါဟောင် အခု မရှိသလောက်ဖြစ်နေပြီ၊ သွေးမသန့်တဲ့ ရောဂါဆိုတာ နာစီး ချောင်းဆိုး ရောဂါလောက်ပဲရှိတာ၊ အခုဆိုရင် အဲဒီ ရောဂါရဲ့ ထုံးစံအတိုင်း အလိုအလျောက် သူ့ဘာသာသူ ပျောက်သွားပြီ၊ ခင်ဗျား ဘာရောဂါမှ မရှိဘူး၊ နေလည်း ကောင်းတယ်၊ ခင်ဗျားလောက် ကျန်းမာတဲ့လူ ဘယ်သူမှမရှိဘူး၊ သေဖို့ဆိုတာ အဝေးကြီးပဲဗျ... လို့ ပြောလိုက်တာပါပဲရှင်"

ဆယ်လီက ခေါင်းငုံ့လိုက်ပြီး...

"ကျွန်မအဖြစ်အပျက်ကတော့ ဒါပါပဲရှင်၊ ကျွန်မလည်း မသေနိုင်တော့ဘူးဆိုတာ သိတာနဲ့ တစ်ခါတည်း ဂျူဝီကွန်ပါရာ အားကစားရုံကို အပြေးအလွှား သွားခဲ့ပါတယ်၊ ဒါပေမယ့် ဂျူရီကွန်ပါကို ကျွန်မ ရှာလို့ မတွေ့တော့ပါဘူး၊ ဘယ်သူကမှလည်း သူ့အကြောင်းကို ပြောမပြနိုင်ကြပါဘူး၊ သူနဲ့မတွေ့ရလို့ လူသတ်သမား ဘယ်သူဘယ်ဝါ ဆိုတာလည်း ကျွန်မ မသိပါဘူး၊ ကျွန်မကို ဒေါက်တာကတ်ပလင်က အသက်ပြန်ပေးလိုက်တာတော့ မှန်ပါရဲ့၊ ဒါပေမယ့် ကျွန်မအတွက်နဲ့ ကျွန်မစူးပြီး သေရတော့မှာပဲ ထင်ပါတယ်"

*

# [ ၄ ]

ဆယ်လီဆိုသော မိန်းကလေးသည် သူမ၏ဇာတ်လမ်းသနစ်ပုံ အဖြစ်စုံကို ပြောပြပြီးနောက် ရဲအရာရှိနှစ်ဦးကို တစ်ချက်ကြည့်လိုက်ပြီး မျက်ရည်များ အလိုလိုကျကာ ငိုကြွေးလိုက်တော့သည်။

ရှီချိုင်းက…

"ဒီမှာ… မစ္စဒီလ်မန်း၊ အခုမှတော့ ငိုနေလို့လည်း ဘာမှအကြောင်း မထူးတော့ဘူး၊ ခင်ဗျားဇာတ်လမ်းကို ခင်ဗျား ကျုပ်တို့ကို ပြောပြီးပြီ၊ ဒီတော့ ကျုပ်တို့ အသေအချာစဉ်းစားပြီး ဘာလုပ်နိုင်သလဲ ဆိုတာ စဉ်းစားကြည့်ဖို့ပဲ ရှိတယ်"

ဝွန်ဇာလက်သည် နေ့စဉ်နေ့တိုင်း သူ့အမေက မီးပူစနစ်တကျ တိုက်ပေးလိုက်သည့် လက်ကိုင်ပဝါ သန့်သန့်ကလေးကို ထုတ်၍ ဆယ်လီ အား ကမ်းပေးလိုက်၏။

ဆယ်လီက လက်ကိုင်ပဝါကိုယူ၍ မျက်ရည်သုတ်လိုက်ပြီးမှ လေသံကလေးဖြင့်…

"ကျွန်မကို စီးကရက်တစ်လိပ်လောက် ပေးသောက်ပါလားရှင်"

ရှိချိုင်းသည် အိတ်ထဲမှဆေးလိပ်ဘူးကို ထုတ်၍ ဆယ်လီအား ကမ်းပေးလိုက်၏။ ထိုအခါမှ ဝွန်ဇာလက်သည် ဆေးညှိတက်၍ ဝါထိန်နေသော ဆယ်လီ၏ လက်ချောင်းကလေးကိုကြည့်ကာ ဤမိန်းကလေးသည် သည်ဇာတ်လမ်းကြီး ပြောပြပြီးသည့်နောက် စီးကရက် ဘယ်လောက်သောက်ချင်ရှာလိမ့်မည်ကို မှန်းဆနိုင်လေ၏။ အမှန်အားဖြင့် ဝွန်ဇာလက်သည် မိန်းကလေးများ ဆေးလိပ်သောက်ခြင်းကို သိပ်သဘောကျလှသူတစ်ဦးမဟုတ်။ သို့သော် ဤမိန်းကလေး ဆေးလိပ်သောက်ခြင်းကိုမူ စိတ်ထဲက အလိုလိုခွင့်လွှတ်နေပါ၏။ "အလို ခွင့်လွှတ်တယ် ဟုတ်လား၊ နေပါဦး မင်းက ဘာကောင်မို့ သူနဲ့ ဘာဆိုင်လို့ ဝင်ပြီးခွင့်လွှတ်နေရတာတုန်း"ဟု သူ့ကိုယ်သူ ဒေါပွပြီး စိတ်ထဲမှ ကြိမ်းဝါးလိုက်၏။

ဆယ်လီသည် ဝွန်ဇာလက်၏ လက်ကိုင်ပဝါကို ပြန်ပေးရင်း ကျေးဇူးစကားကိုလည်းကောင်း၊ ရှိချိုင်းက စီးကရက်အတွက်ကို လည်းကောင်း ကျေးဇူးတင်ပါသည်ဟု ပြောလိုက်၏။

ဝွန်ဇာလက်သည် သူ့ဘာသာသူ တွေးမိသည်။ အတွေးအတိုင်းပါးစပ်မှ ယောင်ပြီးထွက်သွား၏။

"ကျွန်တော်တော့ ဒီမိန်းကလေးပြောတာတွေ ယုံတယ်ဗျာ၊ ဆရာ့စိတ်ထဲတော့ ဒီလို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက်ဟာ စိတ်ရူးပေါက်ပြီး လူသတ်သမားသွားငှားတာကို အလကားပါလို့ တွေးချင်တွေးနေမယ်၊ ဒါပေမယ့် ဆရာ့ရဲ့စိတ္တဇမြို့ကြီးမှာ ဒါ ဖြစ်နိုင်တာပဲ"

ရှိချိုင်းက နှုတ်ခမ်းတွန့်သွား၏။

"ဘာ ငါ့စိတ္တဇမြို့၊ ဟုတ်လား"





"ဟုတ်တယ်လေ၊ တစ်မြို့လုံးမပြောနဲ့ ကျွန်တော်တို့ စခန်းတစ်ပိုင်အတွင်းမှာတောင် ပိုက်ဆံပေးရင် လူသတ်သမား ဆယ်ယောက်လောက် ငှားနိုင်တယ်၊ ဒီတော့ မိန်းကလေးလည်း လူသတ်သမား ငှားနိုင်တာပေါ့၊ ဆရာက မယုံဘူးလား"

ရှိချိုင်းက ဝွန်ဇာလက်ကို ကြည့်ပြီး–

"ဟာ… ယုံတာ မယုံတာက အကြောင်းမှမဟုတ်တာ၊ သူပြောတာကို မင်းလည်းယုံတယ်၊ ငါလည်းယုံတယ်၊ လောကကြီးမှာ မိုက်မဲခြင်းကို သံသယဖြစ်စရာမှ မလိုတာ၊ ငါက ဘာလို့မယုံရမှာလဲ၊ တစ်လောကလုံးက လူတွေဟာ မိုက်မဲခြင်းရောဂါ စွဲကပ်နေကြတာပဲဟာ"

ဝွန်ဇာလက်က–

"ကျွန်တော်တော့ မိုက်မဲတယ်လို့ မယုံဘူးဆရာ၊ သူကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေကို ထည့်စဉ်းစားဦးမှပေါ့"

"အေးပါ… သူကြုံရတဲ့အဖြစ်အပျက်တွေကို ငါသိပါတယ်၊ ကဲ မစ္စဒီလ်မန် ခင်ဗျားရော ဒီကိစ္စကို မိုက်မဲတယ်ထင်သလား၊ မထင်ဘူးလား"

ဆယ်လီက ခေါင်းငုံ့လိုက်ပြီး…

"ဟုတ်… ဟုတ်ပါတယ်၊ ကျွန်မလည်း မိုက်မဲတယ်လို့ ထင်ပါတယ်"

ဝွန်ဇာလက်သည် အလျင်အမြန်ဝင်၍…

"ကျွန်တော်တော့…"

ရှိချိုင်းက ဝွန်ဇာလက် စကားမစမီ ဝင်ဖြတ်၍…

"ဟေ… နေနေ မိုက်မဲတယ်၊ မမိုက်မဲဘူး ဆိုတာကလည်း

အကြောင်းမဟုတ်တော့ဘူးကွ၊ အခုအကြောင်းက ဒီမိန်းကလေးဟာ လူသတ်သမားတစ်ယောက်ကို ငှားမိသွားပြီ၊ အဲဒီ ခွေးမသားဟာ ဘယ်ကောင်လဲဆိုတာ သိဖို့ပဲ၊ ဘယ်သူ့ကို ကွန်ပါရာက ငှားခဲ့တယ်ဆိုတာက အကြောင်းပဲ၊ ဒီတော့ ကွန်ပါရာဆိုတဲ့အကောင် ဘယ်မှာရှိတယ်ဆိုတာ သိဖို့က အရေးကြီးတယ်ကွ"

ဝွန်ဇာလက်က ဝင်၍ လေသံတိုးတိုးဖြင့်...

"ဘယ်မှာရှိခဲ့တယ်လို့ ပြောပါ ဆရာ"

"ဘာကွ... ဘာပြောတယ်"

"ဒီမိန်းကလေး သွားရှာတာ မတွေ့ခဲ့ဘူးမဟုတ်လား"

ဝွန်ဇာလက်က ဆယ်လီဘက်လှည့်၍...

"ဒီမှာ ခင်ဗျား သူ့ကို ဘယ်သွားရှာလဲ၊ အားကစားရုံကိုလား"

"ဟုတ်ကဲ့"

"ခင်ဗျား ရောက်သွားတော့ အရင်ကလိုပဲလား၊ အဲဒီမှာ တွေ့တဲ့လူတွေကို မမေးဘူးလား၊ သူတို့ကကော ဘယ်လိုဖြေကြသတုန်း"

ဆယ်လီက စဉ်းစားပြီး...

"အားကစားရုံက အရင်ကလို ကစားနေတဲ့လူတွေလည်း မတွေ့ရဘူး၊ ပိတ်ထားတယ်၊ အဲဒီမှာ တံမြက်စည်းလှဲနေတဲ့ အဘိုးကြီး တစ်ယောက်နဲ့ပဲ တွေ့တယ်၊ သူ့ကိုမေးတော့လည်း မသိဘူးတဲ့"

ဝွန်ဇာလက်က...

"အဲဒါ ခင်ဗျား ဒုတိယအခေါက် မဟုတ်လား၊ ဒီအရင်တစ်ခေါက် ခင်ဗျား ရောက်သေးတယ် မဟုတ်လား"

ဆယ်လီသည် ဝွန်ဇာလက်အား မော့ကြည့်၏။





"ဟုတ်ပါတယ်... အဲဒါ ဒုတိယအခေါက်ပါ"

"ဒါဖြင့် ခင်ဗျား သူ့ကိုမမေးဘူးလား၊ ဆိုလိုတာက သူ့ကိစ္စကို ဘယ်ပုံဘယ်နည်း ဆောင်ရွက်မယ်ဆိုတာလေ၊ မစုံစမ်း မမေးမြန်းဘူးလား၊ ဒီတိုင်း ထားလိုက်တာပဲလား"

ဆယ်လီသည် ယခုမှ တွေးမိသည့်အလား...

"ကျွန်မ စုံစမ်းရကောင်းမှန်းလည်း မသိပါဘူးရှင့်၊ ကျွန်မ ကြည့်ရတာ အမှိုက်ရှုပ်အောင် လုပ်တတ်တာကလွဲရင် ဘာမှမလုပ်တတ်ဘူးနဲ့ တူပါတယ်၊ သေရေးရှင်ရေးကိစ္စကို ပေါ်မှ ရှုပ်ထွေးအောင်သာ လုပ်တတ်တာပါ၊ ကျွန်မ်ဘာသာ အေးအေးဆေးဆေး သေဖို့တော့ မလုပ်တတ်ပါဘူး"

ရှီချိုင်းသည် စိတ်မရှည်စွာဖြင့် ကြားဝင်ပြီး...

"ဒီမှာမိန်းကလေး... ကျုပ် ခင်ဗျားကို သနားနေဖို့ အချိန်မရှိဘူး၊ ခင်ဗျားကိုယ်ခင်ဗျား သနားနေချင်ရင်လည်း ခင်ဗျားကိစ္စပဲ၊ ကျုပ်တို့နဲ့ မဆိုင်ဘူး၊ ကျုပ်တို့ရဲ့အလုပ်က ကျုပ်တို့နဲ့ဆိုင်တာက ခင်ဗျားမှာ တရားဝင် ငွေယူထားတဲ့ လူသတ်သမားရှိမရှိ၊ ရှိရင်လည်း ဘယ်သူ ဘယ်ဝါဆိုတာကို သိထားဖို့ပဲ၊ အမှန်ပြောရရင် ရဲတွေအနေနဲ့ သူ့ပိုင်နက်ထဲမှာ မိုက်မဲလို့ပဲဖြစ်ဖြစ်၊ လူသတ်ခံရမှာကို မကြိုက်ဘူး၊ မင်း အခုလည်း စိန့်ရီဂျစ်ဟိုတယ်မှာ တည်းတယ်၊ အကြောင်းသင့်လို့ မင်းဇာတ်လမ်းတို့ကို ပြောပြတယ်၊ အဲဒီတော့ ဒီအမှုက ကျုပ်တို့အမှု ဖြစ်လာပြီပေါ့ဗျာ၊ ဒီတော့ ကွန်ပါရာဆိုတဲ့အကောင်က စရမယ်ဗျာ"

ပြောရင်းဆိုရင်း ရှီချိုင်းသည် ဝွန်ဇာလက်ကို သတိရသွား၏။

"ဟော...ဖရင့်... နေပါဦး၊ စောစောက မင်းစကားအရ ကွန်ပါရာ အကြောင်း မင်းသိထားပုံပါပဲ၊ ဘာများလဲကွ ဆိုစမ်းပါဦး... ဒီအကောင်

အကြောင်း"

ဝွန်ဇာလက်က ဝမ်းနည်းသံနှင့်…

"သူ သေပြီထင်ပါရဲ့"

"ဟော့… ဘာပြောတယ်၊ သူသေပြီ ဟုတ်လား"

ဝွန်ဇာလက်က…

"မနေ့က အလောင်းတစ်လောင်း ရင်ခွဲရုံ ရောက်လာတယ်၊ အနောက်ပိုင်းက နေ့တစ်ကောင်ကတော့ အဲဒီအလောင်းဟာ ကွန်ပါရာလို့ ထင်နေတယ်၊ အတိအကျကြီးတော့ မပြောနိုင်သေးဘူး၊ ကျွန်တော် သိရ သလောက်တော့ ကွန်ပါရာ ဆိုတဲ့ကောင်ဟာ တကယ့်ဒုစရိုက်သမားပဲ၊ ဒုစရိုက်လုပ်ငန်းဆိုရင် ခိုးတာဝှက်တာကအစ လူသတ်တဲ့အလုပ်အထိ ကြေးစားလက်ခံတယ်၊ ပြီးမှတစ်ဆင့် လူရှာပေးတယ်"

ရှီချိုင်းက…

"သူက တစ်ယောက်တည်းသမားလား၊ ဂိုဏ်းနဲ့လား"

"ဒါတော့ မပြောတတ်ဘူး၊ တစ်ခုတော့ သေချာတယ်၊ သူက ဒုစရိုက်လုပ်ငန်းတွေကို ကြားပွဲစားလုပ်တာပဲ ကြည့်ရတာ သူကြားက ဖြတ်ခုတ်တဲ့ကိစ္စမှာ မကျေနပ်တဲ့ လူသတ်သမားတစ်ယောက်ယောက်က သူ့ကို ပြန်သတ်သွားပုံရတာပဲ၊ အင်း… ရေခဲတိုက်ထဲက အလောင်းက ကွန်ပါရာဖြစ်နေရင် ပြောတာနော်၊ ကွန်ပါရာဆိုတဲ့ အကောင်က ဒုစရိုက် သမားသာဖြစ်တယ်၊ ကျွန်တော်တို့ရဲ့အဖွဲ့မယ် သူ့ရဲ့လက်ဗွေပုံတောင် မရှိဘူး၊ ဒီလိုပုံနဲ့ ရဲလုပ်နေရတာ မစားသာပါလား"

ရှီချိုင်းသည် ဒေါပွသွား၏။

"ဟော့ကောင်… ဒါ မင်းဝေဖန်စရာ မလိုဘူးကွ၊ ပြဿနာက





ကွန်ပါရာ သေမသေဘဲ"

"မနေ့ကဘဲ အလောင်းက ရေခဲတိုက် ရောက်လာတယ်လေ၊ အလောင်းမှာ သေနတ်ဒဏ်ရာ သုံးချက်ရှိတယ်၊ သုံးချက်စလုံး အသည်း နှလုံးတည့်တည့် မှန်တာချည်းပဲ၊ ပစ်တဲ့အကောင်က အကောင်းစား ကြေးစားသမားဖြစ်မယ်၊ အလောင်းကတော့ ခပ်ဝဝဘဲ၊ အလောင်းကို တွေ့ရတော့ ဘာအဝတ်အစားမှ မရှိဘူး၊ အခုထက်ထိ ဘယ်သူဘယ်ဝါလို့ သေသေချာချာ မပြောနိုင်သေးဘူး"

"ဟ… အားကစားရုံမှာ လေ့ကျင့်နေတယ်ဆိုတဲ့ လက်ဖွေ့သမား နေ့တွေ တစ်ယောက်မှ မရှိတော့ဘူးလား၊ ဒုစရိုက်သမားဆိုပြီး သူ့နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း လူမိုက်တွေ အများကြီးရှိနေလျက်နဲ့ အလောင်းကို တိတိကျကျ ဘယ်သူဘယ်ဝါ မပေါ်နိုင်ရဘူးရယ်လို့"

"ရှော်လိုက်တာ"

"အင်း… ပြောစရာပါပဲ၊ ဒါပေမယ့် ခုထိဖြစ်နေတာတော့ ဒီအတိုင်းပဲလေ"

"ဒါ အသုံးမကျလို့ပေါ့ကွ၊ ဩော်… နေဦး ဖရင့်"

ရှီချိုင်းသည် ဆယ်လီဘက်သို့ လှည့်လိုက်၏။

"ဒီမယ်… ကလေးမ၊ မင်းလည်း အခုပုံဆိုရင် ဒီပြဿနာကို ဖြေရှင်းတဲ့တစ်နေရာမှာပါမှ ဖြစ်တော့မယ်၊ ဖြစ်နိုင်မယ်ဆိုရင် ဟောဒီက စုံထောက်အရာရှိ ဖရင့်ဝွန်ဇာလက်နဲ့ ရေခဲတိုက်ကိုလိုက်ပြီး ခုနကပြောတဲ့ အလောင်းဟာ ကွန်ပါရာဆိုတဲ့ နေ့ဟုတ် မဟုတ် လိုက်ကြည့်ပေးပါလား၊ အနေးနဲ့အမြန်ဆိုသလို ဒီအလောင်းဟာ ဘယ်သူ ဘယ်ဝါလို့ သိရမှာပါပဲ၊ ဒါပေမယ့် ကျုပ်က မြန်မြန်သိချင်တာ မြန်မြန်သိရလေ ကောင်းလေကိုး၊

မင်း ရေခဲတိုက်ကို လိုက်ပြီး အလောင်းကို ကြည့်ရဲရဲ့လား"

ဆယ်လီက လေသံပျော့ပျော့ဖြင့်...

"ကြည့်နိုင်ကောင်းပါရဲ့"

"ကောင်းပြီ... ဒါဖြင့် ကျုပ်တို့စမ်းကြည့်ကြတာပေါ့၊ ဟော့... ဖရင့် ငါ မင်းကို ဒီမိန်းကလေးနဲ့ တစ်ချိန်လုံး အတူနေဖို့ တာဝန်ပေးလိုက်ပြီ၊ သူနဲ့ တစ်ချိန်လုံး အတူနေဖို့ဆိုတာ တာဝန်နော်၊ မင်းကို ဒီမိန်းကလေးနဲ့ လက်ထပ်ပေးလိုက်တာ မဟုတ်ဘူး"

ဝွန်ဇာလက်က မော့ကြည့်လိုက်ရာ...

ရှီချိုင်းက...

"ဟော့ကောင်... ငါ့ကို ဒီလိုပြန်မကြည့်နဲ့၊ ဒါ... တာဝန်၊ အခု အချိန်ကစပြီး ဒီမိန်းကလေးကို မင်းမျက်စိအောက်က အပျောက်မခံနဲ့တော့"

"နေ့ရော... ညရောလား"

"အေးပေါ့ကွ... တစ်ချိန်လုံးဆိုမှ နေ့ရောညရောပေါ့၊ အချိန်ပို အလုပ်ပေါ့ကွာ၊ အိပ်စရာတော့ ကြည့်စီစဉ်ပေါ့၊ မိန်းကလေးက စိန်ရီဂျစ် ဟိုတယ်မှာ တည်းနေတုန်းပဲမဟုတ်လား"

"ဟုတ်ကဲ့... ရှင့်"

"ကောင်းပြီ... ဒါဆိုရင် ငါအစီအစဉ်ဆွဲပေးမယ် ဖရင့်၊ ပထမဆုံးကတော့ ရေခဲတိုက်ထဲက အလောင်းကို မိန်းကလေးခေါ်သွားပြီး ကြည့်၊ ငါ့အထင်တော့ ကွန်ပါရာရဲ့အလောင်း ဖြစ်မှာပါကွာ၊ ဒါပေမယ့် သေချာအောင်လုပ်ထားဖို့က ဒို့တာဝန်ပဲ၊ မိန်းကလေးအနေနဲ့ ဘာများထူးခြားတဲ့ အချက်အလက် ရဦးမလဲလို့၊ ဟော့... မင်းပြောတဲ့ အလောင်းက





ဘာအဝတ်အစားမှ မပါတဲ့ လုံးတီးဆို... ဒုက္ခပါပဲ၊ ထားလေ... သွားတော့ ကြည့်ပေါ့၊ မထူးခြားရင် သူ့အားကစားရုံက ရုံးခန်းကို သွားကြည့်ကွာ၊ အေး... မင်းတစ်ယောက်တည်းတော့ မသွားနဲ့၊ သွားမယ်ဆိုရင် ငါ့ကိုပြော၊ နောက်တစ်ခုက ဟောဒီမစ္စဒီလ်မန်နဲ့ ပတ်သက်တာပဲ၊ အခု အချိန်ကစပြီး အမှန်တွေ အမှားတွေ ဘေးချိတ်လိုက်၊ ဒို့ဆုံးဖြတ်ရမှာက မစ္စဒီလ်မန်ဟာ သူစီစဉ်တဲ့အတိုင်း ဂျိုဝီကွန်ပါရာကတစ်ဆင့် လူသတ်သမားကို ငှားပြီးပြီ၊ လူသတ်သမားဟာလည်း မစ္စဒီလ်မန်က သူ့ကိုယ်သူ ပြန်သတ်ဖို့ ပိုက်ဆံပေးငှားထားမှန်း မသိဘူး"

ဝွန်ဇာလက်က...

"ဒါကို ဘယ်လိုလုပ် အသေအချာ ပြောနိုင်ပါ့မလဲ"

"ဘာလို့ မပြောနိုင်ရမှာလဲကွ၊ ဂျိုဝီကွန်ပါရာဟာ ဘယ်လောက်ပဲ တုံးတုံး လူသတ်သမားကို မစ္စဒီလ်မန်က သူ့ကိုယ်သူ ပြန်သတ်ဖို့ ငှားတယ်လို့ ဘယ်ပြောပါ့မလဲ၊ ပြောရင် အရှုံးဖြစ်သွားမှာပေါ့၊ လူသတ်သမားက ဘယ်လိုထင်မလဲ၊ အရူးလုပ်ငန်းလို့ ထင်ချင်ထင်မယ်၊ ဒါမှ မဟုတ် သူ့ကိုထောင်တဲ့ ထောင်ချောက်တစ်ခုလို့ ထင်သွားမှာပေါ့၊ ဒီတော့ ဒို့ယူဆဖို့က ကွန်ပါရာဟာ ဘယ်နည်းနဲ့မှ လူသတ်သမားကို မစ္စဒီလ်မန်က ငှားတယ်လို့မပြောဘူး၊ နောက်တစ်ခုက ကွန်ပါရာဟာ ဘယ်သူ့ကို ငှားတယ်ဆိုတာလည်း စာရွက်စာတန်းနဲ့ မှတ်သားထားလောက်အောင် မတုံးဘူး၊ ဒီတော့ တို့အနေနဲ့ လူသတ်သမား လှုပ်ရှားမှုကို မမြင်ရမချင်း သူဘယ်သူလဲလို့ မသိနိုင်ဘူး၊ ဘယ်နဲ့လဲ ငါပြောတာ သဘောတူရဲ့လား"

ဝွန်ဇာလက်သည် နားထောင်ရင်း တွေးနေ၏။ တွေးလေလေ

သဘောမကျလေလေ ဖြစ်နေ၏။ ပြဿနာတစ်ခုလုံးက ရှုပ်ထွေး စိတ်ညစ်စရာဖြစ်နေ၏။ သူသည် မစ္စဒီလ်မန်ကို ကြည့်နေရင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် လက်ဖတင်နင်၊ ကျွန်တော် သဘောတူပါတယ်၊ ပြဿနာက ဒီအတိုင်း ကောက်ချက်ချရတော့မှာပဲ၊ အခုနေမှာ အတတ်နိုင်ဆုံး လုပ်ထားဖို့ကတော့ မစ္စဒီလ်မန်က လုံခြုံတဲ့ တစ်နေရာမှာထားဖို့ ရှိတာပေါ့"

"ကောင်းပါပြီဗျာ ထားပါ ထားပါ၊ ဘယ်နေရာကို လုံခြုံတဲ့နေရာလို့ သတ်မှတ်မှာလဲဟင်၊ ဘယ်သူက ဘယ်လို လာသတ်မှန်းမှမသိတာ၊ မင်းမှာ စိတ်ကူးရှိရင် ပြောလေ"

ဝွန်ဇာလက်သည် တွေးကြည့်၏။ ဘာမှမရ။

"ကျွန်တော်လည်း မပြောတတ်ဘူးဗျာ၊ သူ့မြို့သူ့ရွာကို ပြန်နေရင်ကော ဘယ့်နဲ့လဲ"

ရှိချိုင်းက ခေါင်းရမ်းလိုက်၏။

"မဟုတ်သေးဘူးကွ၊ ထွက်ပြေး ပုန်းရှောင်နေတယ်ဆိုတာ ရဲက ပေးရမယ့် အကြံဉာဏ် မဟုတ်ဘူးကွ၊ နောက်ပြီးတော့မှ ဒီမိန်းကလေးမှာ သူ့ကို ဘယ်သူဘယ်ဝါမှန်းမသိတဲ့ လူသတ်သမား တစ်ယောက်က ဘယ်ပုံဘယ်နည်းနဲ့ သတ်မှာလဲဆိုတာ မသိတဲ့အတွေးနဲ့ ဘယ်တိုင်းပြည် ဘယ်ချောင်မှာ သွားပုန်းနေလို့လည်း စိတ်ကလုံမှာတုန်းကွ၊ မင်း စဉ်းစားကြည့်၊ လူသတ်သမားကတော့ အလုပ်လက်ခံပြီးလော်ကပြီ၊ သူ့တာဝန်က သတ်ဖို့ပဲ၊ ငါပြောတာ မဟုတ်ဘူးလား"

ဝွန်ဇာလက်သည် လက်ဖတင်နင် တွက်ပြသမှုကို ဘာမှမငြင်းနိုင်





ဘဲ ဖြစ်နေ၏။

ဆယ်လီက သူတို့နှစ်ယောက်စလုံးကို ကြည့်ပြီး ဝမ်းနည်းတုန်လှုပ်သော အသံဖြင့်–

"ဘုရား ကယ်ပါရှင်၊ ကျွန်မ ဝမ်းနည်းပါတယ်၊ ကျွန်မ ဝမ်းနည်းပါတယ်၊ ဒါတွေအားလုံးဟာ ကျွန်မ အပြစ်ချည်းပါပဲ၊ ကျွန်မ အသုံးမကျလို့ ဒီကိစ္စအားလုံး ဖြစ်ရတာပါ"

ရှိချိုင်းက ဝင်တားလိုက်၏။

"ဒီကိစ္စမှာ အပြစ်ရှိတယ် မရှိဘူးဆိုတာက ပြဿနာမဟုတ်တော့ပါဘူးဗျာ၊ အခု ပြဿနာကဖြစ်ပြီးနေပြီ၊ အခုဟာက လူသတ်သမားဆိုတာ ရှိနေပြီပဲ၊ ဘယ်သူ့ကြောင့် ဘာ့ကြောင့်ဆိုတာတွေ ရှာဖို့ မလိုတော့ပါဘူး၊ လူသတ်သမားကိုရှာဖို့ပဲ မဟုတ်လား၊ အမှားအမှန်တွေ တွေးခေါ်နေရင် ရဲမဟုတ်တော့ဘဲ အဘိဓမ္မာဆရာ ဖြစ်ကုန်မှာပေါ့၊ ကဲ ဖရင့် မင်း ဘာပြောမလဲ"

ဝွန်ဇာလက်သည် ပထမ တွေသွား၏။

"ကျွန်တော်လည်း ဘာပြောရမယ်ဆိုတာ မသိတော့အောင်ဘဲ ကြာကြာတွေးလေ ရှုပ်လေပဲ၊ ဒါပေမယ့် အဖြေကတော့ မစ္စဒီလ်မန် အပေါ် တည်နေတာပဲလေ၊ ကျွန်တော်တို့အနေနဲ့က သူ့ကို တည်ကြက် လုပ်ဖို့ဆိုတာကလည်း မတွေးဝံ့ဘူး၊ ဘယ့်နဲ့ဗျာ သိုးကလေး ဆိတ်ကလေးလို သစ်ပင်အောက်မှာချည်၊ ကျွန်တော်တို့က သစ်ပင်ပေါ်ကစောင့်ပြီး တောကောင်လာဆွဲမှ ပစ်တာမျိုးကလည်း ဘယ်ကောင်းမလဲဗျ"

"ဟ ကောင်းတယ် မကောင်းတယ် ဆုံးဖြတ်ရမယ့် အချိန်မှ မဟုတ်တာ၊ တို့အလုပ်က လူသတ်သမားမိအောင် ဖမ်းဖို့မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့ကတော့ ကာယကံရှင်ရဲ့ဆန္ဒဟာ အရေးကြီးဆုံးပဲလို့ ကျွန်တော်တော့ထင်တယ်ဗျာ၊ ဒီမှာ ကာယကံရှင် မစ္စဒီလ်မန်ရဲ့ ဆုံးဖြတ်ချက်အတိုင်းဖြစ်စေချင်တယ်၊ ကဲ မစ္စဒီလ်မန်း ခင်ဗျား ဘယ်လိုစီစဉ်ချင်သလဲ ပြော၊ ခင်ဗျားအနေနဲ့ ဒီမြို့မှာ မနေချင်တော့ဘူးဆိုရင်လည်း လေယာဉ်ပျံပေါ်တင်ပေးလိုက်ရုံပဲ၊ ကဲ ဘယ်လိုသဘောရလဲ ပြော"

ဆယ်လီက စဉ်းစားနေ၏။ ပြီးမှ–

"လေယာဉ်ပျံနဲ့ ကျွန်မက ဘယ်ကိုသွားရမှာလဲဟင်၊ ကျွန်မတစ်ခါ ထွက်ပြေးဖူးပြီပဲ၊ ဒါပေမယ့် သေခြင်းတရားဆိုတာ ထွက်ပြေးလို့ရတာမျိုးမှမဟုတ်တာ၊ ဒီမယ် မစ္စတာဝွန်ဇာလက်၊ ရှင့်အနေနဲ့ ကျွန်မဘက်က စဉ်းစားပြီး ကျွန်မ နစ်နာမှာစိုးလို့ ပြောနေတယ်ဆိုတာ ကျွန်မသိပါတယ်၊ လက်ဖတင်နင်ရီချိုင်းအနေနဲ့လည်း ကျွန်မအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ပါဘူး၊ ဒါပေမယ့် ကျွန်မ ဒုတိယအကြိမ် ထွက်မပြေးချင်တော့ဘူး"

ဝွန်ဇာလက်က အံ့သြစွာ ကြည့်လိုက်၏။

"ထွက်မပြေးဘူးဆိုရင် တခြားနည်းက တစ်နည်းပဲရှိတယ်နော်"

ဆယ်လီသည် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ပြီဖြစ်၍ အေးဆေးစွာဖြင့်ပင်–

"ဟုတ်ကဲ့ ကျွန်မ စဉ်းစားမိပါတယ်၊ ကျွန်မ ထင်တယ်လေ အသေအချာကြီး မဟုတ်တဲ့တိုင်အောင် ကျွန်မ ပြောနိုင်တာကတော့ ကြောက်လို့ ထွက်ပြေးတဲ့အလုပ်ကို ကျွန်မ နောက်တစ်ကြိမ် မလုပ်နိုင်တော့ပါဘူး၊ ရှင်တို့ ရဲတွေတာဝန်က လူသတ်သမားကို ရှာဖို့ ဖမ်းဖို့





မဟုတ်လား၊ ဒီလိုလူသတ်သမားကို ရှာဖို့အတွက် ကျွန်မနဲ့ ထောင်ဖမ်းချင်တယ် မဟုတ်လား၊ ဒါမှ သူ့ကို တွေ့မှာကိုး၊ ဒီလူသတ်သမားက ကျွန်မကို မသတ်လည်း တခြားလူတွေ သတ်နေဦးမှာပဲ မဟုတ်ဘူးလား"

ရီချိုင်းက ကပြာကယာ ဝင်ထောက်ခံလိုက်၏။

"ဟုတ်ပါတယ် မိန်းကလေး"

ဆယ်လီသည် ကြောက်ရွံ့ခြင်း မဖြစ်တော့။ တုန်လှုပ်ခြင်းလည်း မဖြစ်တော့။

"တစ်နည်းပြောရမယ်ဆိုရင် လူသတ်သမား ဘယ်သူဘယ်ဝါဆိုတာသိဖို့၊ လူသတ်သမား မြင်မြင်ထင်ထင်ထွက်လာဖို့ ကျွန်မကိုဟောဒီက စုံထောက် ဝွန်ဇာလက် ပြောသလို သစ်ပင်ရင်းမှာ သိုးကလေးချည်ပြီး ထောင်ချောက်ဆင်ကြရမှာပေါ့၊ အဲ သူကထွက်လာပြီး ရန်ပြုတဲ့အခါမှာ ရှင်တို့က ကျွန်မကို ကာကွယ်ကြမယ် မဟုတ်ဘူးလား"

ဝွန်ဇာလက်က ခေါင်းကုတ်လိုက်၏။

"သဘောကတော့ အဲဒီအတိုင်းပဲပေါ့ဗျာ၊ အဲ ခင်ဗျားကို ကာကွယ်ပေးကြမယ်ဆိုတဲ့ စကားလုံးကပဲ သိပ်မသေချာတာ၊ လူတစ်ယောက်ရဲ့အသက်အန္တရာယ်ကို ကာကွယ်ပေးဖို့ဆိုတာက သေချာတဲ့အလုပ်မှမဟုတ်ဘဲ၊ နိုင်ငံအကြီးအကဲတွေကိုတောင်မှ တကယ်တမ်း ဆုံးဖြတ်ပြီးသား လူသတ်သမားရှိလာရင် ကာကွယ်ဖို့ဆိုတာက အခက်သားကလား၊ ဒီတော့ မစ္စဒီလ်မန်အနေနဲ့ မဆုံးဖြတ်ခင်မှာ အသေအချာ စဉ်းစားပါလေ၊ ကျွန်တော်တို့အနေနဲ့ ခင်ဗျားရဲ့အသက်အန္တရာယ်ကို ကာကွယ်တယ်ဆိုတာ ကာကွယ်ဖို့ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားမယ် ဆိုတာပဲနော်"

ရီချိုင်းကဝင်၍–

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားမှာပါ၊ ဟော့ဂွန်ဇာလက်၊ မင်းကလည်း ကြောက်တဲ့လူကို ကြောင်ကလေးနဲ့တို့ လုပ်မနေစမ်းပါနဲ့"

ဆယ်လီဒီလ်မန်ကမူ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ ကျွန်မ နားလည်ပါတယ်၊ အခြေအနေအားလုံးကိုရော ဖြစ်လာနိုင်တဲ့ အချက်အလက်တွေကိုပါ သဘောပေါက်ပါတယ်၊ ရှင်တို့အနေနဲ့ ကျွန်မကို အချိန်နည်းနည်းယူ စဉ်းစားစေချင်သေးလို့လား"

ရီချင်းက–

"ဟုတ်ပါတယ်၊ နည်းနည်းစဉ်းစားကြည့်ပါ"

ဆယ်လီသည် ဘာမှမပြောတော့ဘဲ မျက်လွှာကိုချလိုက်ပြီး ကုလားထိုင်နောက်မှီကို မှီလိုက်၏။ သူမသည် မျက်လုံးမှိတ် မစဉ်းစားသော်လည်း မျက်လွှာကိုမူ ချထားသည်။ ဂွန်ဇာလက်သည် ဆယ်လီကိုကြည့်ရင်း သူမပြောသမျှ ဇာတ်လမ်းအားလုံးကို တွေးပြီး သူမအနေနဲ့ ဘယ်လိုခံစားရနိုင်မည်ကို မှန်းဆကာ တွေးနေ၏။

ခဏမျှကြာသောအခါ ဆယ်လီသည် ပကတိ အေးဆေးစွာဖြင့် သူ့အတန်းထဲက ကျောင်းသူတစ်ယောက်အား စာမေးခွန်းကို ဖြေဆိုသည့်အတိုင်း လေအေးကလေးဖြင့်–

"ကျွန်မ အသေအချာ ပြန်စဉ်းစားကြည့်ပါတယ်၊ ကျွန်မ ဆုံးဖြတ်ချက်လည်း ချလိုက်ပါပြီ၊ ကျွန်မ ထွက်မပြေးချင်ပါဘူးရှင်၊ ဒါပါပဲ"

ရီချင်းသည် သက်ပြင်းချလိုက်၏။

"ဟုတ်ကဲ့ အခုလိုဆိုတော့ ရှင်းသွားပါပြီ၊ ခင်ဗျား အခုလို ဆုံးဖြတ်ရဲတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်၊ ဒီလို မဆုံးဖြတ်ရင်





ခင်ဗျား တစ်သက်လုံး အိပ်ကောင်းခြင်းနဲ့ ဘယ်တော့မှ အိပ်လို့ရမှာ မဟုတ်ဘူး၊ ကဲ အခုလိုသဲကွဲသွားပြီဆိုတော့ ခင်ဗျားကို ကာကွယ်ဖို့တာဝန်ကို ဟောဒီက စုံထောက်ဂွန်ဇာလက်ကို တာဝန်ပေးလိုက်ပါပြီ၊ သူက ကျွန်တော်တို့တပ်ဖွဲ့မှာ လူတော်တစ်ယောက် ဖြစ်ပါတယ်၊ သူဟာ ခုအချိန်ကစပြီး ၂၄ နာရီပတ်လုံး ခင်ဗျားနဲ့အတူရှိပြီး စောင့်ရှောက်ပါလိမ့်မယ်၊ အမှန်တော့ ဖြစ်နိုင်ရင် ကျွန်တော့်အနေနဲ့ ခင်ဗျားကို ၈ နာရီတစ်ယောက်နှုန်းနဲ့ သုံးယောက်လောက် ပေးထားချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ရဲ့အဖွဲ့မှာ လူကအမြဲလိုနေတာမို့ ခင်ဗျားကို တစ်ယောက်ပဲ တာဝန်ပေးနိုင်ပါတယ်၊ သူကလည်း ခင်ဗျားကိုသိပြီးဖြစ်နေတဲ့ စုံထောက်ဂွန်ဇာလက်ပါပဲ"

ဂွန်ဇာလက်က မျက်လုံးပြူးသွားပြီး–

"ဗျာ နေ့ရောညပါဆိုတော့ ကျွန်တော့်အမေကို ဘယ်လိုပြောရမှာတုန်း"

ရီချင်းသည် အံ့အားသင့်သွားပြီး

"ဟော့– မင်းအမေကို ဟုတ်လား၊ ၃၃–နှစ်ရှိနေတဲ့မင်းက မင်းအမေကို ဘယ်လိုပြောရမှန်းမသိဘူး ဟုတ်လား၊ ငါတော့ကွာ မင်းတို့ ပြူတိုရီယန် လူမျိုးတွေကို ဘယ်လိုနားလည်ရမှန်း မသိတော့ပါဘူး၊ ဟိုရှေ့က မင်းစားပွဲမှာ တယ်လီဖုန်းရှိတယ် မဟုတ်လား၊ အဲဒီဖုန်းထဲက မင်းအမေကို မင်းပြောချင်သလိုသာ ပြောပေတော့၊ ဒီမိန်းကလေးကိုခေါ်ပြီး ရေခဲတိုက်ကိုသွား၊ အဲဒီမှာ ရှိတဲ့အလောင်းတွေကို စစ်ဆေးကြပေတော့၊ ဒီမှာဖရင့် ဒီကိစ္စဟာ အကောင်ကြီးတယ်နော်၊ မင်းအတွက် အကျိုးရှိနိုင်သလို ဒုက္ခလည်း ပေးနိုင်တယ်၊ ဒီတော့ ဒုက္ခမပေးပါစေနဲ့ကွာ"

ဝွန်ဇာလက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ကျွန်တော် ဒုက္ခမဖြစ်အောင် ကြိုးစားပါ့မယ်ဗျာ၊ ဒါပေမယ့် လက်ဖတင်နင်ကလည်း ရုပ်ရှင်ထဲက စုံထောက်အမူအရာမျိုး လုပ်မနေပါနဲ့"

"ဟော့ကောင် မင်း ဒီလို ငါ့ကိုပြန်ပြန်ပြောနေတာလည်း မင်းအတွက် ဒုက္ခရောက်နိုင်တယ်နော်၊ ရှည်တယ်ကွာ သွားစမ်း၊ ဒီအခန်းထဲက အမြန်ဆုံးထွက်သွား၊ စုံထောက် ယူနီဖောင်းဝတ်ပြီး လုပ်စရာရှိတာ သွားလုပ်စမ်းကွာ"

ဝွန်ဇာလက်သည် ဘာမှမပြောတော့ဘဲ အခန်းထဲမှ ထွက်သွားပြီး သူ၏စားပွဲမှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

ရှိချိုင်းသည် ဆယ်လီကိုကြည့်ပြီး–

"မစ္စဒီလ်မန် ခင်ဗျား မဆာဘူးလား၊ ကော်ဖီနဲ့ ဆင်းဒဝစ်တစ်ခုခု စားပါလား"

ဆယ်လီသည် ယခုမှ ဆာသွား၏။

"ဟုတ်ကဲ့ရှင့်၊ ကျွန်မ ကော်ဖီတစ်ခွက်လောက် သောက်ချင်တယ်၊ ဆင်းဒဝစ်ရရင်လည်း ကောင်းပါတယ်ရှင်၊ ဖြစ်နိုင်ရင် ကျသင့်ငွေကို ကျွန်မ ပေးပါရစေ"

ရှိချိုင်းက လက်ကာပြ၏။

"မဟုတ်တာဘဲဗျာ၊ ဒီနားတစ်ဝိုက်က ဂျပိုးသူခိုးတွေတောင် ဒီစခန်းထဲရောက်ရင် ကျွန်တော်တို့ကပဲ တိုက်ကျွေးနေရသေးတာ"

ရှိချိုင်းသည် ပြောရင်းဆိုရင်း ဖုန်းကို ကောက်ကိုင်လိုက်ပြီး ကော်ဖီနဲ့မုန့် မှာရင်း–

"ကော်ဖီကို နို့ထည့်မှာလားဟင်"





ဆယ်လီက–

"ဟုတ်ကဲ့ နို့ထည့်ပါ"

ရှိချိုင်းက ဖုန်းခွက်ထဲသို့–

"နို့ထည့်ခဲ့ဟေ့" ဟု အော်လိုက်၏။

ထိုအချိန်တွင် ဝွန်ဇာလက်သည် အပြင်ဘက်ခန်း၌ သူ့အမေအား စပိန်ဘာသာဖြင့် ဖုန်းနှင့်စကားပြောနေ၏။ ကျောင်းတွင် စပိန်ဘာသာ သင်ကြားခဲ့သော ဆယ်လီဒီလ်မန်သည် ဝွန်ဇာလက် ပြောသမျှကိုကြား၍ နားလည်နေ၏။

ဝွန်ဇာလက်က–

"အမေကလည်းဗျာ ကျွန်တော့်အတွက် စိတ်မပူပါနဲ့လို့ ဘယ်နှစ်ခါ ပြောရမှာလဲ၊ ကျွန်တော်က နေ့ညလိုအပ်ရင် နက်ဖန်ညအထိ အလုပ်တာဝန်ကျလို့ပါဆိုနေ"

"မဟုတ်ပါဘူး၊ အန္တရာယ်မရှိပါဘူး အမေရ"

"ဟာ– အန္တရာယ်မရှိဘူးဆိုတာ ကျိန်တွယ် ပြောရဦးမှာလား အမေရ၊ ကိုယ့်သားကို မယုံဘူးလား"

"အမေနဲ့ ကျွန်တော်နဲ့ ဒီကိစ္စကို ဘယ်နှစ်ကြိမ်ရှိပြီလဲ ပြောရတာ၊ နယူးယောက်မြို့လို နေရာမျိုးမှာ ရဲအရာရှိလုပ်တာ ဘာအန္တရာယ်မှ မရှိပါဘူးလို့"

"ဟိုတောကရဲတွေနဲ့ မနှိုင်းပါနဲ့ဗျာ၊ အမေကလည်း သိတဲ့အတိုင်းပဲ ဘယ်နယူးယောက် ရဲတစ်ယောက်ယောက်များ တစ်ခုခုဖြစ်ဖူးလို့လဲ"

"ကျွန်တော်က အမေ့ကို ဘာလို့ညာရမှာတုန်း"

"အမေကလည်းဗျာ ကျွန်တော်က ဘာကိစ္စ မုသာဝါဒကံ ထိုက်ရ

မှာတုန်း အမေရဲ့၊ ဟော–ဟောဒီရှေ့ အခန်းထဲမယ် ကျွန်တော့်ဆရာ လက်ဖတင်နင် ရှိပါတယ်၊ ကျွန်တော်က သူတာဝန်ပေးတဲ့အတိုင်း လုပ်ရတာ အမေရဲ့"

"ဟုတ်ပါတယ် အမေ ကောင်းပါပြီ၊ အမေ စိတ်ဆင်းရဲအောင် ကျွန်တော် ဘာမှမလုပ်ဘူး စိတ်ချ"

"ကျွန်တော့်အတွက် မပူနဲ့အမေ၊ နော် အမေ"

"ဟုတ်ကဲ့ ကောင်းပါပြီ၊ ကဲ ဒါပဲနော်၊ ဟုတ်ကဲ့ ဟုတ်ကဲ့ပါ အမေရ၊ စိတ်ချနေစမ်းပါ"

•

# [ ၅ ]

ဝွန်ဇာလက်သည် ရုံးခန်းထဲမှ ဆယ်လီကို အပြင်သို့ခေါ်ခဲ့ရင်း–

"ကျွန်တော့်အမေက ဒီလိုပဲဗျာ၊ ကျွန်တော့်အတွက် သိပ်စိတ်ပူတတ်တာ၊ ပြီးတော့ ကျွန်တော့်ကို အမြဲတမ်း ဟဲ့ကောင်ဖရင့် မင်း မိန်းမယူဖို့ ကောင်းပြီ၊ အသက်လည်းရနေပြီလို့ ခဏခဏပြောတယ်၊ ဒီတော့ ကျွန်တော်က ကောင်းပါပြီ အမေရယ်၊ အမေ ပြောသလို ကျွန်တော်က အိမ်ထောင်ပြုလိုက်တာနဲ့ ကျွန်တော်က ကျွန်တော့်အိမ်ထောင်နဲ့ ကျွန်တော် ခွဲနေရမှာ၊ ဒီတော့ကော အမေက ကျွန်တော့်ကို မပူဘဲနေမှာလားလို့ မေးလိုက်တာပေါ့၊ ဒီတော့ အမေက ဘာပြောတယ်ထင်လဲ၊ ဟဲ့ နင် အိမ်ထောင်ကျသွားတဲ့နောက် နင့်အတွက် ငါက ပူနေရဦးမှာလားတဲ့၊ အဲဒီလောက် ဝကျတဲ့အမေ"

ဆယ်လီက ဝင်၍–

"ဒါပေမယ့် ရှင်က အိမ်ထောင်မပြုဖြစ်ဘူး ဟုတ်လား"

"ဗျာ ဒါကတော့ ဒီလိုရှိပါတယ်၊ ဟို ဟိုလေ လူဆိုတာ စိတ်

တိုင်း ကျမိန်းကလေး မတွေ့မချင်း ဘာဘာညာညာ အမျိုးမျိုး ဆင်ခြေပေးနေတတ်တာမျိုးကလား၊ ကျွန်တော့်မလည်း ဆင်ခြေက ရှိပြီးသား၊ ရှေ့နေ စာမေးပွဲဖြေစရာရှိနေလို့၊ စာကျက်စရာတွေက များလို့၊ အလုပ်တွေက တစ်ပုံတစ်ခေါင်းဖြစ်နေလို့ ဘာလို့ ညာလို့နဲ့ အမျိုးမျိုး အကြောင်းပြနေတာပေါ့ဗျာ၊ ဒါနဲ့ပဲ နှစ်တွေက ချို့ချို့လာတာကိုး၊ ကျွန်တော့်ကိုယ်ကျွန်တော် ရှေ့နေစာမေးပွဲဖြေမယ်၊ ရှေ့နေဖြစ်မှ အိမ်ထောင်ရေး စဉ်းစား၊ ဘာဘာညာညာပေါ့ဗျာ"

ထိုသို့ပြောဆိုရင်း သူတို့နှစ်ဦးသား ရုံးပေါက်ဝ ရောက်လာ၏။ ရုံးပေါက်ရောက်သည်နှင့် ဝွန်ဇာလက်က ရပ်လိုက်၏။

"ဒီမှာ မစ္စဒီမန်း၊ အခုအချိန်ကစပြီး တခြားထွေရာလေးပါးတွေ သားချိတ်ထားလိုက်ရအောင်၊ ကျွန်တော်တို့ ခေါင်းထဲက ဦးနှောက်နဲ့ အလုပ်လုပ်ကြဖို့လိုပြီဗျ၊ ကဲ အခုတွေ့လား ဟိုရုံးရှေ့မှာ ရဲကားတစ်စီး ရပ်ထားတာ တွေ့တယ်မဟုတ်လား၊ အဲဒီရဲကားမောင်းတဲ့လူက စုံထောက်ဂလီဆင်တဲ့၊ သူဟာ တကယ်စိတ်ချရတဲ့လူပဲ၊ ကဲ ဒီတော့ ကျွန်တော်တို့ လုပ်ရမယ့် အစီအစဉ်ကို ကျွန်တော် ပြောပါမယ်၊ အသေအချာ နားထောင်ဗျာ၊ ဒီရုံးခန်းထဲက ကျွန်တော်တို့နှစ်ယောက် အတူထွက်ကြမယ်၊ အဲတစ်ခုတော့ ရှိတယ်၊ ကျွန်တော်က ခင်ဗျားရဲ့ ညာဘက်ကရှိမယ်၊ ခင်ဗျား ကျွန်တော့်နောက်က နည်းနည်းချန်လိုက်၊ ဘာလို့လဲဆိုတော့ ဘယ်ဘက်က ကျွန်တော်တို့ရဲ့စခန်း၊ အန္တရာယ်က အဲဒီဘက်က မပော နိုင်ဘူး"

ဆယ်လီသည် မျက်လုံးအဝိုင်းသားနှင့် နားထောင်နေ၏။ ဝွန်ဇာလက်ကမူ ဘာမှသတိမမူဘဲ ဆက်၍-





"ဒီပုံအတိုင်း ကျွန်တော်တို့နှစ်ယောက်သား မှန်မှန်လျှောက်သွားမယ်၊ ရဲကားနားရောက်တော့ ကျွန်တော်က ခင်ဗျားကို ကားတံခါးဖွင့်ပေးမယ်၊ ခင်ဗျားက အေးအေးဆေးဆေး ကားနောက်ခန်းထဲဝင်ပြီးတော့ ခေါင်းကို ပုနိုင်သမျှပုပြီး ထိုင်၊ တောင့်တောင့်ကြီး မထိုင်နဲ့၊ ဒါမှ ရန်သူ့ ပစ်ကွင်း မရှိမှာ"

ဆယ်လီက မော့ကြည့်သည်နှင့် ဝွန်ဇာလက်က လက်ကာပြ၏။

"ကျွန်တော်က အရေးကြီးချင်ဟန် ဆောင်နေတာ မဟုတ်ဘူးဗျ၊ အခုကိစ္စက သေရေးရှင်ရေး သတိတမန် ဉာဏ်မြေကတုတ် ပညာစွန်းချွန်းကဲ့သို့အုပ် ဆိုတဲ့စကားပုံကို လက်တွေ့ကျင့်သုံးရမယ့်အချိန် ခင်ဗျားဟာ ပေါက်တတ်ကရ လုပ်ခဲ့ကောင်း လုပ်ခဲ့မယ်၊ ဒါပေမယ့် စိတ်မနဲ့တော့ မဖြစ်ဘူး"

ဆယ်လီသည် ဝွန်ဇာလက်ကို ကြည့်ပြန်၏။

ဝွန်ဇာလက်ကမူ ဆက်၍-

"ဟုတ်တယ်၊ ပြီးတော့ ဒီအချိန်ကစပြီး ကျွန်တော်က ခင်ဗျားလိုက်နာဖို့အချက်တွေ ပြောမယ်၊ တချို့အချက်တွေဟာ သာမန်လိုအကြောင်းကြောင်းလို့ မထင်နဲ့၊ ကျွန်တော်ပြောတဲ့ အတိုင်းသာ သေသေချာချာလုပ် နားလည်လား"

"ဟုတ်ကဲ့ နားလည်ပါတယ်"

"ကဲ လာ"

သူတို့နှစ်ဦးသားသည် မော်တော်ကားရှိရာသို့ ခပ်မှန်မှန် လျှောက်လာကြ၏။ ဝွန်ဇာလက်၏ မျက်စိများမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို ဓာတ်ပုံရိုက်နေသည့်အလား မှတ်သားနေ၏။ သူ၏ကိုယ်ခန္ဓာမှာ ဆယ်လီ

၏ ကိုယ်လုံးကလေးကို အန္တရာယ်မှ ကာကွယ်သည့်အလား ကာကွယ်လျက် ကားအနားရောက်သည်နှင့် ဝွန်ဇာလက်သည် ဆယ်လီကို ကားနောက်ခန်းတံခါး ဖွင့်ပေးလိုက်၏။ ဆယ်လီ ကားထဲဝင်၍မပြီးမီ ဆယ်လီနောက်ကျောကို လက်ဖြင့် ခပ်ဆတ်ဆတ်ကလေးတွန်းပြီး ကားတံခါးကို ကပျာကယာ ပိတ်လိုက်၏။ ဆယ်လီသည် နောက်ခုံပေါ်မှာ ဖြုန်းခနဲ ထိုင်မိသွားပြီးနောက် အံ့သြစွာဖြင့်–

"ဘာ ဘာဖြစ်လို့လဲဟင်"

ဝွန်ဇာလက်မျက်နှာမှာ ထူးခြားမှုမပြ။

"လမ်းဟိုဘက် လက်ဆီတန်အဲဗင်းနယူးလောက်ကို လှမ်းကြည့်စမ်း၊ လူတစ်ယောက် ရပ်နေတာ တွေ့လား"

ဆယ်လီသည် ဝွန်ဇာလက် ပြောသည့်အတိုင်း လိုက်ကြည့်၏။ ဝွန်ဇာလက်က တစ်ဖက်ကို သတိတမူမကြည့်ဘဲ ဆယ်လီမျက်လုံးအိမ် ရွေ့ပုံကို ကြည့်ရင်း–

"ခင်ဗျား ကြည့်နေတဲ့လူကို ပြောတာမဟုတ်ဘူး၊ လမ်းတစ်ဖက်က ရပ်နေတဲ့လူကို ပြောတာ၊ အဲ ဟုတ်ပြီ၊ သူ့ကို သေချာကြည့်စမ်း၊ အရင်က ခင်ဗျား သူ့ကို မြင်ဖူးသလားလို့"

ဆယ်လီသည် ဝွန်ဇာလက် ပြောသည့်လူကို သေချာစွာ ကြည့်နေစဉ်အတွင်း ဝွန်ဇာလက်က ဆယ်လီ၏ မျက်နှာပေါ်တွင် ဖြစ်ပေါ်လာသည့် လှုပ်ရှားမှုကို ကြည့်နေ၏။ သူကိုယ်တိုင်ကမူ ထိုလူကို ဓာတ်ပုံရိုက်သလို ကြည့်ပြီး မှတ်မိပြီးဖြစ်သည်။

ထိုလူမှာ အသက် ၂၃ နှစ်တစ်ဝိုက် ရှိမည်။ အရပ် ငါးပေ ကိုးလက်မမှ ၁၁ လက်မအတွင်း ရှိမည်။ ရွှေရောင်ဆံပင် မျက်လုံးပြာနှင့် ဘောင်းဘီ





အနက်၊ အင်္ကျီဖြူ၊ နက်တိုင်အမည်း၊ မီးခိုးဖျော့ဖျော့ စပုတ်ဂျက်ကက်နှင့် အဝတ်အစားအားလုံးမှာ တန်ဖိုးကြီးကြီးထဲက ဖြစ်ပုံရသည်။ ထိုသူမှာ ကောင်းမွန်စွာ ဝတ်စားထားသည်။ သူ၏အကြည့်မှာ စူးရှပုံရသည်။ သူ ရပ်နေပုံမှာ ပေါ့ပါးညင်သာလှ၏။ ထိုသူသည် ဘာမှထူးခြားစွာ မလုပ်၊ ငြိမ်ငြိမ်မတ်တတ်ရပ်၍ စခန်းဘက်ကြည့်နေခြင်းသာ ဖြစ်၏။

ဆယ်လီသည် ထိုလူအား အသေအချာ ကြည့်ပြီးနောက်–

"ကျွန်မ သူ့ကို တစ်ခါမှ မမြင်ဖူးဘူး"

"သေချာရဲ့လား ထပ်ကြည့်ပါဦး"

ဆယ်လီသည် ကသိကအောက် ဖြစ်သွားပြီး ထပ်ကြည့်လိုက်၏။

"သေချာပါတယ်ရှင်၊ ကျွန်မ အရင်က သူ့ကို တစ်ခါမှ မမြင်ဖူးပါဘူး၊ ပြီးတော့ ကျွန်မ မျက်စိထဲမှာတော့ ဒီလူဟာ လူသတ်သမားလို့ မထင်ပါဘူး၊ သူ့ကြည့်ရတာလည်း လူသတ်သမားနဲ့ မတူပါဘူး"

ဝွန်ဇာလက်သည် ဘာမှ မထူးခြားဟန်နှင့်–

"များသောအားဖြင့် လူသတ်သမားနဲ့ မတူတတ်ကြဘူး"

ဆယ်လီသည် ကားထဲတွင် ခေါင်းထောင်၍ ထိုင်မည်ပြုရာ ဝွန်ဇာလက်က လက်နှင့်ထိန်းလိုက်၏။

"ခင်ဗျားကို ကျွန်တော်ပြောသမျှကို အသေအချာ မှတ်ထားပြီးတော့ အဲဒီအတိုင်းလိုက်နာ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

စုံထောက် ဂလီဆင်သည် ကားစက်နှိုးလိုက်၏။ ဝွန်ဇာလက်က သူ့အား ဘယ်ကိုသွားရန် ညွှန်ကြားချက်မလိုဘဲ ကားသည် ထွက်လာ၏။ ဂလီဆင်သည် ကားကို ညင်သာတိကျစွာ မောင်းရင်း လမ်းသိပ်မှာရပ်နေ

သော လှုငယ်၏နံဘေးမှ မောင်း၍ ဖြတ်ကျော်လာ၏။

မော်တော်ကားသည် လမ်းကျဉ်းထဲဝင်လာ၏။ ကွေ့ချိုးပြန်၏။ ဝွန်ဇာလက်သည် နောက်သို့ အတန်ကြာ လှည့်ကြည့်နေရာမှ သူ့ကိုယ်သူ လျှော့ချလိုက်၏။

ဝွန်ဇာလက် တစ်ကိုယ်လုံးမှာ ဖိထားသောစပရင်ကဲ့သို့ တင်းမာနေ၏။ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက လှုပ်ရှားတော့မည့်ဟန်။

"ဂလီဆင်ရေ တို့နောက်က ဘယ်သူမှ မလိုက်လာတာ သေချာပြီဟေ့၊ သွားစရာရှိတဲ့နေရာကို သွားပေတော့၊ မစ္စဒီလ်မန် ခင်ဗျားလည်း သက်သာသလို ထိုင်နိုင်ပါပြီ"

ဆယ်လီကမူ သိပ်မကျေနပ်။

"ကျေးဇူးတင်ပါတယ်၊ ဒါထက် အခု ကျွန်မတို့ ဘယ်သွားနေကြတာလဲ"

"ဗျာ– ရေခဲတိုက်က အလောင်းဟာ ကွန်ပါရာ ဟုတ် မဟုတ် သွားကြည့်မလို့လေ၊ စခန်းမှာတုန်းက ခင်ဗျားကြည့်ရဲတယ်ဆို၊ အခု မကြည့်ရဲတော့ဘူးလား"

ဆယ်လီက မှင်သက်လိုက်ပြီး–

"မဟုတ်ပါဘူး၊ ကြည့်ရဲပါတယ်"

ဝွန်ဇာလက်သည် ဆယ်လီ၏ မာဆတ်ဆတ်အသံကို သတိထားမိ၏။

"ဒါပေမယ့် လမ်းထိပ်က ကောင်းကလေးကိုတော့ ခင်ဗျား လူသတ်သမားလို့ထင်တာ သဘောမကျဘူး မဟုတ်လား၊ ဘာလို့လဲဆိုတော့ သူက ငယ်ငယ်ရွယ်ရွယ် သပ်သပ်ရပ်ရပ် ဝတ်စားထားလို့ မဟုတ်လား၊





သူ့ကြည့်ရတာ တက္ကသိုလ်ကျောင်းသား တစ်ယောက်ပုံ ဖြစ်နေလို့ လူသတ်သမားလို့ မထင်ချင်ဘဲ ချစ်ချစ်ခင်ခင် အားကိုးစိတ်ပဲ ဖြစ်နေလို့ မဟုတ်လား"

ဆယ်လီသည် ဒေါပွသွား၏။

"ရှင် ဒီလို မစော်ကားနဲ့နော်"

ဝွန်ဇာလက်ကမူ တည်ငြိမ်စွာဖြင့်–

"ကျွန်တော်က ခင်ဗျားကို စော်ကားနေတာ မဟုတ်ပါဘူး၊ အကျိုးအကြောင်းအတိုင်း ပြောပြနေတာပါ၊ ဒီမယ် မစ္စဒီလ်မန်း၊ ကျွန်တော်တို့ နှစ်ယောက်ဟာ အခုပြဿနာကို တစ်နေ့ တစ်ရက်တည်း ဖြေရှင်းလို့ ပြီးချင်ပြီးမယ်၊ ဒါမှမဟုတ် နက်ဖြန် သဘက်ခါဗျာ၊ ဘယ်တော့ ဘယ်အချိန်လို့ တိတိကျကျ မပြောနိုင်ကြဘူး မဟုတ်လား"

ဆယ်လီသည် ကြည့်လိုက်၏။ ဝွန်ဇာလက်က ပြန်မကြည့်။ ဆက်၍–

"ကျွန်တော်တို့ နှစ်ယောက်စလုံးက ဘာဒုက္ခမှန်းမသိတဲ့ ဒုက္ခတစ်ခုကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားကြရတာမဟုတ်လား၊ ခက်နေတာက ကျွန်တော်တို့ ရင်ဆိုင်ရမယ့်ဒုက္ခက ဘာမှန်း တိတိကျကျ မှန်းဆမရတာဘဲ၊ ကျွန်တော်တို့ ယူဆနိုင်တာကတော့ ခင်ဗျားကို လူသတ်သမားတစ်ယောက်ယောက်က တစ်နည်းနည်းနဲ့သတ်ဖို့ ကြိုးစားမယ် ဆိုတာရယ်၊ ကျွန်တော်ကလည်း အဲဒီရန်က အစွမ်းကုန် လွတ်မြောက်အောင် ကြိုးစားမယ်ဆိုတာရယ်၊ ခင်ဗျားအနေနဲ့လည်း ဘာပဲပြောပြော အသတ်မခံချင်ဘူးဆိုတာရယ်၊ ဒါပဲမဟုတ်လား"

ဆယ်လီသည် ခေါင်းညိတ်လိုက်၏။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ရှင်က အဲဒါတွေကို ဘာလို့ ကျွန်မကို ပြောပြနေရတာလဲ၊ ကျွန်မကို လှောင်နေတာလားဟင်"

"ကျွန်တော် ခင်ဗျားကို လှောင်နေတာမဟုတ်ပါဘူးဗျာ၊ အကျိုးအကြောင်း ရှင်းပြနေတာ၊ ကျွန်တော်တို့ နှစ်ယောက်စလုံးရောက်နေတဲ့ လက်တွေ့အခြေအနေဆိုးကြီးကို ခင်ဗျားအနေနဲ့ ရှင်းရှင်းလင်းလင်း မြင်ရအောင် ပြောပြနေတာပါ"

ဝွန်ဇာလက်က ခေါင်းရမ်းရင်း ဆက်၍-

"ဒီအခြေအနေဆိုးကြီးကို ကျွန်တော်တို့နှစ်ယောက် ဘယ်နှစ်ရက်ကြာအောင် ရင်ဆိုင်ရမလဲ မပြောတတ်ဘူး၊ ကျွန်တော်ဟာ ပြူအာတိုရီကန်လူမျိုးတစ်ယောက်ပါ၊ ကျွန်တော်လို ပြူအာတိုရီကန် တစ်ယောက်နဲ့ နယူးယောက်မြို့မှာ ဘယ်လိုဘယ်ပုံနေထိုင် ရင်ဆိုင်ရတယ်ဆိုတဲ့ အတွေ့အကြုံကို နောက်သုံးလေးရက်လောက်ကြာရင် ခင်ဗျားကို အေးအေးဆေးဆေး ပြောချင်ပြောနိုင်မှာပေါ့၊ ခင်ဗျားကလည်း ကင်မာဗယ်လီမှာ ဘယ်လိုဘယ်ပုံနေထိုင်တဲ့အကြောင်း ပြောပေါ့ဗျာ၊ ဒီလို ဒီလိုနဲ့ တစ်ယောက်အကြောင်း တစ်ယောက် ပိုသိခွင့်ရတာပေါ့၊ ဒါပေမယ့် အခု လောလောဆယ်တော့ အဲဒီလူဖစ်ယောက်ကို အဝတ်အစား ပုံပန်းနဲ့ ကြည့်ပြီး ခင်ဗျား ဘာမှ မဆုံးဖြတ်နဲ့၊ ကျွန်တော်က ဆုံးဖြတ်မယ်၊ ကျွန်တော်ကတော့ အဲဒီငနဲကို မြင်တာနဲ့ စိတ်ထဲမှာတစ်မျိုးပဲ"

"ရှင့်စိတ်ထဲမယ် တစ်မျိုးဖြစ်ရင်လည်း အဲဒီလိုဆို တစ်ခုခု ဘာလို့မလုပ်တာလဲ"

"ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်ရုံနဲ့ ကျွန်တော်က ဘာလုပ်မှာလဲ၊ ဒီကရှေ့လျှောက် ကျွန်တော့်စိတ်ထဲမယ် တစ်မျိုးဖြစ်တဲ့လူတွေ ရာချီပြီး





ပေါ်လာကြလိမ့်မယ်၊ တစ်မျိုးဖြစ်တိုင်း အဲဒီလူအနားကိုသွားပြီး ဟော့လူ ခင်ဗျား ဟောဒီကအမျိုးသမီး မစ္စဒီလ်မန်ကို ကြည့်ပုံ ကျေပ်သဘောမကျဘူး၊ ကျုပ်စိတ်မယ် တစ်မျိုးပဲ၊ ဒါကြောင့် ခင်ဗျားကို ဖမ်းချုပ်မယ်လို့ ဘယ်ပြောဖြစ်လိမ့်မလဲ၊ သက်သေသက္ခာယ အထောက်အထားရှိဦးမှပေါ့၊ ဒါမှ ရဲတာဝန်၊ ရဲလုပ်ထုံးနဲ့ညီမှာပေါ့၊ ကျွန်တော် ခင်ဗျားကို ခြောက်နေတာ မဟုတ်ဘူး၊ ခင်ဗျားကြောက်နေရင် ကျွန်တော် ဘာမှလုပ်လို့ရမှာမဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော် လုပ်ကိုင် လှုပ်ရှားနေသမျှ ခင်ဗျားက နားလည်ကူညီမှဖြစ်မှာ၊ ဘယ့်နှယ့်လဲ"

"ဟုတ်ကဲ့၊ ကျွန်မ နားလည်အောင် ကြိုးစားပါ့မယ်"

"ဒါမှပေါ့ဗျ၊ အခုလိုဆိုတော့ ရှင်းသွားတာပေါ့"

ဆယ်လီက သူ့ဘာသာသူ ပြောသည့်ဟန်နှင့်-

"ဒါပေမယ့်နော် ရှင်ရဲ့အပြုအမူ ဆက်ဆံပုံက စိမ်းသလို့မာသလိုကြီးပဲ၊ အင်းလေ နယူးယောက် တစ်မြို့လုံးကလည်း အဲဒီလိုပဲထင်ပါရဲ့၊ အားလုံးမှာတော့ တခြားကောင်းတဲ့ အရည်အချင်းတွေ ရှိမှာပေါ့လေ၊ ဒါပေမယ့် ရင်းရင်းနှီးနှီး စိတ်ဓာတ်တော့မရှိဘူး၊ ဒါတော့ ကျွန်မ သေချာတယ်ရှင်"

ဝွန်ဇာလက်သည် အသက်တစ်ချက် ရှူလိုက်၏။

"ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့ နယူးယောက်က ခပ်စိမ်းစိမ်း ခပ်မာမာရှိချင် ရှိမှာပေါ့၊ ဒီက မြို့ကြီးကိုး၊ ဒါတွေထားပါဗျာ၊ လောလောလတ်လတ် ခင်ဗျားမမေ့ဖို့က ကျွန်တော်နဲ့ ရင်ဆိုင်နေရတဲ့ အခြေအနေရယ်၊ ကျွန်တော်ပြောထားခဲ့တဲ့ စကားတွေရယ် အဲဒီအတိုင်း တသွေမတိမ်း လိုက်နာဖို့ရယ် ဟုတ်ပြီလား"

ဆယ်လီသည် ဘာမှမပြောတော့။ ဝွန်ဇာလက်အနေနှင့် ဘာမှ ထပ်ပြောရန် မလိုအပ်တော့သဖြင့် မော်တော်ကားအပြင် ရှုခင်းဖြစ်သော မြစ်ပြင်ကြီးကို ကြည့်ရင်း လိုက်ပါလာ၏။

ဆေးရုံသို့ ကားနှင့်ခရီးမှာ သိပ်မကြာလှပါ။ ဆေးရုံနားသို့ ရောက်ခါနီးသည်နှင့် ဆယ်လီက မေးခွန်းတစ်ခု ထုတ်လိုက်၏။

"ရေခဲတိုက်ဆိုတာ ဘယ်လိုဟာမျိုးလဲဟင်"

ဝွန်ဇာလက်သည် ဆယ်လီဘက်သို့ လှည့်လိုက်၏။

ရေခဲတိုက်ဆိုတာ ဆေးရုံကြီးရဲ့ ရင်ခွဲရုံကို ခေါ်တာပေါ့ဗျာ၊ နယူးယောက်လို မြို့ကြီးတစ်မြို့ ဆေးရုံဆိုတော့ ရင်ခွဲရုံထဲမှာ လူသေအလောင်းတွေကတော့ အမြဲရှိနေတာပေါ့၊ အဲဒီအလောင်းတွေ မပုပ်သိုးရအောင် ထားတဲ့ ရေခဲသေတ္တာအကြီးစားပေါ့ဗျာ၊ အလွယ်တကူ ရေခဲတိုက်လို့ ခေါ်တာပေါ့"

"ခင်ဗျားအနေနဲ့ ဘာမှထူးပြီး ကြောက်စရာ မလိုပါဘူးဗျာ၊ အဲ- လူသေအလောင်းကို မကြောက်တတ်ဘူး ဆိုရင်ပေါ့လေ"

"ကျွန်မ အလောင်းကိုတော့ မကြောက်တတ်ပါဘူး၊ ဒါပေမယ့် ကျွန်မအနေနဲ့ ရင်ခွဲရုံကို တစ်ခါမှ မရောက်ဖူးဘူးလေ၊ ရှင်ကတော့ အခေါက်ခေါက် ရောက်ဖူးနေတော့ လွယ်တာပေါ့၊ ရိုးနေတာပေါ့၊ တစ်ခါမှမရောက်ဖူးတဲ့ ကျွန်မအတွက်လည်း စဉ်းစားကြည့်မှပေါ့"

"ဒီလိုလည်း လွယ်တယ် ရိုးတယ်လို့ မဆိုပါဘူးဗျာ"

"ဒါပေမယ့် ရှင်ပြောနေတာက လွယ်သလို ရိုးနေသလိုပဲ"

"အဲဒီလို ဖြစ်နေသလား၊ ဒါဆို ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် မရည်ရွယ်ရိုးအမှန်ပါ"





"ထားပါတော့လေ၊ ကျွန်မကလည်း ရှင်နဲ့ အငြင်းအခုန်မဖြစ်ချင်ပါဘူး၊ ယုံပါ ကျွန်မဘက်ကလည်း ရှင့်ကို နားလည်အောင် ကြိုးစားရင်း ရှင်ပြောတာကို နားလည်အောင် ကြိုးစားနေရတာပါ"

ဝွန်ဇာလက်က ခေါင်းညိတ်ပြ၏။

"အဲဒီလိုမှပေါ့ဗျာ၊ ကျေးဇူးတင်ပါတယ်"

သူတို့၏ကားသည် ပထမအဲဗင်းနယူးကို ကျော်သည်နှင့် လမ်း ၃၀ ထိပ်ရှိ ဗယ်လီဗြူးဟိုတယ်ရှေ့သို့ ရပ်လိုက်၏။

ဝွန်ဇာလက်သည် ကားပေါ်မှ အရင်ဆင်းလိုက်ပြီး-

"ရင်ခွဲရုံက ဒီဆေးရုံထဲမှာပါ၊ ခင်ဗျား ထင်ထားသလောက် မဆိုးနိုင်ပါဘူးဗျာ၊ လာပါ"

ဆယ်လီသည် ဘာမှမပြောဘဲ ဝွန်ဇာလက် ရှေ့ဆောင်ခေါ်ရာသို့ နောက်မှလိုက်ပါ၍ လာလေသည်။ သူတို့နှစ်ဦးသားသည် လှေကားနှစ်ဆင့်ဆင်း တံခါးနှစ်ခုကို ဖြတ်လာသည်နှင့် ရင်ခွဲရုံသို့ ရောက်လာတော့၏။

ရင်ခွဲရုံအစောင့်က ရေခဲတိုက်တံခါးကို ဖွင့်ပြီး ညွှန်ကြားထားသည့် အလောင်းကို သီးသန့်အခန်းထဲက အပြင်ထုတ်နေစဉ် ဝွန်ဇာလက်သည် ဆယ်လီကို အကဲခတ်ကြည့်နေ၏။ အစောင့်သည် အလောင်းဖုံးထားသော ပိတ်စကို မျက်နှာမြင်သာရုံ လှစ်လိုက်သည်နှင့် ဆယ်လီက နောက်သို့ တွန့်သွား၏။ ဝွန်ဇာလက်သည် နောက်နားမှ အသာ တိုးကပ်ပြီး ပခုံးကို ဖေးမကိုင်လိုက်၏။

"ဘာမှမဖြစ်ပါဘူးဗျာ၊ အနားတိုးပြီး အဲဒီမျက်နှာကို ကြည့်လိုက်ရုံပါပဲ၊ ဒီကို ကျွန်တော်တို့လာတာက ဒီအလောင်းကို ကြည့်ဖို့မဟုတ်လား၊ အလောင်းဆိုတာ လူကို အန္တရာယ်မပေးတတ်ပါဘူး"

ဆယ်လီကမူ ဆုတ်ကန်ကန်နှင့်–

“ရှင် ရှင် ဒီကို ပထမဆုံးရောက်တုန်းက ဘယ်လိုနေသတုန်းဟင်”

“ဗျာ ကျွန်တော်က ဒီကိုရောက်ရတဲ့ အကြိမ်ပေါင်းက မရေတွက်နိုင်တော့လို့ မှတ်တောင် မမှတ်မိတော့ပါဘူးဗျာ၊ ကျွန်တော်ဟာ သိပ်ပြီး ဘုရားတရားကိုင်းရှိုင်းတဲ့ ဂျာက်သလစ် ဘာသာဝင်တစ်ယောက် မဟုတ်ပေမယ့် ထိုက်တန်သလောက်တော့ ဘာသာတရား ရှိပါတယ်၊ ခင်ဗျားလည်း ဘာသာတရား ရှိမှာပါ၊ ဒီခန္ဓာကိုယ်ကြီးက အဝိနာဘာဝ အသက်မရှိတော့ရင် ဘာမှအသုံးဝင်တော့တာ မဟုတ်ပါဘူးဗျာ၊ လာပါ ကြည့်လိုက်ပါ”

ဆယ်လီက ခေါင်းဆတ်လိုက်သည်နှင့် ဂွန်ဇာလက်က အသာအယာ ပေးပြီး ရေခဲတိုက်ထဲ ဖြတ်လျှောက်ကာ ထိုအလောင်းနားသို့ ရောက်အောင် သွားကြသည်။ အနားရောက်သည်နှင့် ဆယ်လီသည် တုန်လှုပ်စွာ မျက်နှာ လှစ်ထားသော အလောင်းကို ကြည့်လိုက်၏။ အလောင်းမှာ သွေးရောင် မရှိတော့ဘဲ ဖြူရော်ရော် ပြာနှမ်းနှမ်း ဖြစ်နေ၏။

ဆယ်လီသည် အလောင်းကို စက္ကန့် ၃၀ ခန့်ကြည့်ပြီး မျက်နှာလွှဲ လိုက်ကာ နောက်သို့ ကပျာကယာ သုံးလှမ်းလောက် ဆုတ်လိုက်၏။ ဂွန်ဇာလက်သည်လည်း တစ်ပါတည်း ကပ်လိုက်လာပြီး ကပျာကယာပင်–

“ခင်ဗျားကိုယ်ခင်ဗျား ဘာမှမဖြစ်ဘူးလို့ နာနာပြောဗျာ၊ အဲဒီလို ပြောရင် ခင်ဗျား ဘာမှမဖြစ်ဘူး”

ဆယ်လီက ဖြူရော်ရော်မျက်နှာနှင့်–

“ကျွန်မ နေမကောင်း ဖြစ်တော့မယ် ထင်တယ်”

“ဟာ ကြံကြံဖန်ဖန်” ကျွန်မ ဘာမှမဖြစ်ဘူး၊ ဘာမှ မဖြစ်ဘူးလို့ အသံထွက်အောင် ပြောလိုက်ဗျာ”





ဆယ်လီသည် ဂွန်ဇာလက်စကားကို နားထောင်ပါမည်ဟု ကတိ ပေးထားသည့်အတိုင်း ပါးစပ်မှ အသံထွက်ပြီး–

“ငါ ဘာမှမဖြစ်ဘူး၊ ငါ ဘာမှမဖြစ်ဘူး” ဟု ရေရွတ်လိုက်၏။

ဂွန်ဇာလက်သည် နံဘေးမှ ရပ်ကြည့်နေရာမှ–

“ကဲ ဘယ့်နှယ့်နေသေးသလဲ၊ သက်သာရဲ့ မဟုတ်လား”

ဆယ်လီမျက်နှာမှာ သွေးရောင် ပြန်လွှမ်းလာ၏။

“ဟုတ်ကဲ့ နည်းနည်း နေသာသွားပါပြီ”

“အဲဒီအလောင်းကို နောက်တစ်ခါ ကြည့်ဦးမလား”

ဆယ်လီသည် ခေါင်းခါလိုက်လေ၏။

“မလိုတော့ပါဘူးရှင်၊ အဲဒီအလောင်းဟာ မစ္စတာကွန်ပါရာပါပဲ”

“သေချာရဲ့လားဟင်၊ လူသေ အလောင်းဟာ လူအရှင်နဲ့ မတူ တတ်ဘူး”

“သေချာပါတယ်ရှင်၊ နောက်တစ်ခါကြည့်ဖို့ မလိုပါဘူး၊ ရှင်လည်း အလောင်းရဲ့နှုတ်ခမ်းကို သတိထားမိမှာပေါ့၊ ပဲ့ပြီးစုတ်နေတာလေ၊ ယုန်နှုတ်သီးလို ဖြစ်နေတာလေ”

“ဟုတ်ကဲ့ ကျွန်တော် သတိထားမိပါတယ်”

“အဲဒီနှုတ်ခမ်းမျိုးကို မေ့ပစ်ဖို့မလွယ်ပါဘူး၊ အဲဒါ ကွန်ပါရာရဲ့ အလောင်းပါပဲ၊ ဘုရားသခင် သူ့ဝိညာဉ်ကို စောင့်ရှောက်တော်မူပါ”

ဂွန်ဇာလက်သည် ခေါင်းညိတ်၍ ရင်ခွဲရုံထဲမှ အပြင်ထွက်လာ ကြ၏။

“ဒါဆို အလုပ်တစ်လုပ်တော့ ပြီးသွားပြီပေါ့၊ ကျွန်တော်တို့ အပေါ်ထပ် ပြန်တက်ကြမယ်၊ ကျွန်တော်က လက်ဖတင်နင်ကို အကျိုး

အကြောင်း အစီရင်ခံလိုက်ဦးမယ်"

ဆယ်လီသည် ဘာမှမပြော၊ ဝွန်ဇာလက်နှင့်အတူ အပေါ်ထပ်သို့ တက်ကာ လိုက်ခဲ့သည်။ ဆေးရုံ ရုံးခန်းတစ်ခုထဲသို့ ဝွန်ဇာလက်ဝင်၍ စခန်းသို့ အစီရင်ပြန်ခံ၏။ ပြီးနောက် ဆယ်လီကိုကြည့်ကာ သူ့နာရီကို ကြည့်လိုက်ရင်း–

"နေ့လယ်စာ စားဖို့အချိန်တောင် ရောက်နေမှပဲ၊ ခင်ဗျားမှာ တခြားအစီအစဉ်မရှိရင် ကျွန်တော် ခင်ဗျားကို နေ့လယ်စာ ကျွေးပါရစေလား"

ဆယ်လီသည် ဝွန်ဇာလက်ဘက်သို့ လှည့်၍ ပထမဆုံးအကြိမ်အဖြစ် ယှဲ့ယှဲ့ကလေး ပြုံးပြလိုက်၏။

"တခြားအစီအစဉ် ဟုတ်လား၊ ကျွန်မမှာ ဘယ်လိုလုပ်ပြီး တခြားအစီအစဉ် ရှိရဦးမှာလဲရှင်"

ဝွန်ဇာလက်သည် ရှားပါးလှသော ဆယ်လီ၏ အပြုံးကလေးကြောင့် ဆယ်လီအပေါ် စေတနာမိုး ဝေဖြိုး၍သွားလေသည်။ ဝွန်ဇာလက်သည် ရဲကားကို ပြန်လွှတ်လိုက်ပြီးဖြစ်သည်။ ထို့ကြောင့် ဆရာက ကလေးတစ်ယောက်ကို ရှင်းပြသလို–

"ကျွန်တော် ရဲကားကို ပြန်လွှတ်လိုက်ပြီးသား ဖြစ်နေပြီလေ၊ အမှန်တော့လည်း ရဲကားကြီးစီးနေတာ ကျွန်တော်တို့အတွက် မကောင်းပါဘူး မစ္စဒီလ်မန်"

ဆယ်လီသည် စကားအဆုံးမခံဘဲ ဝင်ဖြတ်လိုက်၏။

"ကျွန်မတို့နှစ်ယောက် အခုအချိန်ကစပြီး ဘယ်နှစ်ရက် အတူနေရဦးမလဲမသိဘူး၊ ဒီတော့ တစ်ယောက်ကိုတစ်ယောက် ရင်းရင်းနှီးနှီးပဲ





ခေါ်ကြရင် ကောင်းပါလိမ့်မယ်၊ ကျွန်မကို ဆယ်လီလို့ ခေါ်ပါ။ ကျွန်မကလည်း ရှင့်ကို ဖရင့်လို့ပဲ ခေါ်ပါ့မယ်၊ ပြောမယ့်သာ ပြောနေရတယ်၊ စိုးရိမ်နေမယ့်သာ စိုးရိမ်နေရတယ်၊ လူသတ်သမားဆိုတာက ရှိချင်မှ ရှိမှာပါ"

ဝွန်ဇာလက်က–

"ကောင်းပါပြီ၊ ကျွန်တော် ခင်ဗျားကို ဆယ်လီလို့ ခေါ်ပါမယ်၊ လူသတ်သမား မရှိမှာတော့ မပူနဲ့ ဆယ်လီ၊ သူရှိတာသေချာတယ်"

ဆယ်လီသည် တွေးနေ၏။

"ကျွန်မ ဒီလိုတွေးမိတယ်လေ၊ ဒီရင်ခွဲရုံထဲက အလောင်း အဲလေဂျိုဝီကွန်ပါရာက သေပြီမဟုတ်လား၊ ဒီတော့ ပိုက်ဆံရပြီးသား လူသတ်သမားအနေနဲ့ အဲဒီပိုက်ဆံကို ယူထားရုံပဲ မဟုတ်လား၊ ဘာမှလုပ်စရာ မလိုတော့ဘူးပေါ့နော်"

"သူက နေမှာမဟုတ်ဘူး"

"ရှင်က ဘာကြောင့် ဒီလောက် သေချာနေရတာလဲ"

"သေချာလို့ သေချာတာပေါ့ဗျာ၊ ခင်ဗျား နားလည်အောင် ကျွန်တော် ဘယ်လိုရှင်းပြရမလဲ၊ မပြောတတ်ဘူး၊ ခုကြည့်လေ ကွန်ပါရာက သေပြီမဟုတ်လား၊ ဒီတော့ သူ ငှားထားတဲ့ လူသတ်သမားက ဘာမှ လုပ်စရာ မလိုတော့ဘူးပေါ့၊ သူ့ကို ငှားထားတဲ့လူမှ မရှိတော့တာ"

"ဟင် ဒါဆို ကျွန်မ အန္တရာယ်မရှိတော့ဘူးပေါ့"

"ဘယ့်နှယ့် မရှိရမှာလဲ၊ သိပ်ရှိတာပေါ့၊ ဒီလူမိုက်လောကဖြစ်တဲ့ ဒုစရိုက်ကမ္ဘာမှာ ကြေးစားသိက္ခာဆိုတာ ရှိတယ်ဗျ၊ ဒီငနဲက လူသတ်သမား၊ သူက ဘာလုပ်လဲ လူသတ်တယ်၊ အဲဒီအလုပ်ဟာ သူ့အတွက်

သိက္ခာလို့ထင်နေတဲ့ အကောင်စားမျိုး၊ အဲဒီသိက္ခာမျိုးနဲ့ သူလို လူမိုက် လောကမှာ ခေါင်းမတ်မတ်ထောင်ပြီး အကောင်ကြီးကြီးဖြစ်နေတာ၊ အဲဒါက သူ့အတွက် အရေးအကြီးဆုံးပဲ၊ ဒီတော့ သူက ခင်ဗျားကိုသတ်ဖို့ ကြိုးစားမှာပဲ၊ ထပ်ခါထပ်ခါ ကြိုးစားမှာပဲ၊ အဲဒါကို ရှင်က ဘယ်လိုလုပ် သိနေတာတုန်း"

"သိတာပေါ့ဗျ၊ ကျွန်တော်ကလည်း ကြေးစားပဲဟာ၊ သူတို့က အလုပ်သိက္ခာရှိတယ်ထင်သလို ကျွန်တော်ကလည်း ကျွန်တော့်အလုပ်ကို သိက္ခာလို့ထင်တဲ့အကောင်ပဲဟာ သိတာပေါ့"

ဖရင့်ဂွန်ဇာလက်သည် အသံကျယ်သွားသဖြင့် ဆယ်လီကို အားနာသွား၏။ ဆယ်လီကမူ နားလည်ပုံရသဖြင့် တော်သေး၏။ သို့နှင့်ဆက်၍-

"ကျွန်တော် ရဲကားကို ပြန်လွှတ်လိုက်ရတာက အကြောင်းရှိတယ်၊ အခုချိန်ကစပြီး ကျွန်တော်တို့ဟာ ရိုးရိုးလူတွေလို နေမှထိုင်မှဖြစ်မယ်၊ ဒါမှမဟုတ်ဘူးဆိုရင် အလကားပဲ၊ အမြဲတမ်း ရဲကားထဲမှာထိုင်နေရင် ဘာမှဖြစ်မှာမဟုတ်တော့ဘူး"

ဆယ်လီသည် လန့်သွား၏။

"ဟင် ရှင်က တစ်ခုခု ဖြစ်စေချင်တယ်ပေါ့လေ"

"ဟုတ်တယ်၊ ဖြစ်စေချင်တယ်၊ ဟာဗျာ ကျွန်တော် ဆိုလိုတာက ဒီလို၊ ခင်ဗျားကလည်း ထွက်မပြေးချင်ဘူး မဟုတ်လား၊ ဒါကြောင့် ဒီမှာနေပေါ့၊ ဒီတော့ တစ်ခုခုဖြစ်မှ ကောင်းမှပေါ့"

ဆယ်လီသည် တွေလျက်-

"ဟုတ်ပါတယ်လေ"

"မဟုတ်ပါဘူးဗျာ ခင်ဗျား ကျွန်တော်ဆိုလိုတာကို သဘောမပေါက်





ဘဲ အရှမ်းဟုတ်ပါတယ်လေလို့ မပြောပါနဲ့ ဆယ်လီ၊ တစ်ခုခု ဖြစ်စေချင်တယ်ဆိုတာက ခင်ဗျားဖြစ်ဖြစ် ကျွန်တော်ဖြစ်ဖြစ် ထိခိုက် ဒဏ်ရာရတာမျိုး ဖြစ်စေချင်တာ မဟုတ်ပါဘူး၊ ကျွန်တော်ဟာ ဒီရဲအလုပ်ထဲမှာပဲ ကျန်းကျန်း မာမာ အသက်ရှည်ရှည် အလုပ် လုပ်သွားဦးမှာ၊ နောက်. အဆင်ပြေရင် ဥပဒေစာမေးပွဲဖြေပြီး အမေ့အတွက် ချွေးမတစ်ယောက် ယူလေဦးမှာဗျာ၊ ခင်ဗျားလည်း တူတူပေါ့ဗျာ"

"ဘာလဲ ကျွန်မကလည်း ဥပဒေစာမေးပွဲ ဝင်ဖြေရဦးမှာလား"

"ဟာဗျာ ခင်ဗျားကလည်း ဘာမှ အထိအခိုက်မရှိစေချင်ပါဘူးလို့ ပြောတာပါဗျ၊ ခင်ဗျားကလည်း ဘယ်ဆိုးလို့လဲ၊ ပျက်လုံးထုတ်တတ်သား ပါကလား၊ ဒီမယ် ဆယ်လီ၊ ကျွန်တော်ဟာ ဘာသာရေး သိပ်ကိုင်းရှိုင်းတဲ့ လူဖြစ်ပေမယ့် ဘာသာမဲ့တော့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် မယ်တော် ဟာရီထာကို တိုင်တည်ပြီး ပြောပါ့မယ်၊ ခင်ဗျားကို မှဲ့တစ်ပေါက်မစွန်းရ အောင် ကျွန်တော် စောင့်ရှောက်ပါ့မယ် ပုံ့ပါ၊ ခင်ဗျား အေးအေးဆေးဆေး နဲ့ ကျွန်တော့်ကိုယုံပြီး လွှဲထားစမ်းပါ"

"ရှင် မိန်းကလေးတွေကို ဒီလို အမြဲပြောနေကျပဲလား ဖရင့်"

"ဗျာ မဟုတ်တာပဲ၊ ကျွန်တော်က ဘယ်သူ့ကို ဘာကိစ္စပြောရမှာလဲ၊ နေပါဦး ခင်ဗျားက ဒီလို ဘာကြောင့် ထင်ရတာလဲ"

"သြော် ရှင့်ပါးစပ်က အခက်အခဲမရှိဘဲ ထွက်လာလို့ ပြောတာပေါ့"

"ခင်ဗျား ဒီလိုထင်ရင် မှားမှာပေါ့ဗျာ၊ ကျွန်တော်က တွေ့တဲ့ မိန်းကလေးတိုင်းကို ဘာကိစ္စ ကျွန်တော်က ပြောရမှာလဲ၊ ကဲပါလေ ထားပါ၊ ကဲ စားသောက်ရုံထဲ ဝင်ရအောင်ပါ"

သူတို့နှစ်ဦးသည် လက်ဆီတန် အဲဗင်နယူးရှိ အာမေရီယန်

စားသောက်ဆိုင်တစ်ခုထဲ ဝင်လိုက်ကြ၏။

အေးဆေးသော စားပွဲတစ်ခုတွင်ထိုင်ပြီး အသီး၊ ကဘတ်၊ ပျားရည်မုန့်၊ တူရကီကော်ဖီ အစရှိသည့် အာမေရီယန် အစားအသောက်များကို မှာပေး၏။

ဆယ်လီသည် ရောက်ရှိလာသော အစားအသောက်များကို တအံ့တဩ ကြည့်ပြီး အားရပါးရ စားသောက်လိုက်မိ၏။ ပြီးမှ–

"ကျွန်မ အခုလို မစားဖြစ်တာကြာပြီ၊ ကျေးဇူးပါပဲ"

ဆယ်လီသည် စီးကရက်တစ်လိပ်မီးညှိပြီး ကုလားထိုင်နောက်မှီကို မှီလိုက်၏။ ဖရင့်ကပြုံး၍–

"ခင်ဗျားက လူမျိုးခြားပဲ၊ ဒီလို အစားအသောက်မျိုး ဘယ်ကြုံမလဲဗျ"

"ရှင် ရှင် ကျွန်မကို အမေရိကန် မဟုတ်ဘူးလို့ ပြောချင်တယ်ပေါ့လေ"

"ဩော် ဆယ်လီရယ်၊ ခင်ဗျားစိတ်ထဲမှာ ထိခိုက်စေချင်လို့ ပြောတာ မဟုတ်ပါဘူး၊ နယူးယောက်ကလူ မဟုတ်ဘူးလို့ ပြောတာပါ"

ဆယ်လီကမူ မကျေနပ်။

"နေပါဦး မြို့ကတော့ ဘာမို့တုန်း၊ ရှင်ပြောပုံက နယူးယောက်မြို့ဆိုတာကပဲ ကျွန်မတို့လို နယ်ကလူတွေ လူမျိုးခြားတွေမဝင်ရတဲ့ ကလပ်တစ်ခုလိုလို၊ ဘယ်နဲ့ရှင် ဒီမယ် ဖရင့်၊ ရှင်လည်း စပိန်သွေးပဲမဟုတ်လား၊ ပြူအာတိုရီကန်လူမျိုး ရှင့်ဆရာက ဂျူးလေ မဟုတ်ဘူးလား၊ ကျွန်မတို့ကို ကားနဲ့မောင်းပို့တဲ့ ဂလီဆန်က အိုက်ရစ်လူမျိုးရှင့်၊ နောက်ဆုံး ရင်ခွဲရုံထဲက အလောင်းကတောင် ဟန်ဂေရီလား၊ ရုရှားလူမျိုးလား မသိဘူး၊





တစ်ခုခုထဲကပဲ၊ ရှင်ပြောနေပုံက အမေရိကန်လူမျိုးစစ်စစ် မဟုတ်ရင်ဘဲ–"

"ဆယ်လီရယ် ဆယ်လီ၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် အဲဒီလို မရည်ရွယ်ရိုး အမှန်ပါ၊ ကျွန်တော် ဆိုလိုတာက ရေခြားမြေခြား အစားအသောက်ကို တခြားမှာ စားရခဲတာကို ပြောချင်တာပါ၊ လူမျိုးရေးစိတ်ဓာတ်တော့ ကျွန်တော်က ပိုမရှိတော့မပေါ့ဗျာ၊ ကျွန်တော်က ပြူအာတိုရီကန်ပါ၊ ၁၀ နှစ်သားကတည်းက တခြားလူတွေရဲ့ လူမျိုး ခွဲခြားမှုဒဏ်ကို ခံခဲ့ရတဲ့ကောင်ပါဗျ၊ အခု ခင်ဗျားကို ကျွန်တော်က ဆယ်လီလို့ ခေါ်တယ်၊ ခင်ဗျားက ကျွန်တော့်ကို ဖရင့်လို့ ခေါ်တယ်၊ ကျွန်တော်တို့နှစ်ယောက် ပူးပေါင်းပြီး ဘယ်လောက်ဆောင်ရွက်နိုင်တယ် ဆိုတာက အရေးအကြီးဆုံးပါဗျာ"

ဆယ်လီကလည်း သဘောတူလိုက်၏။

"ကောင်းပါပြီလေ ကောင်းပါပြီ"

ဖရင့်သည် ကျသင့်ငွေကို ရှင်းပေးလိုက်ပြီးနောက် စားသောက်ဆိုင်မှ ထွက်လိုက်၏။ စားပွဲရုံမှ ထွက်စဉ်တွင်လည်းကောင်း၊ အပြင်တစ်လျှောက် လမ်းလျှောက်နေစဉ်လည်းကောင်း ဖရင့်သည် ဆယ်လီအား သူ့ကိုယ်လုံးနှင့်ကာ၍ သွားလေသည်။

တစ်စုံတစ်ယောက်သောသူတစ်ဦး အနားမှ ဖြတ်သွားတိုင်း သတိကြီးစွာဖြင့် ထိုလူနှင့် ဆယ်လီအကြားမှ သူကနေ၍ ဖြတ်သွားစေသည်။ ဆယ်လီသည် ဖရင့်၏အပြုအမူများကို သတိမထားမိဘဲ မနေနိုင်ပေ။ တဖြည်းဖြည်းနှင့် ဖရင့်ဆိုသူသည် သူပြောသည့်အတိုင်း သူမ၏အသက်ကို ကာကွယ်ရန် ကြိုးစားမည်ကို ယုံကြည်လာလေ၏။

ဖရင့်သည် ဝန်းကျင်တစ်ခုလုံးကို အကဲခတ်နေရာမှ ဆယ်လီကို မကြည့်ဘဲနှင့်–

“တစ်ခုတော့ ကြိုကြိုတင်တင်ပြောထားမယ် ဆယ်လီ၊ တကယ်လို့ ကျွန်တော်က ခင်ဗျားကို တစ်ခုခု အော်လိုက်တာနဲ့ တစ်ပြိုင်နက် လမ်းဘေးကို ထိုးပြီးဝပ်လိုက်ပေတော့၊ ဒီအချက်ကို အသေအချာမှတ်ထား၊ ခင်ဗျားဘာသာလည်း ‘ဖရင့်က အော်လိုက်ရင် ငါ လမ်းဘေးမှာ ထိုးဝပ် ပစ်လိုက်မယ်၊ ခြေအိတ်ပဲစုတ်စုတ် ဂါဝန်ပဲပေပေ ငါ ဝပ်ချလိုက်မှာပဲ’လို့ နာနာရွတ်၊ ပြီးတော့ အဲဒီအတိုင်းလုပ် ဟုတ်လား၊ ဘယ့်နှယ့်လဲ လုပ်နိုင် ပါ့မလား”

“ဟုတ်ကဲ့ လုပ်နိုင်ပါလိမ့်မယ်”

“အဲ အရေးအကြီးဆုံးက ခင်ဗျားရဲ့ခေါင်းကို လက်နဲ့ကွယ်ပြီး မြေကြီးနဲ့ ကပ်နိုင်သမျှ ကပ်ဝပ်ပေတော့ ဟုတ်လား၊ ကျွန်တော်က အရေးကြုံလာရင် ‘ဆယ်လီ’လို့ တအား အော်မယ်၊ ကျွန်တော် အော်လိုက်တာနဲ့ အခုလို လူသွားလမ်းဘေးမှာဖြစ်ဖြစ်၊ တိုင်းစကွဲယားလို နေရာမှာပဲ ဖြစ်ဖြစ် ဘာမှ ဂရုစိုက်မနေနဲ့တော့၊ ဝပ်သာချ၊ အဲဒါကို ကတိပေးဗျာ”

“ကောင်းပါပြီ၊ ကျွန်မ ကတိပေးပါတယ်”

“ကဲ ဒါဆို တက္ကဆီတစ်စီးဆွဲပြီး ဂျိုဝီရဲ့အားကစားရုံကို သွားကြ ဦးစို့၊ အဲဒီမှာ လက်ဖတင်နင်ရှိချိုင်းနဲ့ ဆုံဖို့ ချိန်းထားတယ်”

“သွားလေ”

ဖရင့်သည် သူ၏နာရီကို ကြည့်လိုက်၏။

“လက်ဖတင်နင်နဲ့ ချိန်းထားတဲ့အချိန်ထက် နည်းနည်းစောနေ သေးတယ်ဗျ၊ ဂရင်းမာစီပန်းခြံဘက်ကို လမ်းလျှောက်မလား”





“ကောင်းသားပဲ လျှောက်လေ”

ဆယ်လီသည် ဂရင်းမာစီပန်းခြံကို မရောက်ဖူးသေးသူဖြစ်၍ အလွယ်တကူပင် လက်ခံလိုက်၏။

ဖရင့်သည် ဆယ်လီနှင့်တွဲ၍ လက်ဆီတန်အဲဗင်းနယူးအတိုင်း လျှောက်နေရင်း နယူးယောက်မြို့ကို ယခုမှ သူ ပိုင်ဆိုင်ရသလို ခံစား လာရ၏။ သည်မြို့ကား သူ့မြို့တည်း၊ သည်မြို့တွင် ရှိသမျှကို သူသည် ညွှန်နိုင်၏။ ပြနိုင်၏။

တကယ်လည်း ဖရင့်သည် နယူးယောက်မြို့နှင့် ပတ်သက်၍ သိကျွမ်းပြောဆိုနိုင်သည်ကို တွေ့ရ၏။ သူတို့သည် ပန်းခြံတွင်းသို့ မြောက်ဘက်ခြမ်းမှ ဝင်လာကြရင်း ရှေးယခင်က ဤပန်းခြံကို သော့ခတ် ထားပြီး လူချမ်းသာ သားသမီးတစ်စုတို့သာ အပန်းဖြေနိုင်ကြပုံကို ပြော ပြ၏။ ဆယ်လီသည် အံ့သြ တုန်လှုပ်သွား၏။ ဖရင့်ကမူ သူကိုယ်တိုင် ကိုးနှစ် ၁၀ နှစ်သားဘဝက စပိန် ဆင်းရဲသားရပ်ကွက်မှသည် ပန်းခြံသို့ အလည်လာမိရာ ရဲသားက သူ့ကို မောင်းထုတ်ပုံ၊ နောက်တစ်ကြိမ်တွေ့က ဖမ်းချုပ်မည်ဟု ခြိမ်းခြောက်ပုံကို ပြန်ပြောနေမိသည်။

“ကျွန်တော် ဘာကြောင့် ရဲဖြစ်လာရတယ်ဆိုတာ ခုလောက်ဆိုရင် ရိပ်မိရောပေါ့၊ ကျွန်တော့်ယုံကြည်ချက် ရည်ရွယ်ချက်နဲ့ ရဲထဲမှာ အမှု ဝင်ထမ်းတာပါဗျာ”

ထိုစဉ် ဆယ်လီသည် ရုတ်တရက် ဖရင့်၏ လက်မောင်းကို ဆုပ် လိုက်ပြီး–

“ဟိုဘက်ပန်းခြံ ဟိုဘက်ကို ကြည့်လိုက်စမ်းပါ”

ဖရင့်သည် ဆယ်လီပြရာသို့ လှမ်းကြည့်၏။ ဘာမှမတွေ့။

ဆယ်လီက–

"အဲဒီ ဟိုဘက်ကိုပြောတာ၊ သူ့ လျှောက်သွားပြီ"

ဖရင့်က ထပ်ကြည့်လိုက်ရာ လမ်းချိုးတစ်ခုသို့ လူတစ်ယောက် ကွေ့ဝင်သွားသည်ကို မသဲမကွဲ လှမ်းမြင်လိုက်ရ၏။

ဖရင်က–

"ဘယ်သူတုန်း"

"ကျွန်မစိတ်ထဲမှာ ဟို ရှင်ပြောတဲ့ စခန်းရှေ့မှာရပ်နေတဲ့လူလေ၊ မျက်လုံးပြာပြာ ရွှေရောင်ဆံပင်နဲ့ဆိုတဲ့ လူပေါ့၊ သူ့အကြောင်းပြောတိုင်း ရှင် ကျွန်မကိုတောင် စိတ်ဆိုးသေးတယ်လေ".

"ခင်ဗျားကို စိတ်ဆိုးတာ မဟုတ်ပါဘူးဗျာ၊ ဒါထက် အဲဒီလူမှန်း ခင်ဗျားက သေချာရဲ့လား၊ အဲဒီပုံမျိုးက အများကြီးဗျ"

"သေတော့ မသေချာဘူးပေါ့ရှင်၊ ဒါပေမယ့် ကျွန်မစိတ်ထဲတော့ သူလို့ ထင်တာပဲ၊ တကယ်လို့ အဲဒီလူဖြစ်နေရင် ကျွန်မ ဘာလုပ်ရမှာလဲ ဟင်".

ဝွန်ဇာလက်က တိုတောင်းစွာပင်–

"ကျွန်တော့်နောက် ကွယ်နေပေါ့"

"ရှင်– ရှင့်နောက်ကို ကွယ်နေရမယ်ဆိုတော့ လူသတ်သမားက ကျွန်မကိုယ်စား ရှင့်ကို ပစ်အောင်ပေါ့လေ"

ဝွန်ဇာလက်က ဆယ်လီဘက် လှည့်လိုက်၏။

"ကျွန်တော့်ကို ဘယ်သူကမှ မပစ်ပါဘူးဗျာ၊ စိတ်ချစမ်းပါ၊ ဒီမယ် ဆီလီ၊ ခင်ဗျားအနေနဲ့ ကျွန်တော့်အလုပ်အကိုင်ကို ခုလောက်ဆိုရင် သိဖို့ကောင်းလောက်ပါပြီ၊ ဒါထက် ခင်ဗျားဟာ တော်တဲ့ ကျောင်းဆရာမ





တစ်ယောက်လား၊ ရော်တဲ့ ကျောင်းဆရာမလား"

"ရှင် ကျွန်မကို ဘယ်သူမှ ဒီလိုမမေးဖူးဘူး၊ ကျွန်မအထင်တော့ ကျောင်းဆရာမကောင်း တစ်ယောက်လို့ ထင်တာပဲ"

"ကဲ ဖြစ်နိုင်ရင် ကျွန်တော့်ကိုလည်း တော်တဲ့ စုံထောက် တစ်ယောက်လို့ ယူဆထားပေါ့ဗျာ၊ လူဆိုးတွေဟာ စုံထောက်ကို အလကား နေရင်း မပစ်ရဲဘူးလို့မှတ်ထားဗျာ၊ ခင်ဗျားစိတ်ထဲမယ် သင်္ကာမကင်းတာ တွေ့ရင် ကျွန်တော့်ကို ချက်ချင်းပြောပြီးတော့ ကျွန်တော့်နောက်ကိုကပ် ဟုတ်လား"

"ကောင်းပါပြီရှင် ကောင်းပါပြီ"

သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်မိကြ၏။ ဝွန်ဇာလက်သည် တက္ကစီတစ်စီးကို လှမ်းတားလိုက်၏။

# [ ၆ ]

အမှတ် ၈၉၆ ရှစ်အဲဗင်းနယူးရှိ အဆောက်အဦးမှာ ညစ်ပတ်ပေရေ အိုမင်းသော အုတ်တိုက်တစ်ခုဖြစ်လေသည်။ သုံးထပ်တိုက် အုတ်ခုံဖြစ်ပြီး မှန်တံခါးမှာ အရောင်မရှိတော့သလောက် ဖြစ်နေ၏။ ထိုမှန်တံခါးပေါ်တွင် စာတန်းရေးထား၏။

"ဂျိုဝီ၏ အားကစားရုံ"

ဗွန်ဓာလက်သည် ဆိုင်းဘုတ်မှစာကို ဖတ်ရင်း လက်ဖတင်နင်ကို စောင့်ရမည်လား၊ ဆယ်လီကိုခေါ်ပြီး ရုံထဲဝင်ရမည်လား တွေးနေ၏။ လမ်းပေါ်တွင် ဆယ်လီနှင့်သူ ငူငူကြီး ရပ်စောင့်နေရခြင်းကို သူ့စိတ်ထဲမှ သိပ်မကျေနပ်။ အထဲဝင်စောင့်ခြင်းကမှ အန္တရာယ်နည်းပါးပေဦးမည်ဟု တွေးလိုက်၏။ ထို့ကြောင့် ဆယ်လီကိုခေါ်၍ တံခါးကိုတွန်းကာ အထဲသို့ ဝင်လိုက်၏။

တံခါးမှာ အလွယ်တကူပင်ပွင့်ပြီး ခန်းမကျယ်ထဲ ရောက်သွား၏။

အထဲရောက်သည်နှင့် အမှိုက်ဟောင်းနံ့၊ ကျင်ငယ်နံ့က ထောင်းခနဲထွက်လာသည်။ ဝွန်ဇာလက်သည် သူ၏ကလေးဘဝ စပိန်ဆင်းရဲသားရပ်ကွက်တွင် နေစဉ်က အနံ့အသက်များကို ပြန်လည် သတိရစေ၏။

ဝွန်ဇာလက်သည် ညစ်ထေးသော လှေကားထစ်များအတိုင်း ဆယ်လီ၏ လက်မောင်းကို ကိုင်၍ အပေါ်သို့ တက်လိုက်၏။ အပေါ်ထပ် ခန်းမကျယ်မှ သဲအိတ်ထိုးနေသော လက်သီးသံကို ကြားနေရသည်။

ဝွန်ဇာလက်သည် ဆယ်လီက အားကစားရုံတွင် မည်သူမျှ မတွေ့ရဆိုသော စကားကို ပြန်လည်ကြားယောင်ကာ အံ့ဩနေ၏။ အထူးသဖြင့် ဂျူဝီကွန်ပါရာ သေဆုံးပြီဖြစ်နေ၍ မည်သူများ လေ့ကျင့်နေပါလိမ့်ဟု တွေးတောစရာ။ သို့နှင့် ဆယ်လီအား–

"ဘယ်လိုလဲ၊ ခင်ဗျားပြောတော့ အားကစားရုံမှာ ဘယ်သူ လေ့ကျင့်နေတာမှ မတွေ့ရဘူးဆို"

ဆယ်လီကလည်း အံ့ဩစွာဖြင့်ပင်–

"ဟုတ်တယ်လေ၊ ကျွန်မလာတုန်းကတော့ ဘယ်သူမှမရှိဘူး"

ဝွန်ဇာလက်သည် သတိကြီးစွာဖြင့် လှေကားထစ်ဆုံးအောင် တက်လိုက်၏။ နောက် အားကစားခန်းမ တံခါးကို အသာဖွင့်လိုက်၏။

ခန်းမကျယ်ကြီး တစ်ခုလုံးတွင် အားနည်းသော မီးလုံးတစ်လုံးသာ နံရံတစ်ခုတွင် ထွန်းထား၏။ အားကစားရုံတစ်ခုလုံးတွင် ဘောင်းဘီတိုနှင့် သဲအိတ်ကိုထိုး လက်ဖွေ့ကျင့်နေသော လူတစ်ယောက်မှလွဲ၍ မည်သူမှ မရှိကြ။ လေ့ကျင့်နေသူမှာ စနစ်တကျ ကြေးစား လက်ဝှေ့သမား၏ဟန် အပြည့်ရှိ၏။ သူ သဲအိတ်ထိုးနေပုံမှာ အားပါပုံရသည်နည်းတူ ကျွမ်းကျင်ပုံ ရလေသည်။ ထိုလူ၏ လှုပ်ရှားဟန်ကို ဝွန်ဇာလက်က မှတ်မိသလို





အောက်မေ့မိ၏။

ဝွန်ဇာလက်သည် တစ်ရုံလုံးကို အကဲခတ်ပြီးနောက်–

"ကဲ လာဗျာ"

ဆယ်လီကို အတွင်းသို့ဝင်စေပြီး လေ့ကျင့်နေသော လက်ဝှေ့သမား ရှိရာသို့ အတူလျှောက်လာကြ၏။

လက်ဝှေ့သမားမှာ မစ်ဒယ်ဝိတ်တန်းလောက်ရှိပြီး ပခုံးသားများမှာ ကြီးမားလှပေသည်။ အရွယ်အားဖြင့် လူလတ်ပိုင်းလောက် ရှိနေသော်လည်း သူ၏ခြေထောက် ရွေ့လျားပုံမှာ သွက်လက်လှပေသည်။ လက်ဝှေ့သမားသည် သူ့အလုပ်နှင့်သူ ရှုပ်နေသော်လည်း ရှေ့တိုးလာသော ဝွန်ဇာလက်တို့ နှစ်ဦးကို မျက်လုံးထောင့်စွန်းမှ သတိထားမိပုံရလေသည်။

ဝွန်ဇာလက်သည် အနားသို့ ဖြည်းညင်းစွာ လျှောက်သွားပြီးမှ–

"ဟဲလို ပက်ဆီ၊ မင်း ဒီမှာ ဘာလုပ်နေတာလဲ"

ပက်ဆီဟု အခေါ်ခံရသော လက်ဝှေ့သမားသည် သဲအိတ်ထိုးခြင်းကို ရပ်လိုက်ပြီး ဝွန်ဇာလက်နှင့် မိန်းကလေးတို့ကို အကဲခတ်နေ၏။ သူသည် လက်ဝှေ့အိတ်နှင့် သူ၏မျက်နှာကို ပွတ်သပ်ရင်း ဝွန်ဇာလက်ကို ကြိုးစား၍ မည်သူမည်ဝါ စဉ်းစားနေ၏။ လက်ဝှေ့သမား၏ မျက်နှာမှာ မူလက မည်ကဲ့သို့ရှိမည် မသိသော်လည်း ယခုမူ နှာခေါင်းရိုး ကျိုးပြီးဖြစ်၍ ပြားချပ်နေသော နှာခေါင်း၊ စုတ်ပြတ်နေသော နားရွက်၊ နှုတ်ခမ်းများဖြင့် အရုပ်ဆိုးလှပေသည်။

လက်ဝှေ့သမားသည် အတန်ကြာသောအခါမှ မှတ်မိသွားဟန်ဖြင့်–

"ဟေး ဖရင့်၊ မင်း ဖရင့် မဟုတ်လား၊ ငါ့မျက်လုံးက သိပ်မကောင်းတော့ မင်းကို ချက်ချင်းမမှတ်မိဘူးကွာ၊ မင်း ဖရင့်ကီ မဟုတ်လား"

ဝွန်ဇာလက်က ခေါင်းညိတ်လိုက်၏။

"မင်း ငါ့ကို မှတ်မိသားပဲကွ ပက်ဆီရ၊ ဒါထက် မင်း ဒီမှာ ဘာလုပ်နေတာလဲ ဆိုပါဦး"

"လေ့ကျင့်နေတာပါကွာ"

"ဘာလဲ မင်း လက်ဝှေ့ထိုးတုန်းပဲလား"

"မထိုးနိုင်တော့ပါဘူး ဖရင့်ကီရာ၊ ထိုးလောက်အောင်လည်း မကောင်းတော့ပါဘူး ငါ သိပ်နေးသွားပြီကွ၊ ငါ သံအိတ်ထိုးလို့ ရသေးတယ်၊ ပွဲထိုးမယ့် လက်ဝှေ့သမားနဲ့ သွေးပူလေ့ကျင့်လို့ ရသေးတယ်၊ ဒါလောက်ပါပဲ။ ငါ ဒီကိုလာတာ ဂျိုဝီကို လာစောင့်နေတာလေ၊ ဂျိုဝီ ရောက်လာရင် သူ့လက်ဝှေ့သမားတွေနဲ့ သွေးပူလေ့ကျင့်ရတယ်လေ၊ ၁၅ မိနစ် နာရီဝက်လေ့ကျင့်ရုံနဲ့ ငါးဒေါ်လာပေးတယ်ကွ၊ ဒီလိုပဲ အသက်မွေး ရတာပေါ့ကွာ"

"မဟုတ်သေးဘူးလေ၊ ဒီအတိုင်းဆက်နေလို့ ဘယ်ဖြစ်မလဲ၊ ဒီအလုပ်အကြောင်း မင်းလည်းသိသားနဲ့"

"သိတာပေါ့ကွာ၊ ငါထက် ဘယ်သူပိုသိရဦးမှာလဲ၊ ဒါထက် မင်းကကော ရဲပဲလား"

"အေး"

"အေး မင်းက ရဲဖြစ်နေသေးသလို ငါလည်း လက်ဝှေ့သမားပဲ ပေါ့ကွာ၊ ထိုးနိုင်တာ မထိုးနိုင်တာ အပထားပြီး၊ ဟေ့ မင်းအမေရော နေကောင်းရဲ့လား"

"ကောင်းပါတယ်ကွာ၊ တစ်နေ့ညကတောင် အမေက မေးသေး တယ်၊ ပက်ဆီမင်ဒီရာ တစ်ယောက် ပျောက်နေတုန်းတဲ့၊ အိမ်ဘက်ကို





လာပြီး ညစာလေး ဘာလေး လာမစားတာ ကြာပြီတဲ့"

"ဟုတ်တာပေါ့ကွာ ငါသတိရပါပြီ၊ မင်းအမေက ထမင်းချက် ဟင်းချက် ကောင်းကွ၊ နေပါဦး မင်းညီမနှစ်ယောက်ကော နေကောင်း ရဲ့လား၊ ဟို မဲလီရယ် နောက် အသားညိုညိုနဲ့ အငယ်မလေးကောကွာ"

ဝွန်ဇာလက်က ပြုံးပြုံးနှင့်ပင်–

"ငါ့မှာ ဘယ်ညီမ ရှိရမှာလဲကွ ပက်ဆီရ၊ မင်း ငါ့ကို တစ်ယောက် ယောက်နဲ့ လွဲနေပြီထင်တယ်"

"မင်းကို မလွဲပါဘူးကွ၊ ညီမတွေရှိတယ်ဆိုတာသာ လွဲသွားတာပါ၊ ငါက ကုန်စုံဆိုင်က ဟာမင် ဝွန်ဇာလက်နဲ့ မှားသွားလို့ပါ၊ မင်းသိပါ တယ်ကွာ၊ ဟိုလေ ဟာမင် ဝွန်ဇာလက်လေ၊ ဟို သူ့ကလေးလေး–"

ဖရင့်က ဝင်၍ တုံးတိတိ လေသံဖြင့်–

"ငါ မှတ်မိပါတယ်ကွာ၊ သူ့ကလေးလေးက ရဲသေနတ်လက်ချက် နဲ့ ဆုံးသွားတာလေ၊ အသုံးမကျတဲ့ ကိစ္စတစ်ခုပါကွာ"

"အေးပါ အေးပါ၊ ငါကလည်း ဒီအကြောင်းကို မင်းပြောဖို့ မဟုတ်ပါဘူးကွာ၊ မင်းက ရဲမဟုတ်လား၊ ဒါပေမယ့် ရဲလည်း အမျိုးမျိုး၊ တို့အထဲလည်း အမျိုးမျိုးပေါ့ကွာ"

"ဟုတ်ပါပြီလေ မင်း ဘာတွေ သိသလဲ ပက်ဆီ"

"ဘာ ငါဘာသိသလဲ၊ ငါက ဘာသိရမှာလဲကွ၊ ငါက တုံးကွာ၊ ဖွတ်ကွာ၊ ဒီမယ် သူငယ်ချင်း ငါက ငါ့ဒုက္ခကို မင်းအပူကပ်နေတာ မဟုတ်ပါဘူးနော်၊ ဒါပေမယ့် ငါ အမှန်တကယ် ဘိုဝ်ကျနေတာကို ပြော တာပါ၊ ငါလည်း ကိုယ့်ကိုယ်ကို အတတ်နိုင်ဆုံး ထိန်းသိမ်းပြီး ဂျိုဝီ အလာကို စောင့်နေရတာပဲကွာ၊ သူလာရင် ငါ့ကို လေ့ကျင့်ဘက်နဲ့

နည်းနည်းထိုးခိုင်းပြီး ငွေပေးမှာကွ"

ဖရင့်သည် ပက်ဆီ၏မျက်လုံးကို အသေအချာကြည့်ပြီး–

"ဂျိုဝီ ပြန်မလာတော့ဘူး ပက်ဆီ၊ ဒါကို မင်းသိပါတယ်၊ မင်း ဒီအထဲကို ဘယ်လိုလုပ်ဝင်သလဲ ပြောစမ်း"

"အစောင့်ကောင်မလေးက ဖွင့်ပေးလို့ပါ"

လက်ဖွဲ့သမားကြီးသည် လေ့ကျင့်ရေးအိတ်ကို ဆက်ထိုးနေပြန်၏။ ဝွန်ဇာလက်က ဆယ်လီကို ကြည့်လိုက်ရာ ဆယ်လီသည် ပက်ဆီ လက်ဖွဲ့လေ့ကျင့်ရေးအိတ် ထိုးနေခြင်းကို ကြည့်နေသည်ကို တွေ့ရ၏။ ဆယ်လီက–

"အဲဒီလို လေ့ကျင့်ရတာ မလွယ်ဘူးနော်"

ဝွန်ဇာလက်က–

"ဘယ်လွယ်မလဲ၊ အဲဒီလို ထိုးတတ်အောင် ဘယ်လောက် လေ့ကျင့်ရတယ် မှတ်သလဲ၊ ဩော် ခင်ဗျား ကျွန်တော့်အသက် ၃၃ နှစ် ဆိုတာ သိပြီးသားနော်၊ သူ့အသက် ဘယ်လောက်ရှိပြီထင်သလဲ"

ဆယ်လီက မျက်ခုံးတွန့်လိုက်ပြီး–

"မပြောတတ်ဘူးလေ၊ ၅၅ နှစ်လောက် ရှိရောပေါ့"

"ဘယ်ကလာ သူ့အသက် ၂၉ နှစ်ပဲ ရှိသေးတယ်"

"ဟင်"

"မဟင်နဲ့ ကျွန်တော် တကယ်ပြောတာ"

ဝွန်ဇာလက်သည် တစ်ဆက်တည်း ပက်ဆီဘက်လှည့်ပြီး–

"ဟော့ကောင် ပက်ဆီ၊ အပိုတွေ လုပ်မနေစမ်းနဲ့ကွာ၊ ငါပြောတာ ကြားတယ် မဟုတ်လား၊ ဂျိုဝီ ပြန်မလာတော့ဘူးဆိုတာ မင်းသိပါတယ်၊





မင်း ဒီမှာ ဘာလာလုပ်တာလဲ ပြောစမ်း"

ပက်ဆီ၏လက်များသည် နံဘေးသို့ ကျသွား၏။ သူ့မျက်နှာမှာ အရိုက် ခံရသော ကလေးငယ်လို ကြောက်သွားပုံရ၏။

"ဖရင့်ကီ မင်းကို ငါ ဘာလို့ လိမ်ရမှာလဲကွာ၊ ငါ ဂျိုဝီကို လာစောင့် တာ အမှန်ပါကွ"

"အားကစားရုံက ပိတ်ထားတာ မဟုတ်လား"

ပက်ဆီသည် လေးတီလေးကန်စွာဖြင့်–

"အင်း ပိတ်ထားတာနဲ့ တူတာပဲ၊ ဘယ်သူမှ မရှိဘဲကိုး"

"အေးလေ ပိတ်ထားမှာပေါ့၊ ဂျိုဝီကွန်ပါရာက သေပြီကိုးကွ၊ သူသေပြီ ဆိုတာ မင်းသိပါတယ် ပက်၊ ဘာလို့ သူ့ကို လာစောင့်နေတာလေး ဘာလေးနဲ့ ငါ့ကို လိမ်ချင်ရတာတုန်း"

"ငါ့ကို ဘာလို့ အော်တာတုန်း ဖရင့်ကီ၊ ငါက မင်းကို ဘာလုပ် နေလို့ အော်ရတာတုန်း၊ မင်းက ရဲဆိုပြီး ငါ့ကို အနိုင်ကျင့်နေတာလား"

ဆယ်လီသည် လက်ဖွဲ့သမားကြီး၏ မျက်နှာကို ကြည့်ရင်း သနား လာပြီး–

"နေပါစေ ဖရင့်ရယ် သနားပါတယ်၊ သူ့ကို မေးမနေပါနဲ့တော့"

ဝွန်ဇာလက်သည် ဆယ်လီဘက် လှည့်ကြည့်ပြီး မျက်မှောက်ကုတ် လိုက်၏။ နောက် ပက်ဆီဘက်သို့ ပြန်လှည့်ကာ–

"ငါ မင်းဆီက အမှန်အတိုင်း သိချင်တယ် ပက်ဆီ၊ မင်း ဂျိုဝီ သေတယ်ဆိုတာ သိတယ်မဟုတ်လား"

ပက်ဆီသည် ခေါင်းကြီးငုံ့ပြီး စဉ်းစားနေရာမှ ရုတ်တရက် မှတ်မိသွားသည့်အလား ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ဖရင့်၊ မင်းပြောမှ သတိရတယ်၊ ငါ့ခေါင်းထဲမှာ လုံးလုံး သတိမရဘူး သိလား၊ အခုလည်း ဂျိုဝီ သေသွားပြီဆိုတော့ ဒီအားကစားရုံက ဖွင့်မှဖွင့်ပါဦးမလား မသိဘူး၊ လူလည်း တစ်ယောက်မှ မရှိကြဘူး၊ ကြည့်ရတာ ပိတ်ထားသလိုပဲ"

ဆယ်လီသည် ဂွန်ဇာလက် လက်မောင်းကို ကိုင်လိုက်၏။

"သူ့ကို မေးဖို့ လိုသေးလို့လားဟင်"

ဂွန်ဇာလက်သည် စိတ်အနှောင့်အယှက်ဖြစ်ကာ ဆယ်လီဘက်သို့ လှည့် ကြည့်လိုက်၏။

"လိုတယ်ဗျ– ကျုပ်က အလကားအလုပ်တွေ လုပ်နေတယ် ထင်လို့လား၊ ကျုပ်အလုပ် ကျုပ်သိပါတယ်ဗျာ၊ ဆယ်လီ ခင်ဗျားဘာသာ နေစမ်းပါ၊ ကျုပ်လုပ်စရာရှိတာ လုပ်စမ်းပါရစေ"

ဂွန်ဇာလက်သည် ပက်ဆီ၏လက်မောင်းကို ညင်သာစွာ ကိုင်လိုက်၏။

"ဒီမယ် ပက်ဆီ၊ ငါပြောတာကို သေသေချာချာ နားထောင်စမ်း၊ မင်းနဲ့ ငါနဲ့ဟာ ငယ်သူငယ်ချင်းတွေပါကွ၊ မဟုတ်လား၊ ငယ်ငယ်တုန်းကတည်းက မင်းကို စော်ကားတဲ့လူဆိုရင် ငါ ခံခဲ့သလား၊ စဉ်းစားစမ်း"

ပက်ဆီသည် ခေါင်း ဆတ်ခနဲ ညိတ်လိုက်၏။

"ဟုတ်တယ် ဟုတ်တယ် ဖရင့်ကီ၊ မင်းဟာ ငါ့အပေါ်မှာ အမြဲကောင်းခဲ့ပါတယ်ကွာ"

"အေး ငါက ရဲတစ်ယောက်ဖြစ်သွားတာနဲ့ ဘာမှ ပြောင်းလဲမသွားပါဘူးကွာ၊ မင်း ငါ့ကို ယုံတယ် မဟုတ်လား"

"အေးပါကွ ဖရင့်ကီရာ၊ မင်းကို ငါ ယုံပါတယ်"





"အေး ဒါဖြင့် ကောင်းပြီ၊ အခု မင်းအနေနဲ့ ဂျိုဝီကွန်ပါရာ သေတယ်ဆိုတာ မင်းသိပြီ၊ သူ့ကို တစ်ယောက်ယောက်က အပျောက် ရှင်းလိုက်ပြီ ဟုတ်လား"

ပက်ဆီမျက်နှာမှာ ဝေဒနာ ခံစားရသလို တွန့်လိမ်နေ၏။

"ငါ့ကို ဘာတွေလာပြောခိုင်းနေတာလဲ ဖရင့်ကီရာ၊ ငါ တောင်းပန်ပါတယ်၊ မပြောပါရစေနဲ့"

"ဒီမယ် ပက်ဆီ၊ ဂျိုဝီကွန်ပါရာကို ဘယ်သူ ဖြောင်သွားသလဲဆိုတာ ငါသိဖို့ အရေးကြီးတယ်ကွ၊ ရိုးရိုးလူသတ်မှုတစ်ခုအဖြစ်နဲ့ ရဲမို့ သိချင်တာ မကဘူး၊ အခု ငါနဲ့ပါလာတဲ့ မိန်းကလေးကို တွေ့တယ်မဟုတ်လား"

ပက်ဆီက ဆယ်လီကို လှမ်းကြည့်လိုက်၏။

"တွေ့ပါတယ် မိန်းမချောလေးပဲကွ၊ မင်း လက်ထပ်ယူတော့မယ့် မိန်းကလေးလား"

ပက်ဆီ၏ စကားကြောင့် ဆယ်လီသည် ရှက်သွား၏။ ဂွန်ဇာလက်ကမူ ဘာမှမထူးခြား။

"သူ့နာမည်က ဆယ်လီဒီလ်မန်တဲ့၊ သူ့ကို ငါက မင်းနဲ့မိတ်ဆက်ပေးချင်တာ၊ ဘာလို့လဲဆိုတော့ မင်းက ငါ့ရဲ့သူငယ်ချင်းတစ်ယောက်မို့ပဲ"

ဆယ်လီဘက်သို့ လှည့်၍–

"ကဲ မစ္စဆယ်လီ၊ သူကတော့ ပက်ဆီမင်ဒီရာတဲ့၊ ကျွန်တော့်ရဲ့ ငယ်သူငယ်ချင်း၊ တစ်ရပ်ကွက်တည်းမွေးပြီး အတူကြီးလာတာ၊ ပက်ဆီဟာ လက်ဝှေ့ ကျော်တစ်ယောက်ပဲ၊ သူ တစ်ချိန်တုန်းကဆိုရင် ဝယ်လ်တာဝိတ်တန်းမှာ အကောင်းဆုံး လက်ဝှေ့သမားပေါ့၊ သတ္တိကော အရည်အချင်းရော အပြည့်ပဲ"

လက်ဝှေ့သမားကြီးက လေးလံစွာဖြင့်–

“ခုလို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဖရင့်ကီ ငါ ငယ်ငယ်တုန်းက ရှေ့ထိုးဆောင်းခဲ့တဲ့အဖြစ်တွေ ပြန်ပြောမနေပါနဲ့ကွာ၊ ငါ မျက်နှာပူလို့ပါ”

“ဘယ့်နှယ် မျက်နှာပူရမှာလဲ မစွတာမင်ဒိုရာရယ်၊ သူပြောတာ အမှန်တွေ မဟုတ်လား၊ အခုလိုသိရတာ ကျွန်မလည်း ဝမ်းသာပါတယ်”

ပက်ဆီက လက်ကမ်းပေးလိုက်သည်ကို ဆယ်လီကလည်း ပြန်လှမ်းဆုပ်ကိုင်လိုက်၏။ ပက်ဆီသည် လက်ကို ယောင်မှားရှုံ့ညစ်လိုက်ရာ ဆယ်လီ နာကျင်သွားသည်။ သို့သော် ပါးစပ်မှ ဘာမှထုတ်မပြော။

ဆယ်စက္ကန့်ခန့် ပက်ဆီသည် ဆယ်လီ၏လက်ကို ဆုပ်ကိုင်ထား၏။ နောက်မှ လက်ကိုဖြုတ်လိုက်ပြီးချကာ နောက်သို့ ပစ်ထားလေသည်။

ဝွန်ဇာလက်သည် ဆယ်လီကို အားပေးပြုံး ပြုံးလိုက်ပြီးမှ ပက်ဆီဘက်သို့ လှည့်ပြီး–

“ကဲ အခုလိုဆိုတော့ တို့တစ်တွေ သူငယ်ချင်းမိတ်ဆွေတွေ ဖြစ်သွား ကြပြီပေါ့ ဟုတ်လား၊ ရဲတွေဘာတွေ မရှိတော့ဘူးနော်၊ တစ်ခုတော့ ရှိတယ်၊ ဂျူဝီကွန်ပါရာကို သတ်သွားတဲ့ လူသတ်သမားကို ငါ့အနေနဲ့ အချိန်မီ မသိရရင် အခု မင်းတွေ့နေရတဲ့ မိန်းကလေးမှာ အန္တရာယ်အများကြီးရှိတယ် သူငယ်ချင်း၊ ဒီမိန်းကလေးဟာ ဂျူဝီလို အသတ်တောင် ခံသွားရနိုင်တယ်”

“ဒါ မင်းရဲ့မိန်းကလေးလား ဖရင့်ကီ”

“ငါ့မိန်းကလေးတော့ မဟုတ်ဘူး ပက်ဆီ၊ ဒါပေမယ့် သူ့အပေါ်မှာ ကျရောက်လာမယ့် အန္တရာယ်တွေကို ငါက ကာကွယ်ဖို့ တာဝန်ယူထားရတဲ့ မိန်းကလေးပဲ၊ ငါပြောတာတွေကို မင်း သဘောပေါက်





တယ်နော်”

ဝွန်ဇာလက်သည် ပက်ဆီကို တစ်လုံးချင်းရှင်းပြပြီး ပခုံးကိုပုတ်၏။ ပက်ဆီသည် ခေါင်းညိတ်ရင်း–

“အေးပါ၊ ငါ သဘောပေါက်ပါတယ်”

“ဒါဖြင့် ငါမေးမယ်၊ မင်း ဂျူဝီကွန်ပါရာကို သိတယ်မဟုတ်လား”

“သိပါတယ်ကွာ၊ သူက ငါ့အပေါ်မှာ အမြဲကောင်းရှာတယ်”

“အေးပါ၊ သူ မင်းအပေါ်မယ် ကောင်းတာ မကောင်းတာကို ထားပါတော့၊ အခု သူသေသွားပြီကွ၊ သေတဲ့လူတစ်ယောက်ကို ကောင်းကြောင်း ဆိုးကြောင်း မပြောကြစို့နဲ့၊ တို့တာဝန်က အချက်အလက်တွေစုဖို့ သက်ရှိထင်ရှားရှိတဲ့ လူအတွက် ကာကွယ်ဖို့၊ ဒီမယ် ပက်ဆီဂျူဝီဟာ ကြေးစားဒုစရိုက်သမား တစ်ယောက် ဆိုတာ မင်း သိတယ်မဟုတ်လား”

“အင်း သူ့များတွေက အဲဒီလိုပဲ ပြောပြောနေကြတာပဲလေ၊ လူတွေက ဒီလိုပြောကြတာပါပဲ၊ သူတို့ပြောတိုင်း ယုံဖို့မှမဟုတ်တာ၊ ငါ့အပေါ် သူကောင်းရှာပါ တယ်ကွာ၊ ငါ့ကို စားဖို့ငွေလည်း ပေးတယ်၊ အိပ်စရာမရှိရင် ဒီမှာပဲသိပ်တယ်၊ ဒါ လူကောင်းပဲပေါ့ကွ”

ဝွန်ဇာလက်သည် စိတ်ရှည်လက်ရှည်ဖြင့်–

“အေးပါ၊ သူက မင်းမိတ်ဆွေဆိုတာ ငါ လက်ခံပါတယ်၊ အခု သူ သေပြီကွ၊ ငါသိချင်တာက သူ့ကို ဘယ်သူသတ်သွားသလဲ ဆိုတာပဲ”

ပက်ဆီသည် ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း စဉ်းစားနေလိုက်ပြီးမှ–

“ကဲ လာ တစ်ခုတော့ရှိတယ်ကွ၊ လွန်ခဲ့တဲ့လလောက်က လူတစ်ယောက်က ဂျူဝီကို ဒေါ်ပွတဲ့အကြောင်း ပြောသလိုလိုပဲ၊ သူ့အပေါ်မှာ ခေါင်းပုံဖြတ်တယ်တဲ့၊ ငါလည်း သေသေချာချာ မမှတ်မိတော့ဘူးကွာ၊

မင်းလည်း သိတဲ့အတိုင်း ငါ့ခေါင်းက သိပ်ကောင်းတော့တာမှ မဟုတ်တာ၊ ဘုရားရေ အခု တောင် ခေါင်းကကိုက်လာပြီ"

ပက်ဆီသည် ပြောပြောဆိုဆို သူတို့ကိုကျောပေးပြီး လက်ဇေ့ ကြီးပိုင်း နံဘေးမှ ကုလားထိုင်တစ်ခုသို့ သွားထိုင်ကာ သူ့ခေါင်းကို လက်နှင့်ဖိကိုင်ရင်း ညည်း တွားနေလေ၏။

ဗွန်ဇာလက်သည် ပက်ဆီနောက်သို့ လိုက်မည် ပြုသောအခါ ဆယ်လီက လက်ကိုဆွဲ၍–

"သူ့ကို ထပ်မေးဦးမလို့လားဟင်၊ သနားပါတယ်"

ဗွန်ဇာလက်သည် သက်ပြင်းချလိုက်၏။

"ဒီမယ် ဆယ်လီ၊ ခင်ဗျား ကျွန်တော့်အလုပ်၊ ကျွန်တော့်လောကကို မသိပါဘူးဗျာ၊ အသာနေစမ်းပါ၊ ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ ကျွန်တော် သိပါ တယ်၊ ဒါ ကျွန်တော့်အလုပ်ဗျ၊ ခင်ဗျား နားမလည်ဘဲနဲ့ ဝင်ဝင်မပါစမ်းပါနဲ့"

"ရှင် ကျွန်မကို စိတ်ဆိုးပြန်ပြီလား ဖရင့်"

"ကျွန်တော် စိတ်မဆိုးပါဘူး၊ ဒါပေမယ့် ကျွန်တော် အခုလုပ်နေတာ တွေဟာ ကျွန်တော့်အလုပ်ကို ကျွန်တော် လုပ်နေတယ်ဆိုတာ ခင်ဗျား သိထားစေချင် လို့ပါ"

ဆယ်လီသည် ရပ်သွား၏။

"ဟုတ်ပါတယ်၊ ကျွန်မ နားလည်အောင်ကြိုးစားပါမယ်၊ အမှန်တော့ ရှင့်အလုပ်ကို ရှင်လုပ်တာပဲလေ၊ ကျွန်မ နားလည်ဖို့ နားမလည်ဖို့က အရေး မကြီးပါဘူး"

ဗွန်ဇာလက်သည် တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ မပြောတော့ဘဲ





ခေါင်းတစ်ချက်ရမ်းလိုက်ကာ ပက်ဆီထံသို့ လျှောက်သွားလိုက်လေ၏။

ပက်ဆီ အနားရောက်သည်နှင့် ပက်ဆီ့ပခုံးကို ပုတ်ကာ–

"ပက်ဆီ သူငယ်ချင်း၊ ပက်ဆီ နားထောင်စမ်း"

လက်ဇေ့သမားကြီးသည် မော့ကြည့်လိုက်၏။

"ဖရင့်ကီ မင်းမှာ ခေါင်းကိုက်ပျောက်ဆေးလုံး တစ်မျိုးမျိုးများ မပါဘူးလားကွာ"

"ငါ့ဆီမှာ မပါဘူးကွ၊ ဒါပေမယ့် ငါရှာပေးပါ့မယ် စိတ်ချပါ၊ မင်းကသာ ဆက်ပြီး သေသေချာချာ စဉ်းစားစမ်းပါ"

"စဉ်းစားတာပဲကွ၊ ဒါပေမယ့် မင်းသိတဲ့အတိုင်းပဲ၊ ငါ့ခေါင်းက သိပ်မကောင်းတော့ဘူး၊ မင်းတို့လို လူတွေကတော့ အမြဲတမ်း အရာရာ မှတ်မိ တာပေါ့ကွာ၊ ငါ့အတွက်ကျတော့ ခက်တယ်ကွာ၊ မှတ်မိဖို့မလွယ်ဘူး၊ ငါ မှတ်မိ သလောက်က ဂျိုဝီက အလုပ်ကြီးကြီး လုပ်စရာတစ်ခုရှိတယ်၊ အဲဒီအလုပ်ကို အနောက်ကမ်းခြေက လူတစ်ယောက်ကို တာဝန်ပေးတယ်၊ သူ့နာမည်တော့ ငါ မမှတ် မိတော့ဘူး၊ အနောက်ကမ်းခြေကိုတော့ ဖလော်ရီဒါနဲ့ ရော ရောသွားတယ်ကွ၊ ငါက ဒီတော့ ဆန်ဒီယာဂိုးမှာ စတိစ်ဆိုတဲ့ အကောင်နဲ့ ထိုးဖူးပါတယ်၊ အဲဒီတုန်းက ကောင်းလိုက်တဲ့ ပွဲကွာ"

ဗွန်ဇာလက်သည် စကားအဆုံးမခံဘဲ ဝင်ဖြေလိုက်၏။

"ပက်ဆီ ဟေ့ကောင်ပက်ဆီ၊ အဲဒီအနောက်ကမ်းခြေက ကန်ထရိုက် သမားက ဘယ်သူတုန်းကွ၊ နောက် ဘာဖြစ်သေးတုန်း"

"ဘာ ကန်ထရိုက်သမား ဟုတ်လား"

"ကွာ ဂျိုဝီက သူ့အပေါ်မယ် ခေါင်းပုံဖြတ်တယ်ထင်လို့ မကျေနပ်

ဘူးဆိုတဲ့ သူလေ၊ ဒီမှာပက်ဆီ သေသေချာချာ နားထောင်စမ်း သူငယ်ချင်း ငါပြောပြမယ်"

"ဂျူဝီလို လူတစ်ယောက်က ငွေအများကြီး ဆိုပါစို့ကွာ၊ ဒေါ်လာ သုံးထောင် အလုပ်တစ်ခု လုပ်ပေးတယ်"

"ဂျူဝီက သူ့အိတ်ထဲကို ငွေ ဒေါ်လာနှစ်ထောင်ထည့်ပြီး ကန်ထရိုက်သမားကို ဒေါ်လာတစ်ထောင်ပဲ ပေးတယ် မင်းရှင်းတယ်နော် ပက်ဆီ၊ အဲဒီကန်ထရိုက်သမားဆိုတာ လူသတ်သမားပဲကွ၊ ပေးတဲ့ကန်ထရိုက်က လူသတ်ဖို့ကွ၊ မင်းပြောတဲ့အတိုင်းဆိုရင် အဲဒီလူသတ်သမားဟာ နယူးယောက်ကိုလာပြီး အလုပ်လုပ်ရမယ်၊ သူက အနောက်ဘက်ကမ်းခြေက ဆိုတော့ လော့စ်အင်ဂျလိကလား၊ ဆန်ဖရန်စစ္စကိုကလားပဲ"

ပက်ဆီသည် ကလေးတစ်ယောက်လို ပြုံးသွားပြီး–

"ဟုတ်ပြီ ဟုတ်ပြီ၊ အဲဒီငနဲက ဆန်ဖရန်စစ္စကိုကကွ၊ မင်းသိတယ်နော် ဖရင့်ကီ၊ ငါဆိုတဲ့အကောင်က လျှာပေါ်မှာ မြက်ပေါက်ချင် ပေါက်ပစေ၊ ရဲသတင်းပေးတော့ မလုပ်ဘူးကွ သိလား၊ ဒါပေမယ့် အခုကိစ္စက တစ်မျိုးမဟုတ်လား၊ မင်း စဉ်းစား ကြည့်စမ်း ဖရင့်ကီ၊ မင်းကွာ ဒေါ်လာ တစ်ထောင်ယူပြီး လူတစ်ယောက် သတ်ရမယ်လို့ မဟုတ်တာပဲကွာ၊ လောကကြီးမှာ ဒီလောက် အောက်တန်းကျတဲ့ လူစားက ရှိသေးတယ်နော်၊ လက်ဖွေ့သတ်တယ်ဆိုတဲ့ အလုပ်ကလည်း သတ်တဲ့ ပုတ်တဲ့လုပ်ငန်း တစ်ခုပါပဲ၊ ဒါပေမယ့် ပိုက်ဆံယူပြီး ဒီလိုအပြစ်မရှိတဲ့ မိန်းကလေး တစ်ယောက်ကို သတ်ရမယ်ဆိုတာတော့ ငါဖြင့် စဉ်းစားလို့ကို မရဘူး၊ ငါဆို သေပလေ့စေ မလုပ်ဘူး၊ မင်း မင်းသိပါတယ်ကွာ ငါဆိုရင်–"

ဗွန်ဇာလက်သည် စကားဝင်ဖြတ်လိုက်၏။





"ပက်ဆီ၊ ဟောကောင် ပက်ဆီ၊ အဲဒါတွေ ဘေးချိတ်ပြီး အဲဒီ ကန်ထရိုက်သမားရဲ့ နာမည်ကို စဉ်းစားစမ်းပါကွာ"

ပက်ဆီသည် ခဏမျှစဉ်းစားသလို လုပ်နေလိုက်ရာ ခေါင်းကို လက်နှင့်ဖိလိုက်၏။

"ဘုရားရေ၊ ခေါင်းက ကိုက်လာပြန်ပြီကွာ၊ ဖရင့်ကီ ဘယ်မလဲ မင်းစောစောကပြောတဲ့ ခေါင်းကိုက် ပျောက်ဆေးဆိုတာ"

အေးပါ ရပါတယ် ပက်ဆီ၊ မင်း ဒီမှာ တစ်မိနစ် နှစ်မိနစ်လောက် အေးအေးဆေးဆေး ထိုင်နေလိုက်ရင် မင်း စဉ်းစားလို့ရချင် ရလာမှာပေါ့ နော်"

"ရနိုင်ပါလိမ့်မယ် ထင်ပါရဲ့"

"ကောင်းပြီ၊ ဒါဆိုရင် မင်းဒီမှာ အေးအေးဆေးဆေးထိုင်ပြီး နားလိုက်၊ ပြီးတော့ စဉ်းစားထား၊ ဒါပေမယ့် သိပ်ပြီး ပင်ပင်ပန်းပန်း ကြိုးစားပြီးမစဉ်းစားနဲ့၊ ငါနဲ့ မိန်းကလေးက ကွန်ပါရာအခန်းထဲ ဝင်ကြည့် လိုက်ဦးမယ်၊ အဲဒီမှာ ခေါင်းကိုက်ပျောက်ဆေး တွေ့ချင်တွေ့မှာပေါ့"

"ကျေးဇူးပါပဲ ဖရင့်ကီရာ၊ ငါ ကြိုးစား စဉ်းစားပါမယ်၊ မင်းအတွက် အရေးကြီးမှန်း ငါ သိပါတယ်ကွာ"

"အေး အေး၊ ဒါထက် မင်းမှာ ငွေရှိသလား"

"ဘယ်ရှိမလဲကွာ၊ ငါ မင်းကို ပိုက်ဆံချေးချင်ပါတယ်ကွာ၊ ဒါပေမယ့် ငါ ဘိုင်ကျနေလို့ပါ၊ တကယ် တစ်ပြားမှကို မရှိဘူးကွာ"

ဗွန်ဇာလက်သည် သူ့အိတ်ထောင်ထဲကို နှိုက်ကြည့်ရာ ဆယ်ဒေါ်လာ တန် တစ်ရွက်နှင့် အခြားငွေစက္ကူများ တွေ့ရ၏။ ဆယ်ဒေါ်လာတန်ကို ယူလိုက်ပြီး ပက်ဆီလက်ထဲ ထည့်လိုက်၏။

ပက်ဆီသည် လက်ထဲမှစက္ကူကို သေချာစေရန် မျက်စိနား ကပ်ကြည့်လိုက်၏။

"ဟာ ဆယ်ဒေါ်လာတန်ကြီးပါလား"

"ဟုတ်တယ်လေ"

"ဆယ်ဒေါ်လာတောင် ငါ့အတွက်မလိုပါဘူး ဖရင့်ကီရာ၊ ငါ့ကို ထမင်းတစ်နပ်၊ ဘီယာတစ်လုံးလောက် တိုက်ရင်ပဲ တော်ပါပြီ၊ ငါ ဆယ် ဒေါ်လာ ပေးစရာမလိုပါဘူး၊ ငါ မင်းကို ဘာမှလုပ်ပေးစရာမှ မရှိတာ"

"ဟော့ကောင် ပက်ဆီ၊ ဒါ မင်းကို တန်ရာတန်ဖိုး ပေးနေတာ မဟုတ်ဘူးကွ၊ ငယ်သူငယ်ချင်းတစ်ယောက် အနေနဲ့ ပေးနေတာ၊ မင်း ငြင်းရင်တော့ ငါ စိတ်ဆိုးမှာပဲ"

"အေးပါကွာ၊ မင်း စိတ်ဆိုးမယ်ဆိုရင် ငါ မငြင်းပါဘူး"

"ဒါဖြင့် မင်းအိတ်ထဲထည့်ထား"

ပက်ဆီသည် ခေါင်းညိတ်လိုက်၏။

ဖွန်ဇာလက်သည် ဆယ်လီ၏ လက်မောင်းကို ကိုင်ပြီး ကွန်ပါရာ ရုံးခန်းရှိရာသို့ သွားကြလေ၏။

ဆယ်လီက–

"သနားစရာပဲနော်၊ ကျွန်မဖြင့် သနားလိုက်တာ"

"လောကကြီးမှာ ဒီလိုသနားစရာကောင်းတဲ့လူတွေ အများကြီးပဲ ဆယ်လီ၊ ဒီတော့ စိတ်ပင်ပန်းလည်း မနေနဲ့၊ ကွန်ပါရာ အခန်းထဲ ဝင်ကြည့်ရအောင်"

ဆယ်လီသည် ဖွန်ဇာလက် စကားကို ပြန်လည်ချေပမည်ပြုပြီးမှ ဘာမှမပြောတော့ဘဲ ဖွန်ဇာလက် ခေါ်ရာသို့ လိုက်ပါလာခဲ့သည်။





ကွန်ပါရာ၏ အခန်းတံခါးမှာ အစကတည်းက ခြောက်လက်မခန့် ဟွင့်နေ၏။ ဖွန်ဇာလက်သည် အခန်းတံခါးဖွင့်လိုက်ပြီး မီးဖွင့်လိုက်ရာ သူတို့ နောက်ကျသွားပြီကို တွေ့ရ၏။

အခန်းတစ်ခုလုံးမှာ တစ်စုံတစ်ယောက်က တစ်စုံတစ်ရာ ရှာဖွေ သွားပြီဖြစ်သည့်အတွက် ရှုပ်ပွနေ၏။ ဗိုင်တွဲများအားလုံးမှာ အခန်းထဲ၌ ပြန့်ကျဲနေ၏။ မှတ်စုစာအုပ်များ၊ လယ်ဂျာစာအုပ်များမှာ ထုတ်ဆုတ်ထား သည်ကို တွေ့ရ၏။ ဖန်အိုး၊ ဖန်ခွက်များအပြင် ဆေးလိပ်ပြာခွက်များ ကိုပင် ကြမ်းပေါ်၌ ထုချေထားသည်ကို တွေ့ရ၏။ မိန်းမချောတစ်ယောက် ၏ ဓာတ်ပုံကို ဘောင်မှထုတ်ခွာ၍ တစ်စစီ ဆုတ်ဖြဲထားလေသည်။

တစ်ခန်းလုံးမှာ အပျက်အစီးများဖြင့် ရှုပ်ပွနေ၏။ ကလေးငယ် တစ်ယောက် မုန်းတီးစိတ်နှင့် ဒေါသဖြစ်ပြီး လူကြီးတစ်ယောက်ခွန်အား ကိုသုံးပြီး ဖျက်ဆီးထားသလို ဖြစ်နေ၏။

ဖွန်ဇာလက်သည် စဉ်းစားနေ၏။ ဆယ်လီကို မည်သို့ခံစားနေရ ကြောင်း လှမ်းကြည့်လိုက်စဉ် အားကစားရုံထဲမှ သေနတ်သံတစ်ချက် ကြားလိုက်ရ၏။ တစ်ဆက်တည်း နောက်ထပ် သေနတ်သံတစ်ချက် ကြားရပြန်၏။

ဒုတိယ သေနတ်သံနှင့်အတူ ဟတတတဖြစ်နေသော ရုံးခန်းမှန်တံခါး သည် ကွဲကြေသွားပြီး ကျည်ဆန်သည် ဗိုင်တွဲထည့်သည့် သံဘီရိုကို လာမှန်လေသည်။

ဖွန်ဇာလက်သည် အလျှင်အမြန် လှုပ်ရှားလိုက်၏။ သူ၏ လက်များ သည် ဆယ်လီ၏ကိုယ်လုံးကလေးကို သိမ်းကျုံးဖွေ့ပြီး ကြမ်းပြင်ပေါ်

လှဲချလိုက်၏။ ဝွန်ဇာလက် ကိုယ်တိုင်ကမူ ဆယ်လီ၏ရှေ့မှာကာပြီး ဖြစ်နေ၏။ ပါးစပ်မှလည်း–

"ဒီအတိုင်း ဝပ်နေ၊ မလှုပ်နဲ့"

ဝွန်ဇာလက် ကိုယ်တိုင်ကမူ နံရံနှင့်ကပ်ပြီး တံခါးဆီသို့ ရွေ့သွား၏။ မည်သို့မည်ပုံ ထုတ်လိုက်သည်မသိ။ ဝွန်ဇာလက် လက်တွင်းတွင် သေနတ်က အဆင်သင့်ရောက်နေ၏။ ဆယ်လီ ကိုယ်၌ကမူ ဝွန်ဇာလက် သေနတ်ဘယ်နည်းဘယ်ပုံ ထုတ်လိုက်သည်ကို တွေးလည်းမရ၊ မြင်လည်း မမြင်လိုက်။

ဝွန်ဇာလက်သည် လှုပ်ရှားမှုအားလုံးကို အလိုအလျောက် ပြုလုပ်ခဲ့ခြင်းသာ ဖြစ်သည်။ ဤသည်မှာ အလေ့အကျင့်၊ အမှုထမ်းကောင်းတို့၏ အလေ့အကျင့်ပင်ဖြစ်သည်။ လက်ထဲမှာ သေနတ်ရောက်သည်နှင့် ရုံးခန်း တံခါးဝမှ လိမ့်ထွက်လိုက်ပြီး အပြင်မှာ နေရာယူပြီး ဝန်းကျင်ကို အကဲခတ်လိုက်ပြီးဖြစ်သည်။ အားကစားရုံတစ်ခုလုံး၏ လှုပ်ရှားမှုကို ကြည့်လိုက်၏။

ထိုစဉ် ခြေသံများကြားရသည်။ လှေကားထက်မှ ပြေးဆင်းသွားသော ခြေသံများ၊ ဝွန်ဇာလက်သည် လမ်းမဘက် မျက်နှာမူထားသော ပြတင်းပေါက်ရှိရာသို့ အပြေးကလေး လာခဲ့သည်။ ပြတင်းပေါက်တွင် အသားများပိုး၍ အသေပိတ်ထား၏။ ဝွန်ဇာလက်သည် လျှင်မြန်စွာပင် အသားတန်းများကိုခွာ၍ ပြတင်းပေါက်ကို ဖနောင့်နှင့်ပေါက်ကာ ဆောင့်ဖွင့်လိုက်၏။ နောက် ခေါင်းပြူ၍ အောက်ကို လှမ်းကြည့်လိုက်၏။

သေနတ်သံများကြောင့် ပြူးကြောင်ကြည့်နေသော ပရိသတ် လူတချို့ကိုပဲ တွေ့ရ၏။ ထိုလူများထဲတွင် သက်ာမကင်းဖြစ်စရာလူ





ရှာကြည့်သည် မတွေ့။ အားလုံးမှာ ရိုးရိုးသားသား အံ့သြကြောက်ရွံ့ သိချင်စိတ် ရှိနေကြသော လမ်းသွားလမ်းလာများသာသက်သက်။

ဝွန်ဇာလက်သည် အားကစားရုံတွင်း ပြန်လှည့်လိုက်၏။ အားကစားရုံထဲတွင် ကြမ်းပေါ်မျက်နှာအပ်ထားသော ပက်ဆီမင်ဒိုရှာကိုသာ တွေ့ရ၏။

ဝွန်ဇာလက်သည် အပြေးအလွှား ပက်ဆီအနားသို့ အရောက်လာခဲ့ပြီး ကြမ်းနှင့် မျက်နှာမူနေသော ပက်ဆီကို မွေ့ထူလှန်လိုက်၏။ နဖူးတည့်တည့်လောက်တွင် ဖောက်ထွင်း ဝင်ရောက်သွားသော ကျည်ဆန်ရာကို တွေ့ရ၏။ ပက်ဆီ၏မျက်နှာမှာ ရှင်နေစဉ်ကထက် ပို၍အေးသယောင်။

ဝွန်ဇာလက်သည် သူငယ်ချင်း၏အလောင်းကို မွေ့ထားရင်း အရုပ်ဆိုးလှသော မျက်နှာပြင်တွင် အရုပ်ဆိုးလှသော ကျည်ဆန်ပေါက်ကလေး တစ်ပေါက်ကြောင့် အသက် ဆုံးရှုံးရခြင်းကို တွေးရင်း မျက်ရည်များ ဝဲလာ၏။ သူ့မျက်နှာမှာ နာကျည်းလာပြီး စိတ်ထိန်းထားသည့် အကြားမှ ရှိုက်လာမိလေသည်။ ပက်ဆီ၏အလောင်းကို မိမိရင်သွေးငယ် တစ်ယောက်လို မနာကျင်စေရန် အောက်သို့ဖြည်းဖြည်းချလိုက်၏။ သူ မတ်တတ်ရပ်မိချိန်တွင် ဆယ်လီသည် သူ့အနား ရောက်နေပြီဖြစ်၏။ ဝွန်ဇာလက်သည် သူ၏နှုတ်ခမ်းကို ကိုက်လိုက်၏။ သို့သော် ပါးပေါ်၌ စီးကျနေသော မျက်ရည်များကိုမူ သူ တား၍မရ။

အနားရောက်နေသော ဆယ်လီသည် သူမကိုယ်တိုင်လည်း မျက်ရည်များ ကျလျက်–

"ကျွန်မရှိလို့ မငိုဘဲမနေလိုက်ပါနဲ့ရှင်၊ ကျွန်မလည်း ငိုနေတာပါ၊ သူ သူ သေပြီလားဟင်"

ဝွန်ဇာလက်သည် ခေါင်းညိတ်လိုက်၏။

ဆယ်လီက ရှိက်ရင်း–

"ဘယ်သူများ သူ့ကို သတ်သွားပါလိမ့်မလဲနော်"

ဗွန်ဇာလက်သည် ယခုအခါတွင် သူ့စိတ်ကိုသူ ထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်သည်။ သူ့မျက်ရည်များကို ထိန်းနိုင်ခဲ့ပြီးဖြစ်သည့်နည်းတူ အသံကိုလည်းကောင်း၊ မျက်နှာကိုလည်းကောင်း ထိန်းသိမ်းနိုင်ပြီ ဖြစ်၏။

"ကျုပ်အထင်တော့ ပက်ဆီကိုသတ်သွားတဲ့လူဟာ ကွန်ပါရာကို သတ်သွားတဲ့လူပဲ၊ မင်းကိုသတ်ဖို့ ကန်ထရိုက်ရထားတဲ့ လူသတ်သမားပဲ"

ထိုစဉ် လှေကားမှ ပြေးတက်လာသော ခြေသံများ ကြားရသည်နှင့် တစ်ဆောက ခါးထဲပြန်ထည့်ထားသော သေနတ်သည် မြွေဟောက် တစ်ကောင်လို ဗွန်ဇာလက် လက်ထဲသို့ ရောက်လာ၏။ သူ၏ကိုယ်ခန္ဓာမှာလည်း ဆယ်လီ၏ရှေ့မှ ကာကွယ်ပြီးဖြစ်သည်။ နှုတ်မှလည်း–

"ကျုပ်နောက်မှာပဲနေ၊ ဘာပဲဖြစ်ဖြစ် စိတ်ချောက်ချားပြီး မပြေးနဲ့ ကြားလား"

ဆယ်လီသည် နောက်မှ ပုနေရင်းက–

"ကြားပါတယ်၊ ဒီလောက်အော်မှတော့ ကြားပါတယ်"

တံခါးမကြီး ဆောင့်ပွင့်လာ၏။ ဝင်လာသူကား လက်ဖတင် နှင့် ရီချိုင်း ဖြစ်သည်။ ရီချိုင်းသည် သူတို့နှစ်ဦးကိုကြည့်၏။ ပြီး ကြမ်းပေါ်မှ အလောင်းကို ကြည့်ရင်း–

"မစ္စဒီလ်မန်၊ ဘာဖြစ်သေးလဲ"

ဆယ်လီသည် ဗွန်ဇာလက် နောက်ဘက်နေရာမှ ဘေးသို့ထွက်လိုက်၏။

"ကျွန်မ ဘာမှမဖြစ်ပါဘူး"





ရီချိုင်းသည် ဗွန်ဇာလက်ကို ကြည့်ပြီး–

"ဟင်း မင်း ဘာလို့ ငါ့ကိုမခေါ်နိုင်ရတာလဲ၊ မင်းဘာသာ သူ့ရဲကောင်းကြီးလုပ်ပြီး ဘာဖြစ်လို့ တစ်ယောက်တည်း ဝင်ရတာတုန်းကွ"

ဟု အော်လိုက်လေ၏။

# [ ၇ ]

မိနစ် ၂၀ ခန့် ကြာသောအခါ အားကစားတစ်ရုံလုံးသည် အလင်းရောင်များဖြင့် ထိန်လင်းလျက်၊ လူများဖြင့် ပြည့်ကြပ်လျက်ရှိ၏။ ဓာတ်ပုံဆရာများ၏ လျှပ်စစ်မီးခွက်များက တဖျပ်ဖျပ် လင်းနေ၏။ တချို့မှာ ရဲဓာတ်ပုံဆရာများဖြစ်၍ တချို့မှာ သတင်းထောက်များ၏ လက်ချက်ဖြစ်ပါသည်။

မှုခင်းဆေးဘက်မှ အမှုထမ်းနှစ်ဦးသည် ပက်ဆီမင်ဒိုရာ၏အလောင်းကို စစ်ဆေးနေကြ၏။ လက်ဗွေပညာရှင်သည် အခန်းထဲရှိ လက်ဗွေပုံများကို ရယူနေကြ၏။ အကျိုးအကြောင်း ထင်မည် မထင်မည်ကား မပြောတတ်။ သူက အထူးဌာနမှ လက်ဗွေပညာရှင်၊ သူ့တာဝန်က လက်ဗွေများရှာယူရန်။

အားကစားရုံထဲတွင် ယူနီဖောင်းနှင့် ရဲများ၊ ဌာနချုပ်မှ အရပ်ဝတ်နှင့် စုံထောက်များ ရှုပ်ထွေးနေသည့်ပြင် တယ်လီဗီးရှင်းအဖွဲ့တစ်ဖွဲ့လည်း

ရောက်နေ၏။ တယ်လီဗီးရှင်းအဖွဲ့ထဲတွင် ဓာတ်ပုံဆရာနှစ်ဦး၊ ဒါရိုက်တာတစ်ဦး၊ အသံဖမ်းမက်ကရိုဖုန်း တကိုင်ကိုင်နှင့် မေးမြန်းနေသူတစ်ဦး၊ ဝါယာများ၊ အသံဖမ်းစက်များ၊ ဝါယာကြိုးများ ရှုပ်ထွေးနေ၏။

ဆယ်လီဒီလ်မန်သည် အားကစားရုံထောင့်တစ်ခုတွင် ခေါက်ကုလားထိုင်တစ်ခုကိုခင်း၍ ထိုင်နေ၏။ သူမ၏မျက်နှာမှာ သွေးဆုတ်နေပြီး အရသာမရှိသော စီးကရက်တစ်လိပ်ကို အငြောင်းမဲ့ ရှိုက်ဖွာပစ်နေ၏။

ဂွန်ဇာလက်သည် မကြာခဏ ဆယ်လီကို လှမ်း၍ အကဲခတ်နေ၏။ အဖြစ်အပျက်ပေါင်းများစွာ ဖြစ်ပျက်နေ၍ သူ့အနေနှင့် အချိန်ပြည့် ဆယ်လီကို အကဲမခတ်နိုင်။ သို့တိုင် လူသတ်မှုဖြစ်ပွားရာအရပ်၌ ရောက်ရှိနေသော မိန်းကလေးတစ်ယောက်အကြောင်းကို အလွန်သိချင်လှသည့် တယ်လီဗီးရှင်း၏ အနှောင့်အယှက်ကိုမူ တားဆီးနိုင်ခဲ့ပါ၏။

တယ်လီဗင်းရှင်းကုမ္ပဏီမှ မေးခွန်းထုတ်သူ၊ သတင်းပြောသူအလုပ်မှာ ရက်စမန်းဖြစ်သည်။ ရက်စမန်းက ဂွန်ဇာလက်အား–

“ဒီအခင်းဖြစ်ပွားတဲ့နေရာမှာ ဒီက ကြောက်ကြောက်ငယ်ငယ်နဲ့ အမေပျောက်သလို ဖြစ်နေတဲ့ မိန်းကလေးက ဘာလို့ထိုင်နေရတာလဲဗျ”

“ငယ်ငယ်ကြောက်ကြောက်နဲ့ အမေ ပျောက်နေလို့ပေါ့”

“ကျွန်တော်တို့ သူနဲ့ စကားမပြောရဘူးလား”

“မပြောရဘူး”

“ဘာဖြစ်လို့ မပြောရတာလဲ”

“ကျုပ်က မပြောရလို့ပေါ့၊ မိန်းကလေးဟာ ဒီအမှုနဲ့ ဘာမှမဆိုင်ဘူး၊ သူ ဘာမှလည်းမသိဘူး၊ ဘာမှလည်း ပြောစရာမရှိဘူး၊ သူ့ကို





သွားမနှောင့်ယှက်စမ်းပါနဲ့ဗျာ”

ထိုစဉ် ရိုချိုင်းသည် အနားသို့ရောက်လာ၏။

“ဒီမယ် ကိုယ့်လူ၊ ဟိုဘက်သွားပြီး ၅၈ လမ်းက ရဲတွေ သွားစကားပြောပါလား၊ လူနာတင်ကားကလူနဲ့ သွားပြော၊ ဆေးတာဝန်ခံနဲ့ သွားပြောဗျာ၊ သူတို့မှာ ပြောစရာတွေ အများကြီးပဲ၊ ဒီမိန်းကလေးကို လာမနှောင့်ယှက်နဲ့လေ”

ရက်စမန်းသည် ခေါင်းမာစွာနှင့်ပင်–

“ဒီမိန်းကလေးက ဒီမှာ ဘာလို့ ရောက်နေသလဲဆိုတာ ကျုပ်သိချင်တယ်ဗျ”

ရိုချိုင်းသည် ဒေါသ ဖြစ်သွား၏။

“ဟေ့လူ ဒီမိန်းကလေး ဒီမှာ ဘာကိစ္စရောက်နေနေ ခင်ဗျားအလုပ်မဟုတ်ဘူး၊ ကျုပ် ကောင်းကောင်းမွန်မွန် ပြောနေတာနော်”

ရက်စမန်းသည် လေသံလေးနှင့်–

“ဟုတ်ကဲ့၊ အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်”

တယ်လီဗီးရှင်းကင်မရာသည် ပက်ဆီ၏ အလောင်းကို ထောင့်အမျိုးမျိုးမှ ရိုက်နေ၏။ ရိုချိုင်းသည် ထိုလူများကို မနှစ်မြို့စွာ လှမ်းကြည့်ရင်း–

“ဘာပဲဖြစ်နေနေ ဖြစ်နေဟေ့ ဆပ်ကပ်ပွဲကြီးဖြစ်နေတော့တာပဲ၊ သေခြင်းတရားရော၊ ရှင်ခြင်းတရားရော ကြားထဲမှာ ဂျက်၏ တေးသွားကလေး ညှပ်လိုက်ဦးဟေ့၊ တကယ့် အညံ့စားဆပ်ကပ် ကျနေတာပဲ၊ တို့တော့ အင်ပါရာနီရိုဘုရင်ခေတ် ပြန်ရောက်နေပါပြီကွာ၊ ပေါင်မုန့်ရော၊ ခြသေ့နဲ့ လူသတ်သမားတွေရော အကုန်လုံးသာ ညှော်ခန်းထဲပြပေရောဟေ့”

ဝွန်ဇာလက်က ဝင်၍-

"ဒါများ ဘာထူးလို့လဲ လက်ဖတင်နှင်၊ ဒီအတိုင်း ဒီအတိုင်းပဲ ဟာ"

ရှိချိုင်းသည် ဖရင့်ကို လှည့်ကြည့်နေပြီး-

"ကဲ ဖရင့်၊ စောစောက မင်းပြောတော့ မင်ဒိုရာဆီက ဆန်ဖရန် စစ္စကိုနဲ့ ပတ်သက်တဲ့ သဲလွန်စ·ရဆို ပြောစမ်းပါဦး"

ဝွန်ဇာလက်က ခေါင်းကုတ်လိုက်၏။

"သဲလွန်စက သေးလွန်းပါတယ်ဗျာ၊ ပက်ဆီက လူသတ်သမား ဟာ ဆန်ဖရန်စစ္စကိုကလို့ ထင်နေတယ်၊ ပြီးတော့ သူက ကွန်ပါရာဟာ ခေါင်းပုံဖြတ်တယ်လို့လည်း ထင်တယ်တဲ့"

"ဟ ကွန်ပါရာဆိုတဲ့အကောင် ခေါင်းပုံဖြတ်တာများ အဆန်းလုပ် လို့ကွာ၊ တစ်သက်လုံး ခေါင်းပုံဖြတ် စားလာတဲ့ကောင်ပဲဟာ၊ ဘာပဲပြောပြော ငါ့အနေနဲ့ကတော့ ဆန်ဖရန်စစ္စကိုကို ဖုန်းဆက်ရမှာပေါ့လေ၊ အဲဒီက ရဲရုံးမှာ ငါ့ငါ့ဝမ်းကွဲအစ်ကိုတစ်ယောက်က အကောင်ကြီးကြီးကွ၊ အဲဒီ အကြောင်းကို တွေးတိုင်း ဆန်ဖရန်စစ္စကိုမြို့ရဲ့ ရဲလောကအရေး မတွေးဝံ့ အောင်ပါပဲဗျာ၊ အင်းလေ ဘာတတ်နိုင်တာမှတ်လို့၊ တစ်လောကလုံးကို တစ်ယောက်တည်း ပြင်လို့ရတာမှ မဟုတ်တာ၊ မင်းအနေနဲ့ ဘာပြောချင် သေးလဲ"

ဝွန်ဇာလက်သည် အနည်းငယ် စဉ်းစားပြီးမှ-

"ကျွန်တော် အထင်တစ်ခု ပြောရမလား"

"ပြောပေါ့ကွာ၊ တို့မှာ အပြင်နဲ့ အသိမှမရှိသေးတာ၊ အထင်ပဲ ပြောပေါ့"





"ကောင်းပြီလေ ဒါဖြင့် ဒီလို စမ်းကြည့်ပေါ့"

ကန်ထရိုက် လူသတ်သမားဟာ အသက် ၂၂ နှစ် ၂၃ နှစ်လောက် ရှိမယ်၊ ငါးပေ ၁၀ လက်မလောက် မြင့်မယ်၊ ရွှေရောင်ဆံပင်တွန့်တွန့် ရှိမယ်၊ ဆိုးချင် ဆိုးထားမယ်နော်၊ ပင်ကိုမူလလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ မျက်လုံးအရောင်က အပြာ သေးသေးငယ်ငယ် အပြာဖျော့ဖျော့၊ အဝတ် အစား ကောင်းကောင်းဝတ်တတ်တယ်၊ စပို့ဂျက်ကက်၊ တက်ဖရှပ်၊ နက္ကတိုင် သပ်သပ်ရပ်ရပ်၊ ကောလိပ်ကျောင်းသားပုံမျိုး၊ အဲဒီလို မေးစမ်း ကြည့်ပါလား"

"အလို မင်းအထင်ကလည်း အတော်အသေးစိတ်တဲ့ အထင်ပါ လားကွ"

ရှိချိုင်းသည် တအံ့တသြ ပြန်မေးရင်း ဝွန်ဇာလက်ကို လေးစားသည့် အကြည့်ဖြင့် ကြည့်လိုက်၏။

ရွှေရောင်တံဆိပ် တပ်ထားသော ယူနီဖောင်းဝတ် ရဲတစ်ဦးသည် ရှိချိုင်းနားသို့ ရောက်လာ၏။ သူက-

"လက်ဖတင်နှင် အမှုက ခင်ဗျားတို့စခန်းနဲ့ ပတ်သက်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် အခြေအနေအရ တယ်လီဗီးရှင်းသမားတွေ၊ သတင်းစာသမားတွေကို ကျွန်တော်တို့ ဌာနချုပ်က ကိုင်တွယ်ဖို့ ဖြစ်လာ တယ်လေ"

ရှိချိုင်းက အေးဆေးစွာပင်-

"လုပ်ပါ ကိုင်တွယ်ပါ၊ ကျွန်တော်တို့အတွက် ကိစ္စမရှိပါဘူး"

"ဒါဖြင့် ဒီမိန်းကလေးကကော"

ယူနီဖောင်းရဲကြီးသည် ဆယ်လီဒီလ်မန်ကို လက်ညှိုးထိုးပြပြီး

မေးလိုက်၏။

ရှိချိုင်းက ခပ်တည်တည်နှင့်-

"သူကတော့ ကျုပ်မှာ တာဝန်ရှိတယ်၊ ဒါ ကျုပ်အပိုင်က အမှု၊ ဘာမှ ခိုင်ခိုင်မာမာမရှိသေးဘဲ ဌာနချုပ်ကို ကျုပ်မပေးနိုင်သေးဘူး၊ ကျုပ်ဘာသာ ကိုင်တွယ် ဖြေရှင်းဦးမယ်"

"ဘာတွေများပါလိမ့်၊ စပိုင်တွေ သူလျှိုတွေ စီအိုင်အေတွေလား"

"မဟုတ်ပါဘူး၊ ဒီမိန်းကလေးက ဒုက္ခသည်ပါ၊ သူက ဟောဒီအားကစားရုံ ပိုင်ရှင်ဟောင်း ဂျိုဝီကွန်ပါရာနဲ့ ပတ်သက်တယ်၊ သူနဲ့ ကျုပ်တို့စခန်းက စုံထောက် ဗွန်ဇာလက်တို့ ဒီမှာလာစုံစမ်းတုန်း ပက်ဆီမင်ဒိုရာက အသတ်ခံရတာ၊ အသေးစိတ် သိချင်ရင် စခန်းကျမှပေးဗျ၊ ဒီမှာ ကိုအာကျယ်တွေနဲ့တော့ မိန်းကလေးကို ရင်ဆိုင်မပေးချင်ဘူး၊ ဒီတော့ သူ့ကို ကျုပ်စုံထောက် ဗွန်ဇာလက်နဲ့ အပြင်လွှတ်လိုက်တော့မယ်၊ ဘယ့်နှယ့်လဲ"

ယူနီဖောင်းဝတ် ရဲကပ္ပတိန်ကြီးက-

"လွှတ်ပါဗျာ လွှတ်ပါ၊ လူဆိုတာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းကြတာမျိုးကလား"

ပြောပြောဆိုဆို လှည့်ထွက်သွားလေ၏။

ရှိချိုင်းသည် မကျေမနပ် ထွက်သွားသူကို ကြည့်ကျန်ရစ်ရာမှ ဗွန်ဇာလက်ဘက်သို့ လှည့်လိုက်၏။

"သူ့ဘာသာ သူ မကျေနပ် နေပလေစေကွာ၊ ဒီမယ် ဖရင့် ဒီမိန်းကလေးကို သူတည်းတဲ့ဟိုတယ်ကိုခေါ်သွား၊ တောင်တောင် မြောက်မြောက် စတန့်မထွင်နဲ့၊ ရှိဇာဘိုင်း (ရှေးတုန်းကကောင်း ဇာတ်လိုက်)





အပေါက်တွေလည်း မချိုးနဲ့"

"ဗျာ ရှိဇာဘိုင်း ဟုတ်လား၊ ရှိဇာဘိုင်းဆိုတာ ဘာလဲ"

"ဩော် အေး ရှိဇာဘိုင်းဆိုတာက ဒို့ခေတ်က လူစွမ်းကောင်းကိုးကွ၊ မင်းကို စူပါမင်း (ယခုခေတ် ရုပ်ရှင်လူစွမ်းကောင်းဇာတ်လိုက်) အပေါက်တွေ မချိုးနဲ့လို့ပြောတာဟေ့၊ ဒါမှ မင်းက နားလည်မှာကိုး၊ သူ့ကို သူတည်းတဲ့ ဟိုတယ်ကို ခေါ်သွား၊ သိတယ်နော်"

"သိပါတယ် စိန့်ရီဂျစ် ဟိုတယ်ပါ"

"အေး စိန့်ရီဂျစ်ဟိုတယ် ဟုတ်တယ်၊ အဲဒီမှာ ဟိုတယ်စုံထောက်က ကလဲ့ယာကင်နေဒီတဲ့၊ လူက လူဟော်၊ မင်း အသေအချာဆွေးနွေးရင် အကူအညီ အများဆုံးရနိုင်တယ်၊ ကဲ မင်း မိန်းကလေးကို အဲဒီဟိုတယ်သာ ခေါ်သွားပေတော့၊ အလကား လျှောက်သွားနေလို့ ဘာမှထူးမှာမဟုတ်ဘူး၊ ငါမလာမချင်း မင်းလည်း ဟိုတယ်ထဲက မထွက်နဲ့၊ မိန်းကလေးအခန်းထဲက ထိုင်စောင့်၊ ငါ စိတ်ကူးထားသလို ဖြစ်ရင်တော့ မကြာခင် ပြီးကောင်းပါရဲ့"

"ဘယ်လိုများ စီစဉ်ထားလို့လဲ၊ ကျွန်တော့်ကို မပြောနိုင်ဘူးလားဟင်"

"အသေးစိတ် မရှိသေးပါဘူးကွာ၊ စိတ်ကူးပဲ ရှိပါသေးတယ်၊ သဘောကတော့ ဒို့က ပိုက်ကြီးကြီးချပြီး စောင့်တဲ့သဘော ထောင်တဲ့သဘောဟေ့၊ ဟိုတယ်နားတစ်ဝိုက် အားလုံး ပြန်ချထားမယ်ကွာ၊ လိုရင် ဝန်းကျင်တစ်ခုလုံး ဖြန့်ချထားမယ်၊ လူသတ်သမားလာရင် ကွိခနဲဖမ်းရုံဟေ့၊ ပြောမယ့်သာ ပြောရတယ်၊ ငါလည်း အောက်ပိုင်းပြန်သွားရဦးမှာပဲဟေ့၊ လူက သိပ်များများရှိတာမဟုတ်ဘူး၊ ကြံဖန်ပြောဆိုရမှာပဲ၊ ဒီငနဲ

တွေက ဘာမဆို အချက်နဲ့အလက်နဲ့မှ အကူတောင်းလို့ရတာကွ၊ ဒို့ ဒီအမှုက ဘယ့်နှယ့်အချက်အလက်နဲ့ ပြလို့ရမှာတုန်း၊ အူကြောင်ကြောင် အမှုပဲဟာ၊ ကဲ ငါပြောတာ နားလည်ရဲ့လား"

"နားလည်ပါပြီ၊ ခင်ဗျားပြောတဲ့အတိုင်း လုပ်ပါ့မယ်"

ဝွန်ဇာလက်သည် ဆယ်လီဒီလ်မန်နားသို့ သွားလိုက်၏။

"မပြောတတ်ဘူးလေ၊ ဒါပေမယ့် ကျွန်မတော့ ကြောက်ကြောက် လာပြန်ပြီ၊ ရှေ့လျှောက် ဘာတွေဖြစ်ဦးမလဲ မသိဘူးနော်၊ ရှင် အခု လူသတ်သမားကို သိရပြီလား"

"သေသေချာချာ မသိသေးပါဘူးကွာ၊ အခုထိတော့ မင်းကိုသတ်ဖို့ တာဝန်ယူထားတဲ့ လူသတ်သမားပဲလို့ ယူဆရတာပါပဲ"

ဆယ်လီသည် တုန်လှုပ်စွာဖြင့်–

"သူက ဘာလို့များ သနားစရာကောင်းတဲ့ ပက်ဆီကို သတ်ရပါ လိမ့်မလဲနော်"

"ဘာလို့ သတ်ရမလဲဆိုတော့ ဆယ်လီပြောတဲ့ သနားစရာကောင်း တဲ့ ပက်ဆီဟာ လူသတ်သမားကို သိနေလို့ လူသတ်သမားက နှုတ်ပိတ် တာပေါ့၊ ကဲ အခုလောလောလတ်လတ်တော့ ဆယ်လီကည်းတဲ့ ဟိုတယ် ကို သွားကြမယ်၊ ဟုတ်လား"

"ဟုတ်ကဲ့"

ဝွန်ဇာလက်သည် ဆယ်လီအနားသို့ တိုးသွားပြီး ဆယ်လီခေါင်းမှ ဖွာကျနေသော ဆံယဉ်စများကို သပ်တင်ပေးလိုက်၏။

"စိတ်အေးအေးထားပါ"

သူတို့နှစ်ဦးသည် တံခါးပေါက်ရှိရာသို့ သွားကြ၏။ အပေါက်ဝ,တွင်





သတင်းထောက်များက သူတို့နှစ်ဦးကို ဓာတ်ပုံတဖျပ်ဖျပ် ရိုက်ကြ၏။ ဝွန်ဇာလက်က ဘာမှမဖြစ်သလို ဆယ်လီ၏လက်မောင်းကို ကိုင်ပြီး အပြင်သို့ တိုးထွက်လိုက်၏။

"ပွဲကောင်းပေါ့"

သတင်းသမားတစ်ဦးက ဝွန်ဇာလက်အား မိန်းကလေး၏အမည်ကို မေးသည်။ ဝွန်ဇာလက်က...

"မဆိုင်တာတွေ မမေးနဲ့လေ" ဟု တိုတိုတုတ်တုတ် ဖြေလိုက်၏။

သတင်းသမားက စိတ်မလျှော့ဘဲ

"ခင်ဗျား သတင်းစာသမားနဲ့ တည့်ချင်တယ် မဟုတ်လားဗျာ"

"အေး သတင်းစာနဲ့တော့ တည့်ချင်တယ်၊ မင်းနဲ့တော့ မတည့်ချင်ဘူး"

ဝွန်ဇာလက်သည် အပြင်ဘက်သို့ ပြောပြောဆိုဆို တွန်းထိုးထွက် လိုက်၏။ သူတို့နောက်သို့ ဘယ်သူ့မှ လိုက်မလာကြတော့ပေ။ လှေကားမှ ဆင်းသည်နှင့် အားကစားရုံအပြင်ဘက် ရောက်လာ၏။ အချိန်အားဖြင့် နေ့မွန်းတည့်ကျော်ကျော် ရှိနေပေပြီ ဖြစ်၏။ နေသည် ထိန်လင်းစွာ သာနေ၏။

"အင်း... ပထမဆုံး ဧပြီလရဲ့ နေသာတဲ့နေ့ပဲ ဆယ်လီ၊ တစ်နှစ် လုံးလုံး အုံ့မှိုင်းနေတာပဲ၊ ဧပြီတစ်လလုံးလည်း အုံ့မှိုင်းနေခဲ့တာဗျ၊ ခုပဲ နေသာသေးတယ်"

ဆယ်လီက ဘာမှမပြော။ ဝွန်ဇာလက်ကသာ ဆက်၍–

"ဆယ်လီလည်း သိရောပေါ့၊ ကျွန်တော့် အဖေနဲ့ အမေဟာ ပြူအာတိုရီကိုကပဲ၊ ကျွန်တော် ကလေးဘဝကတည်းက ပြူအာတိုရီကို

အကြောင်း ကြားနေရတာ၊ သူတို့ အမြဲပြောနေကျ စကားကတော့ ပြူအာတိုရီကိုမှာ နေက အမြဲသာနေတာပဲတဲ့၊ ကျုပ်တို့ နယူးယောက်က တော့ နေအမြဲမသာတဲ့ မြို့ပဲဗျာ"

ဆယ်လီသည် ဝွန်ဇာလက်၏ စကားသံယောင်လိုက်ပြီး-

"ရှင် ပြူအာတိုရီကိုကို မသွားဘူးလား၊ ရှင် စိတ်ထဲမှာတော့ သွားချင်မှာပဲနော် ဖရင့်"

ဝွန်ဇာလက်သည် ခေါင်းညိတ်လိုက်၏။ တစ်ဆက်တည်း သူ၏ ငယ်ဘဝအကြောင်းတွေကို စကားမရှိ စကားရှာ ပြောနေခြင်းအားဖြင့် ဆယ်လီ၏ အတိတ်အကြောင်းကို မေ့ထားစေသည်ဟု တွေး၏။ ဆယ်လီ၏ လောလော လတ်လတ် ဒုက္ခနှင့် ကြောက်စိတ်ကို သတိမရဘဲ နေစေလိမ့် မည်ဟု တွေးမိသည်။

သူတို့နှစ်ဦးသည် ရှစ်အဲဗင်းနယူးမှ ၅၃ လမ်းအတိုင်း လျှောက်လာ ကြ၏။ တစ်ချိန်လုံး ဝွန်ဇာလက်သည် ဝန်းကျင်ကို အကဲခတ်နေပြီး သူ့ခန္ဓာကိုယ်နှင့် ဆယ်လီကို တခြမ်းကာလျက်ရှိ၏။ တစ်ချိန်တည်းတွင် ဆယ်လီ၏စိတ်ကို ကြောက်စိတ်မဝင်စေချင်။ သို့နှင့်-

"တစ်ခါတလေတော့လည်း ကျွန်တော့်ကို ကျွန်တော် မေးနေတယ်၊ မင်း ဘာလို့များ ပြူအာတိုရီကိုကို မသွားတာလဲဟေ့၊ နယူးယောက်ကလူတွေ က ရယ်စရာ အတော်ကောင်းတယ်ဗျ၊ ပါးစပ်ကသာ ဟိုသွားမယ် ဒီသွား မယ် ပြောပြော နေကြတာ၊ လက်တွေ့ကျတော့ ဘယ်မှသွားဖြစ်တာ မဟုတ်ဘူး၊ ကျွန်တော်လည်း ကျွန်တော့်ကိုယ် ကျွန်တော် ခဏခဏ မေးကြည့်တယ်၊ ဟေ့ကောင် ဖရင့်၊ မင်း ဘာလို့ ပြူအာတိုရီကိုကို မသွားဖြစ်တာလဲလို့ ပေါ့ဗျာ၊ နောက်ဆုံး အဖြေတစ်ခုပဲ ရတယ်ဗျ၊





ကျွန်တော် မသွားချင်လို့ ဖြစ်မှာပဲ"

ဆယ်လီသည် ခပ်တွေတွေ စဉ်းစားရာမှ-

"ရှင် ပြူအာတိုရီကိုကို ကြောက်လို့ မသွားတာကော မဖြစ်နိုင်ဘူး လား"

"ဗျာ"

ဤမေးခွန်းမှာ ဝွန်ဇာလက်ကိုယ်တိုင် မစဉ်းစားခဲ့သည့် မေးခွန်း ဖြစ်၏။ သူ တွေးကြည့်၏။ ဘာမှ ကြောက်စရာ မတွေ့ပါ။

"ကျွန်တော်က ပြူအာတိုရီကိုကို ဘာကိစ္စကြောက်ရမှာလဲ၊ ဘာလို့ ကြောက်ရမှာလဲ"

ဆယ်လီကမူ စဉ်းစားရင်းနှင့်-

"ရှင့်ဟာရှင် နေမှာပေါ့" ဟု ပြောပြီးကာမှ ကပျာကယာ-

"ကျွန်မ ဒီလိုပြောဖို့ မရည်ရွယ်ပါဘူးရှင်၊ ကျွန်မ ပါးစပ်က လွှတ်ခနဲထွက်သွားတာပါ၊ ရှင်က ရှင့်အကြောင်းတွေ ပြောရင်း ကျွန်မ ကြောက်စိတ်ကို ဖျောက်ပေးနေတာ မဟုတ်လား"

"အင်း... ဆိုပါတော့လေ"

ကျွန်မ အရင်ကလို ကြောက်ပုံမျိုးနဲ့ မကြောက်တော့ဘူးရှင်၊ ရှင် ကျွန်မကို စချင်းတွေ့ထဲ့ ကြောက်ပုံမျိုးကို ပြောတာလေ၊ အဲဒီတုန်းက အစစအရာရာအားလုံး အပြည့်အဝကြောက်တာ၊ အခုတော့ တစ်ဝက် လောက်ပဲ ကြောက်ပါတော့တယ်၊ ကျန်တဲ့ ကြောက်စိတ် တစ်ဝက်ကို ရှင်ယူထားလိုက်သလိုပါပဲ"

"ခင်ဗျားတစ်ယောက်တည်း နေရတာများလို့ ထင်ပါတယ်ဗျာ"

"ကဲ... တစ်ယောက်တည်း နေရတာ များတာနဲ့ မဆိုင်ဘူးရှင့်၊

ကျွန်မ မိဘနဲ့ နေဖူးတယ်၊ ကျောင်းတွေ၊ ကောလိပ်တွေမှာ လူတွေနဲ့ နေဖူးပါတယ်၊ ဒါပေမယ့် ကြောက်ရတဲ့အချိန်မှာ ကိုယ့်ဒုက္ခကို ဝေခြမ်းပေးလို့ရတဲ့ ရှင့်လိုလူမျိုးနဲ့အတူ တစ်ခါမှ မနေဖူးဘူးလေ၊ ကျွန်မလည်း အဖြေရှာကြည့်ပါတယ်၊ ကျွန်မ အထင်တော့ ကျွန်မတို့နှစ်ယောက်စလုံးဟာ အန္တရာယ်ကို အတူ ရင်ဆိုင်နေရလို့ ထင်တာပဲ"

"ဟုတ်သေးပါဘူးဗျာ၊ ခင်ဗျား ပြောသလိုဆိုရင် ဒုက္ခနဲ့ ရင်ဆိုင်ရမှု၊ အန္တရာယ်နဲ့ရင်ဆိုင်ရမှု မိတ်ဆွေတွေ ရတော့မလို ဖြစ်နေပြီ"

"ဒါထက် ဖရင့် လူသတ်သမားဟာ ဘာဖြစ်လို့ လက်ဇော့သမား ပက်ဆီကို သတ်ရတာလဲဟင်"

"ဩော် ကျွန်တော် ပြောပြီးပြီကော၊ လူသတ်သမားကို ပက်ဆီက သိနေပြီလို့ လူသတ်သမားက ယူဆလို့နေမှာပေါ့"

"ဒါဖြင့်... ပက်ဆီက ရှင့်ကို လူသတ်သမားနာမည် ဘာလို့ ပြောမပြတာလဲ"

"မပြောဆို သူက မပြောနိုင်လို့ပေါ့၊ သူ့အခြေအနေကလည်း ဆယ်လီ တွေ့သားနဲ့၊ ဆယ်လီ မသိဘူးလား"

ဆယ်လီ ခေါင်းခါပြ၏။

"ဟင့်အင်း ကျွန်မ မသိဘူး၊ စာအုပ်ထဲတော့ ဖတ်ဖူးသလိုပဲ"

"လက်ဇော့ရဲ့ ကျေးဇူးတွေပေါ့ဗျာ၊ လက်ဇော့ကို ကိုယ်ခံပညာလို့ ပြောပြောနေကြတာ၊ ကျွန်တော်တော့ လုံးလုံး ဘဝင်မကျဘူးဗျာ၊ စပိန်က ကျွဲရိုင်းသတ်ပွဲတွေနဲ့ ဘာထူးလို့လဲဗျ၊ လက်ဇော့ကြိုးဝိုင်းထဲကို တကယ် ရောက်တဲ့ ကလေးတွေက အောက်ခြေက ဆင်းရဲသား ငမွဲတွေဗျ၊ အရင် တုန်းက အိုင်းရစ် လူမျိုးလေးတွေဗျာ၊ နောက်တော့ ဂျူးကလေးတွေ၊





ပြီးတော့ အီတလီလေးတွေ၊ နီဂရိုးလေးတွေ၊ ခုတော့ ပြူအာတိုရီကန် ကလေးတွေပေါ့၊ သူတို့တစ်တွေအားလုံးဟာ နောင်တစ်နေ့ကျရင် ခေါင်း မကောင်းတော့ဘူး ဖြစ်လာတော့တာပါပဲ၊ ဘယ့်နှယ့်ဗျာ ဘုရားသခင်က လူသားကို ဖန်ဆင်းထားတာ ခေါင်းကို လက်သီးနဲ့ ကြိမ်ဖန်များစွာ ထိုးဖို့၊ ဗိုက်ကို ထိုးဖို့မှ မဟုတ်တာ"

ဆယ်လီသည် ဗွန်ဇာလက်ကို အသေအချာ ကြည့်လိုက်ပြီးမှ—

"ရှင်ပြောပုံက ရှင်ဟာ ဘုရားသခင်က အရာရာ ဖန်ဆင်းတော်မူတယ် ဆိုတာကော၊ ဘာမဆို အကြောင်းတရား တစ်ခုခုအတွက် ဖန်ဆင်းတယ် လို့ ယုံကြည်ပုံပဲနော်"

"တစ်ခါတလေ ယုံတယ်ဗျာ၊ တစ်ခါတလေလည်း မယုံဘူး"

သူတို့နှစ်ဦး စကားစ ပြတ်သွားပြန်၏။

ဤအကြိမ် စကားစသူမှာ ဆယ်လီ ဖြစ်၏။

"အခု ကျွန်မတို့ ဘယ်သွားနေကြတာလဲ၊ ဟိုတယ်ကိုလား"

"ဟုတ်ပါတယ်ဗျာ၊ စိန့်ရီဂျစ်ဟိုတယ်က ခင်ဗျားအခန်းကိုပါပဲ၊ အဲဒီမှာ အေးအေးဆေးဆေး ဘာမှမတွေးဘဲ ခင်ဗျား ခဏတစ်ဖြုတ် လှဲနိုင်အောင်လို့ ကျွန်တော်က ဟိုတယ်က စုံထောက် ကနေဒီဆိုတဲ့လူနဲ့ သွားတွေ့ပြီး တိုင်ပင်မယ်၊ လက်ဖတင်နင်ရှိချိုင်းက အောက်ပိုင်းမြို့၊ အောက်ပိုင်းဘက်သွားပြီး ဌာနချုပ်ရဲတွေနဲ့တိုင်ပင်မယ်၊ ပြီးတော့ လူသတ် သမားကို ထောင်ချောက်ဆင် ဖမ်းမယ်ဗျာ၊ ခင်ဗျား အနာဂတ်မှာ အမဲ လိုက်ခံရတဲ့ သားကောင်ဘဝက လွတ်မြောက်ပြီလို့ တွေးနေပေါ့"

"ကျေးဇူးတင်ပါတယ်ရှင်၊ အခုလို ကျွန်မအတွက် ရှင်တို့ တစ်စုံ တစ်ခု လုပ်နေပြီဆိုတာ သိရလို့ ကျွန်မ ဝမ်းသာပါတယ်"

"အခုမှ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကိုတွေ့ကတည်းက ခင်ဗျားရဲ့ အန္တရာယ်ကို ကာကွယ်ဖို့ ကျွန်တော်တို့ လုပ်ခဲ့ကြပါတယ်"

"ဆိုကြပါစို့လေ"

"ဗျာ ဆိုကြပါစို့၊ ကောင်းပြီဗျာ ဒါဆို ကျွန်တော် ပြောမယ်၊ ကျွန်တော်တို့ နေရာမယ် ခင်ဗျားနေကြည့်၊ ခင်ဗျား ဘာလုပ်မလဲ"

ဆယ်လီသည် အတန်ကြာ တွေးနေလိုက်၏။ ပြီး–

"ရှင်တို့နေရာမှာ ကျွန်မရှိရင် ကျွန်မကို နံပါတ်ငါး အဲဗင်းနယူးရှေ့က ဓာတ်မီးတိုင်တစ်ခုမှာ ကျွန်မကို ကြိုးနဲ့ချည်ထားမယ်ရှင်၊ ပြီးတော့ လုံခြုံတဲ့တစ်နေရာ က ဆင်ပစ်သေနတ်နဲ့ စောင့်နေမယ်၊ လူသတ်သမား လာတော့ တစ်ခါတည်း–"

"ဒါဆို ဆယ်လီက လူသတ်သမားကို သတ်ပစ်စေချင်တယ်ပေါ့"

"ရှင်"

ဆယ်လီသည် ဤကဲ့သို့ တစ်ခါမှ မတွေးဘူး။

သူမအနေနှင့် လူသတ်သမားကို သေစေချင်ပါသလား၊ သတ်ချင်ပါသလား၊ အတော်ကြာကြာ တွေးပြီးကာမှ–

"ဟင့်အင်း ကျွန်မ သူ့ကိုလည်း မသေစေချင်ပါဘူး၊ ဘယ်သူမှလည်း မသေစေချင်ပါဘူး"

"ဒါပေမယ့် ခင်ဗျားပြောသလို ခင်ဗျားကို ဓာတ်တိုင်မှာ ကြိုးနဲ့ချည်ပြီး ဆင်ပစ်သေနတ်နဲ့ ကျွန်တော်က စောင့်နေမယ်ဆိုရင် ကျွန်တော် သူ့ကို သတ်ရတော့မှာပေါ့"

ဆယ်လီသည် တွေသွား၏။

"အင်း အခုအတိုင်းဆိုတော့ ကျွန်မ ဒါမှမဟုတ် သူ တစ်ယောက်





ယောက်တော့ သေရတော့မှာပဲနော်"

"မပြောတတ်ဘူးဗျာ၊ အကောင်းဆုံးကတော့ လောကမှာ ဘယ်သူ ဘယ်အချိန်မှာ သေဆုံးရမယ် မသိရတာ အကောင်းဆုံးပါပဲဗျာ၊ ကဲ ဟိုတယ် ရောက်လာပြီ၊ တခြား စိတ်ချမ်းသာစရာကောင်းတဲ့ အကြောင်း အရာတွေကို ပြောကြရအောင်ပါ၊ ခင်ဗျားအခန်းသွားပြီး ခင်ဗျား ခဏ နားရတာပေါ့၊ ဘာပဲပြောပြော ၅၃ လမ်းက ဒီဟိုတယ်အထိ လာကြတာ ဘယ်သူကမှ သတ်ဖို့ မကြိုးစည်ဘူး မဟုတ် လားဗျာ"

"အင်းပေါ့လေ လူသတ်သမားအနေနဲ့ ကျွန်မကိုမသတ်ခင် ရှင့်ကို အရင်သတ်ရမှာကိုး၊ ဘာဖြစ်လို့ဆိုတော့ အန္တရာယ်ရှိတဲ့အရပ်နဲ့ ကျွန်မရဲ့ ကြားမှာ ရှင်က အမြဲရှိနေတာကိုး"

"အချိန်တိုင်းတော့ မဟုတ်ပါဘူးဗျာ"

သူတို့နှစ်ဦးသား ဟိုတယ်ရှေ့သို့ ရောက်လာသည်နှင့် ဝွန်ဇာလက် သည် ဆယ်လီကို ရှေ့မှထားပြီး ဟိုတယ်ထဲသို့ ဝင်လိုက်၏။ ဟိုတယ်ကား ကြီးကျယ်လှ၏။

ဝွန်ဇာလက်သည် စိန့်ရီဂျစ်ဟိုတယ်ကဲ့သို့သော နေရာမျိုးသို့ ရောက်တိုင်း သူ့ကိုယ်သူ ရဲအရာရှိတစ်ယောက်ထက် ပြူအာတိုရီကန် လူမျိုးတစ်ယောက် အဖြစ် အမြဲသိမ်ငယ်သွားလေ့ ရှိခဲ့ပေသည်။ သို့သော် ဤအကြိမ်တွင်ကား ပထမဆုံး အကြိမ်အဖြစ် ခမ်းနားသော ဟိုတယ် အတွင်းသို့ ဆယ်လီဒီလ်မန် ကဲ့သို့သော မိန်းမချောနှင့်အတူ နှစ်ယောက် တည်း ချိန်းဆိုထားပြီး လာကြသယောင် စိတ်ထဲ၌ ခံစားရလာမိ၏။

ဟိုတယ် ခန်းမဆောင်ကြီးကို ကျော်လွန်လာသည်နှင့် 'ဘုရင် ကိုလီ' ခန်းမဆောင်ဘက်သို့ ရောက်လာ၏။ ဝွန်ဇာလက်က–

"ခင်ဗျား ဒီဘုရင်ကိုလီ ခန်းမထဲမှာ ဝင်ပြီး တစ်ခုခု သောက်ဖူး သလား"

ဆယ်လီက ခေါင်းခါလိုက်၏။

"ဟင့်အင်း ရှင်သိတဲ့အတိုင်းပဲ ဒီအခန်းဟာ မိန်းကလေးတစ်ယောက် တည်း ဝင်ကြတဲ့အခန်းမှ မဟုတ်တာ"

ဝွန်ဇာလက်က မျက်ခုံးနှစ်ဖက် တွန့်သွား၏။

ဆယ်လီက–

"ရှင်က ဒီလိုကြည့်တော့ ကျွန်မက အရူးလိုဖြစ်နေတာပေါ့ရှင်၊ ဘယ့်နှယ့် ဒီမိန်းကလေးဟာ နယူးယောက်မြို့ကို နိုဝင်ဘာက ရောက်တယ် လို့ ပြောတယ်၊ အခု ပြေရောက်နေပြီ ဘုရင်ကိုလီခန်းမထဲကို တစ်ခုခု သောက်ဖို့ ယောကျ်ားကလေး တစ်ယောက်နဲ့မှ မဆုံဘူးလားလို့"

ဝွန်ဇာလက်သည် အရှုံးပေးလိုက်၏။

"ကဲပါဗျာ ထားပါတော့၊ ခင်ဗျားက စကားအစအန သိပ်ကောက် တတ်တာပဲ၊ ကျွန်တော် ဒီလောက် အတွေးအခေါ် မညံ့ပါဘူးဗျာ"

ပြောမည့်သာ ပြောရသည်။ ဝွန်ဇာလက်စိတ်ထဲတွင် ယခုပင် ဤ လှပသောမိန်းကလေးကို ဖိတ်ခေါ်ပြီး 'ဘုရင်ကိုလီ' ခန်းမထဲ အတူ ဝင်လိုက်ချင်၏။ သူ့ကိုယ်သူလည်း မြို့ခံ လူကြီးလူကောင်းအဖြစ် ဤခန်းမအကြောင်း အရက်ဘား နောက်ခံဖြစ်သော ကျော်ကြားလှသည့် မက်ဆဖီးပဲရစ်ရှ်၏ နံရံပန်းချီကားကို ချီးကျူး စကား ပြောလိုက်ချင်ပါ၏။ သို့သော် လက်တွေ့တွင်ကား ဘာမျှမပြောဖြစ်။ နှစ်ဦးသား ဓာတ်လှေကား ရှိရာသို့ လာကြ၏။

ဓာတ်လှေကားထဲတွင် သူတို့ ဘာမှ စကားမပြောဖြစ်။





ဝွန်ဇာလက်ကမူ အတွေးမျှင်မပြတ်။

သူ တစ်ခါက ပြူအာတိုရီကန် ဝတ်လုံ အလန်ပီရက်နှင့် ဘုရင် ကိုလီမှာ ချိန်းဆိုတွေ့ကြဖူး၏။ ဝတ်လုံကြီးက သူ့ကို ဥပဒေစာမေးပွဲ ဖြေဆိုရန် တိုက်တွန်းခဲ့စဉ်က ဖြစ်သည်။ ထိုစဉ်က ဝွန်ဇာလက်စိတ်သည် နပျိုလန်းဆန်းဆဲ။ အသက်ကလည်း ယခုထက် လေးနှစ်ငယ်စဉ်က ဖြစ်သည်။ 'ဘုရင်ကိုလီ' ခန်းမ၏ ခမ်းနားမှုက သူ့စိတ်ကို ယစ်မူးစေ ခဲ့ဖူးသည်။ ယခုမူ မဟုတ်လေတော့။

ဝွန်ဇာလက်နှင့် မျက်နှာချင်းဆိုင် ရပ်နေသော ဆယ်လီက ဝွန်ဇာ လက်ကို အကဲဖြတ် ကြည့်နေ၏။ ဝွန်ဇာလက် စိတ်ထဲတွင် သူ့ကိုဤကဲ့သို့ ကြည့်ဖူးသော မိန်းကလေး မရှိဘူးခဲ့ဟု ထင်သည်။ သို့သော် ထိုအတွေးကို အမြန် ခေါင်းထဲမှ မောင်းထုတ်လိုက်၏။ သူ၌ တာဝန် ရှိနေသည် မဟုတ်ပါလား။

ဆယ်လီ၏အခန်းသည် ၁၁ ထပ်မှာ ဖြစ်သည်။

ဓာတ်လှေကား ရပ်သည်နှင့် ဝွန်ဇာလက်သည် ပထမထွက်လိုက်၏။ ဝန်းကျင်တစ်ခုလုံးကို လျင်မြန်စွာ အကဲခတ်လိုက်၏။ အားလုံး အေးဆေး ပုံရမှ ဆယ်လီကို ထွက်လာရန် အချက်ပြလိုက်၏။ ဆယ်လီသည် ဝွန်ဇာ လက်ကို လှည့် ကြည့်လိုက်၏။

ဓာတ်လှေကားတံခါးမှာ အလိုအလျောက် ပိတ်သွား၏။

ဝွန်ဇာလက်သည် ခါးကြားမှ သူ၏သေနတ်ကို ထုတ်၍ ဆယ်လီ၏ အခန်းတံခါးဝ၌ ရပ်လိုက်၏။

ဆယ်လီသည် မအောင့်နိုင်တော့ဘဲ ခစ်ခနဲ ရယ်လိုက်လေသည်။ ဝွန်ဇာလက်သည် နောက်သို့ လှည့်မကြည့်ဘဲ–

"ခင်ဗျား ဘာဖြစ်တာလဲ၊ ကျွန်တော့်အပြုအမူတွေက ရယ်စရာကောင်းလို့လား"

ဆယ်လီက ရယ်ချင်စိတ်ကို မထားနိုင်ပေ။

"ဟုတ်တယ် ရယ်စရာကြီး၊ ကျွန်မ ရုပ်ရှင်တွေထဲမှာ ဒီအခန်းမျိုး အမြဲ မြင်နေရလို့ပါ၊ ဇာတ်ကားတွေထဲမှာ အခန်းထဲက တစ်ယောက်ယောက် အမြဲစောင့်နေတတ်လို့လေ၊ တစ်ခါတလေ ဝင်သွားတဲ့ငနဲက ကြောင်တောင်တောင်နဲ့ အခန်းထဲက ရှိနေတဲ့လူကို မသိဘူးလေ"

"ထားပါတော့ဗျာ၊ ကျွန်တော့်တာဝန်က သတိအမြဲရှိနေဖို့ပဲ၊ ရုပ်ရှင် ဆိုတာ ဒီလိုပဲ ကြံဖန်ပြန်ရတာပေါ့၊ ကဲ အခန်းတံခါးသော့ဖွင့်ပြီးတော့ ဘေးကိုကပ်၊ ကျွန်တော် အရင်ဝင်မယ်"

ဆယ်လီသည် တံခါးဖွင့်လိုက်ပြီး ဘေးကပ်လိုက်၏။

ဝွန်ဇာလက်သည် တံခါးကို ဆောင့်တွန်းလိုက်ပြီး အတွင်းသို့ လှစ်ခနဲ ဝင်လိုက်၏။ အတွင်း၌ ဘာအန္တရာယ်မှမရှိ။ အခန်းထဲတွင် ဧည့်ခန်းသဖွယ် ထိုင်ခုံ နှစ်လုံးက ခင်းကျင်းထား၏။ ဝွန်ဇာလက်သည် တစ်ဆက်တည်းရှိနေသော အိပ်ခန်းထဲသို့ပါ ဝင်ကြည့်၏။ ပြီး ရေချိုးခန်းတံခါးကိုဖွင့်၍ စစ်သည်။ အဝတ်ထည့်သော ဘီဒိုကြီးကိုလည်း ဖွင့်ကြည့်၏။ ဝွန်ဇာလက်သည် လျင်မြန်စေ့စပ်စွာ တစ်ခန်းလုံးကို စစ်၏။ ပြီးမှ ဆယ်လီကို တစ်ချက်ကြည့်ပြီး တံခါးကို ပြန်ပိတ်လိုက်၏။

"ခင်ဗျား ဒီအခန်းထဲမှာ နေသရွေ့တော့ လုံခြုံပြီလို့ ဆိုရမှာပေါ့ဗျာ၊ ဒီအခန်းထဲကို ဘယ်သူမှ တံခါးမခေါက်ဘဲ ခင်ဗျားက ဖွင့်မပေးဘဲ ဝင်လို့မရနိုင်တော့ဘူး၊ ဒီတော့ ခင်ဗျားအလုပ်က ဘယ်သူပဲ တံခါးခေါက်ခေါက် ဘယ်သူလဲ လို့မေး၊ ကျွန်တော်မဟုတ်ရင် ဖွင့်မပေးနဲ့၊





ကျွန်တော်လည်း အမြဲရှိနေမှာပေါ့လေ၊ အခုခဏတော့ ကျွန်တော်ကနေဒီကို သွားတွေ့မလို့"

"ဘယ်က ကနေဒီလဲ ဟင်"

"ဗျာ ခင်ဗျားကလည်း မေ့တတ်ရန်ကော၊ ဒီဟိုတယ်က စုံထောက် ကနေဒီလေ"

"သြော် ဒီဟိုတယ်ကလည်း သီးခြားစုံထောက် ရှိသကိုး"

"ဟိုတယ်စုံထောက်ဆိုတဲ့ နာမည်နဲ့တော့ မဟုတ်ဘူးပေါ့ဗျာ၊ လုံခြုံရေး အရာရှိဆိုတဲ့ နာမည်မျိုးနဲ့ပေါ့၊ ဒီလောက်ကြီးတဲ့ ဟိုတယ်မှာ အဲဒီလိုလူမျိုးမရှိလို့ ဘယ်ဖြစ်မလဲဗျာ"

ဝွန်ဇာလက်သည် အခန်းထဲမှမထွက်မီ ဆယ်လီဘက်သို့ လှည့်၍ ပြုံးပြ လိုက်၏။

ထိုအပြုံးသည် သူတို့နှစ်ဦး ဆုံစည်းပြီးသည့်နောက် ပထမဆုံးအကြိမ် အားပါးတရ ပြုံးပြမိခြင်းဖြစ်သည်။ ဝွန်ဇာလက်သည် လူဖြောင့်တစ်ဦး ဖြစ်သည့်ပြင် သူ၏အပြုံးမှာ ဆွဲဆောင်မှုရှိလှသည်။

"ဒီမယ်... ဆယ်လီ၊ ကျွန်တော်ဟာ အကောင်းဆုံးမဟုတ်သလို အညံ့ ဆုံးလည်း မဟုတ်ပါဘူး၊ ကျွန်တော် အတတ်နိုင်ဆုံး လုပ်နေတာက ခင်ဗျားအတွက် အန္တရာယ်မရောက်စေဖို့ အဓိကပါပဲ"

ဆယ်လီသည် ကျေးဇူးတင်သည့်အကြည့်ဖြင့် ကြည့်နေ၏။

ဝွန်ဇာလက်က တံခါးကိုပြန်မပိတ်မီ လှည့်၍–

"ဒီတံခါးဟာ ခိုင်ခန့်တဲ့တံခါး တစ်ခုပဲ၊ ကျွန်တော် ထွက်သွားတာနဲ့ တံခါးကိုပိတ်၊ သော့ကိုချိတ်ထားပေတော့၊ ဘယ်သူမှ ရုပ်ရှင်ကားထဲကလို သော့တူနဲ့ လာမဖွင့်နိုင်ဘူး၊ စိတ်ချ ဘယ့်နှယ့်လဲ၊ ကျွန်တော် ပြောတာ

လောက်ကိုတော့ လုပ်တတ် ပါတယ်နော်"

"ဟုတ်ကဲ့၊ ကျွန်မ လုပ်ပါ့မယ်"

"ဒါဖြင့် ကျွန်တော် သွားမယ်"

ဗွန်ဇာလက်သည် လှည့်ထွက်မသွားမီ တံခါးပိတ်ရန် အနားတိုးလာသော ဆယ်လီ၏ နဖူးကလေးကို အလျင်အမြန် အသာအယာ နမ်းလိုက်ပြီးနောက် အပြင်ထွက်ပြီး တံခါးကို အမြန်ပိတ်လိုက်လေ၏။

•

# [ ၈ ]

ဆယ်လီသည် သူမ၏နဖူးကို လက်ဖြင့်ပွတ်သပ်ရင်း ကျန်ရစ်၏။

ပြတင်းပေါက်ဆီသွားပြီး ပြတင်းပေါက်ကို အပေါ်သို့ မြင့်တင်နိုင်သမျှ မြင့်တင်ဖွင့်လိုက်၏။ လက်ကိုဆန့်တန်းပြီး အပြင်မှဝင်လာသော ဧပြီ လေနု အေးကလေးကို တဝကြီး ရှူသွင်းလိုက်၏။

အခုပုံဆိုတော့ လောကကြီးမှာ အသက်ရှင်နေရခြင်းဟာ တယ်ပြီး စည်းစိမ်ရှိလှပါကလား။

ပြတင်းပေါက်မှ အခန်းထဲ ဆုတ်သွားရင်း ဆယ်လီသည် တစ်ယောက်တည်း ကကွက်ကသလို ခြေများလှမ်းနေမိ၏။

သူမ၏ ရွေ့လျားနေသော ခြေလှမ်းများသည် မှန်ရှေ့ရောက်သည်နှင့် ရပ်သွား၏။ သူမကိုယ်သူမ အပြန်အလှန် ကြည့်နေမိ၏။ မျက်နှာအမူအရာများကို တွန့်ရွဲ့လုပ်ကြည့်၏။ မဲ့ရွဲ့ကြည့်၏။ ပြီးမှ သဘောကျကာ တစ်ယောက်တည်း ရယ်လိုက်မိလေသည်။

နောက် သူမ၏လက်များကို ကြည့်မိပြန်၏။ လက်ချောင်းများမှာ ပြည့်ပြည့်ဖြိုးဖြိုးနှင့် လှပသော လက်ချောင်းများဖြစ်သည်။ ထိုမှတစ်ဆင့် ကိုယ်ခန္ဓာ အဆက်အပေါက်ကို ပြန်ကြည့်မိပြန်၏။ ချောလွန်း လှလွန်းသည့် ကိုယ်နေဟန်ထား ရှိသည်ဟု မပြောသာသော်လည်း ပြေပြစ်လှပသော ကိုယ်နေဟန်ထားရှိသည် ဆိုရမည်။ မိန်းမတစ်ယောက်၌ ရှိသင့်ရှိအပ်သော အမို့အမောက် အချိုင့်အဝှမ်းများနှင့် ပြည့်စုံသည်ဟု ဆိုရပေမည်။

ကိုယ်ခန္ဓာအလှကို ကြည့်ရင်း အသက်ရှင်နေခြင်းကိုပါ အမှတ်ရမိသည်ပင်။ ဆယ်လီသည် အသက်ရှင်နေသည်။ အသက်ရှင်နေဦးမည် မဟုတ်ပါလား။ ပြီးတော့ သူမတွင် ယုံကြည်စိတ်ချ ကာကွယ်ပေးမည့် ယောကျ်ားသားတစ်ယောက် မားမားမတ်မတ် ရှိနေပြီမဟုတ်ပါလား။

မိန်းမတို့ သဘာဝအတိုင်း ဆယ်လီသည် ဗွန်ဇာလက် အကြောင်းကို တွေးနေမိသည်။ ဗွန်ဇာလက်ကဲ့သို့သော ပြူအာတိုရီကန်လူမျိုး ရဲအရာရှိတစ်ဦး နယူးယောက်မြို့တွင် မည်သို့မည်ပုံ နေထိုင်မည်ကို တွေးကြည့်နေသည်။ ဆယ်လီသည် သူမအမေပြောစကားတစ်ခုကို သတိရသွားသည်။ ယောကျ်ားတစ်ယောက် အနေနှင့် အသက် ၃၃ နှစ်မှာ အိမ်ထောင်ရေး စဉ်းစားဆုံးဖြတ်ရန် အကောင်းဆုံး ဖြစ်သည်ဆို၏။

"အလို ငါ ဘာတွေ တွေးနေပါလိမ့်"

ဆယ်လီသည် သူမ၏စိတ်ကူးကို ယောင်ပြီး အသံထွက် အော်လိုက်မိသေးသည်။ ဆက်၍–

"ငါနဲ့ ဘာဆိုင်လို့ အိမ်ထောင်ရေးကိစ္စနဲ့ သူနဲ့ ပေါင်းစဉ်းစားရတာတုန်း၊ မဆီမဆိုင် လက်ပံသား ဓားနဲ့ချိုင်ရန်ကော"

ဟု တွေးလိုက်၏။ သို့သော် အတွေးကား ဘရိတ်အုတ်၍မရ။





အတွေး သည် ဘယ်အကြောင်းကိုပဲတွေးတွေး နောက်ဆုံး စုံထောက်ကလေး ဗွန်ဇာလက်ထံ ဆိုသည့် ဘူတာကြီးပဲ ပြန်ဆိုက်နေ၏။

ဆယ်လီသည် အသားညိုညို ထောင်ထောင်မောင်းမောင်း ယောကျ်ားများကို ပင်ကိုယ်သဘောအရ နှစ်ခြိုက်သဘောကျတတ်ပါသည်။ ဆယ်လီ၏ဖခင် မှာလည်း အသားညိုညို အရပ်မြင့်မြင့် ပခုံးကျယ်ကျယ် လူစားမျိုးဖြစ်သည်။ ဖေဖေ့အကြောင်း တွေးရာမှ မေမေ့အကြောင်း ကင်မာဗယ်လီမြို့ကလေးအကြောင်း ငယ်စဉ်က ကလေးဘဝအကြောင်းမှသည် ရန်းကန် လှုပ်ရှားရင်း ကျောင်းဆရာမဘဝ ရောက်လာပုံ၊ ကျောင်းဆရာမ၏ ဦးဆုံးစာသင်ရက်များတွင် ကိုယ့်ကိုယ်ကို မယုံစားနိုင်စိတ်၊ ကြောက်ရွံ့စိတ်၊ ရှက်စိတ်တို့နှင့် ရင်ဆိုင်ရပုံ၊ ထိုလှုပ်ရှားစိတ်များကို အောင်မြင် ကျော်လွှား၍ ကျောင်းဆရာမကောင်းတစ်ယောက် ဖြစ်လာပုံကို တွေးမိပြန်၏။

နောက်ကြောင်း ပြန်တွေးသည်နှင့် မျက်ရည်များက အလိုအလျောက် ထွက်လာလေသည်။ အဖေအမေနှင့် ကလေးဘဝတို့၏ ပျော်ရွှင် ဝမ်းနည်းရမှုတို့ကြောင့် ကျလာသည့်မျက်ရည်မှာ တမ်းတခြင်း မျက်ရည်မျှသာ ဖြစ်ရကား ဆယ်လီသည် လျင်မြန်စွာ ခန်းခြောက် မေ့ပျောက်ပစ်၍ ရပါသည်။

ထိုသို့ ရပ်လိုက်သည်နှင့် ဆယ်လီသည် စီးကရက်တစ်လိပ် အလွန်သောက်ချင်လာသည်။ သို့နှင့် သူမ၏ လက်ကိုင်အိတ်ထားရာ အံဆွဲရှိရာသို့ လျှောက်လာခဲ့၏။ လက်ကိုင်အိတ်ထဲတွင် မီးခြစ်တစ်လုံးနှင့် မာဘိုရိုတံဆိပ်နှင့် စီးကရက်သံဘူးလှလှလေး တစ်ခုရှိသည်။ ဆယ်လီသည် လျှောက်လာရင်း ထိုစီးကရက်သံဘူး လှလှကလေးကို လက်ဆောင်ပေးသည့် ကင်မာဗယ်မှ ကောင်ကလေးကို သတိရမိပြန်သည်။ ထိုစဉ်က ဆယ်လီသည်

စီးကရက်ပင် မသောက်တတ်သေး။ မီးခြစ်ကမူ သူမ၏အပိုင်မီးခြစ်ဖြစ်သည်။ အရာရာသည် အတိတ်ကို သတိရစေပါတကား။

အတွေးကို ရပ်လိုက်ပြီး အံဆွဲထဲမှ လက်ကိုင်အိတ်ကို ထုတ်လိုက်၏။ ထိုအထဲမှ စီးကရက်ဘူးကလေးကို ထုတ်လိုက်သည်။ ပြီး အဖုံးလှပ်လိုက်၏။ ဘူးထဲတွင် စီးကရက်တစ်လိပ်မှမရှိ။ ဆယ်လီသည် အံဆွဲကို ထပ်ဆွဲလိုက်ပြီး ကာတွန်းလိုက် ဝယ်ထားသော စီးကရက်တောင့်ကို ထုတ်လိုက်၏။ စီးကရက် ကာတွန်းတောင့်တွင်လည်း စီးကရက်တစ်ဘူးမှ မရှိ။ မနေ့တစ်နေ့ကမှ စီးကရက် တစ်တောင့်ဝယ်လာခဲ့သည်ဟု မှတ်မိသလိုဖြစ်နေ၏။ ယခု စီးကရက်တစ်ဘူးမှမရှိ။ တစ်ဘူးထားဦး တစ်လိပ်မှ မရှိ။

စီးကရက်တစ်လိပ်မှ မရှိကြောင်းသိရသည်နှင့် ပါးစပ်က စီးကရက်ပိုသောက်ချင်လာသည်။ ဆေးလိပ်သမား၏ဆန္ဒမှာ ရှိနေချိန် မသောက်ဘဲနေ၍ ရတတ်သည်။ မရှိဘူးဆိုလျှင် ပို၍ပို၍ သောက်ချင်စမြဲ။

ယခုလည်း ကြည့်...

စီးကရက် မရှိကာမှ စီးကရက်၏အရသာ၊ စီးကရက်၏ အငွေ့အသက်မှာ အာခေါင် အဆုတ်ထဲမှ ထွက်လာသလို ခံစားရရင်း ဆေးလိပ်သောက်ချင်လာ၏။ ခံတွင်းက ပို၍ပို၍ချဉ်လာသည်။

စီးကရက်သောက်ချင်စိတ်ကို ကြိုးစားချိုးနှိမ်ရင်း ဘာလုပ်ရင်ကောင်းမည်လဲဟု ဆယ်လီ စဉ်းစားနေ၏။

ဥ္စနာလက်က အခန်းထဲမှ တစ်ဖဝါးမှမခွာရန် အမိန့်ပေးခဲ့၏။ စီးကရက်ကလည်း သောက်ချင်သည်ထက် သောက်ချင်လာ၏။

ဆယ်လီ ပထမဆုံး စဉ်းစားမိသည်မှာ အောက်ထပ်ကို လှမ်း၍





ဖုန်းဆက်ပြီး စီးကရက်တစ်ဘူးပို့လိုက်ရန် မှာလိုက်ရုံသာဖြစ်၏။ စီးကရက်လာပို့သူကို တံခါးမဖွင့်ဘဲ ဆယ်လီ ဆေးလိပ်မရနိုင်။ တံခါးကိုလည်း ဥ္စနာလက်မှလွဲ၍ မည်သူ့ကိုမှ ဖွင့်မပေးနိုင်။

ဆယ်လီသည် ထိုအခြေအနေအကြောင်း တွေးလိုက်တိုင်း ရုပ်ရှင်ကားတွေ၊ တယ်လီဗီးရှင်းတွေကို ပြေး၍ သတိရမိသည်။ သူမ၏အခန်းတံခါး ကို လာခေါက်သော ဆေးလိပ်ပို့သူမှာ လူဆိုးလား၊ လူကောင်းလား၊ ဘိုင်အစစ်လား အတုလား သူမ ဘယ်ပုံခွဲခြားရပါမည်နည်း။ လူသတ်သမားဆိုလျှင် မခက်ပါလား။ တံခါးဖွင့်လိုက်သည်နှင့် အခန်းထဲ တိုးဝင်လာပြီး တွေးရင်းပင် ဆယ်လီကြက်သီး ထသွား၏။

ကြက်သီးထသည်က သက်သက်။

ဆေးလိပ်သောက်ချင်စိတ်က တခြား။

ကြောက်သည်မှန်သော်လည်း ဆေးလိပ် သောက်ချင်စိတ်က မပျောက်။ ပို၍ပို၍ ဆိုးကာ တံတွေးများပင် သီးလာ၏။

ဆယ်လီသည် သူ့ဘာသာသူ အပြန်အလှန် စဉ်းစားရင်း နောက်ဆုံးအဖြေတစ်ခုရသည်။ သူမဘာသာ အောက်ထပ်သို့ ဆင်းမည်။ စီးကရက်တစ်ဘူး ဝယ်မည်။ ပြန်တက်လာပြီး အခန်းတံခါးပိတ်ထားလိုက်လျှင် ထိုအခိုက်အတန့် ကလေးတွင်တော့ အန္တရာယ်ဖြစ်ကောင်းမည်မထင်။ ထိုတစ်လမ်းသာ စိတ်ချရဆုံး အလွယ်ဆုံးနှင့် အမြန်ဆုံးဖြစ်သည်ဟု ဆုံးဖြတ်လိုက်၏။

ဆုံးဖြတ်ပြီးသည်နှင့် ဆယ်လီသည် သူမ၏အနက်ရောင် ဝတ်စုံမှ အညိုရောင် သိုးမွှေးဝတ်စုံနှင့် လဲဝတ်လိုက်လေသည်။ အဝတ်အစားလဲခြင်းသည် စီးကရက်သွားဝယ်ခြင်းနှင့် ဘာမှမဆိုင်။ သို့သော် အောက်

ထပ်၌ ငွန်ဇာလက်နှင့် ဆုံခဲ့သော် အနက်ရောင်ဝတ်စုံထက် အညိုရောင်ဝတ်စုံက ပို၍လှမည်ထင်သောကြောင့် ဖြစ်သည်။ ယခုသော်ကား ဆယ်လီသည် ငွန်ဇာလက်နှင့် ဆုံချင်လှချင်နေ၏။

အဝတ်အစားလဲရင်း မနေနိုင်သဖြင့် ဆယ်လီသည် ပါးစပ်မှ အသံ ထွက်၍–

"ဟယ် ငါ့ဘာသာ အဝတ်အစား လဲချင်လို့လဲတယ်၊ ဘာဖြစ်တုန်း ဖရင့်ကြောင့် မဟုတ်ဘူး၊ ဖရင့်ကြောင့် မဟုတ်ဘူး၊ ငါ ခုထိ ဘယ်သူ့ကိုမှ လက်ထပ်ဖို့ မရည်စူးဘူး၊ ရည်စူးရင်လည်း ဖရင့် လုံးဝမပါစေရဘူး အို"

ပါးစပ်ကို ယောင်ပိတ်လိုက်မိပြန်၏။ "ဘယ်လိုလဲ မိဆယ်လီ နောက်ဆုံးတော့ ဒီဘူတာပဲဆိုက်နေပါပေါ့လား" ဟု သူမဘာသာ ပြန်တွေး လိုက်၏။

ဆယ်လီသည် အသေအချာ ပြန်တွေးလိုက်ရာမှ သူမ ဤကဲ့သို့ တွေးမိ ခြင်းသည်ပင် အသက်ရှင်နေရ၍ အသက်ရှင်ပြီး နေနိုင်စရာ အကြောင်းရှိ၍ အခါတိုင်းလို သေမည့်ရက်ချိန်းကို စောင့်နေရခြင်းမဟုတ် သည့်အတွက် ကြောက်စိတ်များ၊ အိပ်မပျော်နိုင်စိတ်များ လျော့ပါးသွား၍ ဖြစ်ပေမည်ဟု တွေးမိလေသည်။

ဆယ်လီသည် ကလေးတစ်ယောက်လို ပျော်သွား၏။ လန်းဆန်း၍ လည်းလာသည်။ အခန်းသော့ကို အသေအချာ လက်ကိုင်အိတ်ထဲ ထည့်ပြီးမှ အခန်းအပြင်ဘက်ထွက်ပြီး တံခါးကိုပြန်ပိတ်လိုက်၏။ စိန့်ရီဂျစ်ကဲ့သို့သော ကြီးကျယ်လှသော ဟိုတယ်ကြီးတွင် အန္တရာယ်မရှိနိုင်ဟုတွေးကာ ဓာတ်လှေ ကားခလုတ်ကို နှိပ်လိုက်၏။

ဓာတ်လှေကားသည် ဟိုတယ်အောက်ထပ် ဧည့်ခန်းတွင် ရပ်လေ





သည်။ ဆယ်လီသည် ဧည့်ခန်းကိုဖြတ်၍ စီးကရက်ကောင်တာသို့ သွားကာ စီးကရက်တစ်ဘူး ကို ဝယ်လိုက်၏။

ကောင်တာရှေ့မှာပင် ဆေးလိပ်ဘူးကိုဖောက်၊ ဆေးလိပ်တစ်လိပ်ကို ထုတ်၊ ပါးစပ်တွင်တေ့ မီးညှိပြီး ဆေးငွေ့များကို အဆုပ်ထဲသို့ ရှူသွင်း လိုက်၏။ အရသာပါကလား။

သူမ ကြောက်စိတ်များမှာ သေးလန့်နေခြင်းသာ ဖြစ်နေပေသည်။ ဧည့်ခန်းမ တစ်ဆောင်လုံးတွင် ဝတ်ကောင်းစားလှနှင့် လူကြီးလူကောင်းများ ပျားပန်းခတ်မျှ ကိုယ့်ကိစ္စနှင့်ကိုယ် လှုပ်ရှားနေကြသည်။ ထိုလှုပ်ရှားမှုက ဆယ်လီ အား စိတ်ချလက်ချ ဖြစ်စေသည်။

ဆယ်လီသည် အေးဆေးစွာ နံဘေးဝန်းကျင်ကို ကြည့်ရာမှ အခြားဘက်တွင် စာအုပ်ဆိုင်ကိုတွေ့ရ၏။ သူမ၏ စွန့်စားခြင်းကို နည်းနည်း ဆက်လိုက်ပြီး စာအုပ်ဆိုင်သို့သွားကာ သတင်းစာတစ်စောင်နှင့် မဂ္ဂဇင်းဖြစ်ဖြစ်၊ ဝတ္ထုဖြစ်ဖြစ် စာအုပ်နှစ်အုပ်လောက် ဝယ်လိုက်ချင်၏။

ဆယ်လီသည် စိန့်ရီဂျစ်ဟိုတယ်ကြီး၌ တည်းခိုခဲ့စဉ်အတွင်း ထိုစာအုပ် အရောင်းကောင်တာကလေးကို အကြိမ်ပေါင်းများစွာ ရောက်ဖူး ပါ၏။ ဝယ်ဖူးပါ၏။ သို့သော် ဤအကြိမ် စာအုပ်ဆိုင်ရှေ့ ရပ်လိုက်ရခြင်း သည် ထူးထူးခြားခြား အရသာ ရှိနေ၏။

စာအုပ်ဆိုင်တွင် ခင်းထားသော ဝတ္ထုစာအုပ်များ၏အမည်ကို ကြည့်ရင်း ဝတ္ထုမဖတ်ချင်ကြောင်း တွေးမိလာ၏။ သို့နှင့် နယူးယောက်တိုင်း သတင်းစာတစ်စောင်၊ လိုက်ဖ်မဂ္ဂဇင်းတစ်အုပ်နှင့် ဟာ့ပါး မဂ္ဂဇင်းတစ်အုပ် ဝယ်လိုက်၏။

မဂ္ဂဇင်းနှင့် သတင်းစာများကို ကိုင်ရင်း ကင်မာဗယ်လီတွင်ရှိစဉ်က

စာကြည့်တိုက်မှူး မစ္စအော်လ်ဆွန်နှင့် ဟာ့ပါးမဂ္ဂဇင်းပါ ဆောင်းပါးများ အကြောင်း ဆွေးနွေးခဲ့ကြပုံကို ပြန်၍သတိရလာလေသည်။ မစ္စအော်လ်ဆွန်က ဟာ့ပါးမဂ္ဂဇင်းကို လေးစားသည့်နည်းတူ နယူးယောက်တိုင်း သတင်းစာကိုလည်း လေးစား၏။ ထိုနှစ်စောင်ဖတ်ရင်းပင် ဗဟုသုတပြည့်စုံပြီဟု ပြောဖူး၏။ ဆယ်လီသည် သူမအတွေး နှင့်သူမ သဘောကျကာ ဆိုင်မှ နယူးယောက်တိုင်း သတင်းစာတစ်စောင် ထပ်ဝယ် လိုက်ပြန်၏။

စာအုပ်ဆိုင် ကောင်တာမှ ဈေးရောင်း အမျိုးသမီးသည် ဆယ်လီကို မျက်မှန်းတန်း မှတ်မိနေပြီးသား ဖြစ်သည်။ သူမသည် ကျသင့်ငွေထက် ပိုသော အကြွေကို ပြန်အမ်းရင်း ဆယ်လီအား ယခင်ကထက်ပို၍ ကြည့်ကောင်းလာကြောင်း ပဋိသန္ဓာရစကား ဆိုလိုက်၏။

ဆယ်လီသည် ကျေနပ်သွား၏။

"ဟုတ်ကဲ့ အခု ကျွန်မ နေကောင်းလာလို့ပါ၊ အရင်က ကျွန်မ နေမကောင်းဘူးလေ"

ကောင်တာဈေးသည်မက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ရှင်၊ ညီမကို ကြည့်တာနဲ့ အရင်တုန်းက နေလို့ မကောင်းဘူးဆိုတာ သိသာပါတယ်"

ဆယ်လီသည် ခေါင်းနည်းနည်းမော့သွား၏။

"အခု ကျွန်မ နေကောင်းပါပြီရှင်"

ထိုစကားကို ပြောလိုက်သည်နှင့် ဆယ်လီသည် အားပိုရှိလာသလို ဖြစ်လာ၏။ ထိုစကားကလေးကပင် ဆယ်လီဒီလ်မန်ဆိုသည့် မိန်းကလေးသည် တခြားမိန်းကလေးများထက် မီတာ ၁၀၀ ပြိုင်ပွဲမှာ အနိုင်ခံနိုင်သူဟု ကြွားလုံး ထုတ်ရသလို အရသာရှိသွား၏။





ဆိုင်ထိုင်မိန်းမိ ပြုံးပြသည်ကို ဆယ်လီက ပြန်ပြုံးပြလိုက်၏။

ဆယ်လီ၏ ထိုအပြုံးကို ဝွန်ဓာလက်များ မြင်စမ်းချင်ပါဘိဟု တွေးရင်း စာအုပ်အရောင်းကောင်တာမှ ခွာခဲ့လေ၏။ မရည်ရွယ်ဘဲနှင့် 'ဘုရင်ကိုလီ' ခန်းမဘက် ရောက်လာ၏။

ဆယ်လီသည် ခေါင်းကလေး ပြူဝင်ပြီး 'ဘုရင်ကိုလီ' ခန်းမကြီး၏ ထည်ဝါပုံကို ကြည့်ရင်း နောက်ခံ ထူးခြားလှသည့် နံရံပန်းချီများကို လှမ်းမြင်ရ လေသည်။

အခန်းဝတွင်ရပ်နေသော ခေါင်းဆောင် စားပွဲထိုးကြီးက–

"အစ်မကြီးခင်ဗျာ၊ အစ်မကြီးမှာ အဖော်မပါဘူးဆိုရင် ကျွန်တော်က ထိုင်စရာနေရာ ချထားဖို့ မဖြစ်နိုင်ပါဘူး"

ဆယ်လီသည် ထိုသူအား မော့ကြည့်လိုက်၏။

"ဟင့်အင်း ကျွန်မ မထိုင်ချင်ပါဘူး၊ ကျွန်မ ကြည့်ရုံတင်ကြည့်ချင်တာပါ၊ ဘာမှ ကိစ္စမရှိပါဘူးနော်"

ခေါင်းဆောင်စားပွဲထိုးကြီးသည် ပခုံးတစ်ချက် တွန့်လိုက်၏။ သူ့အနေ နှင့် ပြောစရာမလိုတော့။

ဆယ်လီသည် ထိုသို့ပြုမူလိုက်ရခြင်းသည်ပင် အောင်မြင်မှုတစ်ခု ရသွားသည့်အလား ပျော်ရွှင်သွားလေ၏။ ဆယ်လီသည် ပြန်လှည့်ကာ ဓာတ်လှေကားကို လှမ်းကြည့်လိုက်၏။ ဓာတ်လှေကားသည် အရံသင့် ဖွင့်ဟ ထား၏။ တစ်စုံ တစ်ယောက်က အသုံးပြုနေဆဲဖြစ်သည်။ သို့နှင့် ခန်းမအလယ်သို့ လျှောက်လာပြီး အပြင်ဘက် ၅၅ လမ်းဆီသို့ လှမ်းမျှော်ကြည့်နေလိုက်၏။ ထိုစဉ် သူမသည် လှုပ် အလယ်တွင် ဆေးလိပ် သောက်နေမိပြီကောဟု သတိရမိသည်။ ကင်မာဗယ်လီမှာ ဆိုလျှင်

ကျောင်းဆရာမဖြစ်သော ဆယ်လီသည် လူပုံအကြားတွင် ဆေးလိပ်မသောက်။ ယခုလည်း ဆေးလိပ်က တိုနေပြီဖြစ်၍ မလှမ်းမကမ်းမှာထားရှိသော သဲခွက်ထဲသို့ ထည့်လိုက်၏။ အပြင်ဘက်တွင် လေသည် အေးမြပုံရလေသည်။

ဆယ်လီသည် သူမစိတ်ခို မထိန်းနိုင်ဘဲ လှေကားထစ် လေးငါးဆယ်ထစ် ဆင်းလိုက်၏။

အပြင်လေကား အေးမြ သန့်ရှင်းလှပါကလား။ လောကကြီးဟာ အေးချမ်းသာယာလှပါတကား။ တစ်ချိန်တည်း ဌန်စာလက်၏ အမိန့်များကို သတိရလာမိ၏။ တိတိကျကျ ချုပ်ချုပ်ချယ်ချယ် ရှိလှပါ၏။ ဆယ်လီအနေနှင့် ယောကျ်ား တစ်ယောက်က ဤသို့ ချုပ်ချုပ်ချယ်ချယ်ထားခြင်းကိုမကြိုက်။ ထိုသို့ တွေးနေရင်းက လူသတ်သမားကို သတိရမိလေသည်။ ချက်ချင်း ရေခဲရေနှင့် ဖြန်းလိုက်သလို ဆယ်လီ ကျောချမ်းသွား၏။

ဆယ်လီသည် ချက်ချင်း ဟိုတယ်ပေါ်သို့ ပြန်လှည့်လိုက်၏။

ဟိုတယ်အပေါ်ထပ် ထိပ်ဆုံးလှေကားထစ်တွင် သူမ ပြန်တက်လာမည်ကို ပိတ်ဆို့ပျက် သူ ရပ်နေလေသည်။ သူသည် ဆယ်လီကို အသေအချာ အကဲဖြတ် ကြည့်နေခြင်းဖြစ်သည်။ နွားဈေးမှာ ဈေးဝယ်နေသည့် ဈေးဝယ်က ကျွဲများ နွားများကို ချို၊ သွား၊ နားရွက်၊ အမွေးမကျန်ကြည့်သလို ကြည့်နေခြင်းဖြစ်သည်။

သူ ဆိုသည်ကား ဆယ်လီတို့ ၆၇ လမ်းထိပ်တွင် တွေ့ခဲ့သူ ဆယ်လီ၏ မျက်စိမှာ မည်သို့မှလွဲမှားစရာမရှိ။ အရပ်မှာ ၅ ပေ ၁၀ လက်မခန့် ဆံပင် ရွှေရောင်၊ မျက်လုံးပြာဖျော့ဖျော့နှင့်။





ဆယ်လီသည် အကြောင်းတိုက်ဆိုင်သည်ပဲဟု ပထမ တွေးချင်သည်။ သို့သော် ဤရွေ့ဤမျှ တိုက်ဆိုင်သည်ကား ဘယ်နည်းနှင့်မျှမဖြစ်နိုင်။

ထိုစဉ် ထိုလူသည် သူမ ရှိရာသို့ မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး ခေါင်းညိတ်ပြကာ ရှေ့သို့ တိုးလာ၏။

ဆယ်လီ၏ တုန်လှုပ်မှုသည် ကယောင်ကတမ်းဖြစ်လာပြီး ဘာမှ မစဉ်းစားနိုင်တော့ဘဲ ဂမူးရှူးတိုး လမ်းပေါ်သို့ လှည့်ပြေး ထွက်ပြေးမိလေတော့၏။

လမ်းပေါ်မှ ဖြတ်သွားသော ကားတစ်စီးနှင့် ဆယ်လီသည် ပွတ်ကာ သီကာကလေး လွတ်သွား၏။ ၅၅လမ်း ဟိုဘက်ရောက်သည်နှင့် ဆယ်လီသည် နောက်ပြန်လှည့်ကြည့်လိုက်၏။ ထိုလူသည် ဟိုတယ်လှေကားထိပ်တွင် ရှိဆဲ။

ယခုမှ ထိုသူသည် အေးအေးဆေးဆေး တိတိကျကျ လှေကားမှ ဆင်းပြီး သူမရှိရာဘက်သို့ လမ်းဖြတ်ကူးရန် ကြိုးစားနေသည်ကို တွေ့ရ၏။

ဆယ်လီသည် လမ်းထောင့်အထိ ရောက်အောင် ပြေးလိုက်၏။ ထောင့်ရောက်သည်နှင့် အရွယ်ရောက်ပြီးသော မိန်းမတစ်ယောက် နယူးယောက်မြို့ လမ်းမကြီးပေါ်မှာ ပြေးနေခြင်းပါကလားဟု သတိရကာ အတတ်နိုင်ဆုံး ခပ်သွက် သွက် ဆက်လျှောက်လာခဲ့လေသည်။ ရင်တွင်းမှ ခြေကုန်သုတ်ပြေးချင်စိတ်များ တဖွားဖွားပေါ်လျက် မျက်စေ့များကမူ ကျိုးကန်းတောင်းမှောက် လမ်းပေါ်တွင် ရဲသားတစ်ဦးဦး တွေ့နိုးနိုးနှင့် ရှာနေမိ၏။

နယူးယောက်မြို့လို မြို့ကြီးတစ်မြို့၏ အလယ်တွင် ရဲသားတစ်ယောက်ယောက်တော့ တွေ့ရမည်မလွဲဟု စိတ်ထဲမှအားပေးနေ၏။

ရဲသားတစ်ဦးနှင့်မှ မတွေ့။

ဆယ်လီသည် ပထမဆုံး အနားရောက်လာသည့်လူကို ကျွန်မကို ကယ်ပါ၊ ကျွန်မကို လူတစ်ယောက်က လိုက်သတ်နေပါတယ်၊ အဲဒီလို သတ်တဲ့ လူကိုလည်း ကျွန်မက ငွေပေးငှားထားတာပါဟု ပြောလိုက်ချင်၏။ ပြောလိုက် လျှင်လည်း ၎င်းအားထက် ရယ်အားသန်နေမည် မုချ။

ဆယ်လီသည် နောက်သို့ လှည့်ကြည့်ပြန်၏။ သည်တစ်ကြိမ် ထိုလူကို မတွေ့ရ။ ဆယ်လီသည် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် နံပါတ်ငါး အဲဗင်းနယူးအတိုင်း မြောက်ဘက်သို့ သွားနေမိလေသည်။

*

# [ ၉ ]

စိန့်ရီဂျစ်ဟိုတယ်၏ လုံခြုံရေးတာဝန်ခံ စုံထောက် ကလဲယာ ကနေဒီသည် ဝဈ္ဈုထဲ ရုပ်ရှင်ထဲက အလွတ်စုံထောက်များ၏ ပုံပန်းနှင့် ဘာမှမဆိုင်ပေ။ သူသည် အသက်လေးဆယ်ဝန်းကျင်မှာရှိပြီး သပ်ရပ် သေသပ်စွာ ဝတ်ဆင်ထား၏။ ထိပ်နည်းနည်းပြောင်စပြုနေပြီးဖြစ်သော ခေါင်းကို ဆံပင်ပါးပါးကလေးများနှင့် ဖုံးဖိပြီး ဖိထား၏။ ကိုင်းပါးပါး မျက်မှန်ကို တပ်ထားပြီး အေးဆေး၍ သနားချစ်ခင်ဖွယ်ရာ ကောင်းသော အကြည့်ရှိလေသည်။ ထိုအကြည့်နှင့်ပင် ဟိုတယ်ထဲသို့ ဝင်လာသော ဂျပိုး၊ သူခိုးများ၊ ဖဲလိမ်သူများ၊ အကြံအဖန်များကို ခွဲခြား ကြည့်နိုင်၊ ဖမ်းနိုင် မှတ်နိုင်ခဲ့ပေသည်။

ဤသို့ဖြင့် ဟိုတယ်တွင်းသို့ အကြောင်း အမျိုးမျိုးဖြင့် လူပေါင်း များစွာ ဝင်ကြ၊ ထွက်ကြ၊ ကလဲယာကနေဒီကိုလည်းကောင်း၊ သူ၏ အကြည့်ကိုလည်းကောင်း မမြင်မထင်ဘဲ ဖြတ်ကျော်သွားကြလေသည်။

ဝွန်ဇာလက် သူ့စားပွဲသို့ ရောက်လာသောအချိန်တွင် ကနေဒီသည်

ရဟန်းမင်းကြီး ပုတ်ဂျွန်၏ အထုပ္ပတ္တိ စာအုပ်ကို ဖတ်နေ၏။ ဝွန်ဇာလက် ရှေ့တွင် ရောက်သောအခါ ကနေဒီသည် စာအုပ်ကို ဘေးချလိုက်၏။ ဝွန်ဇာလက်ကို မှတ်မိ သည်နှင့် စကားအစရှာကာ–

"မင်း ကက်သလစ်ဘာသာဝင် မဟုတ်လား၊ ရဟန်းမင်းကြီးဂျွန်ကို ဘယ်လိုမြင်သလဲ" ဟု မေးလိုက်၏။

ဝွန်ဇာလက်က

"ကျွန်တော် ဘာသာရေး ဆွေးနွေးဖို့ လာတာမဟုတ်ဘူး၊ အလုပ် ကိစ္စရှိလို့ လာတာ"

"ဘာအလုပ်များပါလိမ့်၊ ဒီဟိုတယ်က မင်းရဲ့နယ်နိမိတ်အပြင်ဘက် ရောက်နေပြီ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကိုလာရတဲ့အကြောင်းက ကျွန်တော့် အပိုင်မှာဖြစ်ခဲ့တာကိုး၊ အမှုကတော့ ခပ်ဆန်းဆန်းပဲဗျာ၊ ခင်ဗျားတို့ ဟိုတယ်မှာ တည်းနေတဲ့ မစ္စဆယ်လီဒီလ်မန်ကို သိလား"

ကနေဒီသည် ခေါင်းညိတ်ပြပြီး ထိုင်ရာမှ ထလိုက်၏။ စာအုပ်ကို ဖတ်လက်စနေရာမှတ်ပြီး အသေအချာပိတ်ကာ နံဘေးထားလိုက်၏။

"ဆယ်လီဒီလ်မန်နော်"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ဒီမှာ နေတာအတော်ကြာပြီ၊ တစ်လကို ဒေါ်လာ နှစ်ထောင်ကျော် ပေးရတဲ့အခန်းမှာ နေတာ"

"အံ့သြစရာပဲ၊ ဟော့… ဟော့ ငါက တို့ဟိုတယ်က အခန်းခတွေဟာ ဈေးကြီးတယ်လို့ ပြောနေတာမဟုတ်ဘူးနော်၊ ဒါပေမယ့် အဲဒီမိန်းကလေးနဲ့ အံမဝင်ဘူးလို့ ပြောနေတာ"





ဝွန်ဇာလက်က ပြုံး၍–

"ခင်ဗျားက လူတော်ပဲ၊ နေပါဦး အဲဒီမိန်းကလေးနဲ့ တစ်လ ဒေါ်လာ နှစ်ထောင်တန်အခန်းနဲ့ အံမဝင်ဘူးဆိုတာ ဘာကိုဆိုလိုတာတုန်းဗျ"

"ကွာ လာလုပ်မနေစမ်းပါနဲ့၊ မင်း သိသားနဲ့၊ တစ်လ ဒေါ်လာ နှစ်ထောင်ပေးရတဲ့ အခန်းမျိုးကို နေတယ်ဆိုတာက ဒေါ်လာ သုံးလေးရာ ပေးရတဲ့ မိကျောင်းရေ လက်ကိုင်အိတ်ကို ကိုင်ရမယ်ကွာ၊ ထောင်နဲ့ချီပေးရတဲ့ သားမွေးအင်္ကျီလည်း ဝတ်ရမယ်၊ လက်ဝတ်ရတနာတွေကလည်း ဖိတ်ဖိတ် ဖိတ်ဖိတ် တောက်နေရမယ်ကွာ၊ မင်း နားလည်ပါတယ် ဝွန်ဇာလက်ရာ၊ အပေါ်လွှာ ရေပေါ်ဆီ လူတန်းစားနဲ့ ဆိုင်တာကွ၊ ဒီမိန်းကလေးက အဲဒါ မျိုးမဟုတ်ဘူး၊ ရိုးရိုးအေးအေး လူလတ်တန်းစားပုံမျိုး၊ ဒေါ်လာနှစ်ထောင်တန် အခန်းနဲ့ အံမဝင်ဘူး လေကွာ၊ မေးစရာမေးခွန်းတွေ ရှိလာတာပေါ့"

"ခင်ဗျားကော မမေးမိဘူးလား"

"ဟင့်အင်း ငါကတော့ မေးစရာမလိုဘူး၊ အဲဒီမိန်းကလေးဟာ လခ မှန်မှန်ပေးတယ်၊ ဟိုတယ်ကို ဒုက္ခမပေးဘူး၊ ဘာမေးဖို့ လိုသလဲ၊ မိန်းကလေး ကြည့်ရတာ စိတ်ညစ် ဝမ်းနည်းနေပုံ ရတယ်လေ၊ သူ့မှာ ကိုယ်ရေးကိုယ်တာ စိတ်မချမ်းသာစရာ ရှိပုံပဲ၊ အတော်လည်း နက်ရှိုင်း ပုံရတယ်၊ သူ့ဆီကို ဘယ်ကမှလည်း တယ်လီဖုန်း မလာဘူး၊ အေးလေ သူ့အနေနဲ့ လခ ပေးနေသမျှတော့ ငါနဲ့ ဘာမှ မဆိုင်ဘူးလေ"

"ဟုတ်ပါတယ်လေ ခင်ဗျား ထင်မြင်ချက် ပြောစမ်းပါ၊ အဲဒီ မိန်းကလေးကို ကြည့်ရတာ ဘယ်လိုသဘောရသလဲ၊ ရိုးရိုးလား ဆန်းဆန်း လား"

"ဟော့ ဒုက္ခပါလားကွ၊ ရိုးတယ် ဆန်းတယ် ဆိုတာ ဘာနဲ့တိုင်းမှာ

လဲကွ၊ ငါ့အလုပ်လည်း မဟုတ်ဘူး၊ အေး ဒုစရိုက်လုပ်ငန်းတစ်ခုခု လုပ်နေသလား လို့ မေးရင်တော့ ငါပြောမယ်၊ ဒီကောင်မလေး မလုပ်ဘူးကွာ၊ ဒါ သေချာတယ်၊ ကြည့်ရတာ ကျောင်းဆရာမလေး ဖြစ်မယ်ထင်တာပဲ၊ အခန်းပြန်တာ ဘယ်တော့မှ နောက်မကျဘူးကွ၊ ဘယ်က ငနဲတစ်ကောင်မှလည်း အခန်းထဲကို ခေါ်မသွင်းဘူး၊ ယူလာတဲ့ အဝတ်အစားအိတ်က အသစ်ကွ၊ ဒါပေမယ့် ပိုက်ဆံကို ချေစမဟုတ်တန် ဘဏ်က ထုတ်သုံးတာကွ၊ ဒါကို ရိုးတယ်ဆိုရင် ရိုးသားတယ်ပေါ့ကွာ၊ ဒီကောင်မလေးဟာ ဖြောင့်ပဲ နေတယ်၊ ပုန်းလျှိုးကွယ်လျှိုး မနေဘူး၊ လျှို့ဝှက်တာ မရှိဘူး"

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"ဘာဆိုလိုရမှာလဲ၊ ကောင်မလေးဟာ ဒီဟိုတယ်မှာ ပုန်းနေတာ မဟုတ်ဘူး၊ ဖြောင့်နေတာ၊ အဲဒါကို ငါသိဖို့လိုတာပေါ့၊ ငါက ရဲလည်း မဟုတ်ဘူး၊ နိုင်ငံတော် ထောက်လှမ်းရေးကလည်း မဟုတ်ဘူး၊ ငါ့တာဝန်က ဒီဟိုတယ်မှာ အနှောင့်အယှက်မပေးဘဲ အေးအေးဆေးဆေး နေထိုင်ကြဖို့ အရေးကြီးတာ မဟုတ်လား၊ မိန်းကလေးက သူ ပေးစရာရှိတာပေးတယ်၊ နိုးတာဆိုးတာ မရှိဘူး၊ ပြီးရော ပေါ့၊ မိန်းကလေးမှာ ဒုက္ခကြီးစွာရောက်နေပုံပဲ၊ ဒါပေမယ့် အခုတော့ ဒုက္ခ မရှိတော့ သလိုပဲ"

ဝွန်စာလက်သည် ပထမ ချင့်ချိန်နေလိုက်ပြီး နောက်မှ–

"ဒုက္ခကတော့ အကြီးကြီးပဲဗျ၊ မိန်းကလေးဟာ သွေးပျက်စီးတဲ့ ရောဂါနဲ့ သူ့ကိုယ်သူသေမယ်လို့ အောက်မေ့နေခဲ့ရာက ခုတော့ ဆေးစစ်တာမှားလို့ တကယ်တော့ သူ့မှာ ဘာရောဂါမှ မရှိဘူးဆိုတာ သိရတာကိုး"

"အေးလေ ဒါဆို ပြီးရောပေါ့၊ ဘာပူစရာရှိသေးလဲ၊ ဒါထက် ဒီဟိုတယ်ခ တစ်လ ဒေါ်လာနှစ်ထောင် ပေးနေရတာကကောကွာ"





"ဪ အဲဒီငွေတွေက အဖေနဲ့ အမေ အမွေချန်ထားခဲ့တဲ့ အိမ်ကလေး မြေကလေး ရောင်းတာနဲ့ အာမခံထားတဲ့ဆီက ရတဲ့ငွေလေးတွေပေါ့"

"ဒီမယ် ဝွန်စာလက်၊ ငါက ဈေးသတ်မှတ်တာတော့ မဟုတ်ဘူးကွာ၊ ဒါပေမယ့် ဒီထက်ဈေးပေါတဲ့နေရာကို ရွှေ့နိုင်းပါလား၊ သူ့ကို ဘယ်သူကမှ ဆွဲထား တာမှ မဟုတ်တာ"

"ဟုတ်ပါပြီ၊ အချိန်ကျတော့ ရွှေ့မှာပါ၊ ဒါပေမယ့် ပြဿနာက ဒီမှာတင် မရပ်ဘူးဗျ၊ အဲဒီလောက်လည်း မရိုးဘူး"

"ဟော့ ဒါဖြင့် မင်းကပဲ ရှင်းသွားအောင် လင်းစမ်းပါဦး"

ဝွန်စာလက်သည် ကနေဒီအား သူသိသမျှ ဇာတ်လမ်း အစအဆုံးကို ပြောပြလိုက်လေ၏။

ကနေဒီသည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ဟော့... ဒီမှာ ဟိုတယ်ကြီးတစ်ခုရဲ့ လုံခြုံရေးအရာရှိအနေနဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို နေ့စဉ် မြင်တွေ့နေရတာပဲကွ၊ ဒါပေမယ့် ဒီကိစ္စကတော့ စံပဲဟော့"

"စံမနေနဲ့ဦးဗျ၊ လူသတ်သမားက ရှိနေပြီ၊ လူသတ်သမားဟာ သူ့ရဲ့ ကြေးစား လူသတ်သမားအဖြစ်ကို တန်ဖိုးထားတာ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် လောကကြီးကို မုန်းနေတဲ့လူ ဖြစ်ချင်ဖြစ်မယ်ဗျ၊ အမှန်အတိုင်းဖြစ်သင့်တာကတော့ သူ့ကို ကန်ထရိုက်ပေးတဲ့ ကွန်ပါရာကို မကျေနပ်လို့ သတ်ပြီးရင် သူ့ဘာသာသွားဖို့ပဲ မဟုတ်လား၊ ဒီငနဲက မသွားဘူး၊ အခု မကြာခင်ကလေးကပဲ ပက်ဆီမင်ဒိုရာကို သတ်သွားပြန်ပြီ၊ ခင်ဗျား ပက်ဆီကို သိတယ်မဟုတ်လား၊ လက်ဝှေ့သမားဗျာ"

"အေးပါ ငါ သိပါတယ်၊ သူ လက်ဇွေ့ထိုးတာလည်း မြင်ဖူးပါတယ်"

"အဲ ပက်ဆီက ကွန်ပါရာအားကစားရုံမှာ မှီကပ်နေတဲ့လူဆိုတော့ လူသတ်သမားကို မြင်ဖူးထားတယ်နဲ့ တူတယ်ဗျ၊ ဒီငနဲက ကျွန်တော်တို့ကို နောက် ယောင်ခံ လိုက်လာတာကို ပက်ဆီက မြင်သွားတာနဲ့ ပက်ဆီကို ရှင်းပစ်တာပဲနဲ့ တူတယ်၊ ဒီအတိုင်း သွေးအေးအေးနဲ့ ပစ်သတ်သွားတာဗျ၊ သူဟာ သွေးအေးတယ်၊ ရက်စက်တယ်၊ ပြီးတော့ သေချာတယ်ဗျ၊ ကွန်ပါရာကို သတ်တုန်းကလည်း သုံးချက် ပစ်တယ်၊ သုံးချက်စလုံး နှလုံးသား တည့်တည့်မှာချည်းပဲ"

"အေးပါကွာ၊ ငါ့ကို အသေးစိတ် ရှင်းပြမနေပါနဲ့တော့"

"ရှင်းမပြနဲ့ဆိုရင်တော့ ဒါပါပဲလေ၊ အခု ကလေးမ အပေါ်ထပ်မှာ ကျုပ်တို့အနေနဲ့ တစ်ခုခု စီစဉ်ရမှာပေါ့ဗျာ"

ကနေဒီသည် မျက်မှောင်ကုတ်လိုက်၏။

"ဟေ အပေါ်ထပ်မှာ ဒုက္ခပါပဲကွာ၊ ဒို့ ဒီဟိုတယ်မှာတော့ ပြဿနာ မဖြစ်ပါစေနဲ့ကွာ၊ ဘယ်တုန်းကမှလည်း ပြဿနာမဖြစ်ခဲ့ပါဘူး၊ ပစ်လား ခတ်လား တွေ ဖြစ်လာရင် ဒုက္ခပါပဲ"

"ဒါကတော့ဗျာ ကျွန်တော်တို့က သေသေချာချာ စီစဉ်ရင် ဒီမှာ ပစ်လားခတ်လား မဖြစ်တော့ဘူးပေါ့ဗျာ၊ ဒီဟိုတယ်ထဲမှာ မဖြစ်ရအောင် တကယ်လို့ သူက ဒီမှာပဲနေတယ်ဆိုရင် အပြင်ထွက်လာအောင်၊ တကယ်လို့ အပြင်ကနေပြီး ဒီအထဲလာမယ်ဆိုရင်လည်း အပြင်ဘက်ရောက်အောင် ကြံဖန် စီစဉ်ရမှာပေါ့၊ ခုထိတော့ မိန်းကလေးကို အခန်းထဲမှာ သံမှိုစွဲပြီးနေဖို့ စီစဉ်ထားတယ်၊ ကျွန်တော်က မိန်းကလေးနဲ့အတူ စောင့်နေမယ်၊





လက်ဖတင်နင်ရှိချိုင်းက ရုံးချုပ်သွားပြီး လူရသလောက် အကူအညီတောင်းနေတယ်၊ ၅၅ လမ်းနဲ့ အမှတ်ငါး အဲဗင်းနယူး တစ်ဝိုက်မှာ ပိုက်စိတ်တိုက်ပြီး ကင်းပုန်းချထားရမှာပဲ၊ အဲဒီငနဲ ခြေစလက်စ ပေါ်လာတာနဲ့ မိအောင်ဖမ်းရမှာပေါ့ဗျာ၊ ကောင်မလေးလည်း အန္တရာယ်များလှပါပြီဗျာ၊ ဒီတစ်ခါတော့ လူသတ်သမားကို ဖမ်းမိပြီး အန္တရာယ်ကလွတ်နိုင်ကောင်းပါရဲ့"

ကနေဒီသည် ခေါင်းတဆတ်ဆတ်ဖြင့်–

"မင်းပြောတဲ့အတိုင်းဆိုရင် ဒီမိန်းကလေး ရင်ဆိုင်ရတဲ့ ဒုက္ခက အခုတောင် အတော်များလှပါပြီကွ"

"များတာတော့ ဟုတ်တာပေါ့ဗျာ၊ ဒါထက် အချိန်ဆွဲနေရင် ပိုဆိုးမှာဗျ၊ ကျွန်တော်တော့ ဒီအန္တရာယ်ကို ကနေ့ပဲ လက်စသတ်လိုက်ချင်ပြီ၊ အချိန် ဆွဲမနေချင်တော့ဘူး၊ နာရီနဲ့အမျှ အချိန်ဆွဲနေတိုင်း အန္တရာယ်က ပိုကြီးလာမှာ၊ မိန်းကလေးလည်း စိတ်ကပိုပြီးလှုပ်ရှားသထက် လှုပ်ရှားလာတော့မှာ၊ လူသတ်သမား ဂဏာမငြိမ်ခင် မိနိုင်မှတော်မယ်၊ အခုဆိုရင် ဒီငနဲ တုန်လှုပ်နေလောက်ပြီ၊ ဘယ်လောက်ပဲ သွေးအေးတယ်ပြောပြော လူတစ်ယောက်ကို သတ်မိရင် ထိုက်တန် သလောက် တုန်လှုပ်ရမှာပဲဗျ"

ကနေဒီသည် ဝွန်ဇာလက် ပြောသမျှကို စိတ်ဝင်တစား နားထောင်နေ၏။

ဝွန်ဇာလက်က ဆက်၍–

"ပြီးခဲ့တဲ့ ရက်တစ်ပတ်အတွင်းမှာ ဒီကောင်ဟာ လူနှစ်ယောက်သတ်ပြီးပြီ၊ ဒါက ထမင်းစားရေသောက် အလုပ်မှမဟုတ်တာ၊ သူလည်း ချောက်ချားမှာပဲ၊ ဟစ်ချိန်တည်းမှာပဲ ဆက်ပြီး ဘီးလိမ့်သလို လှုပ်ရှားနေမှာပဲ၊ ရပ်လို့ရမှာ မဟုတ်ဘူး၊ ကျွန်တော်တို့က ဒီအချိန် သူ့ရပ်မှဗျ"

"ဘယ်လိုရပ်မှာလဲ"

"လူသတ်သမားဆိုတာ စိတ်ရောဂါစွဲကပ်နေတဲ့ လူတစ်မျိုးပဲဗျ၊ သူလည်း ဝေဒနာသည်ဖြစ်မှာပဲ၊ ရှေ့ကသတ်ခဲ့ပြီးတဲ့ လူသတ်မှုတစ်ခုကို နောက်ထပ်လူသတ်မှုနဲ့ ဖြေရှင်းဖို့ ကြိုးစားတဲ့ လူမျိုးဗျ၊ ဒီတော့ သူဟာ မစ္စဆယ်လီကို သတ်ဖို့ ကြိုးစားဦးမှာပဲ၊ သူ့ရဲ့ကြေးစားမာနလည်း ပါမှာပေါ့လေ၊ သူ အဲဒီလို ကြိုးစားတုန်း ဖမ်းရမှာပေါ့ဗျာ"

ကနေဒီသည် ဝွန်ဇာလက် ပြောသမျှ၏ ယထာဘူတ ကျမှုကို ထောက် ခံ၏။ တွေးဆချက်များ မှန်နိုင်ကြောင်းကိုလည်း နားလည်၏။ ထို့ကြောင့် ဆယ်လီ အတွက် စိတ်မပူပန်လာ၏။

"အခု မိန်းကလေး အန္တရာယ်ကင်းတာ သေချာရဲ့လားကွ"

"ဗျာ ကျွန်တော် အခုပဲ ခင်ဗျားတို့ဟိုတယ်က သူ့အခန်းထဲမှာ ထားခဲ့တယ်ဗျာ၊ အခန်းတံခါးကို အတွင်းက သော့ခတ်ထားဖို့ အသေအချာ မှာထားတယ် ဗျာ၊ ကျွန်တော်ကလွဲပြီး ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးနဲ့လို့ မှာထားတယ်၊ အဲဒါ အန္တရာယ်ကင်းတယ် မကင်းဘူးဆိုတာကတော့ ပြောရခက်သားပဲ၊ အခုအချိန်ထိ တော့ အန္တရာယ်မရှိလောက်ပါဘူး"

ကနေဒီသည် အသက်နည်းနည်း ရှူသာသွား၏။

"ဒါဆိုလည်း ပြီးတာပဲလေ၊ လူသတ်သမားနဲ့ ပတ်သက်လို့ မင်းတို့ ဘာသဲလွန်စရပြီလဲ၊ ဘယ်သူဘယ်ဝါလို့ သိပြီလား"

"ဘယ်သူဘယ်ဝါဆိုတာ အတိအကျတော့ မပြောတတ်ဘူးဗျ၊ ကျွန်တော့်ရတဲ့ သဲလွန်စတော့ ရှိတယ်၊ သဲလွန်စထက် အတွေးဆိုရမလား မသိဘူး၊ အဲဒီအတွေးကိုက်မကိုက်၊ မှန် မမှန် ဆန်ဖရန်စစ္စကိုကို လှမ်းစုံစမ်း နိုင်းထားတယ်၊ နာရီပိုင်းလောက်အတွင်း အဖြေရကောင်းပါရဲ့"





"ရထားတာကကော"

"ရထားတာကတော့ သဲလွန်စဆိုဖို့ထက် စိတ်ကူးယဉ်ချက်လို့ ပြောရ မှာပဲ ထင်ပါရဲ့ဗျာ၊ လူသတ်သမားဟာ နှစ်ဆယ့်လေးငါးနှစ် ဝန်းကျင်ရှိမယ်၊ အရပ် က ငါးပေဆယ်လက်မ ၁၁ လက်မလောက်ရှိမယ်၊ ရွှေရောင်ဆံပင်၊ မျက်လုံးအရောင်က မွဲပြာပြာအရောင်၊ အပြာဖျော့ဖျော့ပေါ့ဗျာ၊ ဘောင်းဘီက အနက်၊ မီးခိုးပျော့ပျော့၊ ဂျာကင်အင်္ကျီအရောင်က အဖြူပျက်၊ နက္ကတိုင်က အနက်"

ကနေဒီသည် ဝွန်ဇာလက် စကားမဆုံးမီ စိတ်ဝင်တစား ဝင်ဖြတ်လိုက်၏။

"အဲဒီအတွေးက ဘယ်ကရတာလဲ၊ ဘယ်လောက် သေချာသလဲ"

"ဘယ်လောက် သေချာသလဲတော့ မပြောတတ်ဘူးဗျာ၊ ကျွန်တော် သူ့ကို ၆၇ လမ်းထိပ်မှာ လှမ်းမြင်လိုက်တာပဲရှိတယ်၊ ဒါပေမယ့် သူက မစ္စဆယ်လီ ကို ကြည့်လိုက်တဲ့အကြည့်ကို ကျွန်တော် သဘောမကျဘူး"

"ဒါပဲလား"

"ဒါပါပဲ"

ကနေဒီသည် ဝွန်ဇာလက်ကို အံ့သြ ချီးကျူးသော အကြည့်ဖြင့် ကြည့်လိုက်၏။ ပြီးမှ–

"ဝွန်ဇာလက် ခင်ဗျားအယူအဆကတော့ စွမ်းပါပေ့ဗျာ၊ ခင်ဗျား ပြောတဲ့ ငနဲ ဒီဟိုတယ်မှာ မကြာခဏ တွေ့နေရပါတယ်"

"ဗျာ ဒီဟိုတယ်မှာ တည်းတာလား"

ကနေဒီက ခေါင်းရမ်းပြ၏။

"ဒီဟိုတယ်မှာ တည်းတဲ့စာရင်း မတွေ့ဘူးဗျ၊ ဒါပေမယ့် ဒီအနား

တစ်ဝိုက်မှာ ကျုပ်တွေ့တာ နှစ်ကြိမ်လောက်ရှိပြီ၊ တစ်နေ့က တစ်ခါတွေ့တယ်၊ ကနေ့လည်းတွေ့တယ်၊ တွေ့ဆို စောစောက မိနစ် ၂၀လောက်တုန်းကတောင် တွေ့သေးတယ်၊ ကျုပ် ဟိုတယ်အလာတုန်းက လမ်းထိပ်မှာ တွေ့တယ်၊ ကျုပ် စီးကရက်ဆိုင်မှာ စီးကရက်ဝယ်တော့ ငနဲသားက ဟိုတယ်အပေါက်မှာ ရပ်နေတာ တွေ့သေးတယ်"

ဝွန်ဇာလက်လည်း လှုပ်ရှားသွား၏။

"ဒါများ ခင်ဗျားက ကျွန်တော့်ကို ဘာလို့ ချက်ချင်းမပြောရတာလဲ"

"ဟော မောင်ရင်ကမှ မမေးဘဲကိုး၊ မောင်ရင်က မောင်ရင့် ယူဆချက်ကို အခုမှပြောတော့ ကျုပ်ကလည်း အခုမှ ပြောရတော့တာပေါ့"

ဝွန်ဇာလက်သည် အောင့်သီးအောင့်သက် ဖြစ်သွား၏။

"ထားပါတော့ဗျာ ထားပါတော့၊ ကဲ ကျုပ်တို့ ထွက်ကြည့်ရအောင်၊ မိန်းကလေးကို တစ်ယောက်တည်း အခန်းထဲထားခဲ့တာ မှားပြီထင်တယ်ဗျို့"

ကနေဒီသည် ကပျာကယာပင် ဟိုတယ်တွင်းဖုန်းကို ကိုင်လိုက်၏။

"အခန်း ၁၁၁ ပေးပါ၊ မြန်မြန်ဗျို့၊ အရေးကြီးနေတယ်၊ ကျုပ် ကနေဒီပါ၊ အရေးကြီးတယ်"

ကနေဒီသည် ဖုန်းသံကို ဝွန်ဇာလက်ပါ ကြားနိုင်စေရန် စားပွဲပေါ် ရှေ့ကိုင်း၍ ကိုင်ထား၏။ ဖုန်းသံသည် တတူတူနှင့် ပထမအကြိမ်မြည်၊ နောက် ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ် ဆက်မြည်နေ၏။ တစ်ဖက်မှ ဖုန်းကိုင်သံလည်း မကြား၊ ထူးသံလည်း မကြား။

ကနေဒီသည် တယ်လီဖုန်းကို ဆောင့်ချလိုက်ပြီး အခန်းအပြင်ဘက်သို့ ဝုန်းခနဲ ထွက်လိုက်၏။ ဝွန်ဇာလက်သည်လည်း ဖျတ်လတ်စွာ ဘစ်ပါ တည်း လိုက်ပါလာခဲ့လေသည်။





ခန်းမကျယ်သို့ ရောက်သည့်အခါ ကနေဒီသည် တစ်ဟိုတယ်လုံး မြင်ကွင်းရှိသမျှ ကြည့်၏။ လမ်းမဘက်ထွက်သော တံခါးရှိရာသို့ ပြေးသွားကာ လေ့ကားအတိုင်း လမ်းဘက်သို့ ကြည့်လိုက်ပြန်၏။ နောက်မှ သတိရကာ တံခါး စောင့်ကို လက်ဖမ်းဆွဲလိုက်ပြီး

"ဂျိုး– မစ္စဆယ်လီဒီလ်မန်ကို မတွေ့မိဘူးလား၊ ဒီဟိုတယ်ထဲကများ အပြင်ထွက်သွားတာများ မြင်လိုက်သလား"

တံခါးစောင့်မှာ နှေးနှေး လူတစ်ယောက် ဖြစ်သည့်အတိုင်း ကနေဒီ ကသောကမျော မေးသမျှကို အသေအချာ ပြန်စဉ်းစားပြီးမှ–

"အပြင်ထွက်သွားတာ မြင်လိုက်တယ်"

ဝွန်ဇာလက် ကြားဝင်ပြီး–

"ဘယ်လောက်ကြာပြီလဲ၊ ပြောစမ်းပါဗျ မြန်မြန်"

"သိပ် သိပ်မကြာသေးဘူး၊ စက္ကန့်ရှစ်ဆယ် တစ်မိနစ် နှစ်မိနစ်လောက် ပေါ့ဗျာ"

"ဘယ်ဘက် ထွက်သွားသလဲ"

"အမှတ်ငါး အဲဗင်းနယူးအတိုင်း ပြေးထွက်သွားတာပဲ၊ မစ္စဆယ်လီကြည့်ရတာ တစ်မျိုးကြီးပဲ ကနေဒီ၊ ပြေးထွက်သွားတော့ ကားတစ်စီးနဲ့တိုက်မိ တော့မလို့ ကံကောင်းလို့ပေါ့၊ ဟိုဘက်လမ်းရောက်တော့ ပြန်ကြည့်နေသေးတယ်၊ ကျွန်တော်ကတော့ ဒီမိန်းကလေး စိတ်များ ဖောက်ပြန်သွားသလားလို့ အောက်မေ့နေတာ၊ မစ္စတာကနေဒီလည်း သိသားပဲ၊ ဒီမိန်းကလေးဟာ အရင်ကတည်းက တမှိုင်မှိုင် တတွေတွေနဲ့ စိတ်မချမ်းသာစရာ တစ်ခုခုနဲ့ ကြုံနေရသလို မဟုတ်လား"

ကနေဒီသည် ဒေါပွသွား၏။

"မစ္စဆယ်လီ ကြောက်လန့်နေပုံ တွေ့တာများကွာ မင်းက သွားပြီး အကူအညီ မပေးဘူး"

"သူကမှ အကူအညီ မတောင်းတာ၊ ပြီးတော့ ကြောက်နေပုံရတယ် ဆိုတာက ကျွန်တော့်အထင်ကိုးဗျ၊ ကျွန်တော့်မှာ ဒီတံခါးစောင့်ဖို့ တာဝန်ကလည်း ရှိသေးတယ် မဟုတ်လား"

ဝွန်ဇာလက်သည် မကျေနပ်၊ သူ့ကိုယ်သူလည်း မကျေနပ်၊ တံခါးစောင့်ကြီးကိုလည်း မကျေနပ်။ သို့သော် မေးစရာက ရှိနေသေးသည်။

"အဲဒါတွေ ထားလိုက်စမ်းဗျာ၊ ဒီမှာဗျို့ မစ္စဆယ်လီ ထွက်သွားတဲ့နောက် ဘယ်သူများ သူ့နောက်လိုက်သွားတာ မြင်လိုက်သေးသလဲ၊ အသေအချာ နားထောင်စမ်းဗျာ၊ လူငယ်ငယ် ရွှေရောင်ဆံပင် မျက်လုံးပြာပြာနဲ့ သပ်သပ်ရပ်ရပ် ဝတ်စားထားတဲ့ ငနဲများ–"

တံခါးစောင့်က မှတ်မိသွား၏။

"ဟုတ်ပြီ ဟုတ်ပြီ၊ သူ့လည်း တွေ့တယ်"

ကနေဒီနှင့် ဝွန်ဇာလက်သည် တုန်လှုပ်သွား၏။ နှစ်ယောက်လုံး တစ်ပြိုင်နက်တည်း–

"ဘယ်တုန်းကလဲ"

"မိန်းကလေးနဲ့ မတိမ်းမယိမ်းပဲ၊ စက္ကန့်သုံးဆယ်လောက်ပဲ ကွာမယ်၊ မိန်းကလေးက အဲဒီငနဲသားကိုများ ကြောက်နေတာလား"

"ဟုတ်ချင် ဟုတ်မှာပေါ့၊ ဒါထက် အဲဒီငနဲကော ဘယ်ဘက် ထွက်သွားသလဲ ဟင်"

"သူလည်း အမှတ်ငါး အဲဗင်းနယူးဘက်ပဲ၊ အနောက်ဘက် အတိုင်းပဲ"





ဝွန်ဇာလက်သည် ခေါင်းဆတ်လိုက်၏။ ကနေဒီကို ကြည့်လိုက်၏။

"ကဲ ဒီလိုလုပ်ကြစို့၊ ခင်ဗျား လက်ဖတင်နှင့် ရှိချိုင်းကို ဆက်သွယ်၊ ဒီကိုခေါ်ပြီး အကျိုးအကြောင်း အားလုံးရှင်းပြ၊ လုပ်သင့်လုပ်ထိုက်တာ ဆက်လုပ် ကြပေတော့၊ ကျွန်တော် လိုက်မယ်"

ကနေဒီသည် ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ"

ဝွန်ဇာလက်သည် ကနေဒီ ခေါင်းညိတ်လိုက်သည်နှင့် လမ်းပေါ်သို့ ပြေးထွက်လိုက်၏။ သူသည် ညာဘက်သို့ချိုးပြီး မြောက်ဘက်သို့ ဦးတည်လိုက် ၏။ သူသည် ခြေလှမ်းကျဲကြီးနှင့် ပြေးလိုက်နေခြင်းဖြစ်သည်။ လမ်းသွား လမ်းလာများ အရေးတကြီး ပြေးလွှားနေခြင်းကို တအံ့တသြ ကြည့်ကာ လမ်းဖယ်ပေးနေကြ၏။ နယူးယောက်မြို့ကြီး အလယ်ခေါင်တွင် လူကြီးတစ်ယောက် ပြေးလွှားနေသည့် မြင်ကွင်းမှာ ထုံးတမ်းစဉ်လာမဟုတ်၊ ထို့ကြောင့် ဝိုင်းကြည့်နေ ကြ၏။

ဝွန်ဇာလက်ကမူ သူ့ဆုံးဖြတ်ချက်နှင့်သူ ပိုင်ပိုင်နိုင်နိုင် ရဲရဲတင်းတင်း ပြေးလိုက်နေ၏။ သူ့အမှုအရာမှာ သူ့မှာ ပြေးပိုင်ခွင့်ရှိသည်။ ထို့ကြောင့် ပြေးသည်။ နံဘေးမှလူများသည် သူ့ကို လမ်းဖယ်ပေးရမည် ဟူသော ဟန်ပန်နှင့် ဘေးပရိသတ်သည်လည်း ဝွန်ဇာလက်၏ အပြုအမူကို နားလည်ထားသည့်အလား လမ်းဖယ်ပေး ကြ၏။

ဝွန်ဇာလက်သည် ၅၆ လမ်း၊ နောက် ၅၇ လမ်း ရောက်လာ၏။ ၅၇ လမ်းထိပ်အထိ တစ်လမ်းလုံးမှာ ရဲသားတစ်ဦးမျှ မတွေ့။

"ဒီရဲတွေ ဘယ်ရောက်ကုန်ပြီလဲ၊ သေကုန်ပြီလား"

ဝွန်ဇာလက်သည် စိတ်ထဲမှ ဒေါပွပွနှင့် ကျိန်ဆဲလိုက်၏။ ဝွန်ဇာလက်

သည် ၅၇ လမ်းအတိုင်း မြောက်ဘက်ကို ပြေးလိုက်နေမိ၏။

"ရဲတစ်ယောက်ယောက် တွေ့ချင်တဲ့အခါကျတော့ တစ်ယောက်မှ မတွေ့ဘူး၊ မတွေ့ချင်ရင် ရဲတွေက လိုက်သတ်လို့ မကုန်အောင် တွေ့ပါလိမ့်မယ်"

စိတ်ထဲက ဒေါပွပွနှင့် ဗွန်ဇာလက် ပြေးရင်း တွေးနေ၏။

၅၈ လမ်းနှင့် အမှတ်ငါး အဲဗင်းနယူးထိပ်တွင် ခဏရပ်လိုက်၏။ ပြီး ဟိုဟိုဒီဒီ အကဲခတ်ကြည့်၏။ သူ ဘာလုပ်မလဲ ဆုံးဖြတ်ရန်ခက်နေ၏။ ထိုစဉ် ရုတ်တရက် သူ့မြောက်ဘက် တစ်ပြကွာတွင် လူတစ်ယောက် အမှတ်ငါး အဲဗင်းနယူးမှ ပန်းခြံဘက်သို့ ကူးသွားသည်ကို ရိပ်ခနဲမြင်လိုက်၏။ ဗွန်ဇာလက်သည် အတွေးရပ်ပစ်လိုက်၏။ အစီအစဉ်ဆွဲနေခြင်းကို ရပ်ပစ်လိုက်၏။ ချက်ချင်း လှုပ်ရှားပြီး ထိုဘက်သို့ ပြေးထွက်လိုက်၏။

ဗွန်ဇာလက်သည် တိရစ္ဆာန်အသိစိတ်မျိုးဖြင့် ရိပ်ခနဲ မြင်လိုက်ရသူ နောက်သို့ အပြေးအလွှား လိုက်လေသည်။ မော်တော်ကားများသည် ၅၉လမ်းအတိုင်း အရှေ့ဘက်သို့ ပြေးနေ၏။

ဗွန်ဇာလက်သည် မော်တော်ကားများ အကြားမှ ဘရိတ်အုပ်သံ၊ ဆဲရေးသံ၊ မလိုတမာ အကြည့်များကိုခံရင်း ကားတွေအကြားမှာ ဖြတ်ပြေးလိုက်လေ၏။

ဘယ်လမ်း ညာလမ်းအကြားမှ အုတ်ခုံပေါ်သို့ ဗွန်ဇာလက် ရောက်ချိန်တွင် ရိပ်ခနဲမြင်လိုက်သူသည် လူသွားလမ်းအတိုင်း တိရစ္ဆာန် ဥယျာဉ်ဘက်သို့ ပြေးသွားသည်ကို မြင်လိုက်ရ၏။

ဗွန်ဇာလက်သည် နောက်ထပ်လမ်းတစ်ခု ကူးလာဦးမည်။ မော်တော်ကားများက မြစ်ကြီးတစ်မြင်လို အဆက်မပြတ် စီးဆင်းနေ၏။





ဗွန်ဇာလက်သည် ဘာမှမစဉ်းစားတော့ဘဲ မော်တော်ကားတွေကြား ထဲ အတင်းဝင်ဖြတ်လိုက်၏။

လူတစ်ယောက် ကားလမ်းပေါ် အတင်းဖြတ်ကူးသည့်အတွက် ကားများက ဘရိတ်အုပ်နေရသည်။ ရှောင်ရသည်။ ကားဒရိုင်ဘာတိုင်း မကျေနပ်။ တချို့ဆဲသည်။ တချို့ အော်သည်။ တချို့ မကျေနပ်။ သို့သော် ဗွန်ဇာလက် ဘာမှ ဂရုမစိုက်။ လမ်းတစ်ဖက်ရောက်ဖို့ အတင်း ကူးသည်။ နောက်ဆုံး လမ်းတစ်ဖက် ရောက်သွားသည်။

တစ်ဖက်ကလူမှာ လမ်းနံဘေး ခုံတန်းများကိုရှောင်၍ လူသွားလမ်း အတိုင်း ပြေးသွားသည်။

သည်တစ်ကြိမ်တော့ ရိပ်ခနဲမြင်ရသည် မဟုတ်တော့။ ထိုက်တန် သလောက် မြင်လိုက်ရသည်။ ဗွန်ဇာလက် သံသယရှိရန် မလိုတော့။ အညိုရောင် ဂျာကင်၊ ဘောင်းဘီအနက်၊ ရွှေရောင်ဆံပင်များက ရှေ့မှ ပြေးနေသူသည် ဘယ်သူ ဘယ်ဝါ ဆိုတာ ရှင်းသွားတော့သည်။ သူသည် လူသတ်သမားပဲ ဖြစ်သည်။

လူသတ်သမားသည် ဘာပဲပြောပြော ဗွန်ဇာလက်ရှေ့သို့ ရောက်နေပြီ ဖြစ်သည်။

အချိန်မှာ ညနေစောင်းစပြုနေပြီ။ အလုပ်မှ လူများပြန်ချိန်ဖြစ်သည်။ ရုံးဆင်းချိန် ထုံးစံအတိုင်း မော်တော်ကားများက သိပ်ထူထပ်နေသည်။ လူသတ်သမားသည် ဗွန်ဇာလက်ရှေ့မှ တစ်လမ်းကျော်နေသည်။ ရုံးဆင်းချိန် ကားအုပ်ထဲသို့ ဖြတ်ဖို့ကိစ္စကမှ စောစောက နှစ်ကြိမ်လောက် မလွယ်တော့။ သည်တစ်ခါဖြတ်လျှင် ဟိုဘက်ရောက်ဖို့ထက် လမ်းပေါ်မှာ ကိစ္စချောရန်သာ ရှိတော့သည်။

ဝွန်ဇာလက် သူ့ကိုယ်သူ ဒေါပွရင်း မတ်တတ်ရပ်စောင့်နေ၏။ မော် တော်ကားများကိုလည်း ကျိန်ဆဲ သူ့ကိုယ်သူလည်း ကျိန်ဆဲနေမိ၏။

ထိုအချိန်မှာ ရှေ့မှလူသတ်သမားသည် ပျောက်သွား၏။

မော်တော်ကားများ နည်းနည်းပါးသည်နှင့် ဝွန်ဇာလက်သည် လမ်းကို အတင်းပြေးကူးလိုက်၏။ သို့သော် လူသတ်သမားကို ရှာမတွေ့ တော့။

ဝွန်ဇာလက်သည် ရင်ထဲက အလိုအလျောက် ပေါ်လာသော အသိစိတ်ကို အားကိုးပြီး မြောက်ဘက်သို့ ပြေးလိုက်လေသည်။ ၆၅ လမ်း ထိပ်ထိ ရောက်လာ၏။ သည်အကြိမ်တွင်မူ ဝွန်ဇာလက်သည် ဘာမှဂရု မစိုက်တော့ဘဲ အားကုန် ပြေးနေပြီဖြစ်၏။ သူ့ရင်ခုန်သံမှာ ပေါက်ကွဲမတတ် ဖြစ်နေ၏။

"အတော် အသုံးမကျတဲ့ငါပဲ"ဟု ကိုယ့်ကိုယ်လည်း ကျိန်ဆဲနေ မိသည်။

"စုံထောက်လုပ်နေပြီး မင်း ဘာအသုံးကျတဲ့ အကောင်လဲ" ဟုလည်း ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်နေမိသည်။

ဝွန်ဇာလက်သည် တောင်ကုန်း အမြင့်ကလေးပေါ်သို့ ပြေးတက်ပြီး လူသွားစင်္ကြံထိပ်မှ ရပ်လိုက်၏။ သူ့ရှေ့မှ မြင်ကွင်းကိုလည်း ကြည့်လိုက်၏။

ရုပ်ရှင်အဖွဲ့တစ်ဖွဲ့သည် ရုပ်ရှင်ရိုက်ရန် စီစဉ်နေကြ၏။ ရုပ်ရှင်ရိုက် မော်တော်ကားကြီးသည် လမ်းနံဘေးမှာ ထိုးရပ်ထား၏။ ရုပ်ရှင်ရိုက် ကင်မရာများ အသင့်ထောင်ပြီး ဖြစ်နေသည်။ အသံဖမ်းအဖွဲ့ကလည်း အဆင်သင့် လုပ်ထားကြ၏။ သရုပ်ဆောင်မည့် သူများကလည်း အဆင်သင့် ဖြစ်နေကြ၏။ သူတို့သည် လူသွား စင်္ကြံထိပ်မှ ခုံကလေးကို ရိုက်ရန်





ချိန်နေကြခြင်းဖြစ်သည်။ ဒါရိုက်တာလုပ်သူက အော်ကြီးဟစ်ကျယ်နှင့် ပြောလိုက်၏။

"ဒီမှာ မိန်းကလေး၊ ကျုပ်တို့ ရိုက်ကွင်းထဲက ဖယ်ပေးပါဗျာ၊ ကျုပ်တို့ အခုလို ညနေ နေဝင်ချိန်ကလေးရိုက်ရဖို့ ဘယ်လောက် စောင့် ရတယ်မှတ်သလဲ၊ နောက် ၁၀မိနစ်ဆိုရင် နေက လုံးလုံးဝင်သွားရင် ကျုပ်တို့ ရိုက်လို့မရတော့ဘူးဗျ၊ ဖယ်ပါဗျာ ကပ်သီးကပ်သပ် မလုပ်ချင် စမ်းပါနဲ့၊ ကျုပ် ဒီလောက် တောင်းပန်နေတာ ခင်ဗျားက မဖယ်ဘူးလား"

ဓာတ်ပုံဆရာ တစ်ယောက်က ဝင်၍-

"ဆရာ ပြောမရရင် ဆွဲထုတ်ပစ်ဗျာ၊ လူလို ပြောနေရင် နားလည်ဖို့ ကောင်းတယ်"

ဝွန်ဇာလက်သည် ခေါင်းရမ်းလိုက်၏။ သူ့မြင်ကွင်းထဲမှာ ရှိနေသော ရုပ်ရှင်ရိုက်ကွင်းပေါ်မှ ဖယ်မပေးဘဲ ပေကပ်ကပ် လုပ်နေသူမှာ တခြားသူ မဟုတ်၊ ဆယ်လီဒီလ်မန် ဖြစ်ပေသတည်း။

ဆယ်လီသည် သူ့ကိုဖယ်ပေးခိုင်းသော်လည်း မဖယ်၊ သူ့ကို ဆွဲထုတ် မည့်သူကိုလည်း-

"ကျွန်မအသားကို မထိနဲ့နော်၊ ကျွန်မဘာသာ ဒီနားမှာရပ်နေတာ၊ ရှင်တို့ ရုပ်ရှင်ရိုက်ချင်ရိုက်၊ မရိုက်ချင်နေ၊ ကျွန်မကတော့ မဖယ်ဘူး"

ရုပ်ရှင်အဖွဲ့သား တစ်ဦးက-

"ဆရာရေ- ဆရာ ရှုတင်သာ ဖြုတ်လိုက်တော့၊ ဒီကောင်မကလေး ကတော့ ဖယ်မှာမဟုတ်ဘူး၊ သူ့ကြည့်ရတာ စိတ်မနှံ့ဘူးနဲ့ တူတယ် အာစရို"

ရုပ်ရှင်အဖွဲ့ထဲမှ မိန်းကလေးငယ်ငယ် တစ်ယောက်သည် ဆယ်လီ

အနား တိုးလာ၏။

"ဒီမှာ အစ်မကြီး ကျွန်မတို့အလုပ်ကို မနှောင့်ယှက်ပါနဲ့ရှင်၊ ရှင့်အတွက်လည်း ဘာမှ အကျိုးမထူးပါဘူး၊ ကျွန်မတို့အတွက်သာ အကျိုးယုတ်တာပါ၊ ရှင်လည်း ဒီလောက်တော့ ကိုယ်ချင်းစာဖို့ ကောင်းပါတယ်"

ထိုစဉ် ဝွန်ဇာလက်သည် အနားသို့ရောက်လာပြီ ဖြစ်၏။ သူသည် လူအုပ်ကြားကိုဖြတ်၍ ဆယ်လီရှိရာသို့ လာလိုက်၏။

ဝွန်ဇာလက်ကို မြင်လိုက်သည်နှင့် ဆယ်လီသည် စောစောက ရုပ်ရှင်အဖွဲ့ကို ပေကပ်ကပ် လုပ်နေသည့် အမူအရာအားလုံး ပျောက်သွားပြီး မျက်ရည်များ ကျလာကာ ဝွန်ဇာလက်ကို ပြေးဖက်လိုက်၏။

ဝွန်ဇာလက်သည် ဆယ်လီ၏ ကိုယ်လုံးကလေးကို ဖက်လိုက်၏။ ပါးစပ်မှ–

"အရူးမ"

ဝွန်ဇာလက်သည် ရုပ်ရှင်အဖွဲ့ဘက်သို့ လှည့်လိုက်ပြီး–

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ သူက ဒီလိုပဲ တစ်ခါတလေ စိတ်ဖောက်ဖောက်သွားလို့ပါ၊ ကျွန်တော်က သူ့အစောင့်ပါ၊ ခင်ဗျားတို့ကို သူ နှောင့်ယှက်မှု မပြုစေရတော့ပါဘူး"

ဆယ်လီသည် ငိုရာမှရပ်လိုက်ပြီး ခပ်တိုးတိုး လေသံနဲ့–

"ဖရင့် ရှင် ဘာတွေ ပြောနေတာတုန်း၊ ရှင်က ဘာအစောင့်လဲ၊ ကျွန်မ မရူးပါဘူး၊ ဒီလူအုပ်ကြားထဲဝင်ပြီး မဖယ်ဘဲနေတာက ကျွန်မ အသက်အန္တရာယ်က လွတ်အောင်လို့ပါ"

ဝွန်ဇာလက်သည် ဆယ်လီကို ခပ်တည်တည်ကြည့်လိုက်ပြီး–





"ဒီမှာ ကျုပ်ပြောတာ ရှင်းရှင်းလေးပဲ၊ ကျုပ်ဟာ မင်းအစောင့်၊ မင်းက စိတ်မနှံ့ဘူး၊ အိုကွာ ဒါတွေ ပြောမနေပါနဲ့၊ လာ လာ သွားစို့"

ဝွန်ဇာလက်သည် ဆယ်လီအား အသာအယာဆွဲ၍ လူအုပ်ကြားထဲမှ ထွက်လိုက်၏။ မလှမ်းမကမ်း စကြံနံဘေးရှိ ထိုင်ခုံရှည်မှာ ထိုင်ချလိုက်၏။ ဆယ်လီ၏ ပခုံးကိုလည်း လက်တစ်ဖက်နှင့် ပွေ့ဖက်ထား၏။

"ဆယ်လီ စောစောက ရုပ်ရှင်အဖွဲ့ကို ကျွန်တော်ပြောတာတွေ မေ့ပစ်လိုက်၊ ဒါ ကျွန်တော် အရှည်အရှည် မပြောချင်လို့ ပြောခဲ့တာ၊ အခုအချိန်ကစပြီး ကျွန်တော် ပြောတာကို နားထောင်၊ ကျွန်တော့်နားကို တိုးပြီးထိုင်၊ ခင်ဗျားရဲ့ မျက်စိတစ်ဆုံး ညာဘက်ကို ကြည့်၊ ကျွန်တော်က ဘယ်ဘက်ကို ကြည့်မယ်၊ တစ်စုံတစ်ခု ထူးခြားတာနဲ့ ကျွန်တော့်ကိုပြော၊ ကဲ ကျွန်တော့်ကိုလှည့်မကြည့်ဘဲ ခင်ဗျားကို တာဝန်ပေးထားတဲ့ ညာဘက်ကို ကြည့်ရင်း ဟိုတယ်ရေပါကနေ ဘာလို့ ဒီနေရာ ရောက်လာတာတုန်း ဆိုတာ ပြောပြ"

ဆယ်လီသည် ဝွန်ဇာလက် ပြောသည့်အတိုင်း ညာဘက် မြင်ကွင်း တစ်ခုလုံး ကြည့်နေရင်းမှ–

"ရှင် အခန်းထဲမှာထားခဲ့တော့ ကျွန်မ စီးကရက်သောက်ချင်လာတယ်၊ စီးကရက်ကလည်း အခန်းထဲမှာမရှိဘူး၊ ရှင်က အခန်းတံခါး ဘယ်သူ့ကိုမှ ဖွင့်မပေးရဘူးဆိုတော့ အောက်ထပ်ကနေပြီး စီးကရက်မမှာရဲဘူးလေ၊ မှာလိုက်ရင် စီးကရက်လာပို့တဲ့ လူယောင်ဆောင်ပြီး လူသတ်သမားက ဝင်လာရင် ဘယ့်နှယ့်လုပ်မလဲ"

ဝွန်ဇာလက်သည် ခေါင်းငြိမ့်သွား၏။

"ဒါ ရုပ်ရှင်တွေ တယ်လီဗီးရှင်းတွေ ကြည့်ပြီး ခင်ဗျားတုံးတာ"

"ဘာပြောတယ်"

"ဘာပြောရမှာလဲ၊ ခင်ဗျား တုံးတယ်လို့"

"ရှင် ကျွန်မကို ဒီလို တုံးတယ်မပြောပါနဲ့"

ဆယ်လီသည် ရန်တွေ့ရင်း ဝွန်ဇာလက်ဘက်သို့ လှည့်လိုက်၏။ ဝွန်ဇာလက်က–

"ဟော့ ဒီဘက်မလှည့်နဲ့လေ ဟိုဘက်လှည့်၊ ခင်ဗျားညာဘက်ကို ကြည့်လို့ ပြောထားတယ် မဟုတ်လား၊ ကျုပ်မှာ မျက်လုံး လေးလုံးမပါဘူး၊ ကျုပ်မှာ မျက်လုံးနှစ်လုံးပဲ ပါတယ်၊ ကျုပ်က ဘယ်ဘက်တစ်ဖက်ပဲ ကြည့်နိုင်တယ်၊ ညာဘက်ကို လှည့်မကြည့်နိုင်ဘူး၊ ဒီမှာ ခဏထိုင်ရင်း ခင်ဗျားစိတ်ကို ခင်ဗျားပြန်လျှော့၊ ကျုပ် ဘာလုပ်ရမယ်ဆိုတာ စဉ်းစား ဦးမယ်"

ဆယ်လီကမူ မကျေနပ်။

"ဘာပဲပြောပြော ရှင် ကျွန်မကို တုံးတယ်လို့ပြောတာ ကျွန်မ မကျေနပ်ဘူး၊ ပြီးတော့ ရှင် ကျွန်မကို အခုလို ဖက်ထားတာလည်း မကြိုက်ဘူး၊ ဖယ်ပါ"

ဝွန်ဇာလက်သည် ဖက်ထားခြင်းကို မလွှတ်။

"ဒီမှာ ဆယ်လီ၊ ခင်ဗျားကို အခုလိုဖက်ထားတာဟာ ကျွန်တော့် အလုပ်ကို ကျွန်တော် နားလည်ပြီးလုပ်နေတာ၊ အလကားနေရင်း အချောင် အသားယူချင်လို့ ဖက်ထားတာ မဟုတ်ဘူး၊ ခင်ဗျားကို တုံးတယ်လို့ ပြောမိတာက ဒေါသဖြစ်လို့၊ ခင်ဗျား မကျေနပ်ရင် ကျွန်တော် တောင်းပန် ပါတယ်၊ ခင်ဗျားဘက်ကို ခင်ဗျားကြည့်နော်"

ဆယ်လီသည် ကြည့်နေရင်းမှ–





"ဟိုလူက ဘယ်မှာလဲ"

"ဘယ်သူလဲ"

"ဘယ်သူရှိရမှာလဲ လူသတ်သမားပေါ့၊ ကျွန်မ ထွက်ပြေးလာ တာကိုက ဟိုတယ်မှာ သူ့ကို တွေ့လိုက်ရလို့ရှင်၊ ရှင် မသိဘူးလား"

"သိပါတယ် သိပါတယ်၊ ဒါကြောင့် ကျွန်တော်လည်း ဒီရောက်လာ တာပေါ့၊ ခင်ဗျားက ပြေးတယ်၊ လူသတ်သမားက ခင်ဗျားနောက် လိုက်ပြေးလာ တယ်၊ တွေးကြည့်ရင် ဟာသပြဇာတ် ကျနေတာပဲ"

ဆယ်လီက မရယ်နိုင်။

"အခု သူက ဘယ်မှာလဲ"

"မသိဘူးလေ၊ မသိလို့ ခင်ဗျားကို အဲဒီဘက် ကြည့်ခိုင်းထားတာပေါ့၊ သူ ဒီနားတစ်ဝိုက်မှာ ရှိနေတာ သေချာတယ်၊ ဘယ်ချောင်ခိုနေသလဲ မသိဘူး၊ အဲဒီ တော့ ခင်ဗျားဘက် ခင်ဗျား ကြည့်ဗျာ"

"ကျွန်မတို့က ဒီလိုပဲ ထိုင်နေကြတော့မှာလား"

"ထိုင်မနေလို့ ခင်ဗျားက စောစောက ပြေးခဲ့သလို ပြေးချင်သေးလို့ လား၊ ကျွန်တော်ခဏကလေး ခေါင်းအေးအေးနဲ့ ဘာလုပ်ရမလဲ စဉ်းစား ပါရစေ။ ဒီအတောအတွင်း ခင်ဗျားဟာ ခင်ဗျားဘက်ကို ခင်ဗျား ကြည့်၊ ဒါမှ ကျုပ်တို့ နှစ်ယောက် နောက်က ငနဲသားက ပေါ်လာပြီး သေနတ်နဲ့ ကပ်ဖြုတ်မသွားအောင် ပြောနေတာ၊ ခင်ဗျားကို တုံးတယ် ပြောတာ မကြိုက်ဘူး မဟုတ်လား၊ မကြိုက်ရင် ကျုပ်ပြောတဲ့အတိုင်းလုပ်"

"အို ကျွန်မတော့ ရှင့်ကို တဖြည်းဖြည်း မုန်းလာပြီ"

"မုန်းဗျာ မုန်းချင်သလောက် မုန်း၊ ဒါပေမယ့် တစ်မိနစ်လောက် ပါးစပ်ပိတ်ထားစမ်းပါ၊ ကျွန်တော် စဉ်းစားပါရစေဦး"

ဝွန်ဇာလက်သည် သူ့ကိုယ်သူ ဒေါပွသည်။ ဆယ်လီကိုလည်း စိတ်ဆိုးသည်။ တစ်လောကလုံးကို မကျေနပ်။ ဝွန်ဇာလက်သည် သူဖြစ်နေသော ဒေါသကို အတတ်နိုင်ဆုံး ချုပ်တည်းရင်း ကိုယ့်ကိုယ်ကို ဆုံးမနေ၏။

"ယော့ကောင် ဝွန်ဇာလက်၊ တကယ်တုံးတာက ကောင်မလေးမဟုတ်ဘူး၊ မင်းကွ မင်း၊ မင်းက ဘာကောင်လဲ၊ မင်းက စုံထောက်၊ ကောင်မလေးက ဘာလဲ၊ မင်းတာဝန်ယူ စောင့်ရှောက်ရမယ့်လူ၊ မင်းက ရည်းစားများအောက်မေ့ နေသလား၊ မင်းခေါင်းထဲမှာ မင်းတာဝန် မင်း နားလည်ပြီးတော့ မင်းအလုပ်ကို မင်းလုပ်"

ထိုစဉ် ရုပ်ရှင်အဖွဲ့ထဲက လူတစ်ယောက်သည် သူတို့နှစ်ဦးထိုင်နေရာသို့ လျှောက်လာပြီး–

"ခင်ဗျားက ရဲအရာရှိလား"

ဝွန်ဇာလက်

"ဟုတ်တယ်"

"ဘာများဖြစ်နေကြတာတုန်း"

"ဖြစ်နေကြတာတော့ အများကြီးပဲ၊ ခင်ဗျားတို့အလုပ် ခင်ဗျားတို့သွားလုပ်ကြဗျာ၊ ကျုပ်တို့အကြောင်း ခင်ဗျားတို့ စိတ်ဝင်စားဖို့မလိုဘူး"

"ဒီမိန်းကလေးကကော"

"ဒီမိန်းကလေးက အခြေအနေ ကောင်းသွားပါပြီ၊ ခင်ဗျား ဘာမှစိတ်ဝင်စားဖို့မလိုဘူး"

"သူက ဘာကိုကြည့်နေတာတုန်း၊ ဟိုဘက်ကြီးကို လှည့်လို့"

"ယော့ ဒီမှာ ကိုယ့်လူ၊ ဒီမိန်းကလေး ဟိုဘက်လှည့်နေတာ ခင်ဗျားအလုပ် မဟုတ်ဘူး၊ စောစောက ခင်ဗျားတို့အလုပ်ကို သူဝင်ရှုပ်လို့





ရုပ်ရှင်မရိုက်ရဘူးမဟုတ်လား၊ အခု သွားရိုက်ချေဗျာ၊ ကျုပ်တို့ထဲဝင်မရှုပ်နဲ့"

ထိုလူသည် ခေါင်းရမ်းပြီး ရိုက်ကွင်းဘက်သို့ ပြန်သွားလေသည်။

ဆယ်လီက ခပ်တိုးတိုးလေသံဖြင့်–

"ဒီလိုဆိုတော့လည်း ရှင်က ကျွန်မဘက်ကပါလား"

ဝွန်ဇာလက်သည် ဒေါပွသွား၏။

"ခင်ဗျားဗျာ၊ အတော်လျှာရှည်တယ်၊ ယောကျ်ားတစ်ယောက်ကများ ခင်ဗျားကို ချစ်နေ ကြိုက်နေရင် ခင်ဗျားပြောပုံဆိုပုံနဲ့ အဲဒီငနဲတော့ရူးမှာပဲ"

"ဪ ဒါကတော့ ရှင်က မိန်းမတွေအပေါ်မှာ မလိုတမာစိတ်ထား ရှိတာကိုး"

ဝွန်ဇာလက် အောင့်သွား၏။

"ကျုပ် တစ်ခုပြောမယ်၊ ခင်ဗျား သေလောက်အောင် ကြောက်ချင်ကြောက်နေမယ်၊ ဒါပေမယ့် ခင်ဗျား အခုထိ ကျောင်းဆရာမတစ်ယောက်လို မိန်းမတွေအပေါ်မှာထားတဲ့ ကျွန်တော့်သဘောထားကို ဝေဖန်နိုင်တာတော့ အံ့ရောဗျာ"

"အံ့စရာမလိုပါဘူး၊ အခု ရှင် ၃၃ နှစ်ရှိပြီ၊ အခုထိ အိမ်ထောင်မကျသေးဘူး၊ ရှင့်အကြောင်း ကျွန်မ မသိတာတစ်ခုရှိတယ်၊ ရှင်က စိတ်တုန်လှုပ်လာရင် စကားကြီး စကားကျယ်ပြောတယ်"

"နေပါဦး၊ ကျုပ် ၃၃ နှစ်ရှိတာ ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"စခန်းတုန်းက ရှင့်အမေဆီ ဖုန်းဆက်နေတုန်း လက်ဖတင်နင်ရိုချိုင်းက ပြောလို့ပေါ့"

"ဒီငနဲကြီးက နောက်ထပ် ကျုပ်အကြောင်း ဘာပြောသေးသလဲ၊ အတော်လျှာရှောင်တဲ့လူကြီး"

"သူက ရှင့်အကြောင်း ဘာမှ မကောင်းမပြောပါဘူး၊ သူပြောတာက အသက်ကလည်း ၃၃ နှစ်ရှိနေပြီး စုံထောက်လည်းလုပ်နေပြီ၊ အခုထိ ကိုယ့်အလုပ် ကိုယ်လုပ်တာပဲ အမေ့ကို ခွင့်တောင်းနေရတယ်လို့ ပြောတာပါ"

"ကျွန်တော်က ကျွန်တော့်အမေ့စကား နားထောင်တာကိုးဗျ၊ ဘာလဲ၊ ကိုယ့်အမေကို ကိုယ်ရိုသေတာ အပြစ်လား၊ ကျုပ် ၃၃ နှစ်ရှိလာလို့ အမေ့ကို မရိုသေရတော့ဘူးလား၊ အဲ ကျုပ်က ပြူအာတိုရီကန် လူမျိုးကိုးဗျ၊ ကျုပ်တို့က အမေရိကန်တွေလို အမေကို ဘေးချိတ်မထားတတ်ဘူးဗျ၊ ကျုပ်တို့ရင်ထဲ အသည်းထဲက အမေကိုချစ်တဲ့စိတ်နဲ့ ကြီးလာတာ၊ ကျုပ်ဘာသာ အမေကိုရိုသေတာ ခင်ဗျားက မကျေနပ်ဘူးလား"

"နေပါဦး၊ ရှင်က ဘာဒေါသကြီးနေရတာတုန်း၊ ကျွန်မက ရှင့်ကို ဘာများပြောမိလို့လဲ"

"ဘာမှတော့ မပြောပါဘူး၊ ဒါပေမယ့် ကျုပ်တို့ ပြူအာတိုရီကန် လူမျိုးတွေက အမေကို ချစ်ကြောက် ရိုသေတာကို ခင်ဗျားတို့က လှောင်ချင်သလားလို့"

"ရှင်ဟာလေ၊ ရှင် မဖြေရှင်းတတ်တော့ဘူးဆိုရင် ပြူအာတိုရီကန် လူမျိုး ဖြစ်တယ်ဆိုတာနဲ့ ကိုင်ကိုင်ပေါက်ချင်တယ်"

ပြောရင်းဆိုရင်း ဆယ်လီက ကျောခိုင်းပြောရသည်ကို အားမရသဖြင့် ဝွန်ဇာလက်ဘက် လှည့်လိုက်၏။ ဝွန်ဇာလက်သည် လှည့်မကြည့်ဘဲနှင့်–

"ဟော့ ဟော့၊ ဒီဘက် မလှည့်နဲ့လေ၊ ဟိုဘက်ပဲကြည့်"

ဆယ်လီသည် ဝွန်ဇာလက်စကားကို နားထောင်ပြီး ဟိုဘက်





လှည့်လိုက်၏။ ဝွန်ဇာလက်ကို ကျောပေးရင်း မေးလိုက်သည်။

"ရှင် အခုထိ ဘာမှ မစဉ်းစားရသေးဘူးလား"

"မရသေးဘူး၊ စဉ်းစားနေတုန်းပဲ"

"ကျွန်မတို့ ဒီမှာထိုင်နေမယ့်အစား ဟို ရုပ်ရှင်အဖွဲ့ဆီသွားပြီး တယ်လီဖုန်း ရှိ မရှိ မေးရင်း မကောင်းဘူးလား၊ ဖုန်းရှိရင် လက်ဖတင်နင်ဆီ အကြောင်းကြားလို့ ရတာပေါ့"

"နေစမ်းပါဗျာ၊ ရုပ်ရှင်အဖွဲ့ဆီသွားလို့ ဘာမှ အကြောင်းမထူးပါဘူး၊ ကျုပ်တို့ ဘာမှ လုံခြုံမှာမဟုတ်ဘူး၊ လူသတ်သမားကို နှောင့်နှေးစေရုံပဲ ရှိမယ်၊ သူကလည်းတွေးပြီး စိစဉ်နေမှာပဲ၊ ကျုပ်လည်း သူ့ထက်ခြေတစ်လှမ်းသာအောင် စဉ်းစားရမယ်ဗျ၊ လက်ဖတင်နင်ရှိချင်းလည်း မလိုပါဘူး"

ဝွန်ဇာလက်သည် ပြောတဲ့အပြော ကိုအောင်လည်း သူ့စိတ်ကမူ ရှိချင်းနှင့် ရဲသား ၂၀၀ လောက် လိုချင်နေ၏။

ထို့ကြောင့် ရုပ်ရှင်အဖွဲ့သို့ လှမ်းအော်လိုက်၏။

"ဗျို့ လူ၊ ခင်ဗျားတို့ကားထဲမှာ တယ်လီဖုန်းများ ရှိသလား၊ ခဏသုံးချင်လို့ပါ"

စောစောက ဝွန်ဇာလက် ဟောက်လွှတ်လိုက်သူက သူတို့ဘက်သို့ မကျေမနပ် လှည့်လိုက်ပြီး–

"ဟေ့လူ ကျုပ်တို့က အသံထွက်ရိုက်နေတာဗျ၊ မအော်ပါနဲ့"

ဝွန်ဇာလက်သည် တောင်းပန်လိုက်၏။

"ဟုတ်ကဲ့ မအော်ပါဘူးဗျာ၊ ဒါထက် ခင်ဗျားတို့မှာ တယ်လီဖုန်းများ ပါသလား"

"ဘာလဲ တကယ့်တယ်လီဖုန်း ပြောတာလား"

"တကယ့်တယ်လီဖုန်း ပြောတာပေါ့ဗျ၊ ခင်ဗျားတို့ ရုပ်ရှင်ရိုက်တဲ့ တယ်လီဖုန်း ကျုပ်က ဘာလုပ်ဖို့လဲ"

"မပါဘူးဗျ"

ထိုသူက တိုတိုတောင်းတောင်း ဖြေလိုက်ပြီး သူ့အလုပ်ကို သူ ဆက်လုပ်နေ၏။

ဗွန်ဇာလက်သည် တစ်စုံတစ်ရာ ဆုံးဖြတ်လိုက်ပြီး–

"ကဲ ကောင်းပြီ၊ ကျုပ်တို့ ဒီလိုလုပ်ကြစို့လား၊ အခုအတိုင်းဆိုရင် အလင်းရောင်က နောက် ၁၀မိနစ်လောက်ပဲ ရှိတော့မှာ၊ ခဏကြာရင် မှောင်လာတော့မယ်၊ အလင်းရောင်ရှိတုန်း ကျုပ်တို့ထွက်ရအောင်၊ ခင်ဗျား စွန့်စားရဲရဲ့လား"

"ရှင် ဘာကို စွန့်စားရမှာလဲ"

"စွန့်စားရမှာက ကျုပ်တို့ရှိရာကို လူသတ်သမား ထွက်လာအောင် မျှားဖို့"

"ရှင် လူသတ်သမား ကျွန်မတို့ဆီလာအောင် ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားညာဘက်ကိုကြည့်လိုက်၊ အဲဒီမှာ မြက်ခင်းပြင် တစ်ခုရှိတယ်၊ ခင်ဗျား တွေ့လား"

"တွေ့ပါတယ်"

"ကဲ ဒါဖြင့်ထ"

"ထတာက ဟုတ်ပါပြီ၊ ရှင်လုပ်မယ့် အစီအစဉ်ကို အရင်ပြောဦး လေ"

"ဒီလိုရှိတယ်လေ၊ လူသတ်သမားဟာ ဒီအနီးအနားတစ်ဝိုက်မှာ ရှိနေ တာကတော့ အမှန်ပဲ၊ ကျုပ်တို့က မျက်စိလေးလုံးနဲ့ ဘေးဝန်းကျင်





အားလုံး ကြည့်နေသလို၊ သူကလည်း တချောင်ချောင်ကကွယ်ပြီး ကျုပ်တို့ကို ကြည့်နေမှာပဲ၊ ကျုပ်တို့ နှစ်ယောက် ကျောချင်းကပ်ပြီး ကြည့်နေလို့ သူက ရှေ့မတိုးရဲဘူး ဖြစ်နေတာ၊ ကျုပ်တို့ထတာနဲ့ ထွက်တာနဲ့ သူက မြင်မှာပဲ၊ အခု သူက ဝင်မပစ်တာက ဘေးလူတွေရှိလို့ နေမှာ၊ ဒီတော့ လူတွေမရှိတော့ဘူးဆိုရင် သူ ဝင်ပစ်မှာပဲ၊ ကျွန်တော် ပြောတာရှင်း တယ်နော်"

"ရှင်းပါတယ်"

"ကဲ ကောင်းပြီ ဆယ်လီ၊ ကျုပ် အခုပြောတာကို အသေအချာ နားထောင်၊ တစ်ချိန်တည်းမှာ ခင်ဗျားဘက် ခင်ဗျားကြည့်၊ ဟိုရုပ်ရှင်အဖွဲ့က လူတွေကတော့ ကျုပ်တို့နှစ်ယောက် ကျောပေးထိုင်ပြီး စကားပြောနေ ကြတာကို အရူးလို့ ထင်မှာပဲ၊ ကျွန်တော် အရိုးဆုံးနဲ့ အရှင်းဆုံး စကား တစ်ခွန်းပြောမယ်၊ ကျွန်တော် ခင်ဗျားကို သံယောဇဉ်ရှိတယ်"

"ရှင် ဘာပြောတယ်"

"ကျွန်တော်ပြောချင်တာက ခင်ဗျားကို သံယောဇဉ်ရှိတယ်ဆိုတာ ခင်ဗျားရဲ့အသက်ကို ကျွန်တော် တန်ဖိုးထားပါတယ်လို့ ပြောနေတာ၊ ရိုးရိုးဗျာ၊ အမှုသည်တစ်ယောက်လို ကျုပ် သဘောမထားပါဘူးလို့ ပြော နေတာ"

"ရှင် ဖရင့်၊ ဒီလိုအချိန်မျိုးကြီးမှာ ရှင် ဘာတွေလာပြောနေတာတုန်း၊ ကျွန်မမှာဖြင့် သေမလောက် ကြောက်နေရတာ၊ နောက်ခဏနေရင် ကျွန်မ သေမလို့ အောက်မေ့နေတာ"

"ကျွန်တော့်စကား နားထောင်ပါဦးဗျာ၊ ကျွန်တော်ပြောလိုတာက ခင်ဗျား ကျွန်တော့်ကို ယုံကြည်စိတ်ချစေချင်လို့ ပြောတာပါ၊ ဘာလို့လဲ

ဆိုတော့ အခု ကျွန်တော်ပြောမယ့် အကြံအစည်က သာမန် ရဲအရာရှိ တစ်ယောက်က လုပ်သား ပြည်သူ တစ်ယောက်ကို ပေးတဲ့အကြံမျိုး မလုပ်လို့ပဲ၊ ခင်ဗျား အန္တရာယ်ရှိမယ့် အကြံဆိုရင် ကျွန်တော် မလုပ်ဘူးလို့ ယုံထားပါ၊ ကျွန်တော့် အဆုံးအဖြတ်ကို နားထောင်ပါ၊ ခင်ဗျားဟာ ကျွန်တော့်အတွက် တန်ဖိုးအများကြီးရှိပါတယ်"

"ရှင့် အဆုံးအဖြတ်ကို ကျွန်မ အမြဲ နားထောင်ခဲ့တာပဲ မဟုတ်လား၊ ရှင့်ကို ကျွန်မ ယုံပါတယ်"

"ကဲ ဒါဖြင့် အလင်းရောင်က သိပ်မရှိတော့လို့ ကျွန်တော်ပြောမယ်၊ ကျွန်တော်တို့နှစ်ယောက် အခု ဒီနေရာကထပြီး အဲဟိုက မြက်ခင်းကိုဖြတ်ကြမယ်၊ မြက်ခင်းကိုဖြတ်ရင် လူသတ်သမားဟာ လိုက်မလာဘဲ မနေနိုင်ဘူး၊ ဘာလို့လဲ ဆိုတော့ သူ့အတွက် အခွင့်အရေးကိုး ကျွန်တော်တို့ ဟိုဘက် ရောက်သွားရင် သူ့အတွက် မလွယ်တော့ဘူး မဟုတ်လား"

"အဲဒီသူက ထွက်လာတော့"

"ကျွန်တော်က စုံထောက်ပါဗျာ၊ ကျွန်တော်က သေနတ်ကို ဖြောင့် အောင် ပစ်တတ်ပါတယ်၊ သူက ဝရမ်းပြေး၊ သူက လူနှစ်ယောက်ကို သတ်ခဲ့ပြီးလို့ တတိယမြောက်လူသတ်ဖို့ လိုက်နေတဲ့သူပါ၊ ဒီတစ်ခါ သူသတ်ရမယ့်အခါမှာ တစ်ယောက်တည်းသတ်လို့ မရတော့ဘူး၊ သတ်ရင် ကျွန်တော်တို့နှစ်ယောက်စလုံးကို သတ်မှဖြစ်မှာ၊ ဒီတော့ သူ့စိတ်ဟာ သိပ်လှုပ်ရှားနေလောက်ပါပြီ၊ ဆက်ထားရင် ပေါက်ကွဲတော့မှာပါ၊ ဒီတော့ ကျွန်တော့်တို့ မြက်ခင်းကိုဖြတ်မယ်၊ သူက လိုက်လာပြီး ကျွန်တော်တို့ကို သတ်မှာပဲ ပစ်မှာပဲ၊ သူ ထွက်လာပြီး လိုက်လာတဲ့ အခါမှာ သူက မသတ်နိုင်ခင် ကျုပ်က သူ့ကို အရင်သတ်ရမှာပေါ့"





ဆယ်လီက တုန်လှုပ်စွာဖြင့်–

"ဖရင့် ရှင် လူတစ်ယောက်ကို သတ်ဖူးလာဟင်"

"မသတ်ဖူးဘူး"

"မသတ်ဘူးရင် ရှင်ပြောတဲ့အတိုင်း သူက လိုက်လာတော့ ရှင် သတ်လို့ ဖြစ်မလား၊ ကျွန်မ အဲဒါတစ်ခုပဲ သိချင်တယ်၊ သူကတော့ လူသတ်သမားလေ၊ သူက သတ်နိုင်တာ သေချာတယ်၊ ရှင်ကကော သေချာရဲ့လား"

"ဘုရားရေ၊ ဒုက္ခပါပဲ ကျုပ်သိပါတယ်ဗျာ၊ ကျုပ်အသက်အတွက်က ထားပါ၊ ခင်ဗျားအသက်ကို ကာကွယ်ဖို့ ကျုပ် သေချာပါတယ်ဗျာ၊ သေချာပါတယ်"

ဆယ်လီသည် ဆုံးဖြတ်လိုက်၏။

"ကောင်းပြီ ဒါဆိုရင် ကျွန်မ လိုက်မယ်"

•

# [ ၁၀ ]

လက်ဖတင်နင် ရှီချိုင်းသည် သူ၏ရဲကားဖြင့် ရဲဌာနချုပ်ရှိ ဗျွန်ကွန်မာဒေး အခန်းသို့ လာခဲ့၏။

ဤကိစ္စမှာ ထုံးတမ်းစဉ်လာမဟုတ်၊ ဤသို့လည်း တစ်ခါမှ အကူအညီ မတောင်းစဘူး၊ ဗျွန်ကွန်မာဒေးသည် ရဲဌာနချုပ်မှ ရဲဝန်ထောက် တစ်ဦး ဖြစ်သည်။ သူက သူ့ရှေ့တွင် ရောက်လာပြီး အကူအညီတောင်းနေသော လက်ဖတင်နင်ရှီချိုင်းကို ကြည့်ပြီး–

"မဟုတ်သေးပါဘူးကွာ၊ မင်းက ဌာနချုပ်လာပြီး နောက် ၁၅ မိနစ် အတွင်းမှာ ကျုပ်ကို အရပ်ဝတ်နဲ့ ကျွမ်းကျင်တဲ့စုံထောက် ၄၀ လိုချင်တယ်လို့ လာပြောတာများ အံ့ပါကွာ၊ ဘာလဲ ငါက လက်ဖျောက် တီးလိုက်ရုံနဲ့ လူ ၄၀ က ရောက်လာမလားကွ"

"ကျွန်တော်ကလည်း ဝန်ထောက်မင်းကို လက်ဖျောက်တီးရမယ် ပြောနေတာ မဟုတ်ပါဘူး၊ အခုကိစ္စက အတော်ဥကျနေလို့၊ ဒီလိုမှ

မဖြေရှင်းရင် မရတော့လို့ အကူအညီလာတောင်းရတာပါ"

"မဟုတ်သေးပါဘူးကွာ၊ မင်းပြောတဲ့အတိုင်းဆိုရင် ကောင်မလေးက အခုထိ အသက်ရှင်နေတုန်းပဲ၊ စိန့်ရီဂျစ်ဟိုတယ်မှာ ရှိနေတုန်းပဲ၊ သူနဲ့အတူ စုံထောက် ဗွန်ဇာလက်လည်း ရှိနေတုန်းပဲ၊ ဗွန်ဇာလက်ဟာ လူညံ့လူရှော် မဟုတ်ဘူး၊ လူတော်တစ်ယောက် ဆိုတာ မင်းလည်းသိတယ်၊ ငါလည်း သိတယ်၊ ဘာပဲပြောပြော လောလောလတ်လတ် လုံခြုံနေပြီပဲ၊ ညတွင်းချင်း လူသတ်သမားက မင်း မိန်းကလေးကို လာမသတ်ပါဘူးကွ၊ နက်ဖြန်ထိ မစောင့်နိုင်ဘူးလား၊ ဘာဖြစ်လို့ အခုချက်ချင်း ၁၅မိနစ်၊ မိနစ် ၂၀နဲ့ လူ ၄၀ လောက် လိုချင်ရတာတုန်း"

"ကျွန်တော်တို့ကတော့ နက်ဖြန်လည်း စောင့်နိုင်ပါတယ်၊ သန်ဘက်ခါလည်း စောင့်နိုင်ပါတယ်၊ ဒါပေမယ့် လူသတ်သမားက စောင့်မှာ မဟုတ်ဘူး၊ သူက စောင့်တဲ့အစားထဲမှာ မပါဘူး၊ သူက ကနေ့သတ်မှာ"

"ဟ ဘာကြောင့်များ လူသတ်သမားက ကနေ့ ညတွင်းချင်း သတ်မှာလို့ မင်းက ဝင်ပြီးသေချာနေရတာတုန်း၊ အခန်းတံခါးပိတ်ပြီး လုံလုံခြုံခြုံနေရင် လူသတ်သမားက နက်ဖြန်လည်း စောင့်ရမှာပဲ၊ သန်ဘက်ခါလည်း စောင့်ရမှာပဲဟ"

"မဟုတ်သေးဘူးဗျာ၊ ကျွန်တော့်စိတ်ထဲမှာ စောင့်မယ်မထင်ဘူး၊ သက်သေအထောက်အထားနဲ့တော့ ကျွန်တော် ပြောစရာမရှိဘူး၊ ဒါပေမယ့် စိတ်ထဲက သိတယ်၊ သူ ကနေ့ပဲသတ်မှာ၊ ဘယ်လိုပဲ အခန်းထဲပုန်းနေနေ ကြံဖန် သတ်မှာပဲ၊ လူတစ်ယောက်က တကယ် သတ်ချင်လာပြီဆိုရင် ကြံလို့ ဖန်လို့ရတယ်ဆိုတာ အာစရိလည်း သိပါတယ်"

"ဒီမှာ ရှီချိုင်း၊ ငါ့လာပြီး ဟိုဟာသိပါတယ်၊ ဒီဟာသိပါတယ်





လာလုပ် မနေစမ်းပါနဲ့၊ နက်ဖြန်အထိစောင့်စမ်းပါ၊ ငါ့ကိုလည်း အချိန်ပေးပါဦး"

ထိုစဉ် စားပွဲပေါ်မှ တယ်လီဖုန်းက မြည်လာ၏။ ကွန်မာဒေးက ကိုင်လိုက်၏။ နားထောင်ပြီးမှ–

"ဟော့...ရှီချိုင်း၊ မင်း ဆန်ဖရန်စစ္စကိုက ရဲချုပ် ကဗွန်လစ်ဆီ ဖုန်းဆက်ထားလား"

"ဟုတ်ကဲ့"

ဗျူန်ကွန်မာဒေးသည် ဖုန်းခွက်ကို လက်နှင့်ပိတ်ရင်း–

"ဟ... မင်းဟာက ဆန်ဖရန်စစ္စကိုကို အရေးတကြီး ဖုန်းဆက်ရတာက မလွန်ဘူးလားကွာ"

သို့သော် အောင့်သီးအောင့်သက်ဖြင့် ဖုန်းခွက်ကို လှမ်းပေးလိုက်၏။

ရှီချိုင်းသည် ဖုန်းခွက်ကိုယူပြီး ခဏ နားထောင်ပြီးမှ–

"ဟုတ်ပါတယ်၊ လက်ဖတင်နင်ရှီချိုင်းပါ၊ ကျွန်တော်က ဖုန်းခေါ်တာပါ၊ အရေးတကြီး စုံစမ်းချင်တာလေးတစ်ခု ရှိလို့၊ ကျွန်တော်တို့ နယူးယောက်မှာ မိန်းကလေးတစ်ယောက်ကို လိုက်သတ်နေတဲ့ လူသတ်သမားတစ်ယောက်နဲ့ပတ်သက်ပြီး သိချင်လို့ပါ၊ အဲဒီ လူသတ်သမားက သူ့ကို ကန်ထရိုက်ပေးခဲ့တဲ့ ဂျိုဝီကွန်ပါရာဆိုတဲ့ လူကို သတ်သွားတယ်လို့ ယူဆရပါတယ်၊ ပြီးတော့ လက်ဇွေ့ သမားတစ်ယောက်လည်း သတ်သွားပုံရပါတယ်"

ရှီချိုင်းသည် တစ်ဖက်မှပြောစကားများ နားထောင်နေလိုက်၏။ ပြီးမှ–

"ကျွန်တော် သဲလွန်စတစ်ခု ရထားပါတယ်၊ နိုင်နိုင်မာမာတော့

မဟုတ်ဘူးပေါ့လေ၊ ဒါပေမယ့် ရတဲ့သဲလွန်စက လူသတ်သမားဟာ ရဲချုပ်တို့ ဆန်ဖရန်စစ္စကိုကလို့ ယူဆရပါတယ်၊ သူက အသက် ၂၂နှစ်လောက်ရှိမယ်၊ ရွှေရောင်ဆံပင်၊ မျက်လုံးပြာမွဲမွဲ၊ ဘောင်းဘီရှည်အနက်၊ အညိုရောင်ဂျာကင်၊ အင်္ကျီအဖြူပျက်၊ နက်ကတိုင်အနက် စီးထားတယ်၊ အမြဲ သပ်သပ်ရပ်ရပ် ဝတ်ပုံရတယ်လို့ ယူဆရပါတယ်၊ သူကိုင်တဲ့သေနတ်ကတော့ ဘာအမျိုးလဲ၊ ကျည်ဆန်စစ်တဲ့ဆီက မလာသေးဘူး"

ကွန်မာဒေးက ဝင်ပြီး–

"လာပြီကွ၊ စမစ်နဲ့ ဝက်ဆန် ၃၂ ဘို့"

ရှီချိုင်းက ခေါင်းဆတ်ပြပြီး–

"သေနတ်ကို သိရပြီခင်ဗျ၊ ၃၂ဘို့ စမစ်နှင့် ဝက်ဆန် သေနတ်ကိုင်တာ၊ သိရသလောက်ကတော့ သေနတ်ပစ်ဖြောင့်ပုံရတယ်၊ စိတ်သိပ်နိုင်ပုံမရဘူး၊ စိတ်လှုပ်ရှားရင် သတ်မဲ့ပုံမျိုး"

ကွန်မာဒေးသည် ရှီချိုင်းပြောသမျှကို နားထောင်ရင်း စိတ်ထဲက ကျိတ်၍ ချီးကျူးလိုက်၏။

ရှီချိုင်းသည် ခဏအကြာထိ တယ်လီဖုန်းမပြောဘဲ နားထောင်နေ၏။ အတန်ငယ်ကြာသောအခါ အိတ်ထဲမှ စာအုပ်ငယ်တစ်ခုကိုထုတ်၊ ဖုန်းကို ခေါင်းနှင့် ညှပ်ပြီး ဘောလ်ပင်နှင့် တစ်စုံတစ်ရာ ရေးလိုက်၏။ ပြီးမှ–

"ဟုတ်ကဲ့ ခင်ဗျ၊ ကျေးဇူးပါပဲ၊ ကျေးဇူးပါပဲ"

ရှီချိုင်းသည် ဖုံးခွက်ချလိုက်၏။

ကွန်မာဒေးက–

"ကဲ ဆိုစမ်း ဘာရသလဲ"





"နာမည်တစ်ခုရပါတယ်၊ နာမည်က ဂျိန်းဖင်နင်တန်တဲ့၊ သူ့မိဘက ချမ်းသာတယ်၊ အဖေက သူ့ကိုယ်သူ သတ်သေသွားတယ်၊ အမေက နောက်ထပ် အိမ်ထောင်ပြုတာ သုံးခါရှိပြီ၊ ဖင်နင်တန်မှာ အသေးအဖွဲပြစ်မှုတွေက တစ်တန်းကြီးပဲ၊ တက္ကသိုလ် တစ်နှစ် တက်ဖူးတယ်၊ ဟော်လီဝုဒ်မှာ ရုပ်ရှင်ရိုက်မယ် ဆိုပြီး တစ်နှစ်နေဖူးတယ်၊ ရုပ်ရှင်ထဲမှာသုံးတဲ့ ကျည်ဖူးမပါတဲ့သေနတ်နဲ့ လူတစ်ယောက်ကို အနားကပ်ပစ်လို့ မျက်စေ့ကန်းသလိုဖြစ်ဖူးတယ်တဲ့၊ ဆန်ဖရန်စစ္စကို ရဲအဖွဲ့အထင်က သူဟာ ကြေးစားလူသတ်သမား လုပ်နေပုံရတယ်တဲ့၊ သက်သေ အထောက်အထားနဲ့တော့ ခုထိ မပြနိုင်သေးဘူးတဲ့၊ သူ့အဖေ သူ့ကိုယ် သူ သတ်သေတယ်ဆိုတာလည်း စမစ်နဲ့ ဝက်ဆန် ခြောက်လုံးပြူးပဲလို့ ယူဆစရာ ရှိတယ်တဲ့၊ အဲဒီမှာ နှစ်ပတ်လောက်ရှိပြီ သူ့လှုပ်ရှားမှုကို မတွေ့ရတာတဲ့"

ကွန်မာဒေးက မနေနိုင်တော့ဘဲ–

"ဒါဆို မင်းတွေးတာနဲ့ ကိုက်နေတာပေါ့ကွ၊ ဘယ်လိုလဲ မင်းဟာက ဦးပွမန်းသလို စွမ်းလှချည်လား၊ ဒီလိုပဲ အထင်ဟာစ်ခုရှိရုံနဲ့ ဖုန်းဆက်လိုက်ရင် ရကောလား၊ ပိုင်လှချည်လားကွ"

"ကြက်ကန်း ဆန်အိုးတိုးတာမျိုးပါဗျာ"

"ကဲ ကဲ ဒါတွေထား၊ ငါတတ်နိုင်တာ လုပ်ပေးမယ်၊ တခြားစခန်းက လူတွေ ရသလောက်နဲ့ ဒီမှာရှိတဲ့လူပိုတွေ အတတ်နိုင်ဆုံး စုပြီးပေးမယ်၊ ဒါပဲ... အခုချက်ချင်းတော့ မရဘူးနော်၊ အမြန်ဆုံးရအောင် ငါ စီစဉ်ပေးမယ်"

"ဟုတ်ကဲ့ ဆရာ ကျေးဇူးပါပဲ၊ ဒါဆို ကျွန်တော် စိန့်ရီဂျစ်ဟိုတယ်ဘက် လိုက်သွားဦးမယ်၊ ဆရာ့လူတွေ ရရင်သာ ဟိုကို လွှတ်လိုက်ပါတော့"

"အေး အေး"

ရှီချိုင်းသည် ဂွန်ကွန်မာဒေးကို နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်ခဲ့လေသည်။

စိန့်ရီဂျစ်ဟိုတယ်ရောက်လျှင် ဝွန်ဇာလက်နှင့် နောက်ထပ် စကားတစ်ခါပြောရလျှင် ကောင်းမည်ဟု တွေးမိသည်။ ဝွန်ဇာလက်နှင့် တိုင်ပင်၍ လူသတ် သမားကို ထောင်ချောက်ဆင်ရန် စိတ်ကူးသည်။

ဟိုတယ်သို့ ရောက်သောအခါ မိုးချုပ်စပြုပြီ။ ရောက်သည်နှင့် ကောင်တာစာရေးထံမှ မစ္စဒီလ်မန် အခန်းနံပါတ်တောင်းပြီး ဖုန်းဆက်လိုက်၏။ တယ်လီဖုန်းမှ ထူးသံ မကြားရ။ နောက်ဆုံး တယ်လီဖုန်း အော်ပရေတာ မိန်းကလေးက မစ္စဒီလ်မန် အခန်းထဲမှာ ရှိပုံမရဘူးဟု ပြောလိုက်မှ ရှီချိုင်းသည် ဖုန်းပြန်ချလိုက်၏။ ချက်ချင်း ကနေဒီရုံးခန်းဘက်သို့ သွားလိုက်သည်။

ကနေဒီသည် သူ့ကိုမြင်သည်နှင့် စားပွဲမှထလာပြီး–

"ခင်ဗျားကို စောင့်လိုက်ရတာဗျာ"

"ဟာ ဘာလို့လဲ"

"ဟာ ဒါဆိုရင် ဒီမှာဖြစ်တာတွေ ခင်ဗျား မသိသေးဘူးပေါ့"

"ဟ ဘယ့်နယ်လုပ်ပြီး ကျုပ်က သိရမှာလဲ"

"ကျွန်တော်လည်း ခင်ဗျားစခန်းက ဖုန်း ခဏခဏဆက်ပြီး အကျိုးအကြောင်း ပြောနေတာပဲ"

"ကဲ ကဲ အဲဒါတွေ ထားပါတော့၊ ဒီမှာ ဘာဖြစ်နေတာတုန်း"

"ဖြစ်ပုံကတော့ဗျာ ကျုပ်ဆီကို ဝွန်ဇာလက် အကျိုးအကြောင်း လာစကားပြောနေတုန်း ကောင်မလေးကို အခန်းထဲက မထွက်နဲ့လို့





မှာထားတာ၊ ဘာကြောင့်မှန်းတော့ မသိဘူး ကောင်မလေးက မနေဘူး၊ အောက်ဆင်းလာတယ်၊ အောက်ရောက်တော့ ခင်ဗျားတို့ ဝွန်ဇာလက်တို့ လူသတ်သမားလို့ ထင်နေတဲ့ ရွှေရောင်ဆံပင်နဲ့ ငနဲကို တွေ့သွားတယ်၊ အဲဒီငနဲကပဲ အပေါ်ပြန်မတက်နိုင်အောင် ပိတ်လိုက်သလားတော့ မပြောတတ်ဘူး၊ ကောင်မကလေးကတော့ ၅၅ လမ်းဘက် ထွက်ပြေးလေရဲ့၊ တံခါးစောင့်က ပြောတာတော့ အဲဒီ ငနဲကလည်း အဲဒီကောင်မလေး နောက် လိုက်သွားတယ်တဲ့၊ ဝွန်ဇာလက်လည်း အဲဒီငနဲနောက် လိုက်လေရဲ့၊ ကျုပ် ကတော့ ခင်ဗျားနဲ့ ဆက်သွယ်ဖို့ နေခဲ့ဆိုလို့ နေခဲ့ရတာ"

ရှီချိုင်းသည် မျက်နှာပျက်သွား၏။

"ဘယ်တုန်းကလဲ"

"မိနစ် ၃၀ လောက်ရှိပြီ"

"ဒုက္ခပါပဲကွာ၊ ရဲလုပ်စားရတာ မလွယ်ပါလားကွ"

ရှီချိုင်းသည် သူ့ကိုယ်သူ ပြောတာလား၊ ဝွန်ဇာလက်ကို ပြောတာလား ကနေဒီ မသိတော့။

*

## [ ၁၁ ]

ရုပ်ရှင်အဖွဲ့သားများသည် သူတို့ပစ္စည်းများကို ကားပေါ်သို့ တင်နေကြ၏။

ဝွန်ဇာလက်သည် ဆယ်လီလက်ကို ကိုင်၍ သူတို့အနားမှ ဖြတ်သွားရာ ရုပ်ရှင်အဖွဲ့သားများသည် ဝွန်ဇာလက်တို့ နှစ်ဦးကိုကြည့်ပြီး တစ်ယောက်ယောက်က တိုးတိုးကလေး ပြောလိုက်သည်နှင့် အားလုံး ဝိုင်းရယ်ကြ၏။

ဝွန်ဇာလက်တို့က မရယ်နိုင်။ ဝွန်ဇာလက်သည် သတိကြီးစွာနှင့် မြက်ခင်းရှိရာသို့ သွားနေ၏။ ဆယ်လီက–

"သူတို့ ကျွန်မတို့ကိုရယ်တာ မဟုတ်လား"

"ရယ်စမ်းပါစေဗျာ၊ သူတို့ကို ဂရုစိုက်မနေစမ်းပါနဲ့၊ တို့က သူတို့နဲ့ မဆိုင်တာ၊ တို့သွားနေတာက တစ်လမ်းပဲ"

"ဘယ်လမ်းလဲဆိုတာ ကျွန်မလည်း သိချင်ပါတယ်"

"မပူပါနဲ့ ခဏကြာရင် သိရပါလိမ့်မယ်၊ စိတ်အေးအေးထား၊ မလန့်နဲ့၊ ကျုပ်က ရပ်ဆိုရင်ရပ်၊ ကျုပ်နောက်ကို ဝင်ဆိုရင် ဝင်ကပ်၊

ကျုပ်က ဝပ်ဆိုရင် ဘာမှ မစဉ်းစားနဲ့ ဝပ်ပစ်လိုက်၊ မျက်နှာကို မှောက်ပြီးသားဝပ်ချ"

"ဟုတ်ပါပြီ ကျွန်မ နားလည်ပါတယ်၊ မအော်ပါနဲ့"

"ဒီမယ် ဆယ်လီ ကျုပ် အော်နေတာက မင်းကို မဟုတ်ဘူး၊ ကျုပ် ဘာသာ ဒေါသဖြစ်လို့ အော်နေတာ၊ ဘာလို့လဲဆိုတော့ ကျုပ်လည်း ကြောက်လို့ပဲ၊ အခုအချိန်မှာ မင်းတစ်ယောက်တည်း ကြောက်နေတာ မဟုတ်ဘူး၊ ကျုပ်လည်း ကြောက်နေတာပဲ၊ အဲဒီတော့ မင်းက ထူးခြားပြီး လန့်ပြေးတာတို့ ဘာတို့ မလုပ်နဲ့၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

သူတို့နှစ်ဦးသားသည် မြက်ခင်းအစသို့ ရောက်လာ၏။ အလင်းရောင်သည် ခပ်ဖျော့ဖျော့သာရှိသဖြင့် အမှောင်ရိပ်သည် တဖြည်းဖြည်း ကြီးလာပြီဖြစ်၏။ သို့သော် မြက်ခင်းပြင်မှာ ကွင်းပြင်ကျယ်ကြီးဖြစ်၍ အခြားနေရာနှင့်စာလျှင် လင်းနေ၏။

မြက်ခင်းတစ်ခုလုံး၌ လူတစ်ယောက်မှမရှိ။ ခွေးတစ်ကောင် ကြောင်တစ်မြီးမှလည်း မရှိ။

ဆယ်လီသည် နံဘေးဝန်းကျင်ကို ကြည့်ပြီး–

"ဘယ်သူမှလည်း မရှိပါလား"

"ဒီအချိန် ဘယ်လူရှိတော့မှာလဲ၊ ဒါကြောင့် ဒီကွင်းထဲလာခဲ့တာပေါ့၊ ကျုပ်တို့နှစ်ယောက်တည်း ရှိရအောင်"

ဟိုမလှမ်းမကမ်း ကားလမ်းများတွင် ကားများက ဥဒဟိုဖြတ်သန်းနေ၏။ ဆယ်လီနှင့် ဝွန်ဇာလက်တို့ နှစ်ယောက်သား မြက်ခင်းပြင်၏ အလယ်သို့ ရောက်လာခိုက် မြင်ခင်းပြင်ပေါ်တွင် ကလေးတစ်ယောက်





မေ့ကျန်ပုံရသော ဘောလုံးကလေး တစ်လုံးကို တွေ့ရ၏။

ဆယ်လီသည် ဘာမှရည်ရွယ်ချက် မရှိသော်လည်း အဖော်မဲ့နေသူတို့ ထုံးစံအတိုင်း ဝွန်ဇာလက်၏ လက်ကိုလွှတ်၍ ဘောလုံးကလေးကို ကောက်လိုက်၏။

ဝွန်ဇာလက်က–

"ဟေ့ ဘာလဲ၊ မကောက်နဲ့လေ"

"ဘောလုံးကလေးပါ ဖရင့်ရဲ့၊ ကလေးတစ်ယောက်ယောက်က ကျန်ခဲ့တာ နေမှာပေါ့"

"လွှင့်ပစ်လိုက်၊ မင်း လက်ထဲမှာ ဘာတစ်ခုမှ ကိုင်မထားရဘူး၊ ကြားလား"

ဆယ်လီသည် ဘောလုံးကလေးကို လွှတ်ချလိုက်၏။

"ရှင်ဟာလေ အတော်သည်းတဲ့လူ၊ ဘောလုံးကလေး ကောက်ရုံနဲ့ ဘာအန္တရာယ်ရှိမှာမှတ်လို့"

"အာရုံများတာပေါ့ဗျ"

"များ ဘာဖြစ်လဲ"

"ဘုရားရေ ဒုက္ခပါပဲ၊ နားဝေးလှချည်လား၊ ကျုပ်တို့က ပြေးတမ်းလိုက်တမ်း ကစားနေတာ မဟုတ်ဘူးဗျ၊ မင်းအာရုံက တစ်ခုခုပေါ်မှာ ရောက်သွားရင် ဒုက္ခများသွားနိုင်တယ်၊ ဆယ်လီ မင်းသိထားဖို့က ကျုပ်အသံကလွဲရင် ဘာမှ စိတ်ထဲမှာ မထားနဲ့ကြားလား"

"ဒေါသကြီးလှချည်လား"

"ဒေါသကြီးတာ မဟုတ်ဘူး၊ မင်းက ပေါ့တီပေါ့ဆဖြစ်နေလို့ နားလည်အောင် ပြောပြနေရတာ"

"ဘာကို နားလည်ရမှန်းမှ မသိတာ"

"ကဲ ဒါဖြင့် ကျုပ် ရှင်းပြမယ် နားထောင်၊ ကျုပ်တို့ စုံထောက်အရာရှိ တစ်ယောက်ဟာ အမြဲတမ်း သေနတ်ကိုင်ရတယ်၊ ကျုပ်သေနတ်က ၃၈ ဘို့ ခြောက်လုံးပြူးပဲ၊ ကျုပ်က သေနတ်ကို သဘောမကျဘူး၊ ဒါပေမယ့် ကျုပ်က စုံထောက်ဖြစ်လို့ သေနတ်ဆောင်တယ်၊ ပြီးတော့ ကျုပ်ကိုင်တဲ့ သေနတ်ဟာ သေနတ်ကောင်း၊ ကျုပ် ပစ်မှတ်ကို ထိအောင် ပစ်နိုင်တဲ့လူတစ်ယောက်ပဲ၊ ဒါပေမယ့် သေနတ်ပစ်တဲ့နေရာမှာ စိတ်ငြိမ်ဖို့ လက်ငြိမ်ဖို့ သိပ်အရေးကြီးတယ်၊ ဘာလို့လဲ ဆိုတော့ ခြောက်လုံးပြူးဆိုတဲ့ သေနတ်ဟာ ကမ္ဘာပေါ်မှာ ထိအောင်ပစ်နိုင်ဖို့ အခက် ဆုံးပဲ"

"ဟင် ရှင်ပြောသလို ထိဖို့ အခက်ဆုံးဆိုရင် လူတွေက ခြောက်လုံးပြူးနဲ့ ဘယ့်နှယ်လုပ် ပစ်လို့သတ်လို့ ရမှာတုန်း"

"အင်း မေးစရာပေါ့၊ ပစ်လို့ မထိနိုင်ဘူးလို့ ကျုပ်ပြောတာ၊ လုံးဝ မထိနိုင်ဘူးလို့တော့ ဘယ်ဟုတ်မလဲ၊ ကျုပ်တို့ လေ့ကျင့်ကတည်းက ထိအောင် ပစ်ဖို့ လေ့ကျင့်ထားတာပဲ၊ ဒါပေမယ့် ခြောက်လုံးပြူးဆိုတဲ့ သေနတ်ကတော့ အားမကိုး လောက်ဘူးလို့ ပြောတာ၊ ကြောက်နေတဲ့ လူတစ်ယောက်ဟာ ရိုင်ဖယ်နဲ့ထိအောင် ပစ်ချင်ပစ်နိုင်မယ်၊ ခြောက်လုံးပြူးနဲ့တော့ မလွယ်ဘူး၊ ရုပ်ရှင်ထဲက ကောင်းဘွိုင်တွေက လွဲရင်ပေါ့လေ၊ ကြောက်နေတဲ့ လူတစ်ယောက်ဟာ ခြောက်လုံးပြူးကို မှန်အောင် တယ်တော့ မှမပစ်နိုင်ဘူး၊ ခြောက်လုံးပြူးနဲ့ မှန်အောင်ပစ်ဖို့ဆိုရင် သွေးအေးရမယ်၊ စိတ်ငြိမ်ရမယ်၊ လက်ငြိမ်ရမယ်၊ ဒါမှ ထိမှာ၊ ကျုပ်ပြောတာ ရှင်းတယ်နော်"

"ရှင်းပါတယ်"

သို့နှင့် သူတို့နှစ်ဦးသားသည် မြက်ခင်းအလယ်သို့ ရောက်လာ၏။





ဗွန်ဇာလက်သည် ဆယ်လီအား ကြောက်စိတ်နည်းအောင် အာရုံမပြန့်အောင် ကြိုးစားစကားပြောရင်း လျှောက်လာ၏။ ဟိုဝေးဝေးမှ ကားသံများ ကြားနေရသည်။ မြက်ခင်းတစ်ပြင်လုံး သူတို့မှတစ်ပါး ဘယ်သူမှမရှိ။

ဗွန်ဇာလက်သည် ရပ်လိုက်၏။

"ကဲ တော်ပြီ ရပ်လိုက်တော့၊ ကျွန်တော်တို့နှစ်ယောက် ဟိုခုံမှာ ထိုင်နေကြတုန်းကလို ကျောချင်းကပ်ရပ်မယ်၊ ဒါမှ ခင်ဗျားကတစ်ခြမ်း၊ ကျွန်တော်က တစ်ခြမ်း၊ မြင်ကွင်းတစ်ခုလုံးကို မြင်ရမယ်၊ သူ ထွက်လာမှာပါ"

"ရှင်က သေချာလှချည်လား"

"သေချာတာမဟုတ်ဘူး၊ ကျုပ် တွေးထားတာကို ပြောတာ၊ ကျုပ် အတွေးမှန်ရင် နောက် ၁၀ မိနစ်အတွင်း သူ ထွက်လာလိမ့်မယ်၊ စိတ်ချ၊ ဘယ် အရပ်က ထွက်လာမလဲဆိုတာ ကြည့်ပြီး ဆက်လုပ်ကြတာပေါ့"

"လူသတ်သမားက အခုထွက်လာပြီး ကျွန်မတို့နှစ်ယောက်စလုံး မသတ်နိုင်တော့ဘူးတဲ့လားဟင်"

"သိပ်တတ်နိုင်တာပေါ့၊ ဒီမယ် ဆယ်လီ၊ ဟိုတုန်းက ကျုပ် ကြားဖူး တာလေးတစ်ခု ပြောပြမယ်၊ ဒီဘက်မလှည့်နဲ့လေ၊ ဟိုဘက်ကိုကြည့်၊ ခင်ဗျား လက်ဇေ့ကျော် ဂျိုးလူဝီကို ကြားဖူးတယ်မဟုတ်လား၊ တစ်နေ့ ဂျိုးလူဝီ ပွဲကြီး ပွဲကောင်း သတ်ခါနီးမှာ တစ်ဖက်က မန်နေဂျာလုပ်တဲ့လူက သူ့အခန်းထဲ ဝင်လာပြီး 'ကြိုးဝိုင်းထဲရောက်ရင် သူတို့လူက ဂျိုးလူဝီကို ဘယ်လိုသတ်မှာ၊ ဘယ်လို အမှန့်ကြိတ်ပစ်မှာ' လို့ လာပြောသတဲ့။ အဲဒီတော့ ဂျိုးလူဝီက 'ဟုတ်ပါပြီ၊ ကြိုးဝိုင်းထဲမှာ ခင်ဗျားလူက ကျုပ်ကို

အမှန့်ကြိတ်ပစ်တာတော့ ဟုတ်ပါပြီ၊ အဲဒီတစ်ချိန်လုံးမှာ ကျုပ် ဘာသွား လုပ်နေမှာတုန်း၊ ငြိမ်နေရမှာလား' လို့ ပြန်ပြောလိုက်တယ်လေ"

ဆယ်လီက ဒေါပွသွားပြီး–

"ဘာဆိုင်လဲ"

"စဉ်းစားကြည့်ပေါ့ဗျာ၊ ကျုပ်တို့ အခုရောက်နေတဲ့ နေရာဟာ ခင်ဗျား ရောက်နေတဲ့ အန္တရာယ်အတွက် အကောင်းဆုံးပဲ၊ စောစောက ခင်ဗျားကို ကျွန်တော် ပြောပြီးပြီနော်၊ ကျွန်တော်ဟာ ၃၈ ဘို့ ခြောက်လုံးပြူးကိုင်တယ်၊ ဖြောင့်လည်းဖြောင့် တယ်လို့၊ လူသတ်သမားကတော့ ၃၂ ဘို့ ခြောက်လုံးပြူးကို ကိုင်တယ်၊ သူလည်း ဖြောင့်နိုင်ပါတယ်၊ ဒါပေမယ့် အခု အခြေအနေအရ သူက သူ့ရဲ့ ၃၂ဘို့ ခြောက်လုံး ပြူးကို ကျုပ်ရဲ့ ၃၈ ဘို့ခြောက်လုံးပြူးလောက် စွမ်းအောင်ကိုင်နိုင်မယ် မဟုတ်ဘူး၊ သူက စိတ်လှုပ်ရှားနေတယ်၊ ဘာလို့လဲဆိုတော့ သူက လူနှစ်ယောက် သတ်ပြီးပြီ၊ နောက်ထပ်သတ်ဖို့ ကြိုးစားနေတဲ့လူ၊ ဒါကြောင့် သူက ဒီမြက်ခင်းထဲ ဝင်လာပြီး လာသတ်မယ်လို့ ကျုပ် တွေးထားတာပေါ့"

ဆယ်လီသည် နားထောင်နေ၏။

ဝွန်ဇာလက်က ဆက်၍–

"ကဲ ဆယ်လီ၊ အသေအချာ နားထောင်၊ မင်း ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးသမျှ ခြောက်လုံးပြူးပစ်ပွဲတွေကို ဘေးချိတ်ထားလိုက်၊ ဘာလို့လဲဆိုတော့ အဲဒီရုပ်ရှင်ထဲကဟာတွေ အားလုံးဟာ ဖြီးထားတာ၊ တကယ့် တကယ်က ခြောက်လုံးပြူးနဲ့ လူကို မှန်အောင်ပစ်နိုင်တာ နှစ်နည်းပဲရှိတယ်၊ တစ်နည်းက ကပ်ပြီးတော့ဖြုတ်တာ၊ တစ်နည်းကတော့ တကယ့်အနောက်ပိုင်း ကောင်းဘွိုင် ခေတ်တွေမှာ အမှုထမ်းတွေက





သူတို့ သွေးအေးအေး စိတ်အေးအေးထားပြီး ကယောင်ချောက်ချား လှမ်းပစ်တဲ့ လူဆိုးကို အသေအချာပစ်ကွင်းရောက်မှ စောင့်ပစ်လို့ပဲ"

ဆယ်လီသည် တွေးနေ၏။

ဝွန်ဇာလက်က ဆက်၍–

"အခု ကျုပ်ကလည်း အဲဒီနည်းကို သုံးရမှာ၊ လူသတ်သမား ထွက်လာရင် ကျုပ် သေချာတဲ့သေနတ်တစ်ကမ်းရောက်မှ သူ့ကို ကျုပ်က စောင့်ပစ်မယ်"

ဆယ်လီက လန့်သွားပြီး–

"ကဲ ဒီအချိန်မှာ သူကကော ကျွန်မတို့ကို မပစ်တော့ဘူးလား ရှင်"

"ပစ်မှာပေါ့ ဘယ်နေမလဲ၊ ဒါပေမယ့် သူက ကျုပ်တို့ကို ထိအောင် မပစ်နိုင်ပါဘူး စိတ်ချပါ"

ဆယ်လီသည် ဝွန်ဇာလက် စကားကို နားထောင်နေစဉ် မြက်ခင်း အစပ်မှ လူရိပ်တစ်ရိပ် မြင်လိုက်ရ၏။

"ဟော သူလာပြီ၊ ဘုရားရေ သူလာနေပြီ ဖရင့်ရဲ့"

ဝွန်ဇာလက်သည် ဆယ်လီ ကြည့်ရာဘက်သို့ လှည့်လိုက်၏။ လူသတ် သမားသည် အရှေ့မြောက်အရပ်မှ ထွက်လာခြင်းဖြစ်သည်။ သူတို့နှစ်ဦး ခုံတန်းပေါ်တွင် ထိုင်နေကြစဉ် မလှမ်းမကမ်း ကျောက်တုံးများ အကြားမှ သူတို့ကို အကဲခတ်နေခြင်း ဖြစ်ပေလိမ့်မည်။

ယခုတော့ သူသည် အရှေ့မြောက်အရပ်မှ ထွက်လာချေပြီ။ ခြေလှမ်း ကျဲကျဲနှင့် မပြေးရုံတမယ် မြက်ခင်းထဲကို ဖြတ်၍ဝင်လာ၏။ သူ၏ ရွှေရောင်ဆံပင် မှာ လေ၌ လွင့်ဝဲနေသည်။ မျက်လုံးပြာပြာများကမူ

မျက်နှာပြင်တွင် အမည်းစက် ကလေးတစ်စက်မျှသာ။

ဝွန်ဇာလက်သည် ဆယ်လီကို အသာနောက်ဆွဲ သွင်းလိုက်ပြီး တည် ငြိမ်သော အသံဖြင့်–

"ကျုပ်နောက်မှာ ကပ်နေ၊ ကျုပ်ကို ဘာတစ်ခုမှ ပြန်မမေးနဲ့"

ဝွန်ဇာလက်သည် တဖြည်းဖြည်း နီးလာသော လူသတ်သမားကို မျက်နှာမူ ထားလိုက်၏။ ဆယ်လီကမူ သူ့နောက်ပါးမှ သူထားသည့်နေရာအတိုင်း ဝွန်ဇာလက်

"ဆယ်လီ ကျုပ်တို့နှစ်ယောက်စလုံး သေချင် သေမယ်၊ ရှင်ချင် ရှင်မယ်၊ အဲဒါတွေအားလုံးဟာ ကျုပ်စကား ခင်ဗျား ဘယ်လောက် နားထောင် သလဲ ဆိုတဲ့အပေါ်မှာ တည်တယ်၊ ခင်ဗျားစိတ်ကို ခင်ဗျား ဘယ်လောက် ထိန်းနိုင် သလဲဆိုတဲ့အပေါ်မှာ တည်တယ်၊ ဘာတွေပဲဖြစ်ဖြစ် နောက်ဆုံး ကျုပ်ကို မှန်သွား ရင်တောင် ကျုပ်က အမိန့်မပေးမချင်း မရွေ့နဲ့၊ ကျုပ်ပြောမှ ရွေ့၊ အဲ ကျုပ် သေသွားရင်တော့ ပြေးပေတော့။ ကျုပ် ခြေနှစ်ချောင်းပေါ်မှာ ရပ်နေနိုင်သမျှ ကာလပတ်လုံး ကျုပ်နောက်မှာနေ၊ ကျုပ်စကား နားထောင်"

ဆယ်လီသည် ဝွန်ဇာလက်၏ စိတ်အပူကို နားလည်လာ၏။

"ဟုတ်ကဲ့ပါ၊ ရှင်ပြောသလို ကျွန်မ နေပါ့မယ်၊ ဖရင့် ကျွန်မအတွက် မပူပါနဲ့ စိတ်ချပါ"

"ဟုတ်ပြီ ဒါမှပေါ့၊ ဆယ်လီ ခင်ဗျားဟာ သတ္တိရှိပါတယ်၊ ခင်ဗျားရဲ့ သတ္တိကို ကျုပ် လေးစားပါတယ်၊ ကဲ ကျုပ်တို့ နှစ်ယောက်တွဲပြီး ရင်ဆိုင်ကြဖို့ ရှိတာပဲ"

လူသတ်သမားသည် တဖြည်းဖြည်းနီးလာ၏။ သူသည် ပထမ





ပြေးလာရာမှ ရပ်လိုက်၏။ သူတို့နှင့် မျက်နှာချင်းဆိုင် အရပ်မှာဖြစ်သည်။ ကိုက် ၁၂၀ ခန့်အကွာမှာ ဖြစ်သည်။ ထိုအရပ်မှ တဖြည်းဖြည်း ဆက်လျှောက်လာသည်။ ယခုအခါတွင်မူ ခြေလှမ်းစိပ်စိပ် နှေးနှေးမှန်မှန် ဖြစ်သည်။ ကိုက် ၁၀၀ ခန့် အကွာတွင်ရပ်ပြီး သူတို့ကိုကြည့်နေ၏။

ဆယ်လီက တီးတိုးလေသံဖြင့်

"ဖရင့် ရှင့်သေနတ် မထုတ်သေးဘူးလား"

ဝွန်ဇာလက်က

"နေပါဦးလေ၊ အချိန်တွေ အများကြီးရှိပါသေးတယ်၊ အခုအချိန်အထိ ကျုပ်မှာ သေနတ် ရှိ မရှိ သူ မသိသေးဘူး မဟုတ်လား၊ သူ စဉ်းစားစမ်းပါစေ၊ စဉ်းစားစရာတစ်ခုရှိတာကိုကပဲ သူ့ဘက်က အားနည်းချက်ပဲ"

လူသတ်သမားသည် ရှေ့သို့ တိုးလာ၏။ တစ်လှမ်းပြီး တစ်လှမ်း ချိန်ဆကာဖြင့်။ ဝွန်ဇာလက်သည် လူသတ်သမား လှမ်းသော ခြေလှမ်းတိုင်းကို ရေတွက်နေလိုက်၏။ ၂၀၊ ၂၁၊ ၂၂ လူသတ်သမား ရပ်လိုက်ပြန်၏။

အကွာအဝေးမှာ ကိုက် ၈၀၊ ၈၂ ကိုက်ခန့် ရှိပေမည်။

လူသတ်သမားကလည်း သူတို့နှစ်ဦးကို အကဲခတ်နေ၏။ ပြီးမှ သူ၏ ဂျာကင်အတွင်းဘက်မှ ပခုံး စလွယ်သိုင်းထားသော သေနတ်ကို ထုတ်လိုက်၏။ သေနတ်မှာ အော်တိုမစ်တစ် ပစ္စတိုဖြစ်သည်။ လူသတ် သမားသည် သေနတ်ကို နံဘေးမှ လက်ချကိုင်ထားပြီး ရှေ့သို့တိုးလာ၏။ အမှောင်ရိပ်မှာ တိုးလာပြီဖြစ်၍ ရှခင်းသည် မှုန်ဝါးလာ၏။ လူသတ်သမား ၏ မျက်နှာပြင်ကို ပထမ သူတို့ မြင်ရစဉ်ကကဲ့သို့ မမြင်ရတော့ဘဲ

ရွှေရောင်ဆံပင်အောက်မှ အမည်းစက် ဝိုင်းဝိုင်းလေးကသာ မြင်ရတော့၏။

လူသတ်သမားသည် ရှေ့သို့ တိုးလာပြန်၏။ ယခုမှ ဝွန်ဇာလက်သည် သူ၏သေနတ်အိတ်ထဲမှ သေနတ်ကို ဆွဲထုတ်လိုက်၏။ သေနတ်မောင်းထိန်းခလုတ်ကို ဖြုတ်လိုက်သည်။ လူသတ်သမားသည် ထိုအချိန်၌ ကိုက် ၇၀ခန့်သာ ဝေးတော့၏။ ထိုအရပ်လောက်မှာပင် လူသတ်သမားသည် သူ၏လက်ကို မြှောက်ပြီး သေနတ်နှင့် ချိန်လိုက်၏။

ဝွန်ဇာလက်သည် လှမ်းအော်လိုက်၏။

"ဟေ့ကောင် မင်းလက်ထဲက သေနတ်ကို လွှတ်ချလိုက်စမ်း၊ မင်းနဲ့ သေနတ် ဘာမှဆိုင်တာမဟုတ်ဘူး၊ အလကား သူရဲဘောကြောင်တဲ့ကောင်၊ ငါ ပြောတာ မကြားဘူးလား၊ သေနတ်လွှတ်ချလိုက်စမ်း"

လူသတ်သမားသည် ဝွန်ဇာလက် အသံမဆုံးမီ နှစ်ချက်ဆင့်ပစ်လိုက်၏။ ပထမ ဆယ်လီသည် သေနတ်သံတစ်ချက်နှင့် ထိုသေနတ်သံ၏ပဲ့တင်သံ ပေါင်းကြားရသည်ထင်သည်။ မဟုတ်ပါ။ အမှန်ပင် သေနတ်နှင့် နှစ်ချက်ပစ်လိုက် ခြင်း ဖြစ်ပါ၏။

ဝွန်ဇာလက်က ငြိမ်နေသည် မလှုပ်။

ဆယ်လီသည် အံ့ဩနေ၏။ လူသတ်သမား ပစ်လွှတ်လိုက်သော ကျည်ဆန်နှစ်တောင့် ဘယ်ရောက်သွားပါလိမ့်။ လူသတ်သမားသည် သူတို့ကို နှစ်ချက်ပစ်၏။ သူ၏ ကျည်ဆန်များသည် သူတို့အား ဘာမှဒုက္ခမပေး။ ဘယ်ရောက်သွားမှန်းလည်း မသိ။ ကြေးစားလူသတ်သမားကြီး တစ်ယောက်က သေနတ်နှင့် လှမ်းပစ်သည်။ ရုပ်ရှင်ထဲ တယ်လီဗီးရှင်းထဲကလို မှန်ဖို့ သေဖို့ပဲ ရှိသည်။ ယခုကား မမှန်။ ကျည်ဆန်ပင် ဘယ်ရောက်သွားမှန်းမသိ။





ဝွန်ဇာလက်က နောက်မလှည့်ဘဲ–

"စိတ်အေးအေးထားစမ်းပါ ဆယ်လီ၊ ဒီလောက် အကွာအဝေးကနေ သူ ကျုပ်တို့ကို မှန်အောင် မပစ်နိုင်ပါဘူး၊ သူ စိတ်သိပ်လှုပ်ရှားနေပြီး တုန်လှုပ် နေပါပြီ၊ သူ့လက်မှ ငြိမ်အောင်မထားနိုင်တာ၊ ကျည်ဆန်က တစ်ခေါ်လောက် ဝေးပါတယ်၊ ကျုပ်အထင်ပြောရရင် သူဟာ ဒီလောက် အကွာအဝေးမှာ ဆင်တောင် မှန်အောင် ပစ်နိုင်မယ့်လူ မဟုတ်ပါဘူး၊ သူက အနားကပ်ပြီးတော့ ဖြုတ်တတ်တဲ့ အပေါစား ကြေးစားလူသတ်သမားပါ"

လူသတ်သမားသည် ထပ်ပစ်လိုက်ပြန်၏။

ကျည်ဆန်သည် ဘယ်နားရောက်သွားမှန်းပင် မသိ။ ဝွန်ဇာလက်သည် လှမ်းအော်လိုက်ပြန်၏။

"ဟေ့ကောင် ငကြောက်၊ မင်း သေနတ်တောင် ဖြောင့်အောင် ပစ်နိုင်တဲ့ ကောင် မဟုတ်ပါဘူးကွာ၊ အနား တိုးလာပြီး ပစ်ရဲတဲ့သတ္တိရှိတဲ့အကောင် မဟုတ်ပါဘူး၊ မင်းက အပေါစား နှစ်ပြားတန် လူသတ်သမားပါ၊ မင်းထက်သာတဲ့ သေနတ်သမားတွေ ဆန်ဖရန်စစ္စကိုမှာ တစ်ပုံကြီး၊ မင်းကတော့ အလကားကောင် ငကြောက်"

လူသတ်သမားသည် သူ့အိတ်ထောင်ထဲနှိုက်ပြီး ကျည်ဆန်ထပ်ထည့်နေ၏။ ဆယ်လီသည် ဝွန်ဇာလက်ကို တိုးတိုးကလေး ကပ်ပြီး–

"ရှင် ကာလီဖိုးနီးယားကို ဘယ်တုန်းက ရောက်ဖူးလို့လဲ"

"မရောက်ဖူးပါဘူး နေစမ်းပါ"

ဆယ်လီသည်–

"ဟော ဟော လာနေပြီ"

လူသတ်သမားသည် သူတို့ရှိရာသို့ ဆက်တိုးလျှောက်လာပြန်၏။ လေးငါးခြောက်လှမ်း အရောက်တွင် ဝွန်ဇာလက်က လှမ်းအော်လိုက်၏။

"ဟော့ ရပ်လိုက် တော်ပြီ"

လူသတ်သမားသည် သူ့သေနတ်ကို မြှောက်လိုက်၏။ ဝွန်ဇာလက်သည်လည်း လူသတ်သမားနည်းတူ သေနတ်ကိုင်လက်ကို မြှောက်လိုက်၏။

ဝွန်ဇာလက် နောက်မှ ကပ်ရပ်နေသော ဆယ်လီသည် ဝွန်ဇာလက်ကို အသေအချာ ကြည့်နေ၏။ ဝွန်ဇာလက်၏ လက်ဖျားမှာ ကျောက်ဆစ်ရုပ်လို ငြိမ်နေ သည်ကို အံ့သြစွာတွေ့ရ၏။ ဝွန်ဇာလက်သည် သူ၏ကိုယ်ကို ခပ်စောင်းစောင်းရွှေ့ ပြီး ဆယ်လီကို သူ့ဘယ်ဘက် လူသတ်သမားကို သူ့ညာဘက် အနေအထား ရောက်အောင် ရွှေ့လိုက်၏။ နောက် သူ့လက်ကို သူ့မျက်နှာနှင့် တစ်တန်းတည်း အရပ်သို့ ရွှေ့လိုက်သည်။

လူသတ်သမားသည် ဝွန်ဇာလက်သေနတ်ကို မြင်သည်နှင့် နောက်တပ် တစ်ချက် ပစ်လိုက်ပြန်သည်။ ကျည်ဆန်မှာ သူတို့နှင့် ဆယ်ပေအကွာတွင် ရောက် သွားသည်ကို တွေ့လိုက်ရ၏။

ဆယ်လီအနေနှင့် ဝွန်ဇာလက် အတွေးအခေါ်သည် မှန်လိမ့်မည်ဟု ရိပ်မိလာ၏။ ပထမဆုံးအကြိမ် ဆယ်လီသည် ဝွန်ဇာလက် အစီအစဉ်ကို ရိပ်ဖမ်း မိလာ၏။ ဝွန်ဇာလက်သည် သူတို့နှစ်သက်ကို တမင်ကလာ စွန့်စွန့်စားစား အရင်းတည်၍ လူသတ်သမား၏ မငြိမ်မသက်သည့်စိတ်နှင့် ယှဉ်နေကြောင်း တွေးမိပြီး ကျောစိမ့်လာ၏။

ဝွန်ဇာလက်သည် သေနတ်ကို တည့်မတ်စွာချိန်ပြီး အေးဆေး တည် ငြိမ်စွာ ပထမဆုံးအကြိမ်ပစ်လိုက်၏။ ဝွန်ဇာလက် သေနတ်မောင်းကို ညှစ်လိုက်သော်လည်း ဝွန်ဇာလက်သည် လွှပ်မသွားကြောင်း ဆယ်လီ





မြင်ရ၏။ ဥသဘို့ ခြောက်လုံးပြူးသံမှာ ဟိန်းထွက်သွား၏။ လူသတ်သမားသည် မမြင်ရသောလက်နှင့် ရိုက်လိုက်သည့်အလား နောက်သို့ ယိမ်းယိုင် ပြိုလဲသွားသည်။ နောက် ကြိုးစားပြီး မတ်မတ်ရပ်နေသည်ကို တွေ့ရ၏။

ဆယ်လီက–

"မှန်သွားပြီ မှန်သွားပြီ"

လူသတ်သမားသည် သေနတ်ကိုင်ထားသော ညာလက်ဖြင့် ဘယ်ဘက် ပခုံးနားတွင် ကိုင်ထား၏။

ဝွန်ဇာလက်က

"ကျည်ဆန်က သူ့လက်မောင်းအိုးကို ထိသွားတယ်နဲ့ တူတယ်၊ ဒဏ်ရာက သိပ်ပြင်းပုံမရဘူး၊ ဒါပေမယ့် သူ့ကိုတော့ ရပ်သွားစေမှာပဲ"

လူသတ်သမား နောက်သို့ဆုတ်သွား၏။ သူ၏ သေနတ်ကို ရှေ့ထုတ်ထား၏။ ပစ်ဖို့ထက် ခုခံကာကွယ်ဖို့ ကိုင်ထားသည့်ပုံမျိုး။ တဖြည်းဖြည်း နောက်ပြန် ဆုတ်၍ ဆုတ်၍ သွားသည်။

ဝွန်ဇာလက်သည် လက်မြှောက်၍ ချိန်လိုက်ပြန်၏။ လူသတ်သမား လှုပ်ရှားမှုအငြိမ်တွင် မောင်းကို ညှစ်လိုက်ပြန်၏။

သည်အကြိမ်တွင်မူ ကျည်ဆန်သည် လူသတ်သမားကို ထိပုံမရ။ အကွာ အဝေးက နောက်ခြေလေးငါးလှမ်း ကွာသွား၍သော်လည်းကောင်း၊ အမှောင် ရိပ် ပိုများ၍ မသဲကွဲတော့၍သော်လည်းကောင်း မပြောတတ်။

လူသတ်သမားသည် နောက်သို့ ခြေလှမ်းသုံးဆယ်ခန့် ထွက်ပြေး၏။ ထိုအရပ်လောက်မှရပ်ပြီး ရမ်းသမ်း၍ သေနတ်နှင့် လေးချက်ဆင့်ပစ်၏။

ဆယ်လီသည် ဤတစ်ကြိမ်တွင်တော့ လူသတ်သမား၏ ကျည်ဆန်

ကို မကြောက်တော့။ ကြောက်စရာလည်း မရှိတော့ကြောင်း သူမ သိသည်။ သူမကိုယ် သူမ အံ့သြနေ၏။ ထူးထူးခြားခြား နယူးယောက်မြို့လယ်ပန်းခြံ၏ မြက်ခင်းပြင်တွင် ပြူအာတိုရီကန် ရဲစုံထောက်တစ်ဦးနှင့် ကြေးစားလူသတ်သမားတို့၏ သေနတ်ပစ်ပွဲကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

အလင်းရောင်သည် ပို၍ပို၍ မည်းလာ၏။ ဗွန်ဓာလက်သည် ထွက်ပြေး သွားသော လူသတ်သမားကို လှမ်း၍ သေနတ်ဖြင့် တစ်ချက်နှစ်ချက် သုံးချက် ဆက်တိုက်ပစ်၏။ ကျည်ဆန်များသည် လူသတ်သမားကို တစ်ချက်မှ ထိပုံမရ။ လူသတ်သမားသည် ထွက်ပြေးနေ၏။ ဗွန်ဓာလက်၏ တတိယသေနတ်သံ အဆုံးလောက်တွင် လူသတ်သမားသည် အမှောင်ရိပ်တွင်းသို့ တိုးဝင် ကွယ်ပျောက်လုဆဲဆဲ ရှိနေပြီ။

လူသတ်သမားသည် ပန်းခြံအစကိုကျော်၍ စကြံဘက်သို့ ရောက်သွားလေရာ အမှောင်ထုသည် ပိုမိုများပြားလာပြီဖြစ်သောကြောင့် လှမ်းကြည့်၍ မမြင်နိုင်တော့။

ဆယ်လီသည် အားနည်းစွာဖြင့်–

"ကျွန်မတို့ ဒီက ထွက်လို့ရပြီလား"

ဗွန်ဓာလက်သည် ခေါင်းခါလိုက်၏။

"ထွက်လို့ မဖြစ်သေးဘူး၊ ဒီမှာ နေရဦးမယ်၊ ဒီနေရာမှာပဲ မှောင်တဲ့အထိနေမှဖြစ်မယ်၊ ဒါမှ သူက ကျွန်တော်တို့ကို မမြင်ရဘဲနေမှာ"

ဗွန်ဓာလက်သည် သူ့ဘာသာသူ သက်ပြင်းချလိုက်ပြီးမှ–

"ကျုပ်ကိုက ညံ့တာပါ၊ ဒီငနဲမှန်သွားသွားချင်း ကျုပ် အသေပစ်ရင်ရတယ်၊ ဒါပေမယ့် ကျုပ် မပစ်မိဘူး၊ စောင့်နေမိတယ်၊ တကယ်တော့





ကျုပ်ဟာ လူသတ်ဖို့ ဝန်လေးနေမိတာပဲ"

ဆယ်လီသည် ဗွန်ဓာလက်အား သိနားလည်စွာ ကြည့်လိုက်၏။ ပြီးမှ–

"ဒါဖြင့် သူ ဘယ်ရောက်သွားပြီလဲ"

"အဲဟိုအမှောင်ရိပ်ထဲ ရှိမှာပေါ့၊ သူက ကျုပ်တို့ကို မြင်နိုင်တုန်းပဲ၊ ကျုပ်တို့နောက်ထပ် မိနစ်အနည်းငယ် စောင့်ဦးမှဖြစ်မယ်၊ ဒါမှ ကျုပ်တို့ကို မမြင်ရမှာ"

"အဲဒီတော့"

"အဲဒီတော ကျုပ်က ဒီကထွက်ရမှာပေါ့၊ သူ့နောက်လိုက်ချင်လိုက် လာလိမ့်မယ်လို့ တွေးပြီး စောင့်ချင် စောင့်နေမှာ"

ခပ်ဝေးဝေးမှာ မော်တော်ကားများသည် အဖြစ်ပျက်အားလုံးကို ဘာမှ မသိဘဲ အရှိန်နဲ့မောင်းသွားနေကြ၏။ မြက်ခင်းပြင်တစ်ခုလုံးတွင် လူတစ်ယောက်မှ မတွေ့ရ။ ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ မရှိ။

ဗွန်ဓာလက်သည် ဆယ်လီကို ကြည့်၍–

"ကျုပ်တော့ အံ့ရောဗျာ၊ ဒီလိုညမျိုး ကြုံ မကြုံဖူးပါဘူး၊ ပန်းခြံအနားတစ်ဝိုက်မှာလည်း ရဲသားက တစ်ယောက်မှမရှိ၊ သေနတ်သံကြားလို့လည်း ဘယ်သူကမှ ပြေးမလာ၊ အဲသလောက် ဆိုးဝါးတဲ့ညမှာမှ ခင်ဗျားကလည်း ရဲတစ်ဖွဲ့လုံးထဲက အတုံးဆုံး စုံထောက်နဲ့မှ လာတွေ့မိနေတာကိုး"

"ရှင်ဟာ အတော့်ကို ရယ်စရာကောင်းတဲ့ လူပဲ"

ဆယ်လီသည် ဗွန်ဓာလက်အား ပြောလိုက်ရင်း အသံထွက်၍ ရယ်လိုက်လေသည်။

ဝွန်ဇာလက်သည် မျက်မှောင်ကြုတ်၍ ဆယ်လီကို ကြည့်လိုက်၏။

"ခင်ဗျားကို ခင်ဗျား ဘာဖြစ်နေတာလဲဆိုတာကို သိရဲ့လားဟင်"

"ဘာလဲ ရှင်က ကျွန်မကို စိတ်ဖောက်ပြန်သွားပြီလို့ အောက်မေ့လို့လား"

"ဟုတ်တယ်"

ဆယ်လီသည် ပို၍ အသံထွက်ကာ ရယ်လိုက်၏။ ပြီးမှ-

"ကျွန်မ မရူးပါဘူးဖရင့်၊ ရှင်ဟာ တကယ့်ကို ရယ်စရာကောင်းတဲ့လူပဲ၊ စောစောကတော့ အဲဒီလူသတ်သမားကို အော်လိုက် ဟစ်လိုက် ပစ်လိုက် ခတ်လိုက် လုပ်ခဲ့တယ်၊ အခုကျတော့ ရှင့်ကိုယ်ရှင် လူညံ့တစ်ယောက်လို့ ပြောပြန်ပြီ၊ အတော်ရယ်စရာကောင်းတဲ့လူ"

ဝွန်ဇာလက်က မသိယောင်ဆောင်၍-

"ကဲ မှောင်ပြီ၊ ကျုပ်တို့ ဒီကထွက်ကြစို့၊ သူကလည်း တစ်နေနေရာက ကျုပ်တို့ကို စောင့်နေမှာပဲ"

"သူ့မှာ ဒဏ်ရာကြီးနဲ့ပါ ဖရင့်၊ သူ သွေးသိပ်ထွက်နေမှာပါ"

"သူ့အတွက် ဒဏ်ရာ သွေးထွက်နေတာက ပြဿနာမဟုတ်ပါဘူး၊ ကျုပ်အထင်တော့ ကျုပ်ပစ်လိုက်တဲ့ကျည်ဟာ သူ့ကို သေလောက်တဲ့နေရာ မမှန် နိုင်ပါဘူး၊ အဲ- ဘယ်လိုပဲမှန်မှန်ပေါ့လေ၊ အခုတော့ သူဟာ သေနတ်မှန်သွားတဲ့ ကျားနာဖြစ်သွားပြီ၊ သူဟာ ရွေ့လျားရမယ်၊ ပြီးတော့ သတ်ရမယ်၊ ဒါကြောင့် သူက ကျုပ်တို့ကို စောင့်နေမှာပဲ၊ သူ့တွက်ကိန်းကလည်း ကျုပ်တို့ စကြိဘက် ပြန်လာမယ် တွက်မှာပဲ"

ဆယ်လီက-

"သူ စောင့်မနေဘဲ ပြန်ဝင်လာရင်ကော"





"မသိနိုင်ဘူးလေ ဝင်ချင်လည်း ဝင်လာမှာပဲ၊ သူဝင်လာရင်လည်း ကျုပ်တို့ကို တွေ့မှာမဟုတ်ဘူး၊ ကျုပ်တို့က ထွက်တော့မှာကိုး"

ပြောပြောဆိုဆိုပင် ဝွန်ဇာလက်သည် ဆယ်လီလက်ကို အသာအယာကိုင်၍ မြက်ခင်းပြင်အတိုင်း အနောက်ဘက်သို့ ထွက်လိုက်ကြသည်။ ညသည် မှောင်နေပြီဖြစ်၍ ဆယ်လီသည် လှမ်းနေသော မိမိခြေထောက်ကိုပင် ပြန်၍မမြင်ရ။ သို့သော် ဝွန်ဇာလက်ကမူ ပိုင်နိုင်သေချာစွာ မြက်ခင်းပြင်ကို ဖြတ်နေ၏။ သူသည် အလင်းရောင်ရှိစဉ်ကတည်းက မြက်ခင်းပြင်၏ ပထဝီသဘောကို အလွတ်ရအောင် ကျက်မှတ်ပြီးဖြစ်သည်။ ထို့ကြောင့်လည်း ဆယ်လီလက်ကိုဆွဲ၍ မတွန့်မဆုတ်ဘဲ မြက်ခင်းပြင်ကို ဖြတ်နေ၏။

မြက်ခင်းပြင်ဆုံးသောအခါ ကားလမ်းမရှိသည်။ ကားလမ်းမကို ဖြတ်ကျော်ပြီးသောအခါ ဝွန်ဇာလက်သည် သူ့လက်ထဲ ကိုင်လာသော သေနတ်ကို ပြန်သိမ်းလိုက်၏။

သူတို့သည် ဆက်၍ ဖိဂ လမ်းအတိုင်း လျှောက်လာကြ၏။

"ကဲ ကျုပ်တို့ ပန်းခြံနဲ့ ဝေးဝေးရောက်ချင်ပြီ၊ စခန်းကို တယ်လီဖုန်းလည်း ဆက်ချင်တယ်"

ထိုအခါမှ ဆယ်လီသည် တစ်ကိုယ်လုံး မသယ်ချင်လောက်အောင် နွမ်းလျလာ၏။

"ကျွန်မတော့ သိပ်ပန်းနေပြီ၊ ကျွန်မ လမ်းတောင် မလျှောက်ချင်တော့ဘူး၊ မူးမေ့များ လဲသွားမလားဘဲ"

ဝွန်ဇာလက်က အလျင်အမြန်-

"ဒီမယ် ဆယ်လီ၊ ခင်ဗျား မူးလည်း မမူးဘူး၊ မေ့လည်းမမေ့ဘူး၊ မေ့လဲတယ် ဆိုတာမျိုးက နှစ်ပေါင်း ၅၀လောက် နောက်ကျနေပါပြီ၊

ကိုယ့်ကိုယ်ကို အားတင်းစမ်းပါ၊ လမ်းဆုံးရောက်ပါတော့မယ်"

"ဘယ်လမ်းဆုံးလဲဟင်၊ ဖရင့် လူသတ်သမား အခု ဘယ်ကို ရောက် သွားပြီလဲ၊ သူ့နောက်ကို ကျွန်မတို့လိုက်သွားရင် ကောင်းမှာ"

"သူ့နောက် မလိုက်တာက သူဟာ မြွေဆိုးတစ်ကောင် ဖြစ်နေလို့ပဲ၊ လူဆိုတာ မြွေဆိုးတစ်ကောင်နောက်ကိုချည်း ဘယ်တော့မှ မလိုက်ဘူး"

"ကျွန်မ ထိုင်ချင်တယ် ဖရင့်၊ ခဏဖြစ်ဖြစ် ထိုင်ပါရစေ"

ဝွန်ဇာလက်သည် ဆယ်လီကိုကြည့်ပြီး နံဘေးဝန်းကျင် ကြည့်လိုက်၏။ သူတို့သည် ဖဲလမ်းထိပ် ရောက်နေပြီဖြစ်၏။ တံခါးဖွင့်ထားသော အဆောက်အဦးထဲမှ တေးဂီတသံများ ထွက်နေ၏။ မော့ကြည့်လိုက်ရာ မီးထွန်းထားသော ဆိုင်းဘုတ်တစ်ခုကို တွေ့ရ၏။

"ဒယ်လ်ဖီ ဂီတကျောင်း"

ဝွန်ဇာလက်သည် ဆယ်လီအား ထိုအဆောက်အဦထဲသို့ ဆွဲခေါ်သွား၏။ အထဲသို့ ရောက်လာလေလေ ကြားရသော တေးသံမှာ ကျယ်လေလေ ဖြစ်၏။ အဆုံးတွင် ကပွဲခန်းမကြီးတစ်ခုထဲသို့ ရောက်လာ၏။

ကပွဲခန်းမကြီးထဲတွင် လူ ၁၅၀ခန့် ထိုင်နေကြသည်။ ပရိသတ်ရှေ့တွင် ဇာတ်စင်နိမ့်နိမ့်တစ်ခု ရှိသည်။ ဇာတ်စင်၏ နံဘေးတွင် စန္ဒရားတစ်လုံး၌ လူတစ်ယောက် စန္ဒရားတီးနေ၏။ ပရိသတ်သည် ခေါက်ကုလားထိုင်များပေါ်တွင် ငြိမ်သက်စွာ ထိုင်၍ တေးဂီတကို နားထောင်နေကြသည်။

ဝွန်ဇာလက်သည် ဆယ်လီ၏ လက်ကို ကိုင်ကာ နံရံနံဘေးအတိုင်း လျှောက်လာရင်း ကုလားထိုင်နှစ်လုံးကို တွေ့သဖြင့် အတူထိုင်လိုက်ကြ၏။





ကုလားထိုင်တွင် ထိုင်လိုက်ပြီးသည်နှင့်၊ ဆယ်လီက-

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ရှင့်ကို ဘယ်လို ကျေးဇူးတင်မှန်း မသိဘူး၊ စောစောကဆိုရင် ကျွန်မ မူးမေ့လဲသွားမလားဘဲ"

"ပင်ပန်းနေလို့ပါဗျာ"

"အင်းလေ ပင်ပန်းတာလည်း ပါချင်ပါမှာပေါ့၊ ကျွန်မစိတ်ထဲမတော့ တကယ်ကို လမ်းဆုံးရောက်နေပြီ အောက်မေ့နေတာ"

"ခင်ဗျား အခုနေလို့ကောင်းပြီ မဟုတ်လား၊ စိတ်ကို အေးအေးထားပြီး ဒီနေရာမှာခဏထိုင်ရင်း နားလိုက်ရင် သက်သာသွားမှာပါ၊ ကျွန်တော် တယ်လီဖုန်း သွားရှာလိုက်ဦးမယ်၊ ခင်ဗျား ဖြစ်တယ်နော်"

ဆယ်လီက အဖြေ တစ်စုံတစ်ရာ မပေးနိုင်မီ မြီးကောင်ပေါက် မိန်းကလေးတစ်ယောက်သည် သူမ၏ နှုတ်ခမ်းကို လက်ညှိုးဖြင့် တော့ရင်း-

"ရှူး တိုးတိုးရှင့်"

ထိုမိန်းကလေးသည် သူတို့ နှစ်ယောက်အား အော်ပရာကပွဲ အစီအစဉ်စာရွက်ကိုပေးခဲ့ပြီး လှည့်ထွက်သွားလေသည်။

ဆယ်လီသည် ဘာမှရည်ရွယ်ချက် မရှိဘဲနှင့် အစီအစဉ်စာရွက်ကို ဖွင့်လိုက်၏။

ဇာတ်ခုံပေါ်တွင် မှတ်ဆိတ်မွေး ထူလာပြစ် ရှေးဟောင်းအဝတ်အစားဝတ်ထားသော ယောကျ်ားကြီး တစ်ဦးက မိန်းမတစ်ဦးအား စွပ်စွဲပြောဆိုနေ၏။ မိန်းမကလည်း အတတ်နိုင်ဆုံးကြိုးစား၍ ဖြေရှင်းနိုင်ပုံရ၏။

ဆယ်လီ ဖွင့်ဖတ်နေသော *အစီအစဉ်အရ အော်ပရာကပွဲ* ဇာတ်လမ်း၏ အမည်မှာ "စုဇန်နာ၏ လျှို့ဝှက်ချက်" ဟူ၏။ အောက်နားမှကပ်၍ စာလုံးသေးသေးဖြင့် တခန်းရပ်ဟု ရေးထား၏။

ဗွန်ဓာလက်သည် လေသံတိုးတိုးဖြင့်

"ခင်ဗျား တစ်ယောက်ထဲနေခဲ့လို့ ဖြစ်တယ်နော် ကျနော် စခန်းက လက်ဖတင်နင် ရီချိုင်းနှင့် ဆက်သွယ်လိုက်အုံးမယ် လူသတ်သမား ဘယ်လောက် ဒဏ်ရာပြင်းပြင်း ရသွားသလဲဆိုတာ စုံစမ်းရအုံးမယ်၊ ဒီကျောင်းထဲမှာ တယ်လီဖုံးတော့ ရှိမှာဘဲ ခင်ဗျားနေခဲ့လို့ဖြစ်တယ်နော်"

ဆယ်လီသည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ကျွန်မ ဒီမှာနေခဲ့ပါမယ်"

"ကောင်းပြီလေ ဘာမှ တွေးပူမနေနဲ့ သိလား"

"ဟုတ်ကဲ့ပါ ကျမလည်း ဂီတ နားထောင်ဖို့ ဝါသနာပါပါတယ်"

ပရိသတ်များသည်သူတို့နှစ်ဦးအားမကျေမနပ်လှည့်ကြည့်၏။ တချို့ကလည်း ရှူးရှဲနှင့် စကားမပြောရန်အချက်ပြနေကြ၏။

ဗွန်ဓာလက်သည် သူ့ထိုင်ခုံမှထ၍ ကပွဲခန်းမမှ ရုံးခန်းရှိမည် ထင်ရာသို့ထွက်လာ၏။

စတိတ်စင်ပေါ်တွင် မြို့စားကတော်စုဇန်နားသည် သံကုန်ဟစ်နေ၏။ ဆယ်လီသည် သူမ၏လက်ထဲမှ အစီအစဉ်၏ နောက်ကျောတွင် ရေးထားသည့် ဓာတ်လမ်းအကျဉ်းကလေးကိုဖတ်လိုက်သည်။

ဓာတ်လမ်းမှာ ၂၀ ရာစု ပထမ နှစ်ပိုင်းများလောက်က အီတလီပြည်တွင် မိန်းမများသည် ကြေးပိုင် ကျွန်ပိုင်စနစ်မှ မလွတ်မြောက်ကြသေး၊ ယခုကော လွတ်မြောက်ပါစဟု ဆယ်လီက တွေးနေလိုက်၏ ယခု မှန်းဆ၍ ရသလောက်မှာ မြို့စား ဂီးလ်သည် စုဇန်နာနှင့် ချစ်ကြိုက်ပြီး လက်ထပ် လိုက်၏။ မြို့စားဂီးလ် အောင်မြင် ထယ်ဝါသော အသံမှာ ကပွဲခန်းမကြီး တခုလုံးကို လွှမ်းမိုးနေ၏။ မြို့စား ဂီးလ်သည်





တစ်စုံတစ်ရာ စွပ်စွဲချက်များနှင့် စုဇန်နာကို စွဲချက်တင်နေပုံရသည်။

အစီအစဉ်ပါ ဓာတ်လမ်းအရ မြို့စားကြီးဂီးလ်မှာ အရက်မသောက် ဆေးလိပ်မသောက် ဖဲမရိုက် မိန်းမ မပွေ ခြောက်ပြစ်ကင်းသဲလဲစင်ဖြစ်သည်။ သူ၏ မေတ္တာထုအားလုံးကို စုဇန်နားအား ပုံပေးထားသူဖြစ်သည်။ သို့တိုင် ယခုပြကွင်းအရ သူသည် စုဇန်နာအား တစ်စုံတစ်ရာ စွဲချက်တင်နေပုံရသည်။ ဘာတွေများ စွဲချက်တင်နေသည်ကို ဆယ်လီ တွေးမရ။ ဓာတ်ရေလည်သော် အဖြေပေါ်လိမ့်မည်ဟု ဆယ်လီ တွေး၏။

ဆယ်လီအတွက် အဖြေသိခွင့် မရနိုင်တော့။

ဆယ်လီတွေဝေစွာ ဓာတ်စင်ကိုကြည့်နေစဉ် မြို့စားဂီးလ်သည် ဓာတ်စင်တခြားဘက်သို့ ဆင်းသွား၏။ စုဇန်နာ ကုလားထိုင်တစ်လုံး၌ ညှိုးငယ်စွာထိုင်ချလိုက်၏၊ ထိုစဉ်ကပွဲအခန်းထဲသို့ လူတယောက်ဝင်လာ၏။ သူသည် ပရိသတ်များကို ကျော်ဖြတ်ကာ ဓာတ်စင်ပေါ် လှမ်းတက်လိုက်၏။ နောက် ဓာတ်စင်နံဘေးမှာ တွဲလောင်းချထားသော ကားလိပ်များကို တွန်းဖယ်၍ ဓာတ်ခုံအလည်သို့တက်ကာ ပရိသတ်ကို မျက်နှာမူ ရပ်လိုက်၏။

စုဇန်နာအဖြစ် သရုပ်ဆောင်နေသော မိန်းကလေးသည် ဓာတ်စင်ပေါ်သို့ ကျူးကျူးကျော်ကျော် ဝင်ရောက်လာသူကို ပထမ မရိပ်မိ။ ဆယ်လီသည် ထိုလူကို ကြည့်ရာမှ အံသြခြင်းမက အံသြသွားတော့၏။

ဝင်လာသူမှာ သွေးများစွန်းပေနေသော အင်္ကျီအဖြူကို ဝတ်ထား၏။ သူ၏အနားသိမ်သိမ် ကျပ်ကျပ် ဘောင်းဘီအနက်မှာလည်း သွေးများစွန်းပေလျက်ရှိသည်။ သူ့ဆံပင်ကမှ ရွှေရောင်၊ သူ့မျက်လုံးကမူ ပြာမွဲမွဲ၊ ညာဘက်လက်ကမူ ပစ္စတိုကို တင်းကြပ်စွာ ဆုပ်ထား၏။ ဘယ်ဘက်လက်

ကမှ တွဲလောင်းချထားရာ ဒဏ်ရာမှ သွေးများ တစ်စက်စက်နှင့် ဇာတ်ခုံကြမ်းပေါ်သို့ကျနေ၏။ သူကား လူသတ်သမားပေတည်း။

ကပွဲခန်းမကို အလင်းရောင်ပေးထားပုံမှာ ပရိသတ်များက ခပ်မှောင်မှောင်၊ ဇာတ်စင်က လင်းလင်း ဖြစ်သည်။

ထိုလူသည် ဇာတ်စင်ပေါ်မှ ပရိသတ်ကြီးကို ဘယ်မှ ညာ တဖြည်းဖြည်းချင်းကြည့်ပြီး သူက အလိုရှိရာကို ရှာနေ၏။

ဆယ်လီသည် ကြောက်ရွံ့တုန်လှုပ်လွန်းသဖြင့် ခုံပေါ်မှာ သံမှိုစွဲထားသလို မလှုပ်နိုင်ဘဲ ဖြစ်နေ၏။

လူသတ်သမားသည် နောက်ဆုံး ဆယ်လီကိုတွေ့သွားပြီး ညာဘက်မှ ကိုင်ထားသော ပစ္စတိုကို မြှောက်လိုက်၏။ ထိုစဉ်မှာပင် ဇာတ်စင်ပေါ်မှ ရှုခင်းနောက်ခံအဖြစ် သရုပ်ဆောင်နေသော မိန်းကလေးသည် လူသတ်သမားကိုလည်းကောင်း၊ သွေးများကိုလည်းကောင်း ကောင်းစွာမြင်နေရပြီဖြစ်၍ ထိတ်လန့်တကြား ငယ်သံပါအောင် အော်လိုက်လေ၏။

ပရိသတ်များသည် အနည်းငယ်တော့ လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ယောကျ်ားတဦးက လှမ်း၍–

“ဟေ့လူ ဇာတ်စင်ပေါ် ဘာတက်လုပ်နေတာလဲဗျ”ဟု အော်လိုက်၏။

ပရိသတ်တစ်ခုလုံးသည် ကိုယ့်နေရာမှကိုယ်မထကြ၊ ဆယ်လီသည်လည်း သူထိုင်နေသော ခုံပေါ်မှ ကြွ၍မရ။ ဆယ်လီ မျက်လုံးများမှာ မဲနက်သော ပစ္စတိုပြောင်းဝနှင့်တွဲ၍ ကြိုးနှင့် ချည်ထားသည့်အလား ငေးကြည့်နေ၏။ တခြားသို့ မျက်လုံးရွှေ့မရ။

ဆယ်လီသည် ပစ္စတိုပြောင်းဝကိုပဲ ကြည့်နေ၏။ သူလှုပ်၍ မရ၊





စကားလည်း ပြော၍မရ။ လူသတ်သမားသည် ပစ္စတိုပြောင်းကို တဖြည်းဖြည်း မြှောက်ပြီး မ၍ မ၍လာ၏။ နောက်ဆုံး ဆယ်လီနှင့် တည့်တည့်မှာ ရပ်လိုက်၏။ သေနတ်ပြောင်းဝမှာ ဆယ်လီ၏ နဖူးတည့်တည့်မှာ ရပ်နေသည်။ ဆယ်လီသည် သေနတ်ပြောင်းဝအတွင်းကို သော်လည်းကောင်း၊ အတွင်းမှ ကျည်ဖူးကိုသော်လည်းကောင်း၊ နောက်ကွယ်မှ သေခြင်းတရားကို သော်လည်းကောင်း မြင်နေရသလို ခံစားနေရ၏။

ထိုနောက် သေနတ်ပစ်သံသည် မိုးချုန်းသံလို မြည်ဟိန်းသွားလေသည်။

ဆယ်လီသည် စောင့်နေ၏၊

သေနတ်သည် ပစ်ပြီးပြီ၊

ကျည်ဆံသည် ပစ်မှတ်ကို ထိပြီ။

ဆယ်လီ ဘယ်ရွှေ့ ဘယ်မျှလောက် ကွေ့ကောက် တိမ်းရှောင်ပြေးခဲ့ခြင်းများသည်လည်း အချည်းအနှီးဖြစ်ပေပြီ။

ဆယ်လီ မည်မျှ တောင်းပန်တိုးလျှိုး ဆုတောင်းခဲ့ခြင်းသည်လည်း အချည်အနှီးဖြစ်ပြီ။

ဆယ်လီ မည်ရွေ့မည်မျှ ပြူအာဘိုရီကန် စုံထောက်ဌာနဇာလက်ကို ယုံကြည်အားကိုးခဲ့ခြင်းများလည်း အလဟဿဖြစ်ပြီ။

သူ သေပြီ။

ဆယ်လီ သေပြီ။

သေလွန်ပြီးနောက် လူတစ်ယောက် ဘာဖြစ်ပါလိမ့်ဟု ဆယ်လီ စဉ်စား၏။

အံ့သြစရာကောင်းသည်မှာ ဆယ်လီသည် မည်သို့မျှ မခံစားရ၊

သေခြင်းတရားကား ဆန်းကြယ်စွ။

မျက်လုံးနှစ်လုံးအကြားတွင်လည်း ဝေဒနာမရှိ၊ ဦးနှောက်တွင်လည်း ပေါက်ကွဲမှုမဖြစ်။

ရှုခင်းများသည်လည်း မည်သို့မျှ မှုန်ဝါးသွားခြင်းမရှိ။

ဆယ်လီသည် ဇာတ်ခုံကို ပကတိအတိုင်းမြင်နေရ၏၊ စူဇန်နာအဖြစ် သရုပ်ဆောင်သော မိန်းကလေးသည် ထပ်ကာထပ်ကာ ငယ်သံပါအောင် အော်နေ၏။ နောက် ဆံပင်ဝါနှင့် လူသတ်သမားနှင့် ဝေးအောင် နောက်သို့ ဆုတ်၍ ဆုတ်၍နေ၏။

လူသတ်သမား၏ ညာဘက်လက်မှာ ဆန့်တန်းလျက်ရှိမြဲရှိနေ၏။ သို့သော် လူသတ်သမား၏လက်ချောင်းများမှာ တဖြည်းဖြည်ဆန့်လာပြီး လက်ထဲမှ ပစ္စတိုသေနတ်သည် အောက်သို့ ပြုတ်ကျသွား၏။ ပစ္စတို သေနတ်သည် ပထမ ဇာတ်ခုံပေါ်ကျပြီးမှ နောက် ရှေ့တန်းပရိသတ်များ ရှေ့သို့ ခုန်ကျသွား၏။ လူသတ်သမားသည် ပထမ ရှေ့သို့ယိမ်းထိုးလာ၏။ နောက် ပို၍ ယိမ်းခါ တိမ်းစောင်းလာ၏၊ နောက်ဆုံး မထိန်းနိုင်တော့ဘဲ ရှေ့မှ သူ့သေနတ်ကျသွားရာ ကြမ်းပြင်ပေါ်သို့ ဦးစောက် ပြှမ်းပြန် ကျ သွားလေတော့၏။

ရုတ်တရက်ပင် သေနတ်ကို ညာဘက်မှ မြဲမြဲဆုတ်ရင်း ဗွန်ဇာလက် သည် ဆယ်လီအနားသို့ ရောက်လာ၏။

ဗွန်ဇာလက် အသံမှာ ညြညြအက်အက်ဖြစ်လာ၏။

"ဆယ်လီ ဆယ်လီ မင်း ဘာမှမဖြစ်ဘူးနော်၊ ဘာမှမဖြစ်ဘူး မဟုတ်လား"

ခဏကြာမှ ဆယ်လီသည် သတိလည်လာ၏။ ယခုမှ ဗွန်ဇာလက်၏





သေနတ်ပြောင်းဝမှ ယမ်းငွေ့ယမ်းနံ့ရလာ၏။ ဆယ်လီသည် ဗွန်ဇာလက်ကို မော့ကြည့်လိုက်၏။

"သေတာကလဲ ဘာမှ ထူးထူးခြားခြား မခံစားရဘူးနော်" ဗွန်ဇာ လက် က တိုးတိုးတိတ်တိတ်လေသံဖြင့် "ထူးခြားလာလိမ့်မယ်၊ ကလေး ရယ် ထူးခြားလာပါလိမ့်မယ်"

## [ ၁၂ ]

ဂျိုဗီကွန်ပါရာ၏ အားကစားရုံမှ ထွက်လာကတည်းက ပထမဦးဆုံး တွေ့ရသော ရဲသားတစ်ဦးသည် ပေါ်ပေါက်လာ၏။ ရဲသားသည် ကပွဲခန်းထဲသို့ ပြေးဝင်လာ၏။

"ဟေ့ ဒီမှာ ဘာဖြစ်နေကြတာလဲ ဟေ့"

"လူတစ်ယောက် သေနတ်ပစ်ခံရလို့"

ရဲသားသည် အံ့သြသွား၏။

"ဟင် ဘယ်မှာလဲ ဘယ်မှာလဲ၊ ဘယ်သူ အပစ်ခံရသလဲ၊ ကဲဗျာ နံဘေးဖယ်ကြစမ်းပါဗျာ"

ဝွန်ဇာလက်က ကူပြီး၍ ဆယ်လီ၏ ဆံယဉ်စကလေးများကို သပ်နေမိ၏။ သူ့ရင်ထဲမှာ လှိုင်းခတ်လှုပ်ရှားနေ၏။ ရဲသားကို မြင်သောအခါ သူ့တာဝန်ကို သတိရသည်။ သို့နှင့် ရဲသားရှိရာသို့ သွားလိုက်၏။ အနားရောက်လျှင် အေးဆေးသောလေသံဖြင့် –

"စခန်း ၁၉က စုံထောက် ဝွန်ဇာလက်ပါ"

ရဲသားသည် အလေးပြုလိုက်၏။

"ဟုတ်ကဲ့ ဆရာ၊ ဒီမှာ ဘာဖြစ်နေတာလဲ"

သူတို့၏ခြေရင်းတွင် လူသတ်သမား၏ အလောင်းသည် ရှိ၏။ အလောင်းမှာ ပက်လက် အနေအထား ဖြစ်လေရာ လူသတ်သမား၏ ပျို့မြစ်ခြင်းကို ဖုံးကွယ်၍မရနိုင်။ သေဆုံးနေပြီဖြစ်သော လူသတ်သမား၏ မျက်နှာမှာ မုန်းတီးခြင်း၊ ရက်စက်ခြင်းများ မရှိတော့။

ရဲသားက သိချင်သည်။

"သူ့ကို ဘယ်သူသတ်တာလဲ"

စောစောက ကပွဲကိုငေး၍ ကြည့်ခဲ့ကြသော ပရိသတ်များသည် ရဲနှစ်ယောက် အလောင်းတစ်လောင်းကို ဝိုင်းနေကြ၏။ လူတို့မည်သည် သေခြင်းတရားကို စိတ်ဝင်စားပါကလားဟု ဝွန်ဇာလက် တွေး၏။ လူများသိချင်စိတ်နှင့် အသက်ရှင်နေကြပါကလားဟုလည်း တွေး၏။

ဝွန်ဇာလက်သည် သူ့အသံကိုမြှင့်၍-

"ကဲ မိတ်ဆွေတို့ ခင်ဗျားတို့ ဒီမှာနေဖို့ ဘာအကြောင်းမှ မရှိဘူး၊ ပြဿနာက ပြီးနေပြီ၊ ဒီမှာ လူတစ်ယောက် အသတ်ခံရတယ်၊ သူဟာ လူသတ်သမားပဲ၊ ကဲ ကဲ ဒီအထဲမှာ မန်နေဂျာရှိရင် ထွက်ခဲ့ပါ၊ ကျန်တဲ့လူတွေ ပြန်ကြပါတော့"

မန်နေဂျာဆိုသူသည် မျက်လှည့်ပြသလို ထွက်လာ၏။

"ဒီထက် ပြည့်ပြည့်စုံစုံ မသိရဘူးလားဗျာ"

ကျန်လူများကလည်း ထိုနည်းတူ အကျိုးအကြောင်းကို သိချင်နေကြ၏။ သတင်းအစုံအလင်ကို ကြားချင်နေကြ၏။





ဝွန်ဇာလက်က မနေသာတော့ဘဲ-

"ကျုပ်ပြောပြမယ်၊ ဟောဒီ သေဆုံးသူဟာ ကြေးစားလူသတ်သမားပဲ၊ ဆန်ဖရန်စစ္စကိုမြို့က ဖြစ်နိုင်တယ်၊ သူ့နာမည်ကိုတော့ ကျုပ်မသိဘူး၊ သူက ကျုပ်တို့ နောက်လိုက်သလို ကျုပ်တို့ကလည်း တစ်နေ့လုံး သူ့နောက်လိုက်နေတော့ အစအဆုံးတော့ ပြန်မပြောနိုင်တော့ဘူး၊ ကဲ ကဲ မန်နေဂျာဆိုတာ ခင်ဗျားလား"

မန်နေဂျာအဖြစ် ထွက်လာသူက-

"မန်နေဂျာတော့ မဟုတ်ဘူးဗျာ၊ ဒီကျောင်းက ကျောင်းအုပ်"

"ဟုတ်ပြီလေ၊ ဒီမှာတာဝန်ရှိတဲ့လူဆိုရင် တော်ပါပြီ၊ ပထမဆုံး အလုပ်ကတော့ ဒီအလောင်းကို ဖုံးထားရအောင် အဝတ်တစ်ခုခုနဲ့ စီစဉ်ဗျာ"

ထိုလူက နံဘေးကိုကြည့်ပြီး မိန်းမတစ်ယောက် တွေ့သည်နှင့်-

"အဲလစ် အဝတ်တစ်ခုခုယူပြီး အုပ်ထားကွာ၊ ပရိစ္ဆရားအုပ်တဲ့ အဝတ်ကြီးဆိုရင် တော်ပါပြီ"

မိန်းမသည် ဖြူဖတ်ဖြူရော် မျက်နှာနှင့် ခေါင်းညိတ်ပြီး တစ်ဖက်သို့ ထွက်သွား၏။

ဆယ်လီသည် ဝွန်ဇာလက်အနားမှာ လာရပ်၏။ ဝွန်ဇာလက်က ဆယ်လီကို ကိုင်ရင်း-

"ဆယ်လီ ဒီကို မလာနဲ့လေ၊ ခင်ဗျား ဒီမှာဘာကိစ္စမှ လာစရာ မလိုတဲ့ဟာ"

ဆယ်လီသည် ဝွန်ဇာလက်ကို မကြည့်ဘဲ လူသတ်သမား၏ အလောင်းကို ကြည့်ရင်း-

"ကျွန်မ သူ့မျက်နှာကို ကြည့်ချင်လို့ပါ၊ ရှင်လည်း နားလည်မှာပါ"

"အို နားမလည်ပါဘူး၊ သူ့မျက်နှာ ကြည့်စရာလည်း မလိုပါဘူး"

ဆယ်လီက ကြည့်မြဲ ကြည့်ရင်း–

"သူ့ကြည့်ရတာ ကလေးလေးလိုပဲနော်၊ သူ့မျက်နှာကို ကြည့်စမ်း၊ ဒီမျက်နှာပိုင်ရှင်ဟာ လူသတ်သမားလို့ ဘယ်သူထင်မှာလဲ"

ဝွန်ဇာလက်သည် အနားရှိ ရဲသားအား–

"ကဲ ရဲဘော်ကြီး ဒီအလောင်းနား နေလိုက်ဦး၊ ကျုပ် စခန်းကို အကြောင်းကြားလိုက်ဦးမယ်၊ ခင်ဗျား ဘာနဲ့လာတာလဲ"

"ကျွန်တော်လား ခြေလျင်"

"ကောင်းပြီလေ၊ ဒါဆို ကျုပ် ကြည့်စီစဉ်လိုက်မယ်"

ဝွန်ဇာလက်သည် ထွက်တော့မည်ပြုပြီးမှ လူအုပ်ကြီးကို ကြည့်ပြီး–

"ကဲ မိတ်ဆွေတို့ ခင်ဗျားတို့လည်း အိမ်ပြန်ကြရင် ကောင်းပြီ ထင်တယ်၊ ဒီမှာရပ်ပြီး အလောင်းကြီး ကြည့်နေလို့ ဘာမှမထူးပါဘူးဗျာ"

သည်တစ်ကြိမ်တော့ ပရိသတ်သည် ဝွန်ဇာလက် စကားကို နားထောင်ပြီး လူစုကွဲသွားကြသည်။

ဝွန်ဇာလက်သည် ဆယ်လီလက်ကိုဆွဲကာ ကျောင်းအုပ်ဆိုသူအနား ကပ်လိုက်ပြီး

"ဒီမှာ တယ်လီဖုန်းရှိတယ်နော်"

ထိုလူက–

"ရှိပါတယ် ရှိပါတယ်၊ ကျွန်တော့် ရုံးခန်းထဲမှာပါ ကြွပါ"

ဝွန်ဇာလက်သည် ဆယ်လီကိုတွဲပြီး ရုံးခန်းဘက်အသွား ဆယ်လီသည် ရှင်ပတ်ကိုဖိရင်း–





"ကျွန်မ အန်ချင်တယ်"

ဝွန်ဇာလက်က ကျောင်းအုပ်ဆိုသူကို မော့ကြည့်လိုက်၏။ ကျောင်းအုပ်က အံ့နားလည်စွာ အနားရှိ မိန်းကလေးအား–

"ဒီမိန်းကလေးကို မိန်းမရေချိုးခန်းဘက် ခေါ်သွားကွာ၊ မင်းလည်း လိုက်ပြုစုလိုက်"

မိန်းကလေးသည် ဆယ်လီကိုခေါ်၍ မိန်းမရေချိုးခန်းဘက် ထွက်သွားသည်။

ကျောင်းအုပ်သည် သူ့ကတိအတိုင်း ဝွန်ဇာလက်ကို သူ့ရုံးခန်းထဲ ခေါ်သွားပြီး ဖုန်းကို ပြလိုက်၏။

ဝွန်ဇာလက် ဖုန်းကို မ,လိုက်ပြီး စခန်းမှ ဖုန်းနံပါတ်ကို လှည့်လိုက်သည်။ တစ်ဖက်မှ ဖုန်းမကိုင်မီ နံရံများကို ကြည့်လိုက်ရာ ဂီတပညာရှင်များ ဖြစ်သည့် ဗီသိုဝင်မိုးဇက် အစရှိသော လူပုံများကိုတွေ့ရ၏။ တော်တော်များများ ပုံများကို ဝွန်ဇာလက် ဘယ်သူ ဘယ်ဝါဟူ၍ မသိ။ သူ့တွင် ဂီတနှင့်ပတ်သက်၍ ဗဟုသုတ နည်းပါး၍ ကိုယ့်ဘာသာ ရှက်လာ၏။

ထိုစဉ် ရှိချိုင်း၏အသံက ဖုန်းထဲ ပေါ်လာ၏။

ဝွန်ဇာလက်က–

"ကျွန်တော် သူ့ကို မိပြီ"

"ဟေ ဘယ်သူ့ကိုလဲ"

"ဟို ကြေးစားလူသတ်သမားကိုဗျာ"

"ဘာ ဘယ်လို မိတာလဲ"

"ဘယ်လို မိရမှာလဲ၊ ကျုပ် ပစ်သတ်ပြီး မိထားတာပေါ့၊ သူ့

အလောင်းက ရှေ့မှာ အခု အားလုံးပြီးပါပြီ”

ရီချိုင်း မရှင်းပါ။

“ဖရင့် မင်း ဘာတွေ ပြောနေတာလဲ၊ အခု မင်း ဘယ်မှာလဲ”

“ကျုပ် ပြောပြီးပြီ မဟုတ်လား”

“ဘယ်က ပြောရဦးမှာလဲ၊ ငါ့မှာတော့ တစ်မြို့လုံး မင်းကို လိုက်ရှာနေရတာ တစ်ချိန်လုံး၊ ကောင်မလေးလည်း ဆုံးပြီ၊ မင်းလည်း ကြွပြီလို့ တွေးပူနေရတာ၊ ပန်းခြံထဲမှာ ဘာဖြစ်တာတုန်း၊ သေနတ်သံ ကြားရတယ်ဆိုလို့ တို့လာတော့လည်း ဘာမှ မတွေ့ဘူး၊ အခု မင်း ဘယ်မှာလဲ ပြောစမ်း”

“၈၈ လမ်းနှင့် ၆၈ လမ်းထောင့်မှာ မစ္စဆယ်လီလည်း ကျွန်တော် နဲ့အတူ ရှိပါတယ်၊ သူလည်း ဘာမှမဖြစ်ပါဘူး၊ ကြေးစား လူသတ် သမားလည်း သေပါပြီ”

“ဟော့ ဟော့ နေပါဦး၊ ၈၈ လမ်းနဲ့ ၆၈ လမ်းထောင့်က ဘာလဲ”

“ဩော် ဒယ်လ်ဖီ ဂီတကျောင်းတဲ့၊ ကျုပ်တို့လာတော့ ဒီမှာ အော်ပရာတစ်ခု ကနေတယ်၊ အော်ပရာနာမည် သိချင်သေးလား၊ ‘စုဇန်နာ ရဲ့ လျှို့ဝှက်ချက်’ တဲ့၊ ကျုပ် အော်ပရာတစ်ခါမှ မကြည့်ဖူးဘူး၊ ဒါ ကြောင့်လည်း ခပ်တုံးတုံးစုံထောက် ဖြစ်နေတာပေါ့”

ရီချိုင်းသည် စိတ်ပူသွား၏။

“ဟော့ ဟော့ ကိုယ့်စိတ်ကို ထိန်းစမ်း၊ မင်း ပေါက်သွားပြီလား”

“မပေါက်ပါဘူး၊ ပေါက်သွားလို့ ကြောင်သွားတဲ့ နေ့ရောက်ရင် ကျုပ် ထွက်စာတင်မယ်ဗျာ”

“ကဲ မင်း အပိုတွေ ပြောမနေနဲ့ကွာ၊ မင်း အဲဒီမှာနေ ဟုတ်လား၊





ငါ အခုချက်ချင်း လာခဲ့မယ်၊ မင်း အဲဒီမှာနေ ဟုတ်လား”

“ကျုပ် ဘယ်ကိုမှ သွားစရာမရှိဘူး၊ ပြီးတော့ တောင်ပိုင်းက ရဲစခန်းလည်း အကြောင်းကြားဦးနော်၊ ဒါ သူ့အပိုင်၊ ကျုပ်တော့ စုံထောက်လုပ်ရတာ မုန်းပြီ၊ ဒီလုပ်ငန်းကြီးတစ်ခုလုံးကိုပဲ”

ဝွန်ဇာလက် စကားမဆုံးမီ ရီချိုင်းသည် ဖုန်းခွက်ကို ချလိုက်ပြီ ဖြစ်၏။

ဝွန်ဇာလက်သည်လည်း ဖုန်းကို ပြန်ချလိုက်၏။

ကျောင်းအုပ်ဆိုသူက သူ့ကို ကြည့်ရင်း–

“ကျွန်တော့်အလုပ်တော့ မဟုတ်ဘူးဗျာ၊ ဒါပေမယ့် ကျုပ်ကို ပြည့်ပြည့်စုံစုံ ပြောပြပါဦး၊ ခင်ဗျား ကျုပ်တို့ ကဇာတ်ရုံထဲမှာ လူတစ် ယောက်ကို သတ်လိုက်ပြီပဲကိုး၊ ကျုပ်တို့ကပွဲလည်း ပျက်သွားပြီ၊ သူက ဘယ်သူလဲ”

ဝွန်ဇာလက်က အောင့်သီးအောင့်သက်ဖြင့်–

“သူက လူသတ်သမား၊ ကြေးစား လူသတ်သမား၊ လူတစ် ယောက်ဆီက ပိုက်ဆံယူပြီး စောစောက မိန်းကလေးကို လိုက်သတ်နေတာ သိလား၊ ကျုပ် သူ့ကို သတ်လိုက်ရလို့ ခင်ဗျားတို့ကပွဲ ပျက်သွားရတာ ဝမ်းနည်းပါတယ်”

ဝွန်ဇာလက်သည် ရုံးခန်းထဲမှ ထွက်လာခဲ့၏။ ကပွဲခန်းမကြီးတွင် ပရိသတ်များအထဲမှ လူကြီးသည်သည်များ မရှိကြတော့။ ကျောင်းသူ ကျောင်းသား အရွယ်တွေလောက်သာ ရှိကြတော့၏။ ရဲကားနှစ်စီး ရောက်လာပြီဖြစ်၍ ယူနီဖောင်းဝတ် ရဲလေးဦး၊ အရပ်ဝတ် စုံထောက်နှစ်ဦးကို တွေ့ရ၏။ အရပ်ဝတ် နှစ်ဦးမှာ စခန်း ၁၈မှ ဖြစ်၏။ ဝွန်ဇာလက်သည်

သူ့ကိုယ်သူ မိတ်ဆက်ပြီး အကျဉ်းချုံး ပြောလိုက်၏။

မိနစ် အနည်းငယ်ကြာသောအခါ ဆယ်လီလ်ဒီမန်သည် ခန်းမထဲ ဝင်လာ၏။ သူမ၏မျက်နှာမှာ ဖြူဖတ်ဖြူရော် ဖြစ်နေ၏။ ဗွန်ဇာလက်သည် ကပြာကယာ သွားတွဲခေါ်ခဲ့ပြီး ကပွဲခန်းမ ခုံတစ်ခုံပေါ်တွင် ထိုင်ခိုင်းလိုက်ပြီး သူကိုယ်တိုင်လည်း မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်၏။

စခန်း ၁၈မှ အရပ်ဝတ် စုံထောက်ကြီးတစ်ဦးသည် အနားသို့ ရောက်လာပြီး–

"ဒီမိန်းကလေးက ဘယ်သူလဲ"

"သူက ပစ်မှတ်လေ"

"ဗျာ"

"ပစ်မှတ်ဗျာ စောစောက သေသွားတဲ့ကောင်က ပိုက်ဆံယူပြီး လိုက်သတ်တာကို ခံရတဲ့မိန်းကလေး"

စခန်း ၁၈မှလူသည် နားလည်ပါပြီဟူသည့် သဘောနှင့် ခေါင်းညိတ်လိုက်၏။

ဗွန်ဇာလက်ကမူ ဆယ်လီကို ကြည့်ပြီး–

"ဘယ်နှယ့်လဲ နေကောင်းရဲ့လား"

"နေတော့ ကောင်းပါပြီ၊ ဒါပေမယ့် ကျွန်မရင်ထဲမှာ ရှိတာတွေကို အန်ထုတ်လိုက်ရသလိုဖြစ်ပြီး အခုတော့ အခွံဘဲ ကျန်တော့သလိုဖြစ်နေပြီ၊ ကျွန်မ ပြောတာ ရှင် နားလည်ပါတယ်နော်"

"နားလည်ပါတယ်"

"ဖရင့် ကနေ့အထိ အဖြစ်အပျက်တွေ အားလုံးဟာ ကျွန်မ ဘဝမှာ တစ်ခါမှ မကြုံဘူးတာတွေချည်းပဲ၊ ကျွန်မ စကားလုံးနဲ့တော့





ပြည့်စုံအောင် မပြော နိုင်ဘူးရှင့်၊ ရှင် ကျွန်မအသက်ကို ကယ်လိုက်တာတော့ အမှန်ပါပဲ"

ဗွန်ဇာလက်က–

"အဲဒါတော့ မဟုတ်ဘူး၊ ကျုပ် ခင်ဗျားအသက်ကို မကယ်ခဲ့ပါဘူးဗျာ၊ ကျုပ်က ဦးနှောက်မှ အသုံးမချခဲ့တာ၊ ကျုပ် တစ်နေ့လုံး ငါးကြိမ်လောက် အမှားတွေ လုပ်ခဲ့တာပဲ၊ ဆိုးဆိုးဝါးဝါး အမှားချည်းပဲ၊ ငါးကြိမ်လောက် ခင်ဗျား အသက် ဆုံးတော့မလိုလို ဖြစ်ခဲ့တယ်. ဒါကို ခင်ဗျားအသက် ကယ်တယ်လို့ မခေါ်နိုင်ပါဘူးဗျာ"

ဆယ်လီကမူ မကျေနပ်။

"ဘာပဲပြောပြော အဆုံးမတော့ ရှင် ကျွန်မအသက်ကို ကယ်နိုင်တာပါပဲ"

"အဆုံးမတော့ ကျုပ်ဟာ ဒီငနဲသားကို ပစ်သတ်လိုက်တာပဲပေါ့ ဆယ်လီ၊ ကျွန်တော် အရင်က တစ်ခါမှ လူမသတ်ဖူးဘူး။ ရဲထဲကိုရောက်ကတည်းက တစ်နေ့မဟုတ် တစ်နေ့ကတော့ လူသတ်ရတဲ့အချိန် ကြုံရမှာပဲလို့ တွေးနေခဲ့တာ မကြုံခဲ့ဘူး၊ ခုတော့ ယုံရ ကြုံရပြီပေါ့၊ ဒီနောက်မှာ အရင်ကလိုမှ ဟုတ်ပါဦးမလားဘဲ"

"အို ရှင်က ရှင့်တာဝန်ကို ရှင် ထမ်းဆောင်တာပဲဟာ"

"အဲဒါနဲ့ချေလို့လည်း မကျေပါဘူးဗျာ၊ ကျုပ်က သားငါးစားရင်တောင် စိတ်က ငါ သတ္တဝါအသားတွေ စားနေရတာဆိုတဲ့ အတွေးမျိုး ရှိတဲ့လူ၊ သက်သတ်လွတ် စားဖို့ကောင်းတဲ့လူမျိုး"

"ဒါတွေပြောဖို့ မလိုတော့ပါဘူးရှင်"

"လိုပါတယ်ဗျာ၊ ကျုပ် ဟိုခွေးမသားကို သတ်လိုက်ရလို့ စိတ်

လှုပ်ရှားလာတာ မှန်တယ်၊ အဲဒီလို ပိုးမွှားဟိရှုဆွန်လိုလူကို ရှင်းပစ်ရမှာပဲ၊ ဒါပေမယ့် အတော် အားယူရှင်းရတယ်၊ ကျုပ် စကားပြော သိပ်ရိုင်းတယ် ထင်မှာပဲနော်"

ဆယ်လီက ဘာမှမပြော။

ဝွန်ဇာလက်က ဆက်၍–

"ခဏနေရင် ရှီချိုင်း လာတော့မယ်၊ အဲ သူလာရင် ကျုပ် မလွယ်ဘူး၊ မေးခွန်းကို ချာလပတ်ရမ်းအောင် ဖြေရတော့မယ်၊ အဲဒီတော့ သူ မလာခင် ခင်ဗျားကို စကားတစ်ခွန်း ပြောချင်လို့၊ နောက်ဆိုရင် ကျုပ် ပြောရဲမှာမဟုတ်တော့ဘူး၊ ကျုပ် အခု အသက် ၃၃ နှစ်အထိ အိမ်ထောင်မပြုတာ ဘာဖြစ်လို့လဲ သိလား"

"ကျွန်မလည်း အဲဒါ စဉ်းစားနေပါတယ်"

"ဗျာ ကျုပ် အိမ်ထောင်မပြုတာက အဲဒါ အဲဒါပဲဗျာ၊ ကျွန်တော်က အဲဒီလိုလူ၊ အခု ဒီအချိန်မှာ ကျွန်တော်က ခင်ဗျားကို ကျွန်တော် ကောင်းကောင်း မသိသလိုပဲ၊ ဒါပေမယ့် ကျွန်တော် ခင်ဗျားကို လက်ထပ်ချင်တယ်ဗျာ၊ ခင်ဗျား စဉ်းစားဖို့ အချိန်တွေ ကြိုက်သလောက်ယူပါ၊ ဒါပေမယ့် ကျွန်တော့်ကို စဉ်းစားပါဗျာ၊ ကျွန်တော့်ကို လက်ထပ်ဖို့ စဉ်းစားပါနော်"

"ကျွန်မလည်း စဉ်းစားနေတာပဲ"

"ဗျာ ခင်ဗျားက စဉ်းစားတယ်၊ ကျွန်တော်တို့ ကနေ့မှ တွေ့ကြတာ"

"ဟုတ်တယ် ဒါပေမယ့် ကျွန်မ စဉ်းစားနေပါတယ်"

"ဘယ်တုန်းက စ,စဉ်းစားမိတာလဲ ဟင်"

"ဟို အားကစားရုံမှာတုန်းကပေါ့၊ ကျွန်မစိတ်ထဲမယ် ရှင့်ကို





နားလည်သလိုလိုပဲ"

ထိုစဉ် "ဝွန်ဇာလက် ဟော့ ဝွန်ဇာလက်ရေ" ဟု ခေါ်ပြီး ရှီချိုင်း ဝင်လာ၏။

ဝွန်ဇာလက်သည် ထိုင်ရာမှ ထလိုက်၏။

ရှီချိုင်းသည် ဝွန်ဇာလက်နား အပြေးအလွှား ရောက်လာပြီး–

"ကဲ ဆိုစမ်း၊ ဒီမှာ ဘာတွေဖြစ်ကြသလဲ"

ဝွန်ဇာလက်က ခပ်လှမ်းလှမ်း အလောင်းဘေးနားမှ ရဲများဘက်သို့ မေးငေါ့ပြပြီး–

"သူတို့ကို မေးလေ၊ သူတို့က တောင်ဘက်ရဲစခန်းက ရဲတွေပဲဟာ"

"ဟောကောင် မင်းကို ငါမေးတာ မင်းဖြေ"

"မဖြေချင်တော့ဘူးဗျာ၊ သူတို့ကိုသာ မေးပေတော့၊ ကျုပ် ကနေ့တော့ စိတ်ကုန်နေပြီ၊ ကျွန်တော် မစ္စဆယ်လီကို ဟိုတယ်ပြန်ပို့ပြီး ကျုပ် အိမ်ပြန်တော့မယ်၊ ခင်ဗျား မကျေနပ်ရင်လည်း ထုတ်ပစ်ဗျာ"

ရှီချိုင်းက–

"အေးပါကွာ မင်း စိတ်လှုပ်ရှားနေတာ ငါ သိပါတယ်၊ မင်း ပစ်လိုက်တာလား"

ဝွန်ဇာလက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ကျွန်တော် ပစ်လိုက်တာ"

"သူက ကန်ထရိုက်ယူထားတဲ့ ကြေးစား သေနတ်သမားလား"

"ဟုတ်တယ်၊ ကျုပ်တို့ တစ်နေကုန် ပြေးတမ်း လိုက်တမ်း တူတူပုန်းတမ်း ကစားနေကြတာလေ"

ရှီချိုင်းသည် နားလည်လာ၏။

"အေးပါကွာ တို့အားလုံး ကနေ့ကတော့ သိပ်ပင်ပန်းကြတယ် ဆိုတာ ငါသိပါတယ်ကွာ၊ ငါ့ကို ငါးမိနစ်တော့ အချိန်ပေးပြီးရင် မင်း မစ္စဒီလ်မန်ကို လိုက်ပို့ပေတော့"

"ဟုတ်ကဲ့"

"ကဲ ဒါဖြင့် လာ"

သူတို့သည် အလောင်းရှိရာသို့ လျှောက်လာကြ၏။ အရပ်ဝတ် စုံထောက်များသည် အလောင်းကို ပုံစံယူပြီး ပစ္စည်းများကို ထုတ်ယူ စစ်ဆေးကြပြီးဖြစ်သည်။ လူသတ်သမားထံမှ ၃၂ဘို့ ပစ္စတို၊ မပစ်ရသေးသော ကျည်ဆန် ၁၆ တောင့်၊ သွေးစွန်းနေသော လက်ကိုင်ပဝါတစ်ထည်၊ ကားသော့နှင့် အခြားသော့များ၊ ငွေစက္ကူ ၅၂၂ ဒေါ်လာနှင့် အကြွေများ၊ ဒရိုင်ဘာလိုင်စင်တွင် နာမည် ရေးထား၏။ "ဂျိန်းဖင်နင်တန်" ဟူ၍။

ရှီချိုင်းသည် ခေါင်းညိတ်လိုက်၏။

"အင်း သူပဲ"

"ဗျာ ဘယ်သူလဲ"

"မင်းပြောတဲ့အတိုင်း ဆန်ဖရန်စစ္စကိုကို စုံစမ်းကြည့်တော့ သူ့ နာမည်က ဂျိန်းဖင်နင်တန်တဲ့။ ဆွေကြီးမျိုးကြီး ခေါ်မှာပေါ့၊ ဘာ ဆွေကြီးမျိုးကြီးလည်းတော့ မသိပါဘူးကွာ၊ ဘာမှ ဂုဏ်ယူစရာလည်း မရှိပါဘူး"

"ကျုပ်အတွက်လည်း ဂုဏ်ယူစရာ မဟုတ်ပါဘူးဗျာ၊ ကျုပ်က လူတစ်ယောက် သတ်မိတဲ့ ညပဲ"

"ဒါ ဖြစ်ရမှာပဲပေါ့"

"ဘာ ဘာကိစ္စဖြစ်ရမှာလဲ၊ အမှန်တော့ ကျုပ်တို့က ထောင်ချောက်





ဆင်ပြီး သတ်ဖို့ကြိုးစားခဲ့တာပဲ မဟုတ်လား၊ ကျုပ်ဆိုရင် တစ်လှမ်းပြီး တစ်လှမ်း သူ့ကိုသတ်ဖို့ စီစဉ်ခဲ့တာပဲ၊ အမှန် ကျုပ် သူ့ကိုဖမ်းရင် ရချင် ရမှာ၊ ဒါပေမယ့် မဟုတ်ဘူး၊ ကျုပ်က သတ်ကို သတ်လိုက်တယ်"

"ဟော့ကောင် ဒီလိုတွေးမနေနဲ့၊ ကနေ့သေတဲ့လူတွေပဲ ကြည့်စမ်း၊ ကွန်ပါရာသေပြီ၊ မင်ဒိုရာသေပြီ၊ အခု သူသေပြီ၊ တော်ကြစို့၊ မိန်းကလေးကို ဟိုတယ်ပြန်ပို့ပြီးတော့ မင်းလည်း အိမ်ပြန်နားဦး၊ နက်ဖြန်ကျရင် မင်း စိတ်အေးသွားမှာပါ"

"နက်ဖြန်ကျရင် ကျွန်တော်က ရဲဖြစ်ချင်မှ ဖြစ်တော့မှာကိုး"

"မပူပါနဲ့ကွာ၊ နက်ဖြန်ကျတော့ မင်း ရဲပဲဖြစ်နေဦးမှာပါ၊ ခုညတော့ သွေးပူနေလို့ပါ၊ ကဲ သွားကြ သွားကြ"

ဗွန်ဓာလက်သည် လက်ဖတင်နင် လှမ်းလိုက်သော လက်ကို ဆွဲ၍ နှုတ်ဆက်လိုက်၏။

ဆယ်လီကို ခေါ်၍ အပြင်ဘက် ထွက်လိုက်၏။

ဗွန်ဓာလက်က-

"ဘယ့်နှယ့်နေသေးလဲ၊ လမ်းလျှောက်နိုင်ပါ့မလား"

"လျှောက်နိုင်ပါတယ်"

သူတို့ လမ်းမလျှောက်ရမီ ယူနီဖောင်းဝတ် ရဲတစ်ဦးက အနားရောက်လာပြီး-

"ကျွန်တော် လိုက်ပို့ရမလားခင်ဗျာ"

"ကောင်းတာပေါ့ဗျာ"

သူတို့သုံးဦး ရဲကားပေါ်ရောက်သည်နှင့် တယ်လီဗီးရှင်းအဖွဲ့ကား သည် အပြင်ဘက်မှ ဝိုင်းအုံနေသော လူ ၂၀၀ခန့်ကို ရှင်း၍ ဝင်လာ၏။

ဝွန်ဇာလက်က–

"ကျုပ်တို့ အမြန်ဆုံး ထွက်ရအောင်ဗျို့"

ရဲကားသည် အမြန်ထွက်လာလေ၏။ စိန့်ရီဂျစ်ဟိုတယ်ကို မိနစ်အနည်းငယ်အတွင်း ရောက်လာ၏။ ဟိုတယ်တွင် ကလဲယားကနေဒီက စောင့် နေ၏။ ဝွန်ဇာလက်က ကနေဒီ ကရားရေလွှတ် မေးနေသည့် မေးခွန်းများကို လက်ဖြင့်တားလိုက်ပြီး–

"ကျုပ် မိန်းကလေးကို အခန်းပို့လိုက်ပါဦးမယ်ဗျာ၊ ဆင်းလာတော့ ခင်ဗျားမေးခွန်းတွေအားလုံး ဖြေပါမယ်"

ကနေဒီက ခေါင်းညိတ်လိုက်၏။

"အားလုံး ချောချောမောမောပဲ မဟုတ်လား"

"ဟုတ်ကဲ့"

သူတို့နှစ်ဦးသည် ဓာတ်လှေကားနှင့် တက်လာခဲ့၏။ လမ်းတွင် စကား မပြောကြ။ အခန်းတံခါးဝ ရောက်သောအခါ ဆယ်လီက သော့ဖွင့်ရင်း–

"အခန်းထဲ ခဏဝင်ပါဦးလား"

"ဟုတ်ကဲ့ ကျွန်တော် အမေဆီလည်း တယ်လီဖုန်း ဆက်ချင်သေးတယ်"

"ဒါဖြင့် ဝင်လေ"

သူတို့နှစ်ဦးသည် အခန်းထဲ ဝင်လာကြ၏။ ဆယ်လီက တံခါးပြန်ပိတ် လိုက်၏။ ပြီးမှ–

"တစ်ခုခု သောက်ဦးမလား"

"ဟင့်အင်း ကျွန်တော် မသောက်ချင်ဘူး"





ဆယ်လီသည် ဆိုဖာရှည်ပေါ် ထိုင်လိုက်ရာမှ သူ့လက်ဆွဲအိတ်ကို ဖွင့်ပြီး စီးကရက်ဘူးကို ထုတ်လိုက်၏။

"ဒီစီးကရက်ဘူးပေါ့ ကျွန်မ ဆင်းဝယ်တာ၊ သောက်ဦးမလား"

ဝွန်ဇာလက်က ခေါင်းညိတ်ပြသည့်အတွက် ဆယ်လီက စီးကရက်နှစ်လိပ် မီးညှိပြီး တစ်လိပ် ဝွန်ဇာလက်ကို လှမ်းလိုက်၏။

"ရှင့်အမေဆီ ဖုန်းဆက်တာ ကျွန်မ ဟိုဘက်ခန်း သွားပေးရမလား၊ လွတ်လွတ်လပ်လပ် ပြောရအောင်"

"မလိုပါဘူးဗျာ နေပါ"

ဝွန်ဇာလက်သည် ဖုန်းအော်ပရေတာအား သူ့အိမ်ဖုန်းနံပါတ် ပေးလိုက်၏။ ဆယ်လီသည် အခုမှ ဝွန်ဇာလက်ကို အသေအချာ ကြည့်မိသည်။ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ထည်ပြည့်ပြည့်၊ ပညာတတ်ရုပ်မျိုး ဖြစ်သည်။ ဝွန်ဇာလက် ရုပ်ကို ကြည့်ရင်း မရှိတော့ပြီ ဖြစ်သော အဖေတို့ အမေတို့သာရှိလျှင် သဘောတူ မတူ ဆန်းစစ်နေ၏။

ထိုစဉ်မှာ ဝွန်ဇာလက်သည် ဖုန်းရပြီဖြစ်၍ စကားပြောသံ ကြားသောကြောင့် ဆယ်လီ နားထောင်နေမိပြန်သည်။

"အမေကလဲဗျာ အမေ့ကို ဘယ်သူပြောလဲ၊ ကျွန်တော့်ကို လူသတ်သမား လိုက်နေတယ်လို့၊ ကြံကြံဖန်ဖန် ကျွန်တော် ဘာတာဝန်မှ မကျပါဘူးဗျာ၊ ကဲ အမေ မယုံရင် ကျွန်တော် ပြောမယ်၊ ကျွန်တော်လက်ထပ်မယ့် မိန်းကလေးနဲ့ တစ်ချိန်လုံးရှိနေတာ၊ ဟုတ်ပါတယ် အမေ့ကို မပြောမိသေးတာက မသေချာလို့ပါ၊ မဟုတ်ပါဘူး၊ သူက အမေ့ကို ချစ်မှာပါ၊ အမေချက်တဲ့ ဟင်းကိုလည်း သဘောကျမှာပါ၊ နက်ဖြန်ညကျရင် အမေ့အိမ်ကို ကျွန်တော် ခေါ်ခဲ့ပါ့မယ်၊ စိတ်ချပါ"

ငွန်ဇာလက်သည် စပိန်ဘာသာဖြင့် သူ့ဘာသာ ကြိုးစားပြောနေသည်ကို ဆယ်လီ ကြည့်နေ၏။ ငွန်ဇာလက်သည် အိမ်ထောင်သည် ယောကျ်ားကောင်းတစ်ယောက် ဖြစ်မည်ဟု ဆုံးဖြတ်လိုက်၏။ ငွန်ဇာလက်သည် ရဲရင့်ပေလိမ့်မည်။ ခေါင်းမာပေလိမ့်မည်။ လိုအပ်လျှင် လူသတ်ရဲပေလိမ့်မည်။ သို့သော် ရင်ထဲမှက ငြိမ်းချမ်းသောဆန္ဒ ရှိမည်ဟု ဆယ်လီ သိနေ၏။

"ဟုတ်ကဲ့ ဒါပဲနော် အမေ၊ ဒါပဲ ငွတ်နိုက်"

ငွန်ဇာလက်သည် ဖုန်းကိုချလိုက်ပြီး ဆယ်လီဘက် လှည့်လိုက်၏။ ဆယ်လီက–

"ဘယ်လိုလဲ ရှင့်အမေက စိတ်ပူနေသလား"

"ထုံးစံအတိုင်းပါပဲဗျာ၊ ဪ ဒါထက် ခင်ဗျား စပိန်ဟင်းထမင်း စားဘူးသလား၊ ကြိုက်နိုင်ပါ့မလား"

"ကျောင်းတုန်းကတော့ စပိန်ဘာသာကို အဓိကအဖြစ် ယူခဲ့တာပဲ၊ ကျွန်မ အထက်တန်းပြဆရာမလုပ်ရင် စပိန်ဘာသာပြရမှာ၊ စပိန်အစားအသောက်တော့ မစားဖူးဘူး"

"ခင်ဗျား ကြိုက်မှာပါ"

"အင်း ကြိုက်မှာပါထင်ပါရဲ့၊ ရှင့်အမေက ဘာပြောသေးတုန်း"

"နက်ဖြန်ညကျရင် ထမင်းစားဖို့ အိမ်ခေါ်ခဲ့ပါတဲ့"

"ဒါဆို ဖရင့်ကို နက်ဖြန်ညကျမှ တွေ့ရမှာပေါ့ ဟုတ်လား"

"ကျွန်တော့်မှာ အလုပ်ရှိသေးတယ်ဗျာ၊ နက်ဖြန်မနက် ရုံးတက်ရဦးမှာကိုးဗျ"

ဆယ်လီက ဘာမှမပြော။ ငွန်ဇာလက်က–





"ကျွန်တော် နက်ဖြန်ကျရင် လာမှာပါ၊ နောက် မနက်ဖြန်တွေ အများကြီး လာတွေ့မှာပါ၊ ကျွန်တော့်ကို ယုံတယ်မဟုတ်လား"

"ယုံပါတယ်"

"ကနေ့ညတော့ ကျွန်တော်တို့နှစ်ယောက်စလုံး စိတ်သိပ်လှုပ်ရှားနေကြရတယ်၊ ခင်ဗျားလည်း ခင်ဗျားအတွေးနဲ့ ခင်ဗျား၊ ကျွန်တော်လည်း ကျွန်တော့်အတွေးနဲ့ ကျွန်တော် နေကြတာ ကောင်းပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်မလည်း သိပါတယ်"

"နက်ဖြန်ည ကျွန်တော်တို့ တွေ့ကြမယ်နော်"

"ဟုတ်ကဲ့ နက်ဖြန်ည တွေ့ကြတာပေါ့"

ငွန်ဇာလက်သည် ထိုင်ရာမှထပြီး ဆယ်လီ၏နှုတ်ခမ်းအစုံကို ညင်သာစွာ နမ်းလိုက်၏။

"စိတ်ချမ်းချမ်းသာသာ အိပ်ပေတော့ ကလေးရေ"

ဆယ်လီက ဘာမှမပြော။

ငွန်ဇာလက်သည် တံခါးရှိရာသို့ လျှောက်သွားပြီးမှ တံခါးဖွင့်ပြီး ပြန်လှည့်ကာ ပြုံးပြ၏။

"ကောင်းကောင်းအိပ်နော်"

ဆယ်လီသည် ပြုံး၍ ခေါင်းညိတ်ပြ၏။

ငွန်ဇာလက်သည် အပြင်သို့ထွက်လိုက်ပြီး တံခါးပိတ်လိုက်၏။

ဆယ်လီသည် ထိုပုံစံအတိုင်း အကြာကြီးငြိမ်နေလိုက်၏။ နောက်မှ အိပ်ခန်းထဲဝင်သွားပြီး အဝတ်အစားများလဲကာ ညဝတ်အင်္ကျီ ဝတ်လိုက်၏။

အိပ်ရာထဲတွင် ဒူးတုပ်ထိုင်ကာ ခဏလေး ငြိမ်နေလိုက်၏။

ဘုရားရှိခိုး ခြင်း၊ ဆုတောင်းခြင်း လုပ်နေသည်မဟုတ်။ ငြိမ်နေခြင်းသာ ဖြစ်သည်။

ခဏအကြာတွင် အိပ်ရာထဲ ထိုးလှဲချလိုက်ရာ ခဏချင်း အိပ်ပျော်သွား လေ၏။

နက်ဖြန်ခါပေါင်းများစွာက စောင့်နေကြပြီ မဟုတ်ပါလား။

မောင်မိုးသူ
၁၅၊၉၊၇၇
ည၁၀း၅၅ မိနစ်။